www.burmeseclassic.com

# မြပုလဲသွယ်

မုန်းသွားမှာလည်းစိုး

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၀၉၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၅၅၁၁၀၇
ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

နုတို့အိမ်ကို ဧည့်သည်လာမည်ဆို၍ တစ်အိမ်လုံး အလုပ်ရှုပ်နေကြသည်။ ပြင်ကြဆင်ကြ ရှင်းကြလင်းကြနှင့် ဘယ်သူမှ အနားနေရသည်မရှိ။ လာမည့်ဧည့်သည်က ဒက်ဒီ့မိတ်ဆွေ မြိတ်ကကော်လှေသူဌေးဟု ဆိုသည်။

နုမှာ မာမီနှင့် မမယုတို့ စိတ်တိုင်းမကျမချင်း တစ်အိမ်လုံး နေရာအနှံ့ အိမ်ဖော်မလေး အစမ်းနှင့်အတူ အပေါ်ထပ်အောက်ထပ် ဆင်းလိုက်တက်လိုက်နှင့် မအားရသလို ကြီးကြီးပုနှင့် ဦးလေးတွတ်တို့မှာလည်း အိမ်ကြီးရှင်များ အလိုကျ ခိုင်းစေသမျှ လုပ်ကိုင်ကြရခြင်းဖြင့် အနားမရကြပါ။

မမယုနှင့် မာမီက ပါးစပ်က အမိန့်ပေးရုံ ပေးကြတာဖြစ်သည့် တကယ်လက်တွေ့လုပ်ရသူတွေက နု၊ ကြီးကြီးပု၊ အစမ်းနှင့် ဦးတွတ်တို့သာ။

"ကြည့်ပါဦးမာမီ..ဘာများလိုသေးလဲလို့"

မမယုက နုတို့ အချိန်ယူပြင်ဆင်ထားသမျှ လက်ရာများ



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်တိုင်းမကျနိုင်သည့် အမူအရာဖြင့် မာမီကို ခေါ်ပြနေရာ နုမှာ မမယုအကြိုက်ဖြစ်အောင် ပြင်ရဆင်ရနှင့် ဖတ်ဖတ်မောထား သမျှ စိတ်မောလူမော ဖြစ်နေမိသည်။

အခုချိန်ထိ ဘာကိုမှ စိတ်အလိုမကျဟန်ဖြင့် မျက်မှောင် တကြုတ်ကြုတ်နှင့် ရှိနေဆဲဖြစ်သည်။

"ဘာမှမလိုတော့ပါဘူးကွယ်… နုလေးပြင်ဆင်ထားတာ လည်း ကောင်းသားပဲ"

"ယုတော့ ဟိုထောင့်က ပန်းအိုးကြီးကို တခြားကို ရွှေ့လိုက်ချင်တယ် မာမီ"

နုသည် မမယုစကားကြောင့် အခန်းထောင့်တစ်နေရာရှိ သူမစိတ်ကြိုက်ပြင်ဆင်ထားသည့် ပန်းအိုးရှိရာကို ကြည့်ကာ စိတ်မ ကောင်းဖြစ်သွားသည်။ နုကဖြင့် အလှကြိုက်သည့် မမယုအတွက် စေတနာနှင့် အကောင်းဆုံးဖြစ်အောင် အချိန်ယူပြီး ကြိုးစားပြင်ဆင် ထားလိုက်ရတာ။

မမယုကတော့ ထိုပန်းအိုးကြီးကို မကြိုက်ပါလား။

"ဘာဖြစ်လို့လဲ သမီးရဲ့၊ ဒီပန်းအိုးကြီး ဒီနေရာထားတာ လှပါတယ်"

"ယု မျက်စိထဲမှာ နည်းနည်းများ တောခန်နေသလားလို့ ပါ မာမီ"

"အိုကွယ်…သမီးစိတ်ထဲထင်နေလို့ပါ၊ မာမီတော့ ကြိုက် တယ်၊ ဒီအတိုင်းပဲထားလိုက်ပါ"





"ဒါဆိုလည်း မာမီသဘောပဲလေ၊ ညည့်သည်အိပ်ခန်းကို ရော သေချာပြင်ဆင်ထားပြီးပြီလား နု"

"ဟုတ်ကဲ့ မမယု"

"ယုသွားကြည့်လိုက်ဦးမယ်"

"အေး…အေး…သမီးနုက မာမီ့အတွက် သံပုရာရည် လေး ဖျော်ပေးပါဦးကွယ်၊ တစ်နေ့တစ်နေ့ ပြေးလိုက်လွှားလိုက် ရတာ မာမီဖြင့် ဖတ်ဖတ်ကိုမောနေတာပဲ"

ဒေါ်ခင်မမက နီးရာဆိုဖာတစ်လုံးပေါ် ခြေပြစ်လက်ပြစ် ဝင်ထိုင်ရင်း စိတ်မောလူမောဖြင့် ဆိုလိုက်ခြင်းဖြစ်သည်။ ယုက သူမ မာမီထံမှ ညည်းညူသံကို ကြားသော်လည်း ဂရုမစိုက်သလို လှည့်ကြည့်ခြင်းလည်း မရှိပါ။ အပေါ်ထပ်ရှိ ဧည့်သည့်အတွက် သီးသန့်ပြင်ထားသည့် အိပ်ခန်းကို ကြည့်ရှုရန် လှပကျော့ရှင်းသော အမူအရာဖြင့် သွက်လက်စွာ တက်သွားပါသည်။

နုမှာသာ မာမီအတွက် သူမကိုယ်တိုင် ဖျော်ထားသည့် သံပရာရည်ခွက်လေးကို မာမီ့လက်ထဲအရောက် ကြင်နာယုယစွာ ထည့်ပေးလိုက်ရင်း မာမီ့နားရှိ ခုံတစ်လုံးမှာ အသာဝင်ထိုင်လိုက် သည်။

မာမီက နုဖျော်ပေးသော သံပရာရည်ကို တစ်ခွက်လုံး ပြောင်စင်အောင် မော့သောက်လိုက်ပြီး ဖန်ခွက်ကို စားပွဲပေါ် အသာချလိုက်သည်နှင့် နုက မာမီ့မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘာလဲနု"

"ညည့်သည်သူဌေး လာမယ်ဆိုတာနဲ့ပဲ တစ်အိမ်လုံး ဘာဖြစ်လို့ ဒီလောက်တောင် ပျာယာခတ်နေရတာလဲလို့၊ နုဖြင့် မာမီတို့ကိုကြည့်ပြီး ဘာမှကို နားမလည်နိုင်တော့ဘူး"

နုက သူမ မာမီအပါအဝင် တစ်အိမ်လုံးကို ဩမြဒုက္ခ ပေးရပါမည်လားဟု သူမတို့အိမ်ကို ရောက်မလာသေးသော သူဌေး ဆိုသူကို အခုထဲက ကြိုတင်စိတ်ဆိုးလျက် ရှိနေပါသည်။

နုတို့မှာ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း မစားရ နှင့် တစ်နေ့တစ်နေ့ ထိုစက်လှေသူဌေးလာမည့် အကြောင်းနှင့် ၄င်းအတွက် ကြိုတင်ပြင်ဆင်ရခြင်း၊ စိတ်တိုင်းမကျတိုင်း ပြန်လည်၍ နေရာချရ ပြင်ရဆင်ရနှင့် အလုပ်များ ဗျာများနေရခြင်းကိုလည်း သဘောမတွေ့လှချေ။

ထိုကြောင့်ပင် သူမ နားမလည်နိုင်သော မေးခွန်းကို မိခင် ဖြစ်သူအား နှုတ်ခမ်းလေးတစူစူနှင့် မကြည့်မသာလေး ဆိုလိုက် ခြင်းဖြစ်သည်။

"ဩော်ကွယ်...ဘာရယ်လို့ မဟုတ်ပါဘူး၊ သူတို့အိမ် ကိုလည်း မာမီတို့ ရောက်ဖူးနေတာပဲ ကိုယ့်အိမ်ကိုလာတော့ မာမီ တို့လည်း ပြန်ပြီး ဂရုစိုက် ပြုစုရမှာပေါ့"

"အင်းလေ"

"ဒါဆိုလည်း သူ့ဘာသာ ဟိုတယ်တစ်ခုခုကို သွား တည်းပါစေပေါ့လို့၊ နုတို့မှာ အဲဒီလူကြီးကြောင့် မောလှပြီ"





"အဟင်း...ဟင်း...ဟင်း"

"ဩော်...နုလေး...နုလေး"

မာမီက ကလေးတစ်ယောက်လို နှုတ်ခမ်းစူနေသည့် နုကို ကြည့်ကာ ဘာမှမသိနားမလည်သော နုပါလားဆိုသည့် အတွေးဖြင့် သမီးငယ်နု၏ ဦးခေါင်းလေးကို ဖွဖွပုတ်ရင်း ရယ်ပါသည်။

"သမီးလေးက ငယ်သေးတော့ ဘာမှမသိပါဘူးကွယ် သူဌေးကို ဒီမှာတည်းအောင် မနည်းပြောထားရတာကွဲ့၊ ဒါတောင် သူဌေးက မာမီတို့အိမ်မှာ တည်းချင်တာ မဟုတ်ဘူး၊ သမီး ဒက်ဒီကို အားနာခင်မင်လွန်းလို့သာ လက်ခံရရှာတာ သိလား"

"အံမယ်...နုတို့အိမ်ကိုများ အဲဒီသူဌေးက မတည်းချင် လောက်အောင် သူက ဘယ်လောက်များ ချမ်းသာနေလို့လဲလို့ နုတို့ ဒက်ဒီကိုများ မှီနိုင်ဦးမှာလား ဟွန်း"

နုမှာ သူဌေးဆိုသူက သူမတို့အိမ်မှာပင် မတည်းချင်ပါ။ နု့ ဒက်ဒီကို ခင်မင်အားနာ၍သာ လက်ခံရသည်ဆိုတာနှင့်ပင် မျက်နှာလှလှလေးမှာ ညိုနေပါပြီ။ နုတို့မိသားစုမှာ တော်ရုံချမ်းသာ ကြသူများ မဟုတ်။

စီးပွားရေးလောကမှာ ဒက်ဒီဦးသင်းမောင်ဆိုလျှင် မသိသူ မရှိ။ ကိုယ်ပိုင်စက်ရုံ ကုမ္ပဏီပိုင်ရှင်ဖြစ်သလို လက်ရှိလုပ်ငန်း များစွာ လည်ပတ်လုပ်ကိုင်နေသော စီးပွားရေး လုပ်ငန်းရှင်ဖြစ်သည်။ နိုင်ငံခြားကို အိမ်ဦးနှင့်ကြမ်းပြင်ပမာ အမြဲသွားလာနေသူ ဖြစ်သဖြင့် နုတို့ အိမ်ကြီးမှာလည်း အပြင်အဆင် အထားအသိုတွေကအစ၊



www.burmeseclassic.com

www.burmeseclassic.com



အသုံးအဆောင်ပစ္စည်းတွေအားလုံး အဖိုးတန်ပစ္စည်းများ ခေတ်မီဆန်းသစ်သော ပစ္စည်းတွေနှင့်သာ ထုံမွှမ်းထားရှိသူဖြစ်သည်။

နုတို့အိမ်ကို ရောက်ဖူးသူတိုင်း နုတို့အိမ်ကြီးနှင့်တကွ ခမ်းနားကြီးကျယ်မှုအပေါင်းကို အားကျချီးမွမ်းကြသူတွေချည်း။ ဒီလိုအိမ်ကြီးမှာပင် မတည်းခိုလိုပါဆိုသော ညည့်သည်သူဌေးဆိုသူမှာ ဘယ်လိုပုဂ္ဂိုလ်များ ဖြစ်မည်နည်း။

အစတုန်းကတော့ တစ်အိမ်လုံးပျာယာခတ်ပြီး မအားလပ်နိုင်အောင် အလုပ်များကြရသဖြင့် စက်လှေသူဌေးဆိုသူကို စိတ်ဆိုးမိခြင်းဖြစ်သည်။ သူ့ကြောင့် နုတို့မှာ ဖတ်ဖတ်မောရသည်။ မမယု စိတ်တိုင်းမကျမခြင်း ပြန်လည်ပြင်ဆင်ရသည့်အတွက်လည်း လူရော စိတ်ရော ပင်ပန်းကြရသည်။

ထို့ကြောင့် သူဌေးဆိုတာ အယ်လောက်များ ကြီးကျယ်ခမ်းနားသူမို့လည်းဟု စိတ်ဆိုးဒေါသဖြင့် တွေးမိပြီး သဘောမကျဖြစ်မိသည်။

အခုတော့ ထိုသို့ပင်မဟုတ်တော့။

နုတို့အိမ်မှာ တည်းခိုဖို့ ဒက်ဒီကိုယ်တိုင်က မနည်းပြောထားရသည်ဆိုသဖြင့် ထိုသူဌေးဆိုသူကို ပို၍ စိတ်ထဲက ကြည့်မရချင်တော့။ ထိုသူဌေးကို နု ဒက်ဒီလောက်များ ချမ်းသာနိုင်လို့လားဟု ဆိုလိုက်ရာ မာမီမှာ သူ့သမီး နု စိတ်ဆိုးဒေါသဖြစ်နေပုံကို သဘောကျ၍ မဆုံးတော့ချေ။

"ဟော့…ဟိုမှာ နု ဒက်ဒီပြန်လာပြီ သွားကြိုချည်၊





သွား…သွား"

နုသည် မာမီ့စကားကို စိတ်ဝယ်မကျေနပ်လှသော်လည်း ခြံထဲကို ချိုးကွေ့ဝင်လာနေပြီဖြစ်သော ဒက်ဒီကားဖြူကြီးကို မြင်လိုက်ရတာမို့ မာမီ့ကို ဘာမှပြန်မပြောနိုင်တော့ဘဲ ဒက်ဒီကို ကြိုရန် အိမ်ပေါ်က်ဝကို ထွက်ခဲ့သည်။

"ကျွီး"

အိမ်ရှေ့မှာ ကားရပ်သံနှင့်အတူ ကားပေါ်က ဒက်ဒီဆင်းလာတာကို မြင်လိုက်ရသဖြင့် မာမီပြောသည့်အတိုင်းပင် ဒက်ဒီလက်ထဲကအိတ်ကို ဆွဲယူကြိုဆိုလိုက်သည်။

"နုကို အိတ်ပေး ဒက်ဒီ"

"ဒက်ဒီသမီးနုလေးက သိပ်လိမ္မာတာပဲဟေ့၊ ဒါကြောင့် ဒက်ဒီက သမီးငယ်လေးကိုချစ်ရတာ"

"ဒါဖြင့်…ရှင်က ခင့်သမီးကြီးကိုတော့ မချစ်တော့ဘူးပေါ့ဟုတ်လား"

"ချစ်ပါတယ်ဗျာ…သမီးကြီးရော သမီးလေးရော နှစ်ယောက်စလုံး ဒက်ဒီ့ အသည်းတွေချည်းပဲ"

"မာမီကြတော့ရော ဒက်ဒီ"

"နုလေး မာမီကြတော့ ဒက်ဒီ အသည်းကြီးပေါ့၊ ဟုတ်တယ်မဟုတ်လား မာမီကြီး"

"ဟုတ်ပါသတဲ့ရှင်…ဟုတ်ပါသတဲ့"

"အဟင်း…ဟင်း…ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…ဟွန်း…ဟွန်း"

ချိုလွင်သာယာသော မိသားစုကြည်နူးစွာ ရယ်မောလိုက်သံက ညှော်ခန်းမဆောင်အတွင်း ကျက်သရေမင်္ဂလာရှိစွာ စီးလွင့်သွားသည်။ ဤသည်က နတို့မိသားစု ဖွဲ့စည်းမှုဖြစ်သည်။ ဒက်ဒီနှင့် မာမီ စိတ်ဆိုးစိတ်ကောက်ကြတာမျိုး ဖြစ်ပေမယ့် ဘယ်တုန်းကမှ ကြီးကြီးကျယ်ကျယ် ရန်ဖြစ်စကားများကြတာမျိုး မရှိခဲ့ဘူးပါ။

ချစ်မေတ္တာ အရင်းခံကြရုံမက တစ်ယောက်အပေါ် တစ်ယောက်လည်း သစ္စာထား အပြန်အလှန် နားလည်မှုရှိကြခြင်းကြောင့် မိသားစုအားလုံး စိတ်နှလုံး အေးချမ်းစွာ ရပ်တည်နိုင်ကြခြင်းဆိုလည်း မမှားပါ။

"မာမီကြီးရေ…ဦးကောင်းမြတ် မနက်ဖြန် ဖလိုက်နဲ့ လာလိမ့်မယ်ဟော့၊ လေယာဉ်ကွင်းကို သမီးကြီးယုနဲ့အတူ သွားကြိုဖို့ အသင့်ပြင်ဆင်ထားခိုင်းလိုက်ပါဦးဗျာ"

"ဟုတ်ကဲ့ ဒက်ဒီ…သမီးကြီးယုကို ခင်ပြောလိုက်ပါမယ်"

ဒက်ဒီအသံက အားတက်သရောရှိလှသလို မာမီ့မျက်နှာကလည်း လင်းလက်ပျော်ရွှင်သွားတာကို မြင်လိုက်ရခြင်းအားဖြင့် နတို့မိသားစုအတွက် မြိတ်မှစက်လှေသူဌေး ဆိုသူမှာ အဘယ်မျှ အရေးပါလှသည်ကို ပြောပြနေသကဲ့သို့တည်း။

နာမည်က ဦးကောင်းမြတ်ဆိုပါလား။





ဦးကောင်းမြတ်ဆိုသည့် နာမည်ကို နပထမဆုံး ကြားဖူးခြင်းဖြစ်သည်။

"သမီးနု…ဒက်ဒီအတွက် အအေးတစ်ခုခု လုပ်ပေးထားလိုက်ဟုတ်လား၊ မာမီကိုယ်တိုင် သမီးရဲ့ မမယုအတွက် လိုအပ်တာလေးတွေ သွားစီစဉ်ပေးလိုက်ဦးမယ်"

"ဟုတ်ကဲ့ မာမီ"

"ခင်ရေ…သမီးကြီးယုကို ပြောဆိုစရာရှိတာတွေကိုပါ တစ်ခါထဲ ပြောဆိုထားနော်၊ ဦးကောင်းမြတ်ရှေ့မှာ စိတ်ပျက်အောင် တစ်ခုမှ မလုပ်မိစေနဲ့လို့"

"အမလေးရှင်…သမီးကြီးယုအကြောင်းလည်း ရှင်ကိုယ်တိုင်သိရက်သားနဲ့၊ ဆေးတက္ကသိုလ်က အလှဘုရင်မပါရှင့်၊ သမီးကြီးယုဆိုရင် လိုချင်သူတွေ ဝိုင်းဖိုင်းလည်နေတာပါနော်"

"ဟုတ်ပါပြီဗျာ…ဟုတ်ပါပြီ၊ မာမီကြီးကိုယ်တိုင် ဖဲ့ဒါတွေ သဘောပေါက်ဖို့ အရေးကြီးတာပါ"

"သိပါတယ်ရှင့်…သိပါတယ်"

ဒက်ဒီ့စကားကို မာမီက ကျေကျေနပ်နပ် အမူအရာနှင့် ခပ်ပြုံးပြုံးရန်တွေ့ကာ မမယုရှိရာ အပေါ်ထပ်ကို တက်သွားချိန်မှာ ကြီးကြီးပုက သံပရာရည်ထည့်ထားသည့် ဖန်ခွက်လေးနှင့် နတို့သားအဖနား ရောက်လာပါသည်။

"ရော့…မောင်သင်းမောင်၊ အခေါပြေ သံပရာရည် အေးအေးလေး အရင်သောက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မမပု၊ မီးဖိုချောင်ကိစ္စရော အားလုံးအသင့်ဖြစ်ရဲ့လား"

ဦးသင်းမောင်က ဒေါ်ပုလက်ထဲက အအေးခွက်ကို လှမ်းယူရင်း မေးလိုက်ချိန်မှာ နုက ဒက်ဒီ့လက်ဆွဲအိတ်ကို နေရာတကျထားပြီး ဒက်ဒီ့အနား ပြန်ရောက်လာသည်။ ဒေါ်ပုက ဦးသင်းမောင်တို့နှင့် ဆွေမျိုးနီးစပ်တော်သူဖြစ်ပြီး ငယ်စဉ်ထဲက ဦးသင်းမောင်တို့အိမ်မှာ အိမ်အကူအဖြစ် လာနေပေးရင်း ကားဒရိုင်ဘာ ဦးတွတ်နှင့် အကြောင်းပါကာ နုတို့မိသားစုနှင့် အတူနေသူဖြစ်သည်။

ဒေါ်ပုတို့က သားသမီးမရသဖြင့် နုနှင့်ယုတို့မှာ ကြီးပုလက်ပေါ်တွင် ကြီးပြင်းလူလားမြောက်ခဲ့ရသူများ ဖြစ်သည်။

"ယုတို့ သားအမိတစ်တွေ တစ်ချိန်လုံး စီမံနေတာပဲကွယ်၊ သူဌေးလာရင်လည်း မောင်သင်းမောင် ပြောတဲ့အတိုင်း သူတို့ပဲ စီမံကွပ်ကဲကြလိမ့်မယ် ထင်ပါရဲ့"

"အထူးသဖြင့်တော့ ယု စိတ်တိုင်းကျဖို့ကသာ ပိုအရေးကြီးတာပါကွယ်၊ ဧည့်သည့်ဆိုတာက အချိန်တန်တော့ အိမ်ပြန်တာပဲ မဟုတ်လား အိမ်မှာကျန်နေရစ်တဲ့ ယု စိတ်ချမ်းသာဖို့ကသာ ပိုအရေးကြီးတာပါ"

ကြီးပုက မမယု သဘောကို သိထားသူပီပီ လိုရင်းကိုသာ ရွေးပြောလိုက်ခြင်းမှာ နု သဘောပေါက်လိုက်သည်။ မမယုက နုနှင့်ညီမသာဆိုသည် ရုပ်ရည်ရော အမူအကျင့်ရော ဘာတစ်ခုမှ





တူသည်မဟုတ်။

နုက လူတွေအပေါ်မှာ စိတ်ထဲရှိသည့်အတိုင်း ပြုမူပြောဆိုပေါင်းသင်းဆက်ဆံတတ်သူ ဖြစ်သလောက် မမယု စိတ်ကြတော့ နုနှင့်မတူ။ လျှို့ဝှက်ဆန်းကြယ်မှုတွေနှင့် စိတ်ထဲ ဘာတွေဘယ်လိုဖြစ်နေသည်ကို ဘယ်သူမှ အမှန်အတိုင်း မသိနိုင်။

"မနက်ဖြန်တော့ ဦးကောင်းမြတ်ရောက်ပါပြီလေ၊ မမယုတို့လည်း ကြာကြာမမောရတော့ပါဘူး"

"နေပါဦး ဒက်ဒီရဲ့ နုမသိလို့ မေးစမ်းပါရစေဦး၊ အဲဒီသူဌေးဆိုတဲ့ လူကြီးက ဒက်ဒီ့သူငယ်ချင်းမဟုတ်လား"

"အင်း...ဆိုစမ်းပါဦး၊ သမီးနုက ဒက်ဒီ့သူငယ်ချင်းဆိုရင် ဘာများပြောခလို့လဲ"

"သိပ်ကြီးကျယ်တာပဲလို့ ပြောမလို့ပေါ့ ဒက်ဒီရဲ့"

"ဟောဗျာ...သမီးက ဦးကောင်းမြတ်ကို သိလို့လား"

နုတ်ခမ်းလေးကို စူထော်လျက် သူတို့အားလုံး အရေးတယူ ဂရုတစိုက်လုပ်နေသော သူဌေးဦးကောင်းမြတ်လို လူတစ်ယောက်ကို အိမ်မှာ အငယ်ဆုံး အထွေးဆုံး သမီးငယ်နုက မှတ်တရက်ကြီး ဝေဖန်ပြစ်တင်လိုက်တာမို့ ဦးသင်းမောင်ကိုယ်တိုင် အံ့တသြကြီး ဖြစ်သွားကာ သမီးငယ်ဘက်သို့လှည့်၍ မေးလိုက်မိ၏။

"လူတိုတော့ နုလည်းမသိပါဘူး၊ ဒါပေမယ့် ဒက်ဒီသူငယ်ချင်းဆိုတော့ အန်ကယ်ဦးဘထိုက်လိုမျိုး ဗိုက်ရွဲရွဲ ထိပ်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင် နှုတ်ခမ်းမွေး ကော့ကော့ကြီးနဲ့ပဲ နေမှာပေါ့လို့"

"ကောင်းဗျာ"

"ဒက်ဒီသမီးနု ပြောတာကိုသာ ဦးကောင်းမြတ်ကြားရင် ကိုယ့်ကိုယ်ကို ရေမရှိတဲ့ ချောင်းထဲခုန်ချပြီး သတ်သေလိမ့်မယ် ထင်တယ်"

"အဟား...ဟား...ဟား"

ဒက်ဒီက သူ့ထုံးစံအတိုင်း ရယ်စရာရှိလျှင် အားပါးတရ လှိုက်လှိုက်လှဲလှဲ အသံဝါကြီးနှင့် ရယ်ပါသည်။ နုမှာသာ သူ့ စကား ဘြုံမြူရယ်ရပါမည်လားဟု ဒက်ဒီကို နှုတ်ခမ်းတရှူရှူဖြင့် စိတ်ဆိုးနေမိပါသည်။

"နုပြောတာ ဘာများရယ်စရာပါလို့လဲ ဒက်ဒီရဲ့၊ အဲ လူကြီးက နုတို့အိမ်မှာ မတည်းချင်ဘူးလို့လဲ မာမိက ပြောတယ်"

"အဲဒါတော့ဟုတ်တယ် သမီးရဲ့၊ ဦးကောင်းမြတ် ဒက်ဒီ့ကို ခင်မင်လို့ သူ့ခမျာ ဒက်ဒီတို့အိမ်မှာ အားနာနာနဲ့ တည်း ရှာမှာ"

"အို...ဒက်ဒီကလည်း၊ သူမှနုတို့အိမ်ကို မတည်းချင် ဥစ္စာ၊ သူသွားချင်တဲ့နေရာကို သွားပါစေပေါ့လို့"

"သမီးလေး မသိပါဘူးကွယ်၊ လာပြန်ပြီ ဒီစကား"

ဒက်ဒီရော မာမိပါ နုဘာပဲပြောပြော၊ ဘာပဲလုပ်လု နုမသိပါဘူးကွယ်။ သမီးမသိပါဘူးကွယ်ဟု ပြောတာမျိုး မကြိုက်ဆုံးသော စကားဖြစ်သည်။





"နုသိပါတယ် ဒက်ဒီရဲ့၊ ဒက်ဒီတို့က နု ဘာပြောပြော မသိပါဘူး၊ သမီးမသိပါဘူးနဲ့ နုကိုများ ကလေးကျနေတာပဲ"

"နု အားလုံးသိတယ်သိလား"

ပြောရင်း နှုတ်ခမ်းကို အစွမ်းကုန် ရှုထော်ထားသော ရှုပ်ကောက်ချိတ်နေသော သမီးငယ်ကိုကြည့်ကာ ဦးသင်းမောင်မှာ ချစ်စနိုးပြုံးလိုက်ပါသည်။

သူမကို လူရာမသွင်းဘဲ ကလေးတစ်ယောက်လို ပစ်ပယ် ထားခြင်းကို နုရင်မှာ ခံပြင်းကြေကွဲစိတ်ဖြင့် ကျိတ်ပြီး ဝမ်းနည်း ဆုံးနိုင် ဖြစ်နေပါသည်။

"ဟုတ်ပါပြီဗျာ...ဟုတ်ပါပြီ ဒက်ဒီ့သမီးလေး နု အားလုံးကို သိပါတယ်၊ ကလေးလည်း မဟုတ်ပါဘူး လူကြီးပါတဲ့ ဟုတ်ပြီလား"

"ကဲ...ဒက်ဒီ့အတွက် လဲဖို့အဝတ်ထုတ်ပေးပါဦးဗျာ"

"ဟုတ်"

"ဒုန်း"

"ခွမ်း"

"ဟဲ့...ကွဲပါပြီတော်"

"အို"

နုမှာနေရာကအထ ဒက်ဒီသောက်ထားသည့် သံပရာရည် ခွက်ကို လက်နှင့် ဝင်တိုက်မိပြီး ကြမ်းပြင်ပေါ် ကျကွဲသွားရာ ခေါင်းကြီးနှင့် ကြီးပုံမျက်နှာကို အလန့်တကြားလေး မော့ကြည့် မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နလေး…လက်ချက်မှ ဟုတ်ရဲ့လားဟေ"

အပေါ်ထပ်မှဆင်းလာသော မာမီက ခပ်ပြုံးပြုံး အမူအ

ဖြင့် လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ဒါပဲရှိတာပေါ့ ခင်မွန်ရယ်၊ အစမ်းရေ ဒီမှာ ညည

မမနု လက်ချက်နဲ့ ကွဲသွားတဲ့ ဖန်ခွက်အကွဲတွေ လာသိမ်းလှ

ပါဦး"

"ဟုတ်ကဲ့ပါ ကြီးကြီးပု"

"သမီးနု…အပေါ်မှာ သမီးမမယု ခေါ်နေတယ် သွ

လိုက်ဦး"

"ဟုတ်"

"ကဲ…လာ…ဒက်ဒီကြီး၊ ရှင့်အတွက် အဝတ်

ကျွန်မပဲ ထုတ်ပေးမယ်"

မာမီဦးဆောင်ရာနောက်ကို ဒက်ဒီလိုက်သွားချိန်မှာ နုလ

မမယု စောင့်နေသည့် အပေါ်ထပ်သို့ တက်ခဲ့သည်။

လှေကားဘစ်ဝက်အရောက်မှာ အောက်ထပ်က ဒက်

ရယ်သံဝါကြီးကို ကြားလိုက်ရတာမို့ မာမီနှင့် နုအကြောင်းပြေ

ရယ်နေတာနေမှာပဲဟုတွေးရင်း နုမှာ ဘယ်သူ့ကို စိတ်ဆိုးရမှန်းမ

တစ်ယောက်တည်း လှေကားအလယ်မှာရပ်ကာ နှုတ်ခမ်းေ

စူထော်ထားလိုက်မိပါတော့သည်။



## အခန်း (၂)

"ဖန်ခွက်ခွဲခဲ့ပြန်ပြီလား နု"

"မတော်တဆဖြစ်တာပါ မမယုကလည်း"

ယုက သူမ မျက်စိရှေ့က ညီမဖြစ်သူနုကို စေ့စေ့ကြည့်

ပြီး သက်ပြင်းရှိုက်လိုက်သည်။ အသက်ချင်း ငါးနှစ်ကျော်ကွာ

သည့် ညီမဖြစ်သူနုကို ယု ဘာတစ်ခုမှ အားမရ။

ယုက ညီမဖြစ်သူနုကို နေရာတကာ သူ့လိုတော်စေတတ်

ချင်သည်။ အဆင့်အတန်း မြင့်မြင့်မားမားနေပြီး အပေါင်းအသင်း

ေါင်းတာကအစ လူရွေးပြီးပေါင်းတာမျိုး ဖြစ်စေချင်သည်။

ယုဆိုလျှင် အဝတ်အစားကအစ၊ အစားအသောက် အနေ

ဆိုင် ပြုမူပြောဆိုလှုပ်ရှားတာအားလုံး ဘယ်သူနှင့်မျှမတူ။

တော်ရုံလူနှင့်လည်း အရောတဝင် စကားပြောတာမျိုး

ပ။ လူတွေကို အဆင့်အတန်းခွဲပြီး ပြောဆိုဆက်ဆံတတ်သူ

ပြီး သူမကိုယ်သူမ အင်မတန်ဂုဏ်ရှိစိုက်၍ အလေးအနက် တန်ဖိုး

သူမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောလျှင် ယုက အတ္တကြီးသလို ပညာမာန လှပသော ရုပ်ရည်အလှအပ၊ ချမ်းသာပြည့်စုံကြွယ်ဝခြင်းကြော ဖြစ်ပေါ်လာရသော ပင်ကိုယ်မာနရှိသူဆိုလည်း မမှားချေ။

နုကတော့ ယုလိုမဟုတ်။

ယု ကျောင်းပြီးလို့ အလုပ်သင်ဆရာဝန် ဖြစ်လာချိန်မှာ နုက ဆယ်တန်းအောင်သည်ဆိုရုံလေး အောင်သည်။ တွေ့ရ အပေါင်းအသင်းပေါင်းသလို၊ ဖြစ်သလိုဝတ်စားပြုမူနေထိုင်သူအဖြ နုကို နည်းနည်းမှ သဘောမကျ။

နုနှင့်ရွယ်တူ တခြားသူတွေ သင်တန်းပေါင်းစုံ အပြေ အလွှားတက်နေချိန်မှာ နုက ကြီးပုတို့လို အိမ်ဖော်တစ်စုနှ ချက်ပြုတ်ကြော်လှော်တာတွေ အိမ်ကြီးတစ်ခုလုံး ရှင်းလင်းအ ဆင်တာတွေ လျှောက်လုပ်နေသည်။

ယုတုန်းကဆိုလျှင် သူ့အရွယ်လေးမှာ စာအုပ်နှင့်မျက် ပင်မခွာနိုင်။ ထမင်းမေ့၊ ဟင်းမေ့ နောက်အနာဂတ်အတွ ရည်မှန်းချက်ကြီးကြီးဖြင့် တခြားသူတွေထက် ပိုတော်အော ကြိတ်ကြိုးစားခဲ့သူ။

ထမင်းဟင်းကို အချိန်ကျ မနည်းလာကျွေးကြရသည် ထမင်းနှင့်ဟင်း ဘယ်လိုဖြစ်လာလည်းဆိုတာ ယုမသိ စိတ်လည မဝင်စား။ ဒီအလုပ်တွေကို ယုနှင့်သက်ဆိုင်သည်လို့လည်း မမြ ကြီးပုအလုပ်၊ အိမ်ဖော်တွေအလုပ်လောက်ဟုသာ နားလည်ထ သည်။





နုကြတော့ ယုနှင့် ဆန့်ကျင်ဘက်။

ဓာတာကိုက မကောင်းတာလည်း ဖြစ်နိုင်သည်။ ဒါမှ ဟုတ် နုက ကြီးပု လက်ပေါ်မှာပဲ ကြီးပြင်းလူလားမြောက်ခဲ့ရ၍ လားမသိ။ ကြီးပုလုပ်သမျှ နုသဘောကျ၊ နုအကြိုက်တွေချည်း ဖြစ်နေသည်။ နုအားလပ်ချိန်တွေကို ကြီးပုနှင့် တစ်ခုခုလုပ်စားရင်း အချိန်ကုန်သည်။

နုကလည်း ဒါမျိုးဆို သိပ်ပျော်သည်။ အိမ်က အလုပ်သ ားတွေနှင့်လည်း တရင်းရင်း။ ကိုယ့်ကိုကိုယ် သင်းနုံ့သာရဲ့ ရှင်သခင်မ၊ သူဌေးသမီး အငယ်ဆုံးလေးဆိုတာတောင် သတိရပုံ ပေါ်။

အားလုံး နုက သူနှင့်တစ်တန်းတစ်စားထဲ သဘောထားပြီး င်းလို့လားမသိ။ အားလုံးကနုမှနု၊ ယုကိုဆိုရင် စကားတောင် ဟပြောရဲသူမရှိ။ နုနှင့်ဆိုလျှင်တော့ ရယ်သံတွေကအစ ခိုးခိုးခစ် နှင့်။

ဒီအကြောင်းတွေကို ယုကိုယ်တိုင်မာမီနှင့် ဒက်ဒီကို ဖူးသည်။ နုကို အိမ်ရှိအလုပ်သမားတွေနှင့် အရောမဝင်ဘဲ လို နေတတ်ထိုင်တတ်ဖြစ်အောင် ပြောဆိုဆုံးမပေးပါဆိုတော့ မီနှင့်ဒက်ဒီက ယုကိုကြည့်ပြီး ကျေကျေနပ်နပ်ကြီးပြုံးသည်။

သမီးကြီးယုအကြောင်းကို မိဘနှစ်ပါးသိသလို သမီးငယ် အကြောင်းကိုလည်း မိဘတွေက သိထားကြသည်။ နုက ယု တ်သလို ယုကလည်း နုဖြစ်လာမည်မဟုတ်၊ ညီမဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အကျင့်စရိုက်ချင်း တူသည်မဟုတ်။

"ထားလိုက်ပါ သမီးရယ်…နုက ကလေးပဲရှိသေးတာ ဆိုတော့ မာမီတို့ပြောလည်း သူလုပ်ချင်မှလုပ်တာ၊ ကလေးစိတ်တစ်ဝက်နဲ့ဆိုတော့ သူစိတ်ထဲရှိသလို ပြောဆိုနေတိုင်တာလေးကလည်း ချစ်စရာပါကွယ်"

"ညီမလေးကိုကြည့်ပြီး သမီးကြီးယု စိတ်ထဲမှာ သမီးလို မဖြစ်လို့ အားမရဖြစ်နေတာ ဒက်ဒီ သိပါတယ်၊ ဒါပေမယ့် နုလေးက သမီးကြီးလို မတော်တာတော့အမှန်ပဲ၊ ပြောဆိုနေတိုင်တာကြ ပြန့်တော့လည်း သမီးကြီးနဲ့မတူတော့ သမီးယုလိုဖြစ်အောင် လုပ်ဖို့က သိပ်ခက်တယ်"

"သမီးနုအတွက်…မာမီ သမီးကြီး စိတ်ညစ်မခံပါနဲ့ကွယ်၊ ညီမအရင်းဆိုပေမယ့် တစ်ယောက်နဲ့တစ်ယောက် အကျင့်စရိုက်ချင်း တူကြတာမှမဟုတ်ဘဲ"

"မာမီတို့အတွက် သမီးကြီးယုလို ဂုဏ်ယူစရာ သမီးရှိနေတာကိုပဲ ကျေနပ်လှပါပြီကွယ်"

ဒါက မာမီနှင့် ဒက်ဒီတို့ရဲ့ နောက်ဆုံးစကားဖြစ်သည်။ နောက်ပိုင်းမှာတော့ ယုက နုအကြောင်းကို ဘာတစ်ခုမှ ထပ်မပြောတော့ပါ။ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်တာမဟုတ်။ မိဘတွေကိုယ်တိုင်က နုကို ချစ်စနိုးနှင့် သနားကြင်နာစွာ ခွင့်လွှတ်အလိုလိုက်ထားတော့ ပိုဆိုးသည်။

နုက…သူနေချင်သလိုနေသည်။ ဝတ်သည်။ စားသည်။





ဘာတစ်ခုမှ ဟိတ်ဟန်ထုတ်ရကောင်းမှန်းမသိ။ သူ့ကိုယ်သူ သင်းနံ့သာက သူဌေးသမီးလေးတစ်ယောက် ယုရဲ့ ညီမ တစ်ယောက်အဖြစ် ဂုဏ်ယူအမွှန်းတင်ချင်စရာ။ အများက အားကျ အေးယူချင်စရာ ဘာဆိုဘာမှမရှိ။

"ဝတ်စားထားပုံကလည်း ကြည့်ဦး၊ ကိုယ့်ကိုယ်ကို သူဌေး ဦးသင်းမောင်ရဲ့ သမီးငယ်နုဆိုတာတော့ သိသေးတယ်မဟုတ်လား"

ယုက နုတစ်ကိုယ်လုံးကို စေ့စေ့စူးစူးလေး စိုက်ကြည့်ရင်း အလိုမကျစွာ ဆိုလာတော့ နုမှာ မမယုစကားကြောင့် သူမကိုယ် ကို ယောင်ရမ်းငုံ့ကြည့်လိုက်သည်။ ချည်သားအင်္ကျီ ပန်းနုရောင်နှင့် ပိုးချည်ပန်းနုရောင်လေးကို ဖွဲ့ပပ်ထားသည့်ပပ်ဆိုး ကိုယ်ပေါ်မှာ လှလှပပလေး နေရာယူရှိနေပေမယ့် မမယုက နုဝတ်စားပုံကို မကြိုက်နိုင်ဘဲ စိတ်ပျက်နေသလိုပါလား။

မမယုကိုယ်ပေါ်မှာ ဝတ်ဆင်ထားသည့် အဝတ်တွေက တော့ နုနှင့်ဆန့်ကျင်ဘက် အဖိုးတန် အကောင်းစားတွေချည်း…

"အိမ်နေရင်း အလုပ်လုပ်ရင်း အဆိုက်သက်သာအောင် ဝတ်တာပဲ မမယုရဲ့ ဘာဖြစ်လို့လဲ"

"ညနေသည်က မနက်ဖြန်လာမှာ…သမီးကြီးယုက အဖိုးတန်ပေါ်အဆ အသုံးအဆောင်တွေချည်းပဲပြီး သမီးငယ်နုက သလို အဝတ်စုတ်တွေနဲ့ နေချင်သလိုနေလို့ ဖြစ်မှာလား နု၊ နောက်တော့ သိတတ်ရမှာပေါ့"

"ရော…ဒီမှာ…နုဖို့ မမဝယ်လာတဲ့ အဝတ်တွေ နု



www.burmeseclassic.com

www.burmeseclassic.com



ဗီရိုထဲမှာလည်း အများကြီးမဟုတ်လား အဖိုးတန်တာတွေပဲဝတ်၊ အဲဒီအစတ်တွေ ဝတ်ချင်ရင် ညှို့သည်ပြန်မှဝတ် နားလည်လား။

နုက ခေါင်းမညိတ်။

သူမ လက်ထဲရောက်လာသည့် အဝတ်တွေကို စိတ်ပျက်သလို ငုံ့ကြည့်ရင်း နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။ နုဆိုရင် ဘာပဲလုပ်လုပ် မမယုက အကောင်းမပြော။ အကောင်းလည်းမမြင်၊ အပြစ်ချည်းတင်တတ်သူ ဖြစ်သဖြင့် နုကလည်း မမယုရှေ့မှာမပျော်။

နုကို မာမီတို့ ဒက်ဒီတို့ဝင် ဒီလောက်မပြော။ မမယုက တော့ အရေးကြီးသည့် ညှို့သည်လူစိမ်း တစ်ရံတစ်ယောက် လာမည်ဆိုတာနှင့် နုကိုခေါ်ပြီး ညှို့သည်ရှေ့မှာ ဟိုဟာမလုပ်ရ ဒီဟာမယုံရနိုင့် ယန္တသဘောချုပ်ချယ်မှုတွေ ယုံမှမြဲ မပျက်နိုင်သူ ဖြစ်သည်။

သူ့ညှို့သည်ရှေ့မှာ နုမလာလျှင် ပိုကြိုက်တာကို သိသဖြင့် နုကလည်း မမယုညှို့မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းတွေ ရှေ့ ဘယ်တော့မှမသွား။ တတ်နိုင်သမျှ ဝေးဝေးရှောင်သည်။

ညီမဆိုပေမယ့် နုနှင့်ယုက အကျင့်စရိုက်ချင်းမတူသလို ရုပ်ချင်းလည်းမတူ။ မမယုက နုထက်ပိုပြီး အရပ်မြင့်သလို ခန္ဓာကိုယ်ကလည်းလှသည်။ အဆီအစိမ့်မစားသဖြင့် ဝိန်သည်ဟုထင်စရာရှိသော်လည်း ယနေ့ခေတ် မော်ဒယ်ကိုယ်လုံးထဲမှာပါသည်။

အသားကဖြူဖြူ အရပ်မြင့်မြင့်၊ ဆံပင်ရှေ့ညိုရောင် ပခုံးသာသာလေးကို အမြဲချထားပြီး နားကွင်းနားဆွဲ နားကပ်ပုံစံ အမျိုးမျိုးဆွဲသည်။ ယနေ့ခေတ်ပေါ် အလှအပပစ္စည်းတွေကို





စနစ်တကျ သုံးစွဲရာမှာလည်း မမယုက ပိုင်နိုင်ကျွမ်းကျင်သူဖြစ်သည့်အတိုင်း မမယုကို ဘယ်အချိန်ကြည့်လိုက်၊ ကြည့်လိုက် အမြဲလှပ ကြွရွနေတတ်သူဖြစ်သည်။

နုနှင့်ကတော့ တခြားစီ။

နုက ယုလိုမဟုတ်။

လှပသော မျက်နှာလေးမှာ သနပ်ခါးပေါင်ဒါရှိချင်မှရှိတတ်သလို စိတ်လိုလက်ရ အလှပြင်ဆင်နေတတ်သည်ကလည်း ခပ်ရှားရှား။ ပါးစပ်နှင့်အစားကလည်း ပြတ်သည်မရှိ။ အချက်အပြုတ် ဝါသနာပါသူဖြစ်သည့်အတိုင်း ကြီးကြီး၏ မီးဖိုချောင်မှာ နု၏ အားကိုးရာဖြစ်သလို မကြာခဏ ပစ္စည်းကျကွဲတတ်တာမျိုး ယပ်ယိုမါးရှတာ၊ ဆီပူလောင်တာအားလုံး နုတစ်ယောက်တည်း ကန်ထရိုက်ဆွဲထားသလား ထင်ရသည်။

နောက်တစ်ခုဆိုးတာက နုမှာ ဘယ်လိုအစားအသောက်ပဲ စားစား နုအကျင့်က ကြွံဖန်စွမ်းတတ်ခြင်းကလည်း ရှိသေးသည်။ နုမို့ လုပ်လိုက်မှဖြင့် အရာရာနှင့် အကြောင်းကြောင်းဟုဆိုရမည်။ ဒါပေမယ့် နုက ကြီးပုလက်တွက်ပီသစွာ ထမင်းဟင်းချက်လက်ရာမှာ ကြီးပုထက်ပင်သာသည်။

အဆန်းထွင်ပြီး ပိုစားကောင်းအောင်၊ လှလှပပလေးဖြစ်အောင် ပြင်ဆင်ရတာ ဝါသနာလည်းပါသည်။ နု ဟင်းချက်လက်ရာကို သဘောကျကြပေမယ့် နုမှာ အချိုးမပြေတာလေးတွေကလည်းရှိသည်။ နု ဘာလုပ်လုပ် နောက်ကလူလိုက်နေရသည်။

ဥပမာ ထမင်းဟင်းချက်ပြုတ်လျှင် နုနောက်ကနေ နုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသမျှ အမှိုက်သိမ်း ရှင်းလင်းဖို့ လူတစ်ယောက်လိုသည်။ နု အိမ်ရှင်းလင်း၍ ထွက်သမျှ အမှိုက်သရိုက်ကို အစမ်းက ဒိုင်ခံသိမ်းဆည်းပေးရသည်။

နုက ဟင်းချက်ရာမှာ လက်ရာကောင်းသလို အိမ်ကိုရှင်းလင်းနေရာချ ထားရာမှာလည်း အနုပညာ မျက်စိရှိသည်။ လှအောင်ထားသည်။ မာမီ ဒက်ဒီနှင့် မမယုတို့ကသာ ချော့ခိုင်းခြည်ဆိုလျှင် ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ တစ်ချက်မညည်းဘဲ လုပ်စရာရှိတာကို စေတနာအပြည့်ဖြင့် စိတ်ပါလက်ပါ လုပ်ပေးသည်။

တစ်ခုပဲဆိုးသည်။ နုကို ဘယ်တော့မှ ယုလိုအဖိုးတန် အဝတ်အစားတွေနှင့် လှလှပပ တောက်ပြောင်ကျော့ရှင်းစွာ မတွေ့ရခြင်းဖြစ်သည်။

ကိုယ့်ကိုယ်ကို အလှဆုံးပြင်ဆင်ပြီး စမတ်ကျကျ၊ စတိုင်လ်ကျကျနေဖို့ထက် နုက ရှုပ်လှုပ်ရှားရှားလေး နေရတာ ဝါသနာပါသည်။ နုက သူမအတွက် ဘယ်လောက်ပဲ အဖိုးထိုက်တန်တာတွေ ဝယ်ပေးဝယ်ပေး သူမ ဝတ်ချင်မှဝတ်သည်။ သူမစိတ်ထဲက မပါဘဲ ဘာမှမလုပ်။

စိတ်မပါလျှင် သဘောမတွေ့လျှင် အဝတ်တွေကို ဗီရိုထဲ စုပြုံထိုးသိပ်ထည့်ထားပြီး သူမစိတ်ကြိုက် နှစ်သက်တာတွေကိုပဲ ရွေးဝတ်သည်။

ဒါကိုပဲ ယုက နုကိုကြည့်မရ။

မာမီ သမီးကိုက ဆင်းရဲဇာတာပါတာ၊ အဝတ်





အကောင်းစား အဖိုးထိုက် အဖိုးတန်ဆို ဘာမှကို ကောင်းကောင်း မဝတ်ချင်ဘူးဆိုတာမျိုး မာမီ့ကို ဂျိုကြပြောဆိုနေကြဖြစ်သည်။

မမယုရဲ့ သူငယ်ချင်း မိတ်ဆွေတွေနှင့် ဆုံလျှင်ပိုဆိုးသည်။ မာမီ သမီးနုကြောင့် ယု အရှက်ကွဲရသည် ဆိုတာမျိုးကလည်း နုနှင့်ယုတို့ကြားမှာ မကြာခဏကြုံရသည့် ပြဿနာဖြစ်သည်။

အခုလည်း နုလက်ထဲကို ယုက သူ့စိတ်ကြိုက်ရွေးချယ်ဝယ်ယူလာသည့် အဝတ်တွေ တစ်ထပ်ကြီး လာထည့်ပေးသည်။ ဝယ်လာထဲက နုအကြိုက်မဟုတ်။ အားလုံး မမယုစိတ်ကြိုက် ရွေးဝယ်လာသမျှ နုစိတ်ကြိုက် ဘယ်လိုလုပ်ဖြစ်နိုင်မည်နည်း။ အဝတ်တွေကို ငုံ့ကြည့်သည်။ ဘာတစ်ခုမှ နုသဘောမတွေ့။

မမယုဝယ်လာသည့် အဝတ်တွေအားလုံး မမယုနှင့်သာ လိုက်ဖက်သော ဝတ်စုံများသာ။

"ယူသွားလေနု…ဧည့်သည်ရှေ့မှာလည်း မိသားစု အရှက်မကွဲရအောင်၊ မျက်နှာမပူရအောင်နေပါ၊ နုအတွက် မိဘတွေ ဂုဏ်တက်အောင် ကြိုးစားပါနုရယ်"

"နုက ဘာလုပ်နေလို့လဲ မမယုရဲ့"

နုစကားအဆုံးမှာ မမယုက နုကို မျက်လုံးလှန်ကြည့်သည်။

"အခုချိန်ထိ နုကိုယ်နု ဘာလုပ်နေတယ်ဆိုတာ မသိဘူးလား၊ အခု နုအသက် ဘယ်လောက်ရှိပြီလဲ နေရာတကာ ကလေးတစ်ယောက်လို လိုက်ပြောနေရတာ ကောင်းတယ်လို့ နုထင်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"နုဘာသာနေတာကို"

"နုဘာသာ နေချင်တိုင်း နေလို့မရဘူး၊ မိဘမောင်နှမ အသိုင်းအဝိုင်း ပတ်ဝန်းကျင်ဆိုတာရှိသေးတယ်၊ အခုပဲကြည့် နု ဆယ်တန်းအောင်ပြီး ဘာလုပ်နေလဲ"

"နုနဲ့ရွယ်တူ သူငယ်ချင်း မိန်းကလေးတွေက သူတို့ဘဝ တိုးတက်မြင့်မားဖို့ သင်တန်းတွေတက်နေတယ်"

"နုမှ မတက်ချင်ဘဲ"

မှန်သောစကားကို နုဆိုမိသည်။

တစ်ချိန်လုံး ကျောင်းကျူရှင် တစ်ပြေးထဲပြေးပြီး တစ်စာထဲ စာနေရသလို စာအုပ်နှင့်မျက်နှာ အပ်နေရသည့် ဘဝကို ငြီးငွေ့နေတုန်း စိတ်ကို လွတ်လပ်ပေါ့ပါးစွာ အနားယူလိုသည်။ ဒါတွေကို မမယုကို သွားပြောနေလို့လည်း နားလည်မှာမဟုတ်။

နုက ဆေးတက္ကသိုလ်ဝင်အောင် ကြိုးစားလိုက်ရတာကိုး ဟု ဆိုမည်။ ပြီးတော့ ယုလိုများ ဆေးပညာဘွဲ့ရအောင် ယူဖို့ဆို လျှင် ခက်ဦးမည်ဟု ဆိုပေမည်။ နုနေရာမှာ မမယုတုန်းက နုလို မဟုတ်တာ နုသိသည်။

ဒါပေမယ့် နုက မမယုမဟုတ်။

နေရာတကာ မမယုက သူ့စိတ်နှင့်နှိုင်းပြီး နုကို သူလို ဖြစ်စေချင်သည်။ သူနှင့်တူအောင် ပုံသွင်းချင်သည်။ နုကမခံ။ သူများစိတ်နှင့် နုကိုယ်အဖြစ်မခံနိုင်။ ကိုယ့်စိတ်နဲ့ကိုယ် လွပ်လပ် ပျော်ရွှင်စွာ နေလိုသူ။

မိဘတွေဆန္ဒရှိသည့်အတိုင်း ဆယ်တန်းစာမေးပွဲကို





နှစ်ချင်းပေါက်အောင်မြင်အောင် ကြိုးစားပေးခဲ့ပြီးပြီမို့ နုဘက်က တာဝန်ကျေပြီဟု ပြောချင်သည်။ တခြားသင်တန်းတွေ တက်တာ မတက်တာကတော့ နု သဘောအတိုင်း ဖြစ်ချင်သည်။

သူများယောင်တိုင်း လိုက်မယောင်ချင်။

ပြီးတော့ နု သူငယ်ချင်းတွေအကြောင်းကို နုပဲသိသည်။ ဒီကောင်တွေက အိမ်ကပ်ချင်တဲ့ကောင်တွေ မဟုတ်။ အကြောင်းပြချက် တစ်မျိုးမျိုးသုံးကာ လမ်းထွက်ချင်ကြသူတွေ။

အဲဒီလို လမ်းများချင်အောင်လည်း သူတို့မှာ ချစ်သူရည်းစား ကိုယ်စီရှိသည်။ နုက လမ်းများချင်သူမဟုတ်သလို ချစ်သူ ရည်းစားလည်း ရှိတာမဟုတ်။ အိမ်မှာ မမယု ကွန်ပျူတာကိုသုံး သည်။ အင်္ဂလိပ်စာ လေ့ကျင့်သည်။ သင်သည်။ ဘာမှမခက်။

သူငယ်ချင်းတွေနှင့် လမ်းပေါ်မှာ အချိန်မဖြုန်းချင်လို့ အိမ်မှာ နုဘာသာ တစ်ယောက်တည်း ကိုယ့်မိသားစုနဲ့ကိုယ် လွတ်လွတ်လပ်လပ် ပျော်ရွှင်နေတာကို မမယု မျက်လုံးထဲ ကြည့်ရ ပုံမပေါ်။

"တော်ပြီ…နု၊ နုနဲ့ စကားပြောရတာ မမယုပဲ ခေါင်း ရှုပ်၊ စိတ်ရှုပ်တယ်၊ နုဘာသာ လုပ်ချင်ရာသာလုပ်တော့"

"အဲဒီအဝတ်တွေလည်း ယူသွား၊ ညည်သည်ရှေ့ကိုလာချင် ရင် အဲဒါတွေဝတ်ပြီးမလာ၊ အခုလို နုစိတ်ကြိုက် ဝတ်ချင်စားချင် လို့ပါဆိုရင် ဧည့်သည်ရှေ့ကို ပုံးဝမလာနဲ့၊ နားလည်လား"

နု ဘာမှမပြောဘဲ မမယု မျက်နှာကိုသာ ကစ်ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

"ကဲ...သွားတော့ သွားတော့၊ မနက်ဖြန် လေယာဉ်ကွင်းမှာ ညွှန့်သည်သွားကြိုဖို့ လုပ်ရဦးမယ်"

မမယုက နုကို အနုနည်းဖြင့် သူ့အခန်းထဲက ထွက်သွားအောင် နှင်ပြီမို့ နုလည်း မမယုပေးသည့် အဝတ်တစ်ထပ်ကို ပွေ့ပိုက်ပြီး သူမအခန်းကို ပြန်ခဲ့သည်။

မမယုက မလွယ်။

နေရာတကာ သိမ်ပြီး ခမ်းနားကြီးကျယ်ချင်သည်။ ညီမအရင်းခေါက်ခေါက်ဖြစ်သည့် နုအပေါ်မှာတောင် ခွဲခြားပြီး ပြောဆိုဆက်ဆံချင်သေးသည်။ ညီမငယ်လေးပါလားရယ်လို့လည်း မညှာ။ သူပြောချင်တာတွေ အားမနာတမ်း ပြောလွှတ်လိုက်ပုံက ရက်စက်လွန်းသည်။

နုနေရာမှာ မမယုဆိုလျှင်ရော အခု နုကိုပြောသလိုမျိုး မမယု အပြောခံနိုင်ပါမည်လားမသိ။ နုသည် သူမလက်ထဲက မမယု ဝယ်ပေးလိုက်သည်ဆိုသော အဝတ်စုကိုင်လာရသည့် မမယု ဝယ်ပေးလိုက်သည်ဆိုသော အဝတ်တစ်ထပ်ကို သူမအိပ်ရာပေါ်သို့ ပြစ်ချလိုက်တာ သူမကိုယ်တိုင်လည်း အိပ်ရာပေါ်မှာ လူးလိမ့်ပစ်လိုက်သည်။

ဘာလေးပဲပြောလိုက် ပြောလိုက် ညွှန့်သည်ဆိုသည့်စကားက မပါရင်မပြီး။ အခုလာမယ့် ညွှန့်သည်အတွက်နှင့် တစ်အိမ်လုံး အလုပ်ရှုပ်ကြ။ စိတ်မောကြရနှင့် ဖြစ်ကြရသည်။

ဟွန်း...နုကိုများ ညွှန့်သည်ရှေ့ကို လာချင်ရင် သူဝ





လာတဲ့ အဝတ်တွေကို ဝတ်ရမယ်နဲ့။ သူပြောသလို မလုပ်ရင် နုက ညွှန့်သည်ဆိုသူရဲ့ ရှေ့ကို မလာရဘူးဆိုပဲ။ တော်တော်လည်း တရားကျလိုက်သည့် မမယုပါလား။

သူ့ညွှန့်သည်က ဘယ်လိုညွှန့်သည်မို့နည်း။ ရွှေညွှန့်သည်၊ ငွေညွှန့်သည်မို့လား။ ဘယ်လိုညွှန့်သည်မျိုးပဲဖြစ်ဖြစ် နုအပေါ်မှာ အစ်မကြီးတစ်ယောက်နဲ့ ဤမျှမိုချီးမှုစ်ချီး ပြောရန်မသင့်ပါ။

ဘယ်လိုပဲဖြစ်ဖြစ်...

နုဆိုတာ မမယုထက် ငယ်ရွယ်သူ။

နုကို အဲဒီလောက်ကြီး ပြောစရာမလိုပါဘူးနော်။

ဒီလောက်တောင်ဖြစ်နေရင်လည်း အဲ့ဒီညွှန့်သည်ကြီးကို နုဆိုတဲ့ နုကလည်း မတွေ့ချင်ပါဘူး။

နောက်ဆုံး အဲဒီလူကြီးက နုကို တွေ့ချင်လှချည်လို့ တိုင်ငိုနေရင်တောင် နုမျက်နှာကို တွေ့ရလိမ့်မယ်မထင်နဲ့ သိလား။ နုကလည်း မမယုလို ကြီးကျယ်တဲ့လူကြီးကို မုန်းလွန်းလို့ပါတဲ့နော်။

နု စိတ်ထဲမှာ မကျေနပ်နိုင်သမျှ ဟာစ်ယောက်တည်း နှုတ်က တတွတ်တွတ်ရွတ်ရင်း သူမ အခန်းလေးထဲမှာ ပြန်ပြောနေမိသည်။ မမယုရှေ့မှာတော့ ဘာမှမပြောရဲ။ မာမီနှင့်ဒက်ဒီအတွက် မမယုဆိုတာ သင်းနံ့သာအိမ်ကြီးရဲ့ ဂုဏ်ထူးဆောင်။

မမယုနှင့်သာဆိုလျှင် ဒက်ဒီ မာမီတို့မှာ သွားလေရာ မျက်နှာပွင့်လန်းသည်။ မိဘများအတွက် ဂုဏ်ယူဖွယ်ဖြစ်သလို ကြားရသူအပေါင်းအတွက် အားကျအတုယူချင်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက မမယုကို အားကိုးသလို ဂုဏ်လည်းယူသည်။ လူမှုဆက်ဆံရေး ပေါင်းသင်းမှုအပိုင်းမှာလည်း မမယုက ညက်ညော ပြေလည်သည်။ ယဉ်ကျေးသိမ်မွေ့သည်။ အလှအပကြပြန်တော့ လည်း မမယုဆိုလျှင် နှစ်ခါပြန်ကြည့်ငေးချင်ဖွယ်ဖြစ်အောင် စွမ်းဆောင်ဖြင်ဆင်နိုင်သည်။

မမယု မျက်နှာပေါ်မှာ သနပ်ခါးမမြင်ဘူးပါ။ ရှိလည်း မရှိ။ အမြဲလို နုညက်နေသည်က ယနေ့ခေတ်ပေါ် အလှပြင်ပစ္စည်း မျိုးစုံဖြစ်သည်။

မမယုအသားက ဖြူနုဖွေးဥနေသဖြင့် ဘာလေးပဲဝတ်ဝတ် လှသည်။ နုအသားက ရွှေဝါရောင် ဖြူနုဝင်းဝါနေကာ အကြောစိမ်း လေးတွေ ယှက်ဖြာနေ၏။ ဆံပင်ကြတော့လည်း မဟူရာရောင် ပိုးသားလို ပြောင်လက်နေသော ပင်ကိုယ်သဘာဝ အရောင်အသွေး ဖြစ်သည်။

မျက်နှာမှာ သနပ်ခါးမပြတ်သလို တစ်ကိုယ်လုံး သနပ်ခါး ဖြင့် ထုံမွှန်းထားသူ။ သနပ်ခါးက အေးလည်းအေးသည်။ မွှေးလည်း မွှေးသည်။ အဝတ်ကြပြန်တော့လည်း နုအဝတ်တွေက ဘာတစ်ခုမှ ဆန်းဆန်းပြားပြားမရှိ။ ဣန္ဒြေရရ ခပ်ရိုးရိုးချည်ထည်များသာ။

ဒါကလည်း ဈေးမသေးပါ။

ဂါဝန်၊ ဘောင်းဘီ၊ စကဒ် ဝတ်သလို လုံချည်ကိုဝတ် တာလည်းရှိသည်။ မမယုကတော့ နုလုပ်သမျှ ထုံထိုင်းထိုင်း တော့ ပုံတွေ၊ တော့အလုပ်တွေချည်း ထင်နေသည်။





မမယုက နုကို သူ့လို သွက်လက်ချက်ချာသော ဆက်မြက်သည့် ညီမတစ်ယောက် ဖြစ်စေချင်တာသိပေမယ့် တောတ်နိုင်။ နုကလည်း ဖြစ်နိုင်ရင် မမယု သဘောကျ နေပေးချင် ပေမယ့် မဖြစ်။ နုက နုဖြစ်ပြီး ယုက ယုဖြစ်နေတော့ ခက်သည်။

နုက လူတွေကို ကိုယ့်စိတ်ထဲကမပါဘဲနှင့် ဟန်ဆောင် စကားမပြောချင်။ ချစ်ရင် ချစ်သည့်အတိုင်း၊ မုန်းလျှင်မုန်းသည့် အတိုင်း မခေါ်မပြောဘဲ ဇာင်းရှင်းအောင် နေချင်သည်။ မမယုကြ တော့ နုလိုမဟုတ်။

စိတ်ထဲကမပါဘဲနှင့် လိုက်လိုက်လဲ့လဲ့ ပြောချင်ပြောနေ သည်။ မုန်းနေလျက်နှင့်ပင် ချစ်ခင်ဟန်ဆောင်ကာ စီစီလွင်လွင် ပြောချင်ရယ်မောနေတတ်သည်။ အထူးသဖြင့် မမယုနှင့် ပြိုင်ဘက် ဖြစ်နေသော မေလွင်အပေါ်မှာ ဘာမှမဖြစ်သလို ခင်မင်ရင်းနှီး နေတာကို အအံ့သြဆုံးဖြစ်သည်။

မမေလွင်အတွက် နိုင်ငံခြားက ပါလာသည့် အင်္ကျီစနှင့် ဆော်ကိုင်အိတ်တစ်လုံး လက်ဆောင်ပေးသည့်နေ့က မမယုကို နု စိတ်ထဲက တစ်ခါမှ မမြင်ဘူးသူတစ်ယောက်လို ငေးကြည့်နေခဲ့ဘူး သည်။

"မမယုပဲ မမေလွင်ကို မုန်းတယ်ဆို၊ ဘာလို့ အဲဒီလက် ဆောင်တွေ ပေးနေသေးလဲ"

"ချစ်လို့ပေးတာမှမဟုတ်ဘဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင် သတ်တောင်ပစ်ချင်တာ"

"ဟာ"

"ဒါနဲ့များ ဘာဖြစ်လို့ ပြုံးရယ်ဆက်ဆံနေရသေးလဲလို့"

အစ်မဖြစ်သူစိတ်ကို နားမလည်နိုင်သလို တအံ့တသြ အမူအရာနှင့် မေးတော့ မမယုက နုမျက်နှာကို အေးစက်စွာ ကြည့်လိုက်တာမြင်ရသည်။

"စီးပွားရေးလုပ်နေတာ…ငွေရှာနေတာ ပိုက်ဆံအတွက်ဆိုရင် ကိုယ့်အတွက် အကျိုးအမြတ်ရမယ့်လူဆိုရင် ဘယ်လောက်ပဲမုန်းမုန်း ပြုံးပြုံးလေး ပြောဆိုဆက်ဆံနိုင်ရမယ်၊ အဲဒါဟာ သူ့အတွက်မဟုတ်ဘူး၊ ကိုယ့်အတွက်၊ ကိုယ်ချမ်းသာဖို့ ကိုယ်အကျိုးရှိဖို့ နားလည်လား"

မမေလွင်ကုမ္ပဏီနှင့် နုတို့မိသားစုကုမ္ပဏီ လုပ်ငန်းတွေက အပြန်အလှန် ပတ်သက်နေကြသဖြင့် အခုလို ဆက်ဆံရန် စိတ်ကူးထားသူ။ ငွေရေးကြေးရေး၊ အလုပ်ကိစ္စနှင့် ပတ်သက်ပြီး လူတစ်ယောက်အပေါ် ထားရှိသည့် မမယု၏ စိတ်သဘောထားက ဒါပဲဖြစ်သည်။

ထိုထက် နည်းနည်းမှမပို။

မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်း ပေါင်းတာပင် မမယုက သူ့အတွက် အကျိုးအမြတ်ရှိနိုင်မည့် သူမျိုးကိုသာ ရွေးပြီး ပေါင်းသည်။

နုလိုမဟုတ်။





နုကတော့ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ဘယ်လိုပဲဆင်းရဲဆင်းရဲ ငွေကြေးနှင့် အမြတ်အစွန်းထက် လူတွေရဲ့စိတ်ကို ပိုပြီးရွေးသည်။ စိတ်ကောင်းရှိသည့်လူနှင့် ပေါင်းရတာလောက် စိတ်ချမ်းသာသည်။

နှစ်နှစ်ကာကာ လှိုက်လှိုက်လှဲလှဲရှိသည်။

စိတ်ကောင်းရှိသည့်အတွက် တစ်ဖက်သားအပေါ် စေတနာကောင်းလည်းရှိသည်။ အကျိုးအမြတ်လည်း ထည့်တွက်ခြင်းမရှိသဖြင့် သူသာသည် ငါနာသည်ရယ်လို့လည်းမမြင်။ မိတ်ဆွေကောင်း မိတ်ဆွေစစ်အဖြစ် တစ်ယောက်ကောင်းကျိုးကို တစ်ယောက် လိုလားသူတွေဖြစ်၍ ရာသက်ပန် ရေရှည်လက်တွဲသွားနိုင်သည်။

နု မိတ်ဆွေအပေါင်းအသင်းတွေမှာ ထိုလူမျိုးတွေချည်းဖြစ်သဖြင့် မမယုနှင့် သူ့အပေါင်းအသင်းတွေလို အပေါ်ယံကျောမျိုးမဟုတ်။ လူရှေ့မှာပြုံးပြပြီး နောက်ကျောကို ဓားနှင့်ထိုးမည့်သူမရှိ။

သူ့အကျိုးကို လိုလားသလိုလိုနှင့် ကိုယ့်အကျိုးကို ရှာဖွေခြင်းလည်းမပြု။ ငွေနှင့် အကျိုးအမြတ်ကိုသာ ရှေ့တန်းတင်ရှာဖွေတတ်သော မမယုက သွေးသားရင်း၊ ညီမရင်းခေါက်ခေါက်ပေါ်မှာပင် ခွဲခြားပြုမူဆက်ဆံခြင်းနှင့် အကျိုးအမြတ် ကျန်မကျန် တွက်နေပလားမသိ။

နုကို ပြောပုံဆိုပုံတွေဖြင့် သူ့စိမ်းဆန်လွန်းသလို ထင်မိ



www.burmeseclassic.com

www.burmeseclassic.com



ဒေမယ့် နုကတော့ ညီမဆိုသည့် စိတ်ဖြင့် တစ်ခဏတာမျှသာ စိတ်ဆိုးမိသော်လည်း ထိုစိတ်ကို ချက်ချင်းဖြေဖျောက်ပစ်လိုက်ပါသည်။

အေးလေ…နုကိုကလည်း နုပါပဲ။

မမယုကို သူ့မိတ်ဆွေ အပေါင်းအသင်းတွေရှေ့မှာ ဂုဏ် တက်အောင် လုပ်မပြနိုင်ဘဲ မျက်နှာပူစရာ အရှက်ရစရာလေးတွေ လည်း မကြာခဏဆိုသလို လုပ်မိသူဆိုတော့ မမယုလို လူတစ်ယောက်အတွက် သူ့ရဲ့ဖြိုင်ဘက်တွေကြားမှာ အရှက်ရမယ်ဆို လည်း ရလောက်တာပါပဲဟုတွေးကာ ကိုယ့်ကိုယ်ကို အပြစ်တင် လိုက်မိသည်။

နုကိုယ်တိုင် အဖြစ်မရှိသည့်အတွက် မမယုပြောသလို ကိုယ့် ဘာသာကိုယ်ပဲ အေးအေးနေတော့မည်ဟု ဆုံးဖြတ်လိုက်ပြီး ကျဉ်း ကျပ်နေသော အတွေးများကို ချက်ချင်းသိမ်းရုတ်ကာ မမယုဝယ် ပေးလိုက်သော အဝတ်တစ်ထပ်ကို နီးရာဗီရိုထဲ ဖြစ်သလိုထည့်ထား ကာ ကြီးကြီးပုနှင့် အစမ်းရှိရာသို့ အပြေးထွက်လာခဲ့လိုက်ပါတော့ သည်။



## အခန်း (၃)

"သမီးယုရေ…အဆင်သင့်ဖြစ်ပြီလားကွယ်"

"ဟုတ်ကဲ့ မာမီ"

စကားအဆုံးမှာ ယု၏ အခန်းတံခါး ပွင့်လာကာ မွှေးကြိုင် သော ရနံ့တို့သည်လည်း တစ်ခန်းလုံး သင်းသင်းမွှေးမွှေးနှင့် အေးမြ သွားစေပါသည်။

"မာမီ့သမီးကြီးက လှလိုက်တာကွယ်"

"မာမီ့သမီးပဲ ဒီလောက်တော့ရှိရမှာပေါ့ မာမီရဲ့"

"ဟုတ်ပါသတဲ့ရှင်…ဟုတ်ပါသတဲ့"

ဒေါ်ခင်ခင်က သမီးကြီးယု၏ လှပလွန်းသော ဆင်ယင် ထားပြင်ဆင်မှုအပေါင်းကို နှစ်ထောင်းအားရကျေနပ်ပီတိဖြစ်လျက် ရွှင်သောမျက်နှာဖြင့် ယုတစ်ကိုယ်လုံးကို တစိမ့်စိမ့်ကြည့်ရင်း လှဲ့စွာ ချီးကျူးလိုက်ခြင်းဖြစ်သည်။

ထို့အတွက် ယုက မည်သို့မျှ အနေရခက်ပုံမပြ။ ရှက်စနိုး အရာမျိုးလည်း မရှိ။ သူမအလှကို ယုံကြည်စိတ်ချမှု အပြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိသော မျက်နှာဖြင့် ကျေနပ်ရွှင်လန်းလှပစွာဖြင့် ပြုံးရယ်တုံ့ပြန် ပြောဆိုပုံ မှအစ ယု၏ပုံစံက အထက်တန်းကျကျ ယဉ်ကျေးသိမ်မွေ့လျက် အထူးပင် စမတ်ကျလျက် ကြည့်ကောင်းလှပေသည်။

"သွားကြစို့လေ မာမီ၊ လေယာဉ်ချိန်နီးနေပြီ"

"သွားကြတာပေါ့ကွယ်"

ဒေါ်ခင်ခင်က လှပလွန်းသော သမီးကြီးယုကိုကြည့်ကာ စိတ်ထဲမှာ စက်လှေသူဌေးဆိုသူ၏ မျက်နှာကို ကွက်ခနဲ မြင်ယောင် ကြည့်လိုက်မိသည်။ ဘယ်လိုယောကျ်ားမျိုးမှ ယုလိုမိန်းကလေး တစ်ယောက်၏ ပြည့်စုံသောအလှနှင့် ထက်မြက်စူးရှသော ဉာဏ် ပညာ အမြော်အမြင်ရှိသူလေးအား လက်လွှတ်ခံဝံ့ကြမည်မဟုတ်ဟု တွေးရင်း ကျိတ်ပီတိဖြာနေပါသည်။

ယု၏ဒက်ဒီ ဦးသင်းမောင်ကိုယ်တိုင်ကလည်း အခု ဒေါ်ခင်ခင် ယုံကြည်သလိုပင် သမီးဖြစ်သူအပေါ်မှာ စိတ်ချယုံကြည် ထားသူဖြစ်သည့်အတိုင်း အခုအစီအစဉ်ကို လင်မယားနှစ်ယောက် တိုင်ပင်ပြီး သမီးကြီးယုအား တရားဝင် အသိပေးပြောဆိုပြီး ပြုလုပ် ခဲ့ကြခြင်းဖြစ်သည်။

မြိတ်မြို့ရှိ စက်လှေသူဌေး ဦးကောင်းမြတ်ဆိုသူက အိမ်ထောင်မရှိသော သူဌေးလူပျိုကြီးဖြစ်ကာ များပြားလှသော စည်းစိမ်ဥစ္စာများကြောင့်သော်လည်းကောင်း၊ ခန့်ညားတည်ကြည်၍ ယောကျ်ားပီသလှသော ဥပဓိရုပ်ကြောင့်လည်းကောင်း သမီးရှင်များ မျက်စိကျ၍ စပ်ကြဟပ်ကြသူများ ပေါများသူတစ်ယောက် ဖြစ်





သည့်အတိုင်း အခုချိန်ထိ မည်သူကိုမျှ မေတ္တာပန်းကုံး မဆွတ်သေး သူဖြစ်သည်။

ဦးသင်းမောင်နှင့်အတူ စီးပွားရေးလုပ်ငန်း အတူပူးပေါင်း ဆောင်ရွက်ကြရာမှတစ်ဆင့် ဦးသင်းမောင်ကိုယ်တိုင် ဦးကောင်း မြတ်၏ အပြုအမူ အနေအထိုင် တည်ကြည်ဖြောင့်မတ်ပုံကို အထူး သဘောကျကာ သမီးကြီးယုနှင့် စိတ်မှာ ရည်မှန်းမိရာမှ သမက် တော်ရန် ကြံစည်စိတ်ကူးမိခြင်းဖြစ်သည်။

ဦးကောင်းမြတ်မှာ နာမည်ရှေ့မှာ ရှိသောသမူနှင့် ဦးတပ် ခေါ်နေရသော်လည်း ဦးကောင်းမြတ်က အသက်သုံးဆယ်ကျော် အရွယ်မျှသာ ရှိသေးသော လူလတ်ပိုင်းမျှသာ ရှိသေးသူဖြစ်သည်။

အလုပ်ကိစ္စနှင့် ဦးကောင်းမြတ် ရန်ကုန်ကိုလာသည့်အခိုက် အတန့်မှာ သူတို့အိမ်မှာ တည်းခိုဖို့ ဖိတ်ခေါ်ညှိဝတ်ပြုခြင်းမှာလည်း သာမန်လုပ်ငန်းတူ အသိမိတ်ဆွေအဖြစ်သာ လက်ခံသဘောထား ခြင်းမျိုးမဟုတ်ဘဲ ဦးသင်းမောင်အတွက် သမက်ကောင်း ရရှိရေး မှာ ပို၍အဓိကကျပေသည်။

ထို့ကြောင့် သမီးကြီးယု၏ လှပခြင်း၊ ထက်မြက်ပါးနပ် ခြင်း၊ ပညာအရာမှာလည်း ထူးချွန်ရုံမက ဆေးပညာဘွဲ့ကို ဆွတ်ခူး ရရှိထားခြင်း အစုစုကို ပေါင်းစုကာ ဦးကောင်းမြတ်အား သမီးဖြစ် သူ၏ ပြီးပြည့်စုံသော အရည်အချင်းများဖြင့် သိမ်းကျုံးဖမ်းစားနိုင် စွမ်းလောက်ပေမည်ဟု စိတ်မှာလည်း ယုံကြည်နေခြင်းကလည်း အဓိကပါဝင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ သူတို့မိဘနှစ်ပါး၏ အလိုချင်ဆုံးနှင့် အဖြစ်ချင်ဆုံး စိတ်ဆန္ဒဖြစ်သည်။ ယုအနေနှင့်ကြတော့ ထိုသို့မဟုတ်။ မိဘနှစ်ပါး၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးခြင်းနှင့်အတူ စက်လှေသူဌေး ဦးကောင်းမြတ်ဆိုသူကို သူမကိုယ်တိုင် သဘောကျနှစ်မြို့က်ခြင်းရှိမရှိ အနီးကပ် လေ့လာအကဲခတ်ရန်ဖြစ်သည်။

ယုက အမြော်အမြင်ကြီး၍ သူမဘဝကို တန်ဖိုးထားသူဖြစ်သည့်အတိုင်း ရည်မှန်းချက်ကလည်း ကြီးမြင့်သူဖြစ်သည်။ တခြားတစ်ပါးသော မိန်းကလေးအများစုကဲ့သို့ အချစ်ကို ယိုစားကိုးကွယ်သူမျိုးမဟုတ်။

အချစ်တစ်ခုတည်းအတွက်နှင့် တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရဆိုသည့် ညံ့ဖျင်းအသုံးမကျသော ခပ်တုံးတုံးလူစားမျိုးထဲမှာ မပါဝင်။ သူမဘဝကို အစဉ်သဖြင့် မြင့်မားတိုးတက်ခြင်းကိုသာ လိုလားပြီး လူအများက ယုဘဝကို အားကျဂုဏ်ယူစိတ်ဖြင့်ငေးမောနေတာမျိုးကိုသာ အလိုရှိသူဖြစ်သည်။ ထို့ကြောင့် သူဌေးဦးကောင်းမြတ်ရှေ့တွင် သူမ ဘာလုပ်ရမည်။ ဘယ်လိုပြုမူပြောဆိုနေထိုင်ရမည်ဆိုသည်ကို ကောင်းစွာ နားလည်သဘောပေါက်ထားပြီးဖြစ်သည်။

ဒါ့အပြင် ယုက သူမအလှအပကိုရော သူမအရည်အချင်းကိုရော စိတ်ချယုံကြည်သူဖြစ်သည့်အတိုင်း ယုလို မိန်းမလှလေးတစ်ယောက်ကို မြင်တွေ့ခင်မင်ရင်းနှီးခွင့်ရပြီးနောက် ယုကို ဘယ်လိုယောကျ်ားမျိုးကပဲ ဖြစ်ဖြစ် လိုလိုလားလားရှိကြမည့်အဖြစ်ကို





လည်း သိရှိထားသည်။

ယောကျ်ားများစွာထဲက တစ်ယောက်အပါဖြစ်သော ဦးကောင်းမြတ်ဆိုသည့် လူပေါ်မှာလည်း ယုက သူမကိုယ်သူမ စိတ်ချယုံကြည်ထားသည်။ ဖူးစာဖက်ဖြစ်နိုင်မဖြစ်နိုင်ဆိုသည်က သူမအလုပ်မဟုတ်။ ဖြစ်သင့်ရင် ဖြစ်လိမ့်မည်။

"သွားကြတော့မလား သမီးကြီး"

"ဟုတ်ကဲ့ ဒက်ဒီ"

ဒက်ဒီက သူ့ဇနီးနှင့် သမီးဖြစ်သူတို့၏ အချောအလှကို ကြည့်ပြီး ကျေနပ်ခြင်းပီတိတွေ ဖြစ်နေတာကို နု သိပါသည်။

"မမယုက လှလိုက်တာနော် မမနု"

"လှတာပေါ့ နုမမပဲဥစ္စာ"

အစမ်းထံမှ အားကျချီးမွမ်းသံကို နုက လိုက်လိုက်လှဲလှဲကြီး ထောက်ခံလိုက်သည်။ တကယ်လည်း မမယုက သိပ်လှနေသည်။ အစိမ်းရောင်ဝတ်စုံလေးမှာ မမယု၏အလှကို ဆင်းခနဲရှင်းခနဲပြတ်ပြတ်ထင်ထင် မြင်သာထင်သာသော အလှဖြစ်သည်။

"သမီးနုရေ"

"ရှင်...မာမီ"

"ဧည့်သည်ရောက်လာရင် သမီးမမယု စိတ်ဆိုးအောင်အနေခက်အောင် ဘာတစ်ခုမှ မလုပ်မိစေနဲ့ဦး ဟုတ်လားသမီးလေး"

"ဟုတ်ကဲ့ပါ မာမီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကြီးကြီးပုနဲ့ မီးဖိုချောင်ကိစ္စတွေကိုလည်း သေချာ ဂရုစိုက်လုပ်ထား ဟုတ်ပြီလား"

"နုအတွက် စိတ်ချပါ မာမီရဲ့၊ မာမီတို့သာ ကိုယ့်ကိုယ်ကို ဂရုစိုက်ကြပါ"

"မာမီသွားပြီနော် နုလေး"

"ဟုတ်"

မာမီက နု ဦးခေါင်းလေးကို ချစ်စနိုး တစ်ချက်ပုတ်ပြီး အသင့်စောင့်နေသော ဒက်ဒီ ကားပေါ်တက်သွားသဖြင့် နုမှာ မာမီတို့ကို လက်ပြရင်း နေရာမှာ ရပ်လျက် ကျန်ရစ်ခဲ့သည်။

မာမီတို့တော့ သွားကြပြီ။

ဒက်ဒီမျက်နှာလည်း အပြုံးတွေနှင့် မာမီမျက်နှာမှာလည်း ပြုံးလို့။ မမယုတစ်ယောက်သာ ဣန္ဒြေရရ၊ ခပ်တည်တည်၊ ပြုံးသည်လည်းမဟုတ်၊ တည်တင်းလွန်းသည်လည်း မဆိုသာ၊ မမယုမျက်နှာက အကဲခတ်ရခက်သလို မမယုစိတ်ကိုလည်း ဘယ်လိုမှ ခန့်မှန်းလို့မရ။ ညီမရယ်လို့လည်း တစ်ယောက်ရဲ့ တစ်ယောက် နီးနီးကပ်ကပ်နေပေမယ့် နုအနေနှင့်ဆို မမယုနဲ့ ပတ်သက်ပြီး နားမလည်နိုင်တာတွေလည်းရှိသည်။

မမယုစိတ်ဓာတ်က နုအတွက် ထူးဆန်းသလို ထင်မိ သည်။ သေချာသည်က နုအတွက် ယုလိုစိတ်မျိုး မထားနိုင်ခြင်း ဖြစ်သည်။ ဒါကလည်း နုကိုယ်တိုင် ငယ်ရွယ်နုနယ်သေးလို့ပဲလား မပြောတတ်။ နုလည်း မမယုလိုမျိုး အသက်အရွယ် ရောက်လာ





မည်ဆိုလျှင်တော့ မမယုလိုမျိုး ဖြစ်ချင်ဖြစ်လာမည်လား မပြောတတ်။

မမယုက နုက အသက်ကွာသလို အတွေးအခေါ်က လည်း မတူ။ ဘဝအမြင်တွေကလည်း ကွဲပြားခြားနားသည်။ မမယု ကျောင်းပြီးလို့ လုပ်ငန်းခွင်ထဲ ရောက်နေချိန်မှာ နုက အခုမှ ဆယ်တန်းအောင်ပြီးစ ရှိသေးသည်။

တက္ကသိုလ်ကိုပင် မတက်ရသေး။

သူများတွေလို ဝတ်ကောင်းစားလှဝတ်ပြီး ရှိုးစမိုးထုတ်ပြီး လည်ပတ်ဖို့လည်း သတိမရ။ မာမီကတော့ နုအတွက်ဟုဆိုကာ တက္ကသိုလ်တက်လျှင်ဝတ်ဖို့ ဝတ်စုံသစ်တွေ ချုပ်ပေးထားသလို မမယုကလည်း အလှပြင်ပစ္စည်းတွေ ဝယ်ပေးထားသည်။ စီးရီး လိုက်ဆက်လိုက်ဆိုပေမယ့် နုက အလှပြင်က ဝါသနာမပါတော့ ဘာကိုမှ သေချာမသုံးဖြစ်။

ဒီတစ်ခါတော့ မမယု ဧည့်သည်ရှေ့မှာ မျက်နှာမပျက်ဘဲ ဂုဏ်တက်ရအောင် အဲဒါတွေထုတ်သုံးပြီး အလှပြင်မှထင်သည်။ ဒါဆို ယုရဲ့ညီမ နုဆိုတာ မမယုလောက် မလှပေမယ့် ချစ်စရာလေးဆိုတာလောက်တော့ ပြောမည်ထင်သည်။

"ကြီးကြီးပု ခဏလေးနော်"

နုသည် ကိုယ့်စိတ်ကူး ကိုယ်သဘောကျကာ ကြီးကြီးပု ခိုင်းထားသည့် လုပ်လက်စအလုပ်တွေကို ပြစ်ထားခဲ့ပြီး သူမအခန်း ရှိရာသို့ အပြေးတက်ခဲ့ပြီး မှန်တင်ခုံရှေ့မှာ ခြေစုံရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုးသဲမှာ နုတာ ကပိုကရိုအလှနှင့် နုကို ပြန်ကြည့်လို့ပါ သား၊ နက်ပြာရင့်ရောင် တစ်ဆက်တည်း လက်ပြတ်ဂါဝန်ရှည် လေးနှင့် ဆံပင်မည်းမည်းခက်ခက်လေးကို အပြောင်သိမ်းကာ မျက်ခုံးအောက်မှာစုပြီး ကြိုးတစ်ချောင်းနှင့် ဖြစ်သလို စုချည်ထား အဖြင့် နုမျက်နှာလှလှလေးက ရှင်းခနဲပေါ်လာသည်။

ဝင်းဝါနုထွတ်သော မျက်နှာလေးက သနပ်ခါးဝါဝါလေး တွေနှင့် ချစ်စရာ။ ပင်ကိုယ်သဘာဝအတိုင်း ဘာတစ်ခုမှ ထူးထွေ ပြီး ပြင်စရာမရှိ။ မျက်ခုံးထူထူနက်နက်တန်းတန်းလေး အောက်မှ လှပဝိုင်းစက်သော မျက်လုံးရွှဲကြီးတွေကို မျက်တောင်ခပ်စိတ်စိတ် တွေက ဝန်းရံလျက်။

နှာတံစင်းစင်းလေးအောက်မှာ ဘာဆေးမှမကူ နီနီရဲရဲ နှုတ်ခမ်းထူထူအမ်းအမ်းလေးတစ်စုံက နှင်းဆီဖူးအသွင် ပြည့်တင်း လှပသော ခန္ဓာကိုယ်လေးက ဝင်းဝါနုစိုကာ မမယုလို ခပ်ပါးပါး မဟုတ်။

ပြည့်တင်းလှပကာ ချစ်စရာ။

"အဲဒီယောက်ဆိုရင်ပဲ နုက ချစ်စရာကောင်းနေပါပြီလေ၊ ဘာကိုများ အပိုတွေထပ်ပြင်ဆင်နေရဦးမှာလဲ"

နုအတွက်တော့ ဘာမှမလိုပါဘူး။

အလှပြင်တယ်ဆိုတာ ကောင်းတော့ကောင်းပါရဲ့။ ကိုယ့် ကိုယ်ကို လှလှပပလေး မြင်ရတာ စိတ်ချမ်းသာပေမယ့် အဲဒီအလှ က တာရှည်ခံတာမဟုတ်။ အစားအသောက်စားတာနှင့် ချွေးထွက်





တာ ဘာညာဖြင့် ဘယ်ရောက်ကုန်မှန်းမသိ။

မမယုလို အမြဲတမ်းပြင်ဆင်ထားသည့်အတိုင်း တစ်နေကုန် မပျက်အောင် နေတတ်တာလည်းမဟုတ်။ အို့လေ···နုအတွက်တော့ ဒီအတိုင်းပဲကောင်းသည်။ ခက်သည်က မမယုက နုကို ဒီလိုပုံစံနှင့် သူ့ညွှဲ့သည်ရှေ့ကို မလာရဟု အပြတ်အမိန့်ထုတ်ထားတာ နု မမေ့။

စောစောလေးကတင်ပဲ ကားပေါ်တက်ခါနီး မမယုက နုမင်းကိုယ်လုံးကို စေ့စေ့ကြည့်သွားတာ နု မြင်သည်။ မာမီနှင့် တက်ပီအရှေ့မှာမို့ နှုတ်က ဘာတစ်ခုမှ ထုတ်ပြောမသွားပေမယ့် နု တစ်ယောက် အခုချိန်ထိ သူ့စကားနားမထောင်တာကို မကြိုက်မှန်း နု သိသည်။

မတတ်နိုင်။

နုကိုယ်တိုင် မမယုကို အာခံချင်စိတ်နဲ့ တမင်အရွဲ့တိုက်ပြ နေတာမဟုတ်။ နုဘာသာနု စိတ်ချမ်းသာအောင် နေထိုင်ခြင်းမျှသာ။ မမယုက နုကြောင့် စိတ်ညစ်နေမှာ သေချာသည်။ သူ့ကို အရွဲ့ တိုက်ပြနေသည်ဟု ထင်ရင်လည်းအခက်။

စိတ်ညစ်လိုက်တာနော်။

နုဘာသာ နေချင်သလို နေလို့လည်းမရ။

မမယုနဲ့ ညွှဲ့သည်ဆိုသည့် လူကြီးကြားမှာ နုကပြဿနာ။ မမယု မကျေနပ်လို့ မကြိုက်ဘူးဆိုလည်း အဲဒီညွှဲ့သည်လူကြီး ရှိနေသည့်အချိန် ညွှဲ့သည်ရှေ့ကို နုမထွက်ဘဲ ပုန်းနေရုံသာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါကလည်း ထင်သလောက်မလွယ်။

တစ်အိမ်ထဲ အတူနေကြတာဆိုတော့ နုနှင့် တစ်ချိန်မဟုတ် တစ်ချိန် ထိပ်တိုက်တွေ့နိုင်သည်။ နုကို ဒီလိုပုံစံမျိုးနှင့် ညွှဲသည် လူကြီး တွေ့သွားမှာ မစိုးရိမ်လှပေမယ့် နုကြောင့် မမယုမှာ သူ့ သိက္ခာကို ချပါသည်။ သူ့အရှက်ကိုခွဲပါသည်ဟု အပြောခံရတာကမှ စိတ်ညစ်စရာ။

"နုရေ"

"လာပါပြီ ကြီးကြီးပု"

နုသည် အောက်ထပ်မှ ကြီးကြီးပုခေါ်သံကြောင့် အလှပြင် ပစ္စည်းတွေကို ဟိုတစ်ခု ဒီတစ်ခု ကောက်ကိုင်ကြည့်ရင်း အကြံ အိုက်နေရာမှ မှန်တင်ခုံပေါ် အသာပြန်ချထားလိုက်သည်။ နောက်မှ ပဲ အဆင်ပြေသလို ဒီပစ္စည်းတွေကို ထုတ်သုံးသင့် သုံးတော့မည် ဟု စိတ်ကို ပိုင်းဖြတ်လိုက်ကာ ကြီးကြီးပုရှိရာ အောက်ထပ်သို့ တစ်ဒုန်းဒုန်း ပြေးလွှားဆင်းလာခဲ့ပြီးမှ မမယု အဆူခံချင်စရာအဖြစ် ပါလားဟုတွေးကာ လှမ်းလက်စ ခြေလှမ်းအစုံကို ဘရိတ်အုပ်လိုက် သည်။

မိန်းကလေးဆိုတာ ဣန္ဒြေနဲ့ သိက္ခာနဲ့ ဗိုင်းကောင်းကျောက် ဖိနေတတ်ထိုင်တတ် ပြောတတ်ဆိုတတ်ရမည်ဆိုသည့် ကြီးကြီးပုရဲ့ နေ့စဉ်ဝတ္တရား ဆုံးမစကားကို ကြားယောင်၍ကမဟုတ်။ ညွှဲသည် လူစိမ်းသူစိမ်းရှေ့မှာ နုက ဒီလိုပုံစံနှင့် စိတ်နောက်ကိုယ်ပါ လုပ်ချင် သလိုလုပ် သွားချင်သလိုသွားရပါမည်လားဟု မျက်နှာထားတည်





ဘည်ဖြင့် မမယု အဆူအကြိမ်းခံရမည့်အရေးကို ပြေး၍သတိရ ခြင်းကြောင့် ဖြစ်သည်။

ပုံမှန်ခြေလှမ်းနှင့် ကြီးကြီးပုရှေ့ ရောက်သွားတော့ အစမ်း ကို ငိုမဲ့မဲ့မျက်နှာဖြင့် ကြီးကြီးပုနားမှာ ခပ်ကုပ်ကုပ် တွေ့လိုက်ရတာ မို့ မျက်ခုံးတွန့်သွားသည်။

"ဘာဖြစ်နေကြတာလဲ ကြီးကြီးပု"

"အမလေး…အရေးထဲမှာမှ မယ်မင်းကြီးမက သူ့လက် ကို ေ းထိလို့လေ၊ လုပ်ပါဦး နုရယ် ကြီးကြီးလည်း သွေးထွက်သံ ဆို မကြည့်ရဲဘူး၊ အစမ်းကိုခေါ်သွားပြီး အနာကိုစစ်ဆေးပြီး ပတ်တီးစည်း ဆေးထည့်ပေးလိုက်စမ်းပါကွယ်"

"အစမ်း…ဒဏ်ရာက ဘယ်လောက်များလို့လဲ၊ နုကို ပြစမ်းပါ"

အစမ်းက ငိုမဲ့မဲ့မျက်နှာဖြင့် သူ့လက်တစ်ဖက်ကို နုထံသို့ ထိုးပေးသဖြင့် နု လှမ်းယူကြည့်လိုက်တော့ ဒဏ်ရာ အတော်နက် သွားတာ မှန်ပေမယ့် ဆေးရုံဆေးခန်းကို ပို့ရလောက်သည့် ဒဏ်ရာ မျိုးကမဟုတ်။

"ဘာမှမဖြစ်ပါဘူး အစမ်းရဲ့၊ လာ…လာ နုနောက်ကို လိုက်ခဲ့၊ ဆေးထည့်ပြီး ပတ်တီးစည်းထားလိုက်ရင် မကြာဘူး ပျောက်သွားမှာပါ"

"ဟုတ်ကဲ့ မမနု"

နုနောက်ကို အစမ်းတစ်ယောက် ကုပ်ချောင်းချောင်း



www.burmeseclassic.com

www.burmeseclassic.com



အမူအရာ မျက်နှာမသာမယာနှင့် လိုက်လာသည်။ နုက အိမ်တွင် အသင့်ရှိနေသော ဆေးသေတ္တာကိုယူကာ အစိမ်းလက်ကို ဆေးထည့်ပတ်တီးစည်းပေးလိုက်သည်။

"မကြာပါဘူးဟယ်...ပျောက်သွားမှာပါ၊ နုဆို ဒီလိုမျိုး ခဏခဏဖြစ်နေကျပဲ၊ ဘာမှမဖြစ်ပါဘူး"

နုက သူမအမြဲလို ကြုံတွေ့နေရသောအဖြစ်ကို ပြန်အမှတ်ရပြီး ပြောလိုက်မှ အစိမ်းမျက်နှာ ကြည်လင်ကာ ခပ်ပြုံးပြုံးအမူအရာ ဖြစ်လာပါသည်။

"တော်ပါသေးရဲ့ မမနုရယ်၊ ရုတ်တရက်ကြီးဆိုတော့ သွေးတွေကို မြင်ပြီး အစမ်းလည်း အရမ်းလန့်သွားတာပေါ့လို့၊ အခု မမနုလည်း ဒါမျိုးဖြစ်နေကျပါလားဆိုတာ ပြန်သတိရသွားမှ ရင်ထဲပေါ့သွားတယ်"

"အစိမ်းက ဘာကိုရင်ပေါ့သွားတာလဲ"

"ဩော်...မမနုလို သူဌေးသမီး နုနုနယ်နယ်လေးတောင်မှ ဘာမှမဖြစ်တာ အစမ်းလည်း ဘာမှမဖြစ်နိုင်တော့ဘူးဆိုတာ သေချာသွားလို့ပေါ့လို့"

"အမယ်လေးဟဲ့...နုက ဘာများလဲလို့၊ ကဲ...ကဲ အစမ်း နားချင်လည်းနားတော့ ကြီးကြီးကို နုပဲ သွားပိုင်းကူလိုက်မယ်"

"ရပါတယ် မမနုရဲ့၊ ဒီနေ့ ဧည့်သည်လာမှာကို အစမ်းက ပိုင်းမကူလို့ဖြစ်မလား၊ မမယုသိရင် အိမ်ပေါ်က ခေါင်းနဲ့ဆင်းနေရပါဦးမယ်"





"မမယုကို နု ပြောလိုက်မှာပေါ့"

"မဖြစ်ပါဘူး မမနုရယ်၊ မမယု စိတ်ကြီးကို အစမ်းကြောက်လွန်းလို့ပါ၊ မမယုက မမနုလိုမဟုတ်ဘူး၊ ပေး...ပေး ဒဲဒီဆေးသေတ္တာကိုလည်း အစမ်းပဲ သိမ်းလိုက်မယ်"

"ဒါဖြင့်လည်း ရောဟယ်"

အစမ်းက သွက်လက်ဖျတ်လတ်စွာပင် နုလက်ထဲက ဆေးသေတ္တာလေးကို ဆွဲယူသိမ်းဆည်းလိုက်သည်။ အစမ်းက သိမှာသည်။ ဖင်ပေါ့၍ အလိုက်သိသည်။ တခြားအိမ်ဖော်တွေနှင့် သည်းမတူ။ ကြီးကြီးပုနှင့် ဆွေမျိုးနီးစပ်တော်သူဖြစ်သဖြင့် စိတ်ချယုံကြည်ရသည်။

အစမ်းက သဘောကောင်းသလို စိတ်ရင်းကလည်း ဖြူသည်။ နု စိတ်ကြိုက်ပုံစံမျိုးဖြစ်ကာ နေရာတကာ သည်းခံစိတ်ရှည်သည်။ အစမ်းက မမယုကို ကြောက်ပေမယ့် နုကိုတော့ ချစ်သည်။ နုကလည်း အစမ်းကို ချစ်ပါသည်။

အိမ့်ရှင်နှင့် အိမ်ဖော်ရယ်လို့လည်း သိပ်ပြီး သီးသီးသန့်သန့်ကြီး ခွဲခြားတာမျိုးမလုပ်။ မမယုကလည်း ဒါကိုပဲ နုကို သဘောကျ။ မမယုဆိုလျှင် ကြီးကြီးပု အပါအဝင် အစမ်းကိုရော တခြားအလုပ်သမားတွေကိုရော ဘယ်သူ့ကိုမှ မျက်နှာသာပေးသူမဟုတ်။

အပြောအဆို အပြုအမူ ခိုင်းစေပုံကအစ အလုပ်ရှင်နှင့် အလုပ်သမားပုံစံမျိုး တိတိကျကျ။ ထိုထက်နည်းနည်းလေးမှ မပို။



www.burmeseclassic.com

www.burmeseclassic.com



တခြားသူမကြည့်နှင့် နုလို ညီမအရင်းအချာပေါ်မှာတောင် မမယု သတ်သံရေးက တစ်မျိုးဟု ဆိုရမည်ဖြစ်သည့်အတွက် အိမ်ရှိ အလုပ် သမားတွေအားလုံးကလည်း မမယုကိုဆိုလျှင် စကားတောင် ကျယ် ကျယ်မပြောရဲတာမဟုတ်။

ခိုင်းတာလုပ်ပေးပြီး လိုရင်းတိုရှင်း ပြောဆိုကာ နေရာက လစ်ပြေးလာကြသူတွေချည်း။ နုတောင်မှ ဒက်ဒီတို့ မာမီတို့မျက်နှာ အရိပ်အကဲကို ကြည့်နေရတာ မဟုတ်။ မမယုမျက်နှာညိုမှာကိုပဲ စိုးရိမ်ပူပင်နေရသည့်အဖြစ်မို့ တခြားသူတွေအပေါ်မှာလည်း နု ကိုယ်ချင်းစာနာမိသည်။

"ဒက်ရာ ဆေးထည့်ပြီးပြီလား နု"

"ဟုတ်ကဲ့ ကြီးကြီးပု၊ သိပ်မများပါဘူး ဆေးထည့်ပေး ရုံနဲ့ ပျောက်သွားမှာပါ၊ လောလောဆယ်တော့ ညှော်မိမခံမိစေဖို့ လက်ကို ရေမစိုဖို့ပဲ အရေးကြီးတာပါ"

"အရေးအကြီးဆုံး အချိန်ကြမှကွယ်၊ ယုသိရင် ဘာပြော ဦးမယ်မသိဘူး၊ ဒီမှာက နေ့တိုင်းလုပ်စရာအလုပ်တွေက ပုံနေတာ၊ ဒီပုံအတိုင်းဆို ကြီးကြီးပုတစ်ယောက်တည်း လက်ကုန်ကျဲရမလို ဖြစ်နေပြီ"

"နုဝင်ကူမှာပေါ့ ကြီးကြီးရဲ့၊ ဘာမှစိတ်မပူပါနဲ့"

"ဖြစ်မလားကွဲ့...ယုက ဒီသည်ရှေ့မှာ နုကို ဘယ်လို နေခိုင်းထားလဲ"

"လှလှလေးနေခိုင်းတာက အရေးမကြီးဘူး အစမ်းက





တွေ့နိုင်ဘဲ ကြီးကြီးပုတစ်ယောက်ထဲနဲ့ မဖြစ်တာကိုလည်း ထည့် တွက်ရဦးမှာပေါ့လို့"

"အစမ်း လုပ်နိုင်ပါတယ် ကြီးကြီးရဲ့၊ လက်ကအနာကို ည်း သတိထားမှာပါ၊ မမနုသာ မမယုပြောသလိုနေပါ၊ တော်ကြာ ယုစကားကို မမနု နားမထောင်ရကောင်းလားလို့ စိတ်ဆိုးနေမှ ာ်နေပါဦးမယ်"

"အစမ်းပြောတာ ဟုတ်တယ် နုရေ၊ ယုပြောသလိုသာ ကြိုက်လိုက်လိုက်တော့၊ အဲဒီလိုမှ မဟုတ်ရင် ညီမနှစ်ယောက် ပြဿနာတက်လို့ ဆုံးမှာမဟုတ်ဘူး"

"နုက သူ့ကို အရွဲ့တိုက်ပါတယ်ဆိုမှ ရှင်းရခက်နေဦး "

မမယုအကြောင်း သိနေသည့် ကြီးကြီးပုရော အစမ်းပါ ကြိုတင်သတိပေးနေကြသည်။ ဟိုတစ်ခါကလည်း မမယု ယ်ချင်းတွေရှေ့မှာ ဒီလိုအဖြစ်မျိုး ဖြစ်ခဲ့ဘူးသည်။ မမယုက တမင်အရွဲ့တိုက်တာပါဟု ပြောဆိုစွပ်စွဲကာ ဒက်ဒီတို့ မာမီ တိုင်တော့ မိသားစုအားလုံး စိတ်ဆင်းရဲကြရသည့်အဖြစ်ကို မေ့သေး။

"မမယုကြောင့် နုတော့ သိပ်ခက်တာပဲ ကြီးပုရယ်၊ မမယုကြောင့် ဘယ်တော့မှ ကိုယ့်စိတ်နဲ့ကိုယ် လွတ်လွတ် ပ်နေရတယ်မရှိဘူး၊ ကမ္ဘာပေါ်မှာ မမယုတို့လို လူတွေချည်း ရင် အခက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ယုက သူ့ညီမလေးကို လှလှပပလေး ဖြစ်စေချင်လို့ပါကွယ်၊ တလွဲမတွေးပါနဲ့၊ နုကို ယုက ချစ်ပါတယ်"

"တဲ…ဇဲ ညှို့သည်ရောက်မလာခင် ယု စိတ်ကျေနပ်အောင် လှလှပပလေး ပြင်ချည်၊ တော်ကြာ သူပြန်လာတဲ့အထိ နု ဒီအတိုင်းတွေ့ရင် ဒေါသဖြစ်နေဦးမယ်"

"သွား…သွား"

ကြီးကြီးပုက မမယုအကြောင်း သိနေသော နုကို သူမ အခန်းရှိရာဘက်တို့ သွားပြီး မမယုအကြိုက် လှလှပပလေး ပြင်ဆင် ဖို့ တိုက်တွန်းသည်။ သူကိုယ်တိုင်ကတော့ အစမ်း၏အကူအညီဖြင့် လက်စွမ်းပြချက်ပြုတ်ထားသော ဟင်းပွဲများကို ထည့်ရမည့် ပန်းကန် များ ထားရမည့် ဟင်းပွဲနေရာများကို အစမ်းအား ထပ်မံစီစဉ်ညွှ ကြားနေသည့်အတွက် နုလည်း ကြီးကြီးပုတို့နားကခွာကာ သူမအခ ခန်းသို့ ထွက်လာခဲ့လိုက်သည်။



## အခန်း (၅)

ကျော်ကောင်းမြတ်သည် ထက်မြက်၍ သွက်လက်ချက် ချာ၍မက အရုပ်ကလေးတစ်ရုပ်သဖွယ် လှပသော ယုကိုကြည့်ကာ ...ာ်ခမ်းအစုံကို ပြုံးထားမိသည်။ ဦးသင်းမောင်နှင့် ဒေါ်ခင်ခင်ကို ...မှာဘက်အကျိုးတူ လုပ်ငန်းတူ မိတ်ဆွေများအဖြစ် သိကျွမ်းရင်းနှီး ...ာ်လည်း ယုလို လှပ၍ အစစအရာရာ အပြစ်ဆိုစရာမရှိအောင် ...က်မြက်လှပသော သမီးတစ်ယောက် ရှိသည်ကိုက မသိခဲ့ချေ။

ထို့ကြောင့်လည်း ဦးသင်းမောင်နှင့် ဒေါ်ခင်ခင်တို့၏ ...င်းနံ့သာအိမ်ကြီးမှာ တည်းခိုရန် ပြောဆိုတိုက်တွန်းလာသောအခါ ...င်း၍မရသည့်အကြောင်းများကြောင့် အားနာနာနှင့် လက်ခံခဲ့သူ ...သည်။ အကယ်၍သာ ဦးသင်းမောင်နှင့် ဒေါ်ခင်ခင်တို့မှာ ...လို လှပချောမောလွန်းသည့် သမီးပျိုလေးတစ်ယောက် ရှိနေခြင်း ...ဟ ကျော်ကောင်းမြတ် ကြိုသိခဲ့မည်ဆိုလျှင် သင်းနံ့သာအိမ်ကြီး ...ာ တည်းခိုဖို့ လက်ခံချင်မှ လက်ခံမိပေလိမ့်မည်။

အခုမှတော့ သူ့ဘက်က ဘာတစ်ခုမှ ငြင်းဆန်၍မရတော့။



www.burmeseclassic.com

www.burmeseclassic.com



ဦးသင်းမောင်နှင့် ဒေါ်ခင်ခင်တို့က သူတို့သမီးဖြစ်သူ ယုနှင့် မိတ်ဆက်ပေးတာကို လိုက်လှဲစွာ လက်ခံတုံ့ပြန်ရသလို နှုတ်ခမ်းအစုံမှာလည်း အပြုံးကို ဆောင်ထားရပါသည်။

"ဒါက ကျွန်တော့်သမီးကြီးလေ ဦးကျော်ကောင်းမြတ်၊ ကျွန်တော့်မှာ ဒီက သမီးကြီးယုနဲ့ နုဆိုပြီး သမီးနှစ်ယောက်ရှိတယ်၊ သမီးကြီးက ဒေါက်တာဘွဲ့ရပြီးပြီ၊ တစ်ဖက်တစ်လမ်းကလည်း အိမ်ရဲ့စီးပွားရေးအပိုင်းမှာ ဝင်ကူပေးနေတယ်၊ သမီးယု ဒါက ဒက်ဒီ့မိတ်ဆွေ ဦးကျော်ကောင်းမြတ်၊ ဦးကျော်ကောင်းမြတ် ဒါ ကျွန်တော့်သမီးကြီး ယုပါ"

"တွေ့ရတာဝမ်းသာပါတယ် ယု"

"ယုကလည်း ဦးကျော်ကောင်းမြတ်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

လှုကလှသလို အသံလေးကလည်း ချိုလွင်သာယာသူ လေးမှာ အမူအရာကြပြန်တော့လည်း ယဉ်ကျေးသိမ်မွေ့ခြင်းတွေ နဲ့ နူးညံ့ညင်သာလှတာမို့ ယုဆိုသည့် မိန်းမလှလေးကို ကျော် ကောင်းမြတ်စိတ်မှာ အသိအမှတ်မပြုဘဲ မနေနိုင်ခဲ့ပါ။

တည်ငြိမ်အေးဆေးသော အမူအရာနှင့် ဆွဲဆောင်မှုအပြည့် ရှိသော အပြုံးလေးများက ယုဆိုသည့် မိန်းမလှလေး ထူးခြားသော စွမ်းရည်တစ်မျိုးဟု ဆိုရမည်ထင်သည်။

ဒီလောက်ဆို ဦးသင်းမောင်နှင့် ဒေါ်ခင်ခင်တို့ အကြံ အစည်ကို ကျော်ကောင်းမြတ် ရိပ်စားနားလည်မိပါပြီ။ သူလို လူ





လူလွတ် သူဌေးတစ်ယောက်အတွက် ဒီလိုအဖြစ်မျိုးတွေ မကြာခဏ ရင်ဆိုင်ကြုံတွေ့နေကြဖြစ်၍ သိပ်ပြီး မထူးဆန်းတော့ဟု ဆိုလျှင် လည်း မမှားပါ။

ကျော်ကောင်းမြတ်လို လူတစ်ယောက်ကို သမီးရှင်တိုင်း က သမက်တော်လိုကြသည့်အဖြစ်မှာ ဘာမှမဆန်း။ ဖြစ်ရိုးဖြစ်စဉ် တစ်ခုမျှသာ။ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်ရုံမက တည်ကြည်ခန့်ညားသော ဥပမိရုပ်၊ ရိုးသားသော စိတ် နေသဘောထားနှင့် အလုပ်ကိစ္စမှတစ်ပါး တခြားဘာကိုမှ စိတ်မဝင် စားသူ။

အခုအသက်အရွယ်အထိ ကျော်ကောင်းမြတ် ကိုယ်တိုင် ရင်ခုန်ရမည့် ချစ်သူမိန်းကလေးက မရှိ။ အိမ်ထောင်ဘက်အဖြစ် သင့်တော်သူတွေ ဝိုင်းဝိုင်းလည်နေပေမယ့် ဘဝလက်တွဲဖော်အဖြစ် တစ်မိုးအောက်မှာ နှစ်ယောက်အတူနေဖို့ကြတော့ ကျော်ကောင်းမြတ် ဘက်က ထည့်တွက်စဉ်းစားစရာတွေ ဖြစ်လာသည်။

သူ့အသက်အရွယ်၊ သူ့အနေအထားအရ အိမ်ယာတည် ထောင်သင့်ပြီဆိုတာ ကျော်ကောင်းမြတ် နားလည်လက်ခံသည်။ ကိုယ်တိုင်က ငွေကြေးပြည့်စုံ ချမ်းသာကြွယ်ဝသူမို့ မိန်းမ တစ်ယောက်ကို စီးပွားတွက်တွက်ပြီး လက်ထပ်လိုစိတ်မရှိ။

မိသားစုတစ်စု၊ အိမ်ထောင်တစ်စုဖြစ်ရုံ အမွေဆက်ခံမည့် သူ သားသမီးတွေ ရယူလိုရုံနှင့်လည်း နီးစပ်ပတ်သက်ရာ အသိုင်း အဝိုင်းထဲက သင့်တော်ရာကို ရွေးချယ်ပြီး အိမ်ထောင်ထူဖို့ကြတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူကိုယ်တိုင် လက်ခံလိုစိတ်မရှိ။

ကျော်ကောင်းမြတ် လိုချင်တာက သူ့နှလုံးသားထဲက လိုလားစွာ တောင်းတလာမည့်အချစ်ကို အခုချိန်ထိ မျှော်လင့်စောင့်စားလာခဲ့ပေမယ့် သူလိုချင်သည့် သူ့နှလုံးသားကို လှုပ်ခတ်စေနိုင်စွမ်းသည့် ချစ်ရသူက အခုချိန်ထိ သူ့မှာ မရှိသေးသလို ရှာဖွေ၍လည်း မတွေ့။

ချောတိုင်းလှတိုင်း ငွေကြေးချမ်းသာပြည့်စုံကြွယ်ဝသူတိုင်းလည်း ကျော်ကောင်းမြတ်ဆိုသည့် သူ့အတွက် အချစ်မဟုတ်။ ရင်ခုန်ခြင်းလည်းမဖြစ်။

ရတာမရလို လိုတာမရ ဆိုသည်မှာ ကျော်ကောင်းမြတ်ဆိုသည့် သူ့ကို ရည်ညွှန်းလေသည်လား မဆိုနိုင်။ အခုချိန်ထိ တစ်ကိုယ်တည်း လူပျိုကြီးဖြစ်နေသော သူ့ကိုမဲ အားလုံးက အသည်းယားနေကြပုံရသည်။

စပ်ကြပ်ဟပ်ကြ ကံကြဖန်ကြနှင့် ဝိုင်းဝန်းအားတီးနေသည့်ကြားက ကျော်ကောင်းမြတ်ဆိုသည့် သူကလည်း လူပျိုကြီးဘဝက ကျွတ်လွတ်နိုင်ခြင်း မရှိသေးတာမို့ အခုလိုအဖြစ်မျိုး ကြုံလာတော့ သူ့အဖြစ်သူ ပြုံးရုံသာ တတ်နိုင်သည့်အဖြစ်ပါ။

ကျော်ကောင်းမြတ်၏ ပင်ကိုယ်စိတ်အရ အေးချမ်းစွာနေလိုသူတစ်ယောက်ဖြစ်ပြီး တခြားသူတွေနှင့် ခွေးရောဝက်ရောယှက်တင်နေလိုလှသူမျိုး မဟုတ်ချေ။ မတတ်သာ၍ စီးပွားရေးလုပ်ငန်းကိုအကြောင်းပြု ပေါ်ပေါက်လာရသော လူမှုရေးကိစ္စများနှင့် မင်္ဂလာပွဲ





ပွဲများကို မဖြစ်မနေ တက်ရောက်ရသည်မှတစ်ပါး တခြားအချိန်ပိုများတွင် သူတစ်ယောက်တည်း ငြိမ်းချမ်းတိတ်ဆိတ်စွာ စာအုပ်များနှင့် ဖြစ်စေ၊ ကွန်ပျူတာ တစ်လုံးရှေ့မှာဖြစ်စေ သူ့အချိန်များကို ကုန်ဆုံးစေသူဖြစ်သည်။

အများက ဦးတပ်ခေါ်နေရပေမယ့် သူက လူလတ်ပိုင်းမျှသာဖြစ်ရာ လက်ရှိအခြေအနေမှာ ယုဆိုသူလေးကိုလည်း သူ့အလိုလို အကဲခတ်ကြည့်ရှုမိလျက်သား ဖြစ်နေပါသည်။

ယု သိပ်လှတာကိုတော့ ချက်ချင်းလိုပင် အသိအမှတ်ပြုခံလိုက်ပေမယ့် တစ်ခြားတစ်ခြားသော မိန်းမလှလေးများစွာနည်းတူ မြင်မြင်ခြင်းဆိုသလိုပင်၊ ယုဆိုသည့် မိန်းမလှလေးကလည်း သူ့စိတ်ထဲမှာ ထူးခြားဆန်းကြယ်မှု တစ်စုံတစ်ရာ ပေးစွမ်းနိုင်ခြင်း မရှိခဲ့ပါ။

သို့ပါသော်လည်း ယုမှာ တခြားမိန်းကလေးတွေနှင့် မတူတာက စီးပွားရေးအလုပ်ကိစ္စများကို သူမဒက်ဒီ ဦးသင်းမောင်နည်းတူ ပိုင်နိုင်ကျွမ်းဝင်မှုရှိခြင်းဖြစ်သည်။ လာဘ်ဖြစ်သည်။ ကြိုတွက်တတ်သည်။ ဦးနှောက်ကို သုံးနိုင်သည်။

ဦးသင်းမောင်က သူ့အားကိုးရသော သမီးကြီးဟုဆိုသည်။ စကားပြောဆိုမိသလောက်ကတော့ ယုအခြေအနေကကျေနပ်စရာ။ ကျော်ကောင်းမြတ် မြင်တွေ့ဘူးသော မိန်းကလေးတွေနှင့် ယုက မတူ။ တချို့က မိဘ၏စီးပွားရေးလုပ်ငန်းများကိုဘာတစ်ခုမှ စိတ်ဝင်စားခြင်းမရှိကြသူများဖြစ်ပြီး မိဘ၏အရှိန် အဝါ



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ချမ်းသာသမျှကို ပျော်ပါးသုံးဖြုန်းနေချင်ကြသူတွေ ချည်း။

အိမ်မှုကိစ္စလည်း ဘာတစ်ခုမှ နားမလည်။ ထမင်းဟင်း ချက်ပြုတ်၊ လျှော်ဖွတ်၊ ရှင်းလင်းဆိုသည့်ကို သူတို့နှင့်သက်ဆိုင်သည့် အရာလို့ပင် မမြင်။ အိမ်ဖော်တွေရှိနေသမျှ သူတို့လိုချင်တာ သူတို့ဖြစ်ချင်တာ ရပြီဟု ထင်နေပုံရသည်။

မိဘများကိုယ်တိုင်ကလည်း ချမ်းသာသလို သူတို့ယူမည့် ယောကျ်ားကလည်း တစ်သက်စားမကုန်နိုင်အောင် စည်းစိမ်ချမ်းသာနှင့်ဆိုတော့ ငွေပုံပေါ်ထိုင်ပြီး စိတ်ထင်တိုင်း သုံးဖြုန်းရုံအပြင် ဘာမှမရှိ။

ယု ပုံစံလေးကလည်း တခြားသူတွေနှင့်မတူ။ ကျော်ကောင်းမြတ်ဆိုသည့် သူ့အပေါ်မှာ ပြောဆိုဆက်ဆံပုံကအစ ရောသည်လှည်းမဟုတ်။ မရောသည်လည်း မဟုတ်။ ဣန္ဒြေရရ တည်တည်ခန့်ခန့်။

ကားကို ယုပဲ မောင်းသည်။

ဦးသင်းမောင်တို့ ဇနီးမောင်နှံက ကားနောက်ခန်းမှာ အတူစီးကြပြီး ကျော်ကောင်းမြတ်နှင့် ယုက ရှေ့မှာဖြစ်သည်။ ကျယ်ဝန်းလှပသော ခြံကြီးနှင့် ခေတ်မီသားနားသော နှစ်ထပ်တိုက်ကြီးမှာ ဦးသင်းမောင်တို့ မိသားစုပိုင် သင်းနံ့သာခြံကြီးဖြစ်သည်။

"တီ"

ကားဟွန်းသံအဆုံးမှာ ခြံတံခါးက သူ့အလိုလိုပွင့်သွားသဖြင့် ယုက ကွန်ကရစ်ခင်းထားသော လမ်းအတိုင်း သူမကားဖြူ





ကြီးကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်သွားသည်။

"ကျွီး"

"အိမ်ကိုရောက်ပါပြီ ဦးကျော်ကောင်းမြတ်၊ ဆင်းလို့ရပါပြီ"

"ကောင်းပါပြီဗျာ"

ကားပေါ်က ဆင်းရင်း ကျယ်ဝန်းသော ခြံကြီးအနှံ့ မျက်လုံးအစုံကို ဝေ့ဝဲအကဲခတ်ကြည့်ရှုမိလျှက်သား ဖြစ်သွားသည်။ စိမ်းစိုသော မြက်ခင်းပြင်နှင့် ရောင်စုံသစ်ပင်ပန်းဥယျာဉ်နှင့်တကွ သစ်ကြီးဝါးကြီးများ အုပ်စိုးနေသည့် သင်းနံ့သာခြံကြီးက အေးချမ်းဆိတ်ငြိမ်ခြင်းနှင့် လှပစိုပြည်ခြင်းတို့ ပေါင်းစပ်ဖွဲ့စည်းထားကာ မြင်ရသူဘဝင်ကို အေးငြိမ်းစေသည်က အမှန်ဖြစ်သည်။

စိုက်ပျိုးထားသည့် သစ်ပင်ပန်းပင်တွေကအစ စည်းစနစ်အကျ လှလှပပ အကွက်ချပုံဖော်စိုက်ထားခြင်း ဖြစ်သည့်အတွက် မျက်စိပသာဒ ဖြစ်လှသည်။

"ခဏအနားယူပြီးရင် ထမင်းစားကြတာပေါ့ ဦးကျော်ကောင်းမြတ်"

"ကျော်ကောင်းမြတ်လို့ ခေါ်ရင်လည်း ရပါတယ်ခင်ဗျာ"

"သင့်(ခ်)ယူး မောင်ကောင်းမြတ်၊ ဦးတွတ်က ဧည့်သည်အခန်းတွေကို အခန်းထဲသွားပို့ထားလိုက်ဗျာ"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲခဏလျှောက်ကြည့်ဦးမလား မောင်ကောင်းမြတ်"

"ကောင်းသားပဲ အန်ကယ်"

"တူ…တူ…တူ"

"သမီးယုရေ…ဒက်ဒီဖုန်းလာနေလို့ မောင်ကောင်းမြတ်ကို ခြံထဲအနှံ့ လိုက်ပြလိုက်ပါကွယ်"

"ဟုတ်ကဲ့ ဒက်ဒီ"

ဦးသင်းမောင် ဖုန်းပြောရင်း နေရာမှာ ရပ်ကျန်နေရစ်ခဲ့သလို ဒေါ်ခင်ခင်ကလည်း အိမ်ကြီးထဲ အပြေးဝင်ရောက်လာပြီး သူပြောထားသည့်အတိုင်း စီမံချက်ဖြတ် ပြင်ဆင်ထားခြင်း ရှိမရှိ လျင်မြန်စွာ ဝင်ရောက်စစ်ဆေးခြင်း ပြုလိုက်ပါသည်။

"ဒေါ်ပုရေ…အားလုံးအသင့်ဖြစ်ပါပြီနော်"

"အသင့်ပါပဲ ခင်ခင်ရဲ့၊ ပြင်ဆင်လိုက်ရတော့မလား"

"နေဦး…နေဦး အသင့်သာပြင့်ထား၊ ထမင်းပွဲပြင်ရမယ့်အချိန်ကြရင် ခင်ပြောမယ်၊ သမီးလေးနုရော"

"ခပ်စောစောကတင် ဒီနားမှာတွေ့သေးတယ်၊ ဘယ်ရောက်သွားပါလိမ့်"

"အစမ်း…ညည်း မမနုအပေါ်ထပ်မှာထင်တယ်၊ ဧည့်သည်ရောက်လာပြီ လှလှပပလေးပြင်ဆင်ပြီး အောက်ကိုဆင်းခဲ့လို့ သွားပြောချည်စမ်းကွယ်"

"ဟုတ်ကဲ့ပါ မမကြီး"

သွက်လက်ပေါ့ပါးသော ခြေလှမ်းတွေနှင့် အစမ်း





တစ်ယောက် နုရှိရာအပေါ်ထပ်သို့ အပြေးလေးတက်ခဲ့သည်။ နု အခန်းတံခါးရှေ့ရောက်တော့ ခြေစုံရပ်ပြီး အခန်းတံခါးကို ခေါက်လိုက်သည်။

"ဒေါက်…ဒေါက်"

"မမနု"

"အေး…လာပြီဟေ့၊ လာပြီ"

"ကျွီး"

မရှေးမနှောင်းအသံနှင့်အတူ နု အိပ်ခန်းတံခါးပွင့်လာပြီး အစမ်းကို ခေါင်းလေးပြူကြည့်လိုက်၏။

"ဘာလဲ အစမ်း"

"အောက်မှာ ဧည့်သည်ရောက်နေပြီ၊ လှလှလေးပြင်ဆင်ပြီး အောက်ကိုဆင်းခဲ့ဖို့ မမကြီးက မှာလိုက်လို့လာပြောတာပါ"

"စိတ်ညစ်လိုက်တာဟယ်…လာခဲ့မယ်လို့ ပြောလိုက်၊ ဒါပဲမဟုတ်လား"

"ဟုတ်"

နုက သူ့မအိပ်ခန်းတံခါးလေးကို ဖျတ်ခနဲ ပြန်ဆွဲယူပိတ်လိုက်ပြီးမှ ခုတင်ပေါ်ကို ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ခြံထဲကို ကားဝင်လာထဲက နုတစ်ယောက် သူ့မအိပ်ခန်းလေးထဲကို အပြေးရောက်နေသည့်အဖြစ်ပါ။

သင်းနှံ့သာအိမ်ကြီးရဲ့ အရှင်သခင် သူဋ္ဌေးကြီး ဦးသင်းမောင်ရဲ့ အငယ်ဆုံးအထွေးဆုံး သမီးလေးအဖြစ် နုကို မိသားစုအား



www.burmeseclassic.com

www.burmeseclassic.com



လုံးက လှလှပပ ဖြစ်စေချင်နေမှန်း နု သိပါသည်။

ဒါကြောင့်လည်း ညှို့သည်လာရင်ဝတ်ဖို့ ဝတ်စုံကအစ မာမီတို့ လေဆိပ်သွားနေတုန်း စိတ်ကူးရှိသလောက် တတ်သမျှ မှတ်သမျှ ရွေးချယ်ပြင်ဆင်ထားသမျှ အခုချိန်မှတော့ နုအတွက် အသုံးဝင်လှသည်။

မှန်တင်ခုံရှေ့ကိုသွားပြီး နုဗာစ်ကိုယ်လုံးကို စေ့စေ့ကြည့်သည်။ မှန်တင်ခုံပေါ်မှ ရှိသမျှ အလှအပပစ္စည်းတွေအားလုံး နု သုံး၍မဖြစ်။ သုံးလည်းမသုံးချင်။ အိမ်မှာနေသည့်လူက အပြင်ကို သွားမည့် ပွဲနေပွဲထိုင် မိတ်ကပ်တွေပြင်ဆင်ပြီး နေရသည်မှာ အဓိပ္ပါယ်လည်း မရှိ။ ရှက်စရာကောင်းသည်ဟုလည်း ထင်သည်။

သင့်တင့်သော ဝတ်စားပြင်ဆင်မှုကသာ နုအတွက် အကောင်းဆုံးမို့ မာမီနှင့် မမယုတို့ ခိုင်းသလို နု ဘာမှမလုပ်မိ။ အပြစ်တင်ရင်လည်း ခံမည်။ သိပ်လှသည့် မမယုနှင့် အပြိုင် နု ဘက်က ဘာမှမလုပ်ချင် လုပ်လည်းမလုပ်တတ်။

ဇာနားတွန့်လေးများပါသော ပန်းနုရောင်ဖျော့ဖျော့ ဝတ်စုံ နှင့် မျက်နှာလှလှလေးပေါ် ပေါင်ဒါနည်းနည်းတို့၊ နှုတ်ခမ်းဆိုး ဆေးခပ်ပါးပါးတင်၊ ဆံပင်နက်နက်တွေကို စည်း...ထားရာမှ ဒီအတိုင်း ဖြန့်ချထားလိုက်သည်။

မမယုက နု ဆံပင်စည်းထားတာကို မကြိုက်လှ။ ဒါကို သတိရ၍ပါ။ နု အလိုသာဆို ဘာမှအပိုတွေ လုပ်နေမိမှာမဟုတ်။ အိမ်ကိုလာတဲ့ ညှို့သည်တစ်ယောက်ကြောင့် ဘာတစ်ခုမှ စိတ်





ကျဉ်းကျပ်နေစရာလည်းမရှိ။

အခုတော့ နုမှာ ဘာလေးပဲလုပ်လုပ် ဘာပဲတွေးတွေး၊ မမယု...မမယုဆိုတာကြီးနှင့်ပင် သူမစိတ်တိုင်းကျနေဖို့ထက် မမယု စိတ်ကြိုက်ဖြစ်ဖို့ ကြိုးစားနေရသည့်အဖြစ်ပါ။

"တော်ပြီ...တော်ပြီ နုဘက်ကတော့ ဒီလောက်ပဲတတ် နိုင်တယ်၊ ကျန်တာ မမယု သဘောမကျလို့ မကျေနပ်လည်း တေတ်နိုင်ဘူး"

မှန်ထဲက သူမပုံရိပ်ကို နောက်ဆုံးတစ်ချက်ကြည့်ပြီး နု သူမအခန်းလေးထဲက ထွက်ခဲ့လိုက်သည်။

"ယုတို့အိမ်က အကျယ်ကြီးပဲဗျာ၊ ပြင်ဆင်ထားပုံကလည်း မျက်စိထဲအေးပြီး စိတ်ကို ကြည်သွားတာပဲ"

ချိုမြိန်သြရှသော ယောကျ်ားတစ်ယောက်၏ အသံကြောင့် ဆွမ်းလက်စ နု ခြေလှမ်းလေးများ တန့်သွားကာ အသံလာရာသို့ ငုံ့ကြည့်လိုက်တော့ ညှို့လူစိမ်းနှင့် မမယုတို့ အပေါ်ထပ်လှေကား အတိုင်း တက်လာနေတာကို မြင်လိုက်ရတာမို့ နုလည်း ကမန်း ကတန်းပင် နီးရာလိုက်ကာ နောက်ထဲကို လှစ်ခနဲ ဝင်ပုန်းလိုက်မိ၏။

"ယုတို့အိမ်ကို အခုလိုချီးကျူးတဲ့အတွက် ဦးကျော်ကောင်း ...ကို ကျေးဇူးတင်ပါတယ်ရှင်၊ ယုတို့ ပင်ပန်းရကျိုးနပ်တာပေါ့"

"ကိုယ်တကယ်ပြောတာပါဗျာ"

"ယုကလည်း တကယ်ပြောတာပါပဲရှင်"

"အဟွန်း...ဟွန်း...ွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…ဟင်း…ဟင်း"

နှစ်ဦးအတူ ရယ်မောလိုက်သော ချိုလွင်သာယာသော ရယ်သံလေးများက တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွင်းလိုက်သလို တစ်ယောက်နှင့်တစ်ယောက်ကြား ခင်မင်ရင်းနှီးမှုကို ပိုမိုတိုးပွားသွားစေသည်။

နုက နီးကပ်လာသည့် ခြေသံတွေကို နားထောင်ရင်းသူမ ပုန်းနေသောနေရာက မြန်မြန်လေး ဖြတ်ကျော်သွားကြပါစေဟု ကျိတ်ဆုတောင်းနေမိသည်။ လှေကားအတက်အဆင်းမှာ မဆုံချင်လို့ ပုန်းမိပုန်းရာ ဝင်နေမိပြီးမှ မမယုသာသိရင် မလွယ်ဘူးဟု တွေးဖြစ်အောင်လည်း တွေးနေမိသည်။

"အပေါ်ထပ်ကို ဖွဲ့စည်းပြင်ဆင်ထားပုံကလည်း အတော်ကောင်းတာပဲဗျာ၊ အိမ်ကြီးတစ်အိမ်လုံး ပြင်ဆင်ထားတာ ယုလက်ရာတွေပဲထင်တယ်"

"အဟင်း…ဟင်း"

ယုက ကျော်ကောင်းမြတ်၏ စကားကို မည်သို့မျှ တုံ့ပြန်ဖြေဆိုခြင်းမပြုဘဲ ချစ်စဖွယ်အမူအရာနှင့် လှပစွာ ရယ်မောလိုက်တာမို့ အမိပွါယ်က တစ်အိမ်လုံး၏ အနုစိတ်အလှအပ မျက်စိပသာဒဖြစ်စရာ အားလုံးကို သူမဲ တာဝန်ပြင်ဆင်ထားသည့် သံဆောမျိုး သက်ရောက်နေပါသည်။

တကယ်အဖြစ်မှန်မှာ ထိုသို့မဟုတ်ပါ။

မမယုက တစ်အိမ်လုံးကို ရှင်းလင်းပြင်ဆင်ပါဟု ပြော





စေ့စပ်သေသေချာချာ ညွှန်ကြားရုံမျှသာဖြစ်ပြီး ပစ္စည်းအထားအသို မှန်အောင်လှပ၍ မျက်စိပသာဒဖြစ်အောင် ရှုထောင့်အမျိုးမျိုးမှ အသေးစိတ် ဂရုတစိုက် ခြယ်မှုန်းပြင်ဆင်ရသူမှာ နုဖြစ်ပြီး အလုပ်သမားတွေနှင့်အတူနေအောင် ဦးဆောင်လှုပ်ရှားရသူမှာလည်း နု ဖြစ်ပါသည်။

"ယုက တကယ်တော်တာပဲဗျာ၊ ကိုယ်တွေ့ဖူးတဲ့ မိန်းကလေးတော်တော်များများဆိုရင် အိမ်မှုကိစ္စမှန်သမျှ သူတို့နဲ့မဆိုင်သလို အတစ်ခုမှ စိတ်ဝင်စားကြတာမဟုတ်ဘူး"

"အိမ်ဖော်တွေနဲ့ ဖြစ်ချင်ရာဖြစ် ပြစ်ထားကြသူတွေချည်းပဲ ကျွန်တော်ဆိုရင် ကိုယ်တိုင်ထမင်းဟင်း ဝင်ချက်တာပဲ"

"ဟုတ်လား…ဦးကျော်ကောင်းမြတ်က အဲဒါတွေလည်း တတ်သနားပါတာပဲလား"

ယုက တအံ့တသြလေး မေးသလို လိုက်ကာနောက်ကွယ်မှာ ပုန်းနေသည့် နုကလည်း ကျော်ကောင်းမြတ်ဆိုသည့် လူကြီးအကြောင်းသမျှ အားလုံးကြားနေရပါသည်။ ယောကျ်ားလေးတစ်ယောက်က ထမင်းကိုယ်တိုင်ချက်သည်ဆို၍လည်း နုရင်မှာ ထူးပြီးမအံ့သြမိပါ။

အံ့သြစရာလို့လည်း မမြင်မိ။

ကြီးကြီးပွခင်ပွန်း ဦးလေးတွတ်ဆိုလျှင် ကြီးကြီးပု စားချင်တာရှိရင် သူကိုယ်တိုင် ထမင်းဟင်းချက်ပြုတ်ကျွေးတာမျိုး၊ နုတို့အတွက် လက်ရာစားချင်ပါသည်ဟု ဆိုလျှင် မညည်းမညူ ချက်ပြုတ်ပါ ချက်ပြုတ်ကျွေးတာမျိုး မြင်တွေ့ကြားသိနေရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မဆန်းတာလည်း ပါမည်ထင်သည်။

"ကျွန်တော် နိုင်ငံခြားမှာနေတုန်းက ကိုယ်တိုင်ချက်ပြုတ်စားတာလေ၊ ကျွန်တော် ဟင်းချက်လက်ရာဆို ကျွန်တော့်အပေါင်းအသင်းတွေကြားမှာ နာမည်ကြီးပေါ့ဗျာ"

"ဒါဆို...ဦးကျော်ကောင်းမြတ် လက်ရာကို အားပေးဦးမှထင်တယ်"

"ရပါတယ်ဗျာ"

"ဒေါက်...ဒေါက်...ဒေါက်"

"ဟောတော့ လိမ့်သွားပြီ"

နု နှုတ်ဖျားမှ အလန့်တကြား ထွက်သွားရသော အသံလေးဖြစ်သလို စိတ်ရှုပ်ရှုပ်ဖြင့် သူမလက်စွပ် ဖြောင်ချောလေးကို ချွတ်လိုက်ဝတ်လိုက် ဆော့ကစားနေမိရာမှ နုလက်မှ ချော်ထွက်သွားကာ လိုက်ကာအောက်မှ တဒေါက်ဒေါက်အသံပေး လိမ့်ဆင်းသွားကာ ကျော်ကောင်းမြတ် ရှေ့တည့်တည့်မှာ ရပ်တန့် အဆုံးသတ်သွားသည်။

"ဘာလေးပါလိမ့်"

"လက်စွပ်လေးပါလား ယူ"

"ရှင်"

"ဟင်"

"ဟိုလိုက်ကာ အောက်ကထွက်ကျလာတာထင်တယ်"

သူ့ရှေ့ရောက်လာသည့် နု လက်စွပ်လေးကို ကျော်ကောင်းမြတ် ကောက်ယူလိုက်ကာ ယုအာက်ကို လှည့်ပြောရင်း လက်စွပ်ထွက်လာရာ လိုက်ကာရှည်ကြီးရှိရာသို့ လှမ်းအကြည့် နုမှာ ဘာလုပ်၍လုပ်ရမှန်းမသိဘဲ သူတို့နှစ်ယောက် ပြောဆိုနေသမျှကို နားထောင်ပြီး ရင်တွေတဒိတ်ဒိတ်ခုန်နေမိသည်။

ယုကတော့ ကျော်ကောင်းမြတ် ကောက်ယူပြသည့် လက်စွပ်လေးကို ကြည့်လိုက်တာနှင့် နု လက်စွပ်လေးမှန်း ချက်ချင်းသိလိုက်သလို လက်စွပ်ထွက်လာရာ လိုက်ကာနောက်ကွယ်မှ ဖြူဖွေးပြည့်တင်းသော နုခြေအစုံကိုပါ တွေ့မြင်ပြီးဖြစ်ရာ ညီမဖြစ်သူ၏ ထင်မိထင်ရာလုပ်ရပ်ကြောင့် ယု မျက်နှာလှလှလေး ပျက်သွားရရှာပါသည်။

"လိုက်ကာနောက်မှာ လူတစ်ယောက်ရှိနေပါလား ယု၊ ဘယ်သူလဲမသိဘူး"

မျက်စိလျင်သော ကျော်ကောင်းမြတ်ကိုယ်တိုင် လိုက်ကာနောက်ကွယ်မှ နု ခြေအစုံကို တွေ့မြင်သွားပြီမို့ ယုမှာ ဘယ်လိုမှ မသိဟန်ဆောင်ပြီး ရှေ့ဆက်သွားလို့မရဘဲ ဖြစ်သွားသည်။

ညှော်သည့်ရှေ့မှာ ဟန်မပျက် ခေါင်းထုတ်ရုံမှတစ်ပါး တခြားမရှိ။ ကျော်ကောင်းမြတ်ကိုယ်တိုင်ကလည်း နေရာက မရွေ့။ လိုက်ကာနောက်ကွယ်မှာ ငြိမ်သက်စွာ ခြေစုံရပ်နေသူကို စိတ်ဝင်စားစူးစမ်းနေဟန်ဖြင့် လက်ထဲက သူ ကောက်ယူထားသည့် လက်စွပ်လေးကို ငုံ့ကြည့်နေသည်။

"လိုက်ကာနောက်က ဘယ်သူလဲ နုလား"







www.burmeseclassic.com

www.burmeseclassic.com



မမယုအသံကြောင့် နု ငိုချင်သွားသည်။ ပါးစပ်က အသံလည်းမထွက်။ လူကလည်း နေရာကမလှုပ်မရွှေ့မိဘဲ ကိုယ့်ကိုယ်ကို စိတ်ညစ်နေတုန်း မမယုအသံက နု ငြိမ်နေလို့မရအောင် ဆက်တိုက်ထွက်လာသည်။

“နုမဟုတ်လား”

“နု”

ပြောပြောဆိုဆို ယုက နုပုန်းနေသည့် လိုက်ကာနားရောက်လာပြီး လိုက်ကာကို ဆွဲဖွင့်လိုက်သည်နှင့်…

“ဟင်”

“နု”

“လိုက်ကာနောက်ထဲဝင်ပြီး ဘာလုပ်နေတာလဲဟင်”

မမယုကို နု ဘာမှမပြော။

မော့လည်းမကြည့်။ မမယု အင်မတန်အလေးထားသည့် စည့်လှုစိမ်းရှေ့မှာ နု လုပ်မိသည့်အပြစ်အတွက် ဘာကိုဘယ်လိုအကြောင်းပြရမှန်းလည်းမသိ။ အမှန်အတိုင်း ပြောလို့လည်း မမယုက သဘောကျမည်မဟုတ်။

“နု…မမယု မေးနေတာ မကြားဘူးလား၊ လိုက်ကာနောက်ထဲ တစ်ယောက်တည်းဝင်ပြီး ဘာလုပ်နေတာလဲလို့”

မမယုတို့ ဝင်လာတာမြင်လို့ မဆိုချင်တာနဲ့ ပုန်းနေတာပါလို့ ဖြေလိုက်ရမည်လား။ ထိုအဖြေကို မမယု ကြိုက်မည်မဟုတ်။

“ယု ညီမလေးလား”





ဝင်းဝါနုထွေး၍ လှပသော ချစ်စရာမိန်းမချောလေးက ယု မေးတာကိုမဖြေသလို သူတို့နှစ်ယောက်စလုံးကိုလည်း မော့ကြည့်လာခြင်းလည်းမရှိ။ သူမအင်္ကျီအနားစလေးကို ဆုပ်ကိုင်ကာ ခေါင်းလေးငုံ့နေပုံလေးက ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်ကာ မြတ်နိုးဖွယ် ချစ်ခင်ဖွယ်မို့ ငေးခနဲကြည့်လိုက်မိသူက ဘယ်မိန်းကလေးကို စိတ်ဝင်စားခြင်းမရှိသော ကျော်ကောင်းမြတ်ကိုယ်တိုင်ဖြစ်နေသည်။

ပြီးတော့ အခုချိန်ထိ မည်သည့်အဖြေစကားမှမရှိသော မိန်းမလှလေးကို စိတ်ဝင်တစား ယုညီမလေးလားဟု မေးလိုက်မိသူ။

“ဟုတ်ပါတယ် ဦးကျော်ကောင်းမြတ်၊ ယုရဲ့ညီမ နုပါ”

“သြော်”

“နု…ဒါ ဒက်ဒီ့မိတ်ဆွေ ဦးကျော်ကောင်းမြတ်”

“ဟုတ်”

နုက အခုချိန်ထိ ဘယ်သူ့ကိုမှ မော့မကြည့်ဘဲ ဟုတ်ဟုတိုပြတ်စွာဆိုခြင်းဖြစ်သည်။

“တွေ့ရတာဝမ်းသာပါတယ်ဗျာ”

“နု သွားတော့မယ်”

“နု”

မမယုက လှမ်းခေါ်သော်လည်း နုက ဖောက်ကို တစ်ချက်လှည့်မကြည့်တော့။ နေရာမှ တစ်ချိုးတည်း လစ်ပြေးသွားပုံက



www.burmeseclassic.com

www.burmeseclassic.com



ချင်းသဲကျွပ်ထဲက လွတ်မြောက်သွားသော သမင်မှိုမလေးအသွ
ပုံ ဖြစ်ပေမယ့် ယုကတော့ နု စိတ်ထင်ရှားလှပ်သွားပုံကို ဒေါ
ဖြစ်မဆုံးပါ။

ကိုယ့်ထက် အသက်အများကြီးကြီးသည့် လူကြီး
ကောင်းတစ်ယောက်က သူလိုဘာမဟုတ်တဲ့ ကလေးမ
တစ်ယောက်ကို အရေးတယူ ပြောဆိုဆက်ဆံနေတာကို ယဥ်ကျေ
ပြေလည်စွာ တုံ့ပြန်ရကောင်းမှန်းမသိ။

လူမှုရေးဘာမှမသိသည့် အရိုင်းအစိုင်းသတ္တဝါလေး
နေရာက ထွက်ပြေးသွားပုံက အသည်းယားစရာဖြစ်သလို
ညီမတစ်ယောက်အနေနဲ့လည်း ဦးကျော်ကောင်းမြတ် အပေါ်
မျက်နှာပူစရာဖြစ်ရပါသည်။

"ဆောရီးနော်...ဦးကောင်းမြတ်၊ နုက ဒီလိုပဲ လူကြီး
တွေ ဘယ်လောက်ပဲသင်သင် ဘယ်တော့မှနားမဝင်ဘူး၊ သူလု
ချင်တာလုပ်တာပဲ"

"ယုတို့မှာ နုကြောင့် အမြဲလိုစိတ်ညစ်နေရတာလဲ"

"ကလေးဆိုတော့ ဒီလိုပဲပေါ့၊ နုကို ကျွန်တော်နားလည်
တယ်၊ နောက်တော့ နုလည်း ယုလိုဖြစ်လာမှာပေါ့ဗျာ၊ ယုညီမပဲ

"အဲဒီလိုဖြစ်လာပါစေလို့ ဆုတောင်းနေရတာပဲ ဦးကော
မြတ်ရယ်၊ ဪ...ဦးကောင်းမြတ်လို့ပဲ ခေါ်မယ်နော်"

"ရပါတယ်ဗျာ...ယု စိတ်ချမ်းသာသလိုခေါ်ပါ"

"ဒါ...ဦးကောင်းမြတ်အတွက် အခန်းပါ"





"ကျိုး"

ယုက နုအကြောင်း ဘာတစ်ခုမှ စကားမဆက်ချင်တော့
ဘာမို့ နုကြောင့် မကြည်လင်သောစိတ်ကို တစ်ဖက်လှူ လုံးဝမရိပ်
မိစေဘဲ အပြုံးလှလှနှင့်ပင် ကျော်ကောင်းမြတ်အတွက် အသင့်ပြင်
ဆင်ထားသည့် အခန်းကို ဦးဆောင်ဖွင့်ရင်း စကားလမ်းကြောင်းကို
ပြောင်းပစ်လိုက်ပါသည်။

"အဖြူရောင်တွေချည်းပဲဆိုတော့ တစ်မျိုးဖြစ်နေမလားရှင်၊
ကြိုက်ရင် တခြားအရောင် ပြောင်းလဲပေးလို့လည်းရပါတယ်"

"အဖြူရောင်က ကိုယ်အကြိုက်ဆုံး အရောင်ပဲ၊ ဒါ ယု
စိတ်ကူးလား"

"ဆိုပါတော့ရှင်"

"ယုလည်း အဖြူရောင်ကို ကြိုက်တယ်ပေါ့"

"ဟုတ်ကဲ့"

"အကြိုက်ချင်းတူလို့ ရန်သူတော့ မဖြစ်ပါဘူးနော်"

"အကြိုက်ချင်းတူရုံပဲရှင်၊ အကြံချင်းတူနေတာမှမဟုတ်
ဘဲ"

"ဟုတ်တယ်...ဟုတ်တယ်"

"အဟင်း...ဟင်း...ဟင်း"

"အဟွန်း...ဟွန်း...ဟွန်း"

သူတို့စကားကို သူတို့ဘာသာ သဘောကျပြီး ရယ်မိ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"တူ…တူ…တူ"

ရုတ်တရက် ယု ဖုန်းလေးမှ အသံမြည်လာသဖြင့် ဆုက ၏ အရှင်းဦးဆုံး နှုတ်ဆက်လမ်းခွဲလိုက်သည်။

"လိုအပ်တာရှိရင် ဟောဒီဘဲလ်ကို နှိပ်လိုက်ပါနော်၊ အေးအေးဆေးဆေး အနားယူလိုက်ပါဦးရှင်"

"ယုကို ခွင့်ပြုပါ"

"ကောင်းပါပြီဗျာ"

ယုက ကျော်ကောင်းမြတ် အိပ်ခန်းတံခါးကို သူမကိုယ်တိုင် စေ့ပိတ်ပေးခဲ့ပြီး နေရာကထွက်ခဲ့သည်။ စိတ်ထဲမှာတော့ ယု ဖုန်းကို လှမ်းခေါ်နေသည့် စည်သူအကြောင်းကိုတွေးကာ အလို မကျနိုင်အောင် ဖြစ်နေမိပါတော့သည်။



# အခန်း (၅)

"မာမီ…မာမီ"

"ဟဲ့…ဟဲ့ ဒါကဘာယ်လိုဖြစ်လာတာလဲ နုလေးရဲ့"

နုမှာ မမယုတို့ရှေ့က အခြေးလေးထွက်လာခဲ့ရာမှ မာမီကို မြင်သည်နှင့် ဝမ်းသာအားရာက်သွားကာ မာမီရှိရာသို့ အော်ဟစ် ရောက်ရှိသွားရပါသည်။

"ဘာဖြစ်လာတာလဲ သမီးလေးရဲ့၊ မထင်ဘ်သာမလန့်သာ ကြိုက်တာ၊ အပေါ်မှာ သမီးမမယုနဲ့ မောင်ကောင်းမြတ်ကို တွေ့ခဲ့ရဲ့ သား"

"ဟုတ်"

"အခုချိန်ကစပြီး ဧည့်သည်ရှေ့မှာ မမယု စိတ်ဆိုးဒေါသ ဖြစ်အောင် မလုပ်မိစေနဲ့နော်"

"အင်"

နုမှာ မာမီသတိပေးစကားကို နားထောင်ရင်း ရုတ်တရက် မာမီကို ဘာပြောရမှန်းမသိ ဖြစ်နေသည်။ မာမီက နုကို မမယု စိတ်ဆိုးအောင် မလုပ်နှင့်ဟုဆိုနေသည်။ နုကဖြင့် မမယုဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ မမယု စိတ်ဆိုးဒေါသဖြစ်အောင် လုပ်ခဲ့ပြီးပါပြီ။

"ဟို…အဲဒါကိုပဲ မာမီ့ကို နုပြောမလို့"

"နုက ဘာကိုပြောမလို့လဲကွယ်၊ ဒီမှာ မာမီတို့ အလုပ်ရှုပ်နေတာ မြင်တယ်မဟုတ်လား၊ သမီးပါ ဝိုင်းကူစမ်းပါဦး"

"နုကိုပေးလေ မာမီ၊ ဒါတွေက မာမီ လုပ်စရာမလိုပါဘူး၊ အစမ်းရော"

"အမလေး…အရေးထဲအရာပေါ်ဆိုတာ ဒါမျိုးပေါ့ကွယ်၊ ခုလေးတင် သူဦးလေးဆိုတာ ရောက်လာပြီး အစမ်းကို လာခေါ်သွားတယ်၊ အစမ်း အမေကို ဆေးရုံတင်ထားရလို့တဲ့"

"ဟင်"

"ညည့်သည်လာမယ်၊ အလုပ်များမယ်ဆိုမှကွယ်၊ မာမီဖြင့် စိတ်ကိုညစ်သွားတာပဲ၊ ပိုက်ဆံတော့ ထုတ်ပေးလိုက်ပါတယ်၊ နာရေးဆိုတော့ ပြောလို့မကောင်းဘူးလေ၊ အစမ်းလည်း သူ့အမေသက်သာမှ ပြန်လာမယ်တဲ့"

"ရက်အတိအကျ မရှိဘူးပေါ့"

"ဒါပေါ့…အစမ်းကိုယ်တိုင် တငိုငိုတရယ်ရယ် ဖြစ်နေတာ၊ မာမီက အစမ်းကို ဘယ်နေ့ပြန်လာပါလို့ ပြောလို့ကောင်းမလား နုလေးရဲ့"

"ဒါလည်းဟုတ်တာပဲနော် မာမီ"

မာမီ စိတ်ညစ်သလို နုလည်း စိတ်ညစ်ရပါသည်။

အစမ်းမရှိတော့ ရှိသမျှအလုပ်တွေ အကုန်လုံး ကြီးကြီးပုတစ်ယောက်တည်း ဒိုင်ခံဖြေရှင်းပေတော့မည်။ ကြီးကြီးပု မနိုင်





သည့်အလုပ်တွေကို မာမီကိုယ်တိုင် ကူနေရတာကလည်း ညည့်သည်ကြောင့်မှန်း နု သိသည်။

"လောလောဆယ်တော့ ဦးတွတ်ကို ဝိုင်းကူလုပ်ပေးဖို့ ပြောထားရမှာလဲ၊ နုလည်း ညည့်သည်ရှိတဲ့အချိန်လေး သမီးကြီးကြီးပုကို ဝင်ကူဦးနော် သမီး"

"စိတ်ချပါ မာမီရဲ့၊ အိမ်ရှေ့မှာ မာမီသွားထိုင်နေပါ၊ ဒီမှာ ကြီးပုနဲ့ နု ဝင်ကူပေးရင်ရပါပြီ"

"ခင်ခင်ရေ"

"ဟော…ဟိုမှာ ဒက်ဒီခေါ်နေပြီ မာမီ"

"လာပြီ ဒက်ဒီကြီးရေ လာပြီ"

နုတို့နားက မာမီထွက်သွားသည်နှင့် ချွေးတလုံးလုံးဖြင့် အလုပ်များနေသော ကြီးပုနားကို နုရောက်သွားသည်။

"နု ဘာလုပ်ပေးရမလဲ ကြီးပု"

"ဒီမှာလေ…အရွက်စုံသုပ်တစ်ပွဲအတွက် နုလေးကိုယ်တိုင် လှလှပပလေး ပွဲထုတ်စမ်းပါဦးကွယ်၊ ဟင်းပွဲတွေလည်း သူ့ဟင်းအမယ်နဲ့ သူ့ပန်းကန် ဟုတ်ရဲ့လားစစ်ပါဦး"

"ဟုတ်"

မီးဖိုချောင်ကိစ္စကို နုကိုယ်တိုင် ကျွမ်းကျင်ဝါသနာပါသူမို့ ကြီးပု ပြောတာတွေကို ချက်ချင်းလို ဖြင်ဆင်နေရာချထားလိုက်ပြီး တခြားလိုအပ်တာတွေကိုလည်း နုကပဲ သွက်လက်ဖျတ်လတ်စွာ ဦးဆောင်လုပ်လိုက်သည်။

မာမီကို မမယုနှင့် ညည့်သည်ရှေ့မှာ နု ဖြစ်ခဲ့သမျှ ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့ အချိန်ရလိုက်တော့။

"ဟယ်…နု လက်စွပ်လေးလည်း ပြန်မယူရသေးပါလား၊ ဘယ်သူ့ဆီမှာပါလိမ့်၊ အခုချိန် မယူဆီ လက်စွပ်သွားတောင်းနေလို့လည်း မဖြစ်သေးပါဘူး၊ နုကိုပဲ ဆူနေဦးမှာ နောက်မှပဲ သွားတောင်းလိုက်တော့မယ်"

ထိုစကားကို နုစိတ်ထဲကပဲ ဆိုလိုက်သည်။ မီးဖိုချောင်ကိစ္စဆိုတာကလည်း ပါးစပ်ကအပြောလွယ်သလောက် လက်တွေ့မှာ အရသာရှိသော ဟင်းကောင်းတစ်ခွက် ဖြစ်လာဖို့ဆိုတာ လွယ်တာမဟုတ်။

စီစဉ်သည့်သူက ဟင်းအမယ်အမျိုးမျိုးကို စုံလင်အောင် ပါးစပ်က စီစဉ်ရုံဖြစ်ပေမယ့် တကယ်လက်တွေ့ ချက်ပြုတ်လုပ်ကိုင်ရသူမှာ စီစဉ်တကျဖြစ်ဖို့ လုလုပပလေးဖြစ်ဖို့ ကြိုးစားအားထုတ်ကြရချိန်မှာ သူ ဟင်းပွဲမှ တစ်ပါးတခြား အကြောင်းအရာတွေကို စိတ်ဝင်စားနိုင်ခြင်းမရှိအောင် ဖြစ်သည်။

"အသင့်ဖြစ်ပြီလား နုရေ၊ သမီးကြီးကြီးပုကို မေးလိုက်ပါဦး"

"ရပြီ ခင်ခင်ရေ၊ အားလုံးအသင့်ပဲ"

"ဟင်းရွက်ကြော်ပွဲကို နောက်ဆုံးမှထုတ်မယ်နော်၊ နုသြော်…နုလည်း ခင်ခင်တို့နဲ့အတူ တစ်ဝိုင်းထဲဝင်စားရမှာပဲ၊ ကြီးကြီးပုပဲ လုပ်လိုက်ပါ့မယ်"

"ရပါတယ် ကြီးပုရဲ့၊ ကြီးပုတစ်ယောက်တည်း ဖြစ်နေတာ နုက ဝင်ကူရမှာပေါ့၊ ဒက်ဒီတို့လူကြီးတွေ အရင်စားပါစေ၊





နုက နောက်မှပဲ ကြီးကြီးပုနဲ့စားမယ်"

"မဟုတ်တာကွယ်…ညည်းသည်ရှေ့မှာ မိသားစုအတူစုံစားမှဖြစ်မှာပေါ့၊ တော်ကြာ နု နောက်ချန်နေရစ်လို့ ပြဿနာဖြစ်နေပါ့မယ်"

"နုရေ"

"လာပါပြီ"

"ဟော…ခေါ်နေပြီ၊ သွား…သွား"

"အရွက်ကြော်ပွဲ နုတစ်ခါတည်း ယူသွားမယ်လေ ကြီးပု"

"အေး…အေး"

လှပပူနွေးမွေးကြိုင်စွာ ပြင်ဆင်ထားသည့် ထမင်းပွဲကြီးရှေ့မှာ မိသားစုအကုန်ရောက်နေပြီ ဖြစ်သလို ဧည့်သည်ဆိုသည့် လူကြီးကိုပါ နု တွေ့လိုက်ရပါသည်။

"ဖြည်းဖြည်းချ သမီးလေး၊ ဖြည်းဖြည်း"

"ဟုတ်"

အရွက်ကြော်ယန်းကန်ကို စားပွဲပေါ်တင်လိုက်သော နုထံသို့ အကြည့်တွေအားလုံး စုပြုံရောက်လာသည်။

"နုလေး…ကိုယ်တိုင် မီးဖိုချောင်ဝင်နေရပြီပေါ့ ဟုတ်လား သမီး"

ဦးသင်းမောင်က သမီးငယ် နုကို ချစ်စနိုးပြုံးရယ်စကားဆိုရင်း ကျော်ကောင်းမြတ်ရှိရာဘက်သို့ လှည့်လိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အန်ကယ် သမီးငယ် နုလေ၊ သူ့မမယုနဲ့ ငါးနှစ်ကွာတယ်ဆိုတော့ အိမ်မှာကလေးပေါ့၊ တစ်နေ့တစ်နေ့ အိမ်မှာက နုကိုပဲ ပြောဆိုနေရတာနဲ့ အချိန်ကုန်ရတာပဲ"

"သမီးနု...ဒါ ဒက်ဒီ့မိတ်ဆွေ မောင်ကျော်ကောင်းမြတ်တဲ့"

"ဟုတ်"

နုက ဒါပဲပြောသည်။ တခြားစကားအပိုမဆို။ ညို့သည်လူကြီးနှင့် ဒက်ဒီတို့ မာမီတို့ရှေ့မှာ အမှားမရှိအောင် ကြိုးစားနေခြင်းဆိုလည်းမမှား။

"စားနော်...မောင်ကောင်းမြတ်၊ ဒီထဲမှာ သမီးနုလက်ရာတွေလည်းပါတယ်၊ သမီးက သူ့မမယုလို စာမတော်ပေမယ့် အိမ်မှုကိစ္စ ချက်ရေးပြုတ်ရေးမှာတော့ ဝါသနာပါတယ်"

"အဲဒါလေးတွေတော့ သမီးငယ်ကိုပဲ အားကိုးနေရတာ"

"အန်ကယ်တို့အတွက် ကံကောင်းတာပေါ့ဗျာ၊ သမီးကြီးရော သမီးငယ်ပါ အားကိုးရတဲ့သူချည်းပဲဆိုတော့ မိဘတွေအတွက် အားဖြစ်တာပေါ့"

"ဒါပေါ့...မောင်ကောင်းမြတ်ရယ်၊ သမီးကြီးယုအတွက်ကတော့ စိတ်မပူပါဘူး၊ သမီးငယ်နုအတွက်သာ အန်ကယ်တို့မှာ ရင်ပူနေရတာ"

"နုလည်း ငယ်သေးလို့ပါ၊ တစ်နေ့တော့ သူ့မမယုလို ဖြစ်လာမှာပါ"





စကား၏ဦးတည်ရာလမ်းကြောင်းက ယုအကြောင်းမဟုတ်ဘဲ နုကိုချည်း ဦးစားပေးပြောဆိုနေခြင်းမို့ ယုမျက်နှာ ကွက်ခနဲပျက်သွားတာကို မြင်ဖြစ်အောင် မြင်လိုက်ရသူက ယုမာမီ ဒေါ်ခင်ခင် ဖြစ်သည်။

ဒီပွဲက နုပွဲမဟုတ်။ သမီးကြီးယုအတွက် ရည်ရွယ်ထားသည့်ပွဲဖြစ်ပြီး ယုအကြောင်းမပြောဘဲ နုအကြောင်းတွေချည်း ပြောနေသည်ဆိုတော့ ယု စိတ်ဆိုးမည်ဆိုလည်း ဆိုးချင်စရာပါ။

နုကို ကြည့်လိုက်ပြန်တော့လည်း သူ့မမယုလို ဂုဏ်ယူနေတတ်တာမဟုတ်။ ညို့သည်လူစိမ်းရှေ့မှာ သူ့အကြောင်းပြောစေလိုသည့်ပုံနှင့် လှပသည့်မျက်နှာလေးမှာ စိတ်ရှုပ်ထွေးနေသည့်ဟန်။

"သမီးကြီးယုရေ...မောင်ကောင်းမြတ် ထမင်းပန်းကန်ထဲကို ဟင်းတွေထည့်ပေးလိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ မာမီ"

"ဟင်းတွေစားရတာ အဆင်ပြေပါတယ်နော် ဦးကောင်းမြတ်"

"ပြေပါတယ်ဗျာ...ကျွန်တော်က အိမ်ထမင်း အိမ်ဟင်းဆို သိပ်မက်တာ၊ အပြင်မှာလည်း စားခဲ့တယ်"

"ဟုတ်လား...နုက ဟင်းချက်လက်ရာကောင်းကောင်းနဲ့ အောက်ပဲပေါ့ကွာ၊ သမီးနု သမီးအစ်ကို့ကို ဟင်းလက်ရာဆန်းဆန်းလေးတွေ ချက်ကျွေးလိုက်ပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကောင်းမြတ် အကြည့်က နုထံ ဖျတ်ခနဲ ရောက်လာပေမယ့် နုက ဘယ်သူ့ကိုမှ မကြည့်။ ဧည့်သည်လူကြီးရှေ့မှာ နုအကြောင်းတွေ လျှောက်ပြောနေတာကို စိတ်ညစ်ပြီး နေရာက ထွက်ပြေးချင်နေသည်။ ထို့ကြောင့် စားလက်စထမင်းကို စောစောပင် သိမ်းလိုက်သည်။

"သမီးနု ထမင်းစားတာ နည်းလှချည်လား၊ နေမှကောင်းရဲ့လားဟင်"

"နု နေကောင်းပါတယ် ဒက်ဒီ၊ နေ့ခင်းတုန်းက မုန့်စားတာ နည်းနည်းများသွားလို့ပါ"

စကားကို လှအောင်ပြောလိုက်ရပေမယ့် တကယ့်အဖြေအမှန်က ထိုသို့မဟုတ်။ ဒက်ဒီတို့လူကြီးတွေ ထမင်းဝိုင်းက ပြေးထွက်လို၍ဖြစ်သည်။ ကျော်ကောင်းမြတ်က ဘာရယ်မဟုတ် တစ်ချိန်လုံး နုကို စိတ်ဝင်စားနေမိကာ နု လှုပ်ရှားသမျှကို မသိမသာလိုက်ပြီး အကဲခတ်နေမိသည်။

အံ့ဩစရာတော့ ကောင်းသည်။

သူ့ဘဝမှာ ဘယ်လိုမိန်းကလေးမျိုးကိုမှ ထူးထူးခြားခြား စိတ်ဝင်စားတာမျိုး မရှိဘူးပါဘဲနှင့် နုလို ကလေးမလေးနှင့်ကြ သူ စိတ်တွေလှုပ်ရှားနေမိတာကလည်း မယုံကြည်ချင်စရာ။

နုက အခုချိန်ထိ ကျော်ကောင်းမြတ်ဆိုသည့်သူကို မျက်လုံးချင်းပင် အဆုံခံကာမဟုတ်။ မျက်လုံးကို အောက်ချပြီး ခေါင်းငုံ့ထားတာမို့ သူမကိုယ်တိုင်လည်း ကျော်ကောင်းမြတ်မျက်နှာကို သေချာကြည့်မြင်ပုံမရ။





နုပုံစံလေးက ကျော်ကောင်းမြတ်လို လူတစ်ယောက်နှင့် ဆက်သက်တွေ့ဆုံနေရတာကိုပဲ စိတ်ညစ်နေသလိုလို။ စိတ်ရှုပ်နေသလိုလို အမူအရာလေးကို မြင်တွေ့နေရတာကိုပဲ သူ့စိတ်ထဲမှာ ထူးခြားဆန်းကျယ်နေသည်။

ထမင်းပွဲမှ နု အရင်ဆုံးထသွားသဖြင့် ယုက ညီမဖြစ်သူကို မျက်လုံးနှင့် လှမ်းကြည့်သည်။ နုလုပ်ပုံတွေအားလုံး ယုမျက်လုံးထဲမှာ ကန့်လန့်ဖြစ်နေသည်။ ဘာတစ်ခုမှ ယု စိတ်တိုင်းကျမဖြစ်။ သူတို့သားအဖသုံးယောက်က တက်ညီလက်ညီရှိသလောက် နုက သူတို့မိသားစုထဲမှာ သင်းကွဲသူလိုဖြစ်နေတာကို ယု မကြိုက်ပေမယ့် မတတ်နိုင်။

နောက်ပိုင်းမှာ ယုက ဦးကျော်ကောင်းမြတ်ကို စကားအရာမှာ ဦးဆောင်သွားပေမယ့် ကျော်ကောင်းမြတ် စိတ်ဝင်စားနေမိသူက နုဖြစ်နေသည်။ အချိုပွဲတွေ ပြင်ဆင်ချပေးတုန်းခဏသာ နုကိုတွေ့ပြီး နောက်ပိုင်းမှာ နုအရိပ်လေး ပျောက်သွားသည်။

အိပ်ရာပေါ်ရောက်တော့ သူ့အင်္ကျီအိတ်ထဲမှာရှိနေသည့် နု လက်စွပ်လေးကို ထုတ်ကြည့်လိုက်မိသည်။ နုလက်စွပ်လေးကို သူ့လက်မှာဝတ်ကြည့်တော့ လက်သန်းနှင့်ပဲ တော်သည်။

နု လက်စွပ်ဝတ်ထားသည့် လက်ကို ကွေးချည်ဆန့်ချည် လုပ်ရင်း ထူးခြားသောအမူအရာနှင့် နုမျက်နှာလှလှလေးကို ပြန်မြင်ယောင်ကြည့်မိသည်။ နုဆိုသည့် ကလေးမနှင့် ကျော်ကောင်းမြတ် အခုမှ မြင်ဘူးတွေ့ဘူးတာဖြစ်ပေမယ့် စိတ်ထဲမှာ နုမျက်နှာလေးကို မြင်နေနေရာမှာ အကျွမ်းတဝင် ရင်းနှီးနေသလိုမျိုး သူ့စိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထင်မိသည်။

ဒါက သူ့ဘက်က ခံစားချက်ဖြစ်ပေမယ့် နုအတွက်ကြတော့ သူနှင့်ဆန့်ကျင်ဘက် ဖြစ်နေပုံရသည်။ သူ့ကိုမြင်တာနှင့် နုပုံစံလေးက ကြည်သလိုလို၊ မကြည်သလိုလို ပြောင်းလဲသွားသည်ဟု ထင်မိခြင်းမှာ သူ့ပဲအမြင်မှားလို့လားမသိ။

ဘာပဲဖြစ်ဖြစ်။

နုဆိုသည့် ကလေးမလေးက သူ့အတွက် ထူးဆန်းနေသည်။ ပြီးတော့ သူ့ဆီမှာ ရောက်နေသည့် နုလက်စွပ်လေးအား နုကို ပြန်ပေးရဦးမည်။

တစ်ဆက်တည်း သူတွေးမိလိုက်သည်က နုတစ်ယောက် ဘာကြောင့် လိုက်ကာနောက်ထဲမှာ ဝင်ပုန်းနေရသလဲဆိုတာကိုပါ။

သူ့ မမယုကို စိတ်ဆိုးနေလို့လား။

ဒါမှမဟုတ် နုတို့အိမ်ကို ဧည့်သည်အဖြစ် ရောက်လာသည့် သူ့ကိုပဲ မကြည်လို့များလား။

အော်...နု...နု။

ဘာကြောင့် နုအမည်ကို သူ့နှုတ်ဖျားကဆိုညည်းလိုက်မိသည်ကို သူကိုယ်တိုင်မသိပေမယ့် နုအကြောင်း တွေးနေသည့် နှုတ်ခမ်းအစုံကတော့ ပြုံးနေပါသည်။



## အခန်း (၆)

"ဟော...ဟိုလူကြီးပါလား"

နုမှာ ကျော်ကောင်းမြတ်ဆိုသည့် လူကြီးကို တွေ့လိုက်ရသည်နှင့် ထိုလူကြီး မမြင်မတွေ့နိုင်ခင်မှာပင် သူမကိုယ်လေးကို နီးရာသစ်ပင်ကွယ်မှာ ဖျတ်ခနဲ ပုကပ်ပြီး ပုန်းနေလိုက်မိသည်။

ကျော်ကောင်းမြတ်ဆိုသည့် လူကြီးနှင့် နု မဆုံချင်။ ဟိုတစ်နေ့ကကိစ္စကို မမယုက နုကိုကျိတ်ပြီး ဆူပူထားတာမို့ နု စိတ်ညစ်နေသည်။ နုအတွက် ဘာမှအရေးမကြီးဟုထင်သော အရာအားလုံး မမယုအတွက် အရေးတယူ အလေးမူရမည့် ကိစ္စတွေချည်း ဖြစ်နေခြင်းကိုက နုရဲ့လွတ်လပ်ခွင့်တွေ ဆုံးရှုံးရခြင်းဟု ထိုနေ့ထဲက နု တွေးလိုက်မိပြီးပါပြီ။

နုနှင့် ကျော်ကောင်းမြတ်ဆိုသည့် လူကြီး တစ်အိမ်ထဲမှာ ရှိနေတာမှန်ပေမယ့် ဆုံဖြစ်ကြတာ မဟုတ်။ သူကိုယ်တိုင် အလုပ်ကိစ္စ၊ လူမှုရေးကိစ္စတွေနှင့် တစ်နေ့မှမအားသလို သည်း သူအားလပ်သည့် အချိန်မျိုးတောင် သူနှင့်ဆုံမှာစိုး၍



www.burmeseclassic.com

www.burmeseclassic.com



တခြားအားလွတ်ရာနေရာကို တိတ်တိတ်ပုန်းခိုနေမိသူဖြစ်၏။

အခုတော့ ရှောင်ပုန်းလိုသူ နုနှင့် အလုပ်များအလုပ်မအား သူတို့ မချော်လင့်ဘဲ ခြံထဲမှာ အတူဆုံမိကြခြင်းဖြစ်သည်။

နုက သူမကို ကျော်ကောင်းမြတ် မမြင်လောက်ဘူးအထင် နှင့် နီးရာသစ်ပင်ကွယ်မှာ ဝင်ပုန်းနေတာဖြစ်ပေမယ့် နု ပုန်းနေပုံ လေးက ဘာတစ်ခုမှ သေသပ်လုံခြုံမှုမရှိ။ အဝါရောင် လုံချည် အနားစလေးက လေထဲမှာ တလှုပ်လှုပ်လွင့်နေသလို နုခေါင်းမှာ ဝေနေအောင်ပန်ထားသည့် အဖြူရောင်စံပယ်ပန်းကုံးကြီးကလည်း တစ်စွန်းတစ်စ ထွက်နေသည့်အဖြစ်မို့ နုအဖြစ်ကို ကျော်ကောင်းမြတ် နှစ်ခြိုက်သဘောကျစွာ ကျိတ်ပြုံးလိုက်မိသည်။

နုဆိုသည့် ကလေးမလေးနှင့် ခက်နေပါပြီ။ ကျော်ကောင် မြတ်လို လူတစ်ယောက်ကို သူမစိတ်ထဲမှာ ဘယ်လိုထင်မြင်ယူ နေသည်မသိ။ လူမြင်လျှင် လှစ်ခနဲပျောက်သွားတတ်သည်။ ဘယ်လို အလစ်အငိုက်ဖမ်းပြီး စောင့်ကြည့်နေလို့လဲ နောက် မမြင်ရတော့။

ဒါက ကျော်ကောင်းမြတ် အိမ်မှာရှိနေသည့် အချိန် တိုင်း ဖြစ်သလို၊ နုက သူနှင့်မဖြစ်မနေ ဆုံရမည်ဆိုလျှင်ပဲ မျက် ချထားတာမျိုး၊ တခြားကို အကြည်လွှဲမစ်နေရတာမို့ နု မျက် တွေကိုပင် ကျော်ကောင်းမြတ်ကိုယ်တိုင် အခုထိသေချာ မမြင် ရသေးသူ ဖြစ်သည်။

ကျော်ကောင်းမြတ်မှ တစ်ပါး တခြားသူ အားလုံးအ





မှာ နု ဆက်ဆံရေးက တစ်ပြေးညီဖြစ်သော်လည်း သူ့အပေါ်မှာ နု အပြုမူလေးတွေက တခြားဘယ်သူနဲ့မှ မတူအောင် ကွဲပြားခြား နားနေတာကို ဘယ်လိုမှ ဂရုမပြုမိဘဲ နေလို့မရသည့်အထိ ဖြစ် သည်။

နုအမြင်မှာ ကျော်ကောင်းမြတ်ဆိုတာ ဘယ်လိုဖြစ်နေသည် မသိ။ သူကရော ဘာဖြစ်လို့ နုလိုချာတိတ်မ ပေါက်စလေး၏ အရေးတယူ မပြုမူအပေါ်မှာ ဘာကြောင့် အခံရခက်သလိုလို၊ အနေရခက်သလိုလို ဖြစ်နေရသနည်း။ သူကိုယ်တိုင်လည်း ထိုအဖြေ ကို အခုချိန်ထိမသိ။

သူ့ဆီမှာ အခုချိန်ထိ နုကို ပြန်မပေးရသေးသော နု ဆက်စွပ်လေး ရှိနေသည်။ အလုပ်ကိစ္စနှင့် အပြင်က အပြန်မှာ အိမ်ထဲကို တန်းမဝင်သေးဘဲ ခြံထဲကို ဆက်လျှောက်အလာမှာ မျှော်လင့်ဘဲ နုနှင့် ဆုံခြင်းဖြစ်သည်။

ကျော်ကောင်းမြတ်ကို လိုက်ပို့သူတွေ ပြန်သွားကြသလို၊ ခင်နှံ့သာ အိမ်ကြီး၏ အရှင်သခင် ဦးသင်းမောင် ဒေါ်ခင်ခင်နှင့် အမီကြီးယုတို့ ကားနှစ်စီးလုံးကို မတွေ့ရသဖြင့် သူတို့လည်း ရောက်သေးကြောင်း သိလိုက်သည့်အတွက် နုရှိရာသို့ ရဲဝံ့စွာ လျှောက်ခဲ့သည်။

ဖြစ်ချင်တော့ နုကလည်း ကျော်ကောင်းမြတ်ဆိုသည့် ကြီး ဘယ်ရောက်သွားပြီလဲဆိုသည့် အတွေးဖြင့် ပုန်းကွယ် ရာက ဦးခေါင်းလှလှလေးကို ခပ်ဖြည်းဖြည်းခြင်း ရွှေ့အကြည့်



www.burmeseclassic.com

www.burmeseclassic.com



သူမပုန်းနေသည့် နေရာဘက်သို့ တည့်တည့်ကြီး လျှောက်လာနေသူကြောင့် နုမှာ ထိတ်ခနဲ ရင်ခုန်သွားပြီး သူမခေါင်းလေးကိုလည်း သစ်ပင်နောက် ဆတ်ခနဲ ပုဝင်လိုက်မိသည်။

ဒုက္ခပါပဲ…

ဟိုလူကြီးက နုပုန်းနေတဲ့ဘက်ကို လာပြီ။

နု ဘာလုပ်ရမှာပါလိမ့်နော်။

ဟန်မပျက် ဒီအတိုင်းပဲ ဆက်ပုန်းနေရမည်လား။ ဒါမှမဟုတ် ပုန်းနေသည့်နေရာက ဝုန်းခနဲ ဒိုင်းခနဲ ထွက်ပြီး နေရာကနေ လစ်ပြေးရမည်လားဆိုတာ နုဘာသာလည်း ဝေခွဲမရဖြစ်နေ၏။

ငိုမလိုမျက်နှာလှလှလေးနှင့် နု ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်းမှာ ကျော်ကောင်းမြတ်က နုမျက်စိရှေ့သို့ ဘွားခနဲရောက်လာရာ နုမှာ သူ့မျက်နှာကြီးကို အနီးကပ်မြင်တွေ့လိုက်ရခြင်းအပေါ် လန့်မအော်မိအောင် သူမနှုတ်ခမ်းလေးကို လက်ဖဝါးလေးနှစ်ဘက်ဖြင့် ထိတ်လန့်တုန်လှုပ်စွာ အလျင်အမြန် အုပ်ကွယ်လိုက်ရပါသည်။

"နုပါလား"

"ဒီမှာတစ်ယောက်တည်း ဘာလုပ်နေတာလဲ"

"ရှင်"

ကျော်ကောင်းမြတ်က သူ့ကြောင့် နုရှက်သွားမှာစိုးသည့်အတွက် အခုမှ နုကိုတွေ့မြင်လေဟန်ဖြင့် ပြုံးရယ်နှုတ်ဆက်လိုက်ရာ နုမှာ သူနှင့်မဆုံလို၍ တမင်လာပုန်းနေရသည့်အဖြစ်မှ လွတ်မြောက်သွားရကာ ကျော်ကောင်းမြတ်၏ မျက်နှာချောချောကို မည်





နက်ဝိုင်းစက်သော မျက်လုံးရွဲကြီးများဖြင့် ဖျတ်ခနဲ ပင့်မော့ကြည့်လိုက်မိသည်။

လှလိုက်တာ။

ကျော်ကောင်းမြတ်ရင်ထဲက တိုးတိတ်စွာ ဆိုမြည်လိုက်သောစကား ဖြစ်ပါသည်။ သူ့ဘဝတစ်သက်တာတွင် နုကဲ့သို့ ကလေးငယ်တစ်ယောက်ပမာ ရိုးသားသန့်စင်သည့် အလှမျိုးကို ဤတစ်ကြိမ်သာ မြင်ဘူးသည်။

နု၏အလှက ဘာတစ်ခုမှ ပြင်ဆင်ခြယ်မှုန်းထားခြင်းမရှိသော သဘာဝအလှအပများဖြစ်ကာ မြင်ရသူစိတ်နှလုံးကို ငြိမ်းချမ်းအေးမြမှုအတူ ထူးခြားဆန်းကြယ်သော ဝေဒနာရသတစ်မျိုးကို ဖြစ်ပေါ်စေသည်။

ကျော်ကောင်းမြတ်သည် သူ့ကိုယ်သူ သတိထားမိခြင်းမရှိတော့ဘဲ လှပလွန်းသော နုမျက်နှာလေးပေါ်က အစိတ်အပိုင်းများကို တစ်ခုချင်း စူးစိုက်ကြည့်နေပုံမှာ ကမ္ဘာလောကကြီးတစ်ခုလုံးတွင် သူနှင့် နု နှစ်ယောက်တည်းသာရှိတော့သည့် အသွင်သဏ္ဌာန်မျိုးဖြစ်ကာ စိမ်းစိမ်းစူးစူး ရှိလှပေသည်။

နုမှာ ထူးခြားလှသော ကျော်ကောင်းမြတ်၏ အကြည့်စူးများအောက်မှာ ညို့ချက်မိသူတစ်ယောက်ပမာ ခဏကြောင်ငေးအံ့ဩနေမိရာမှ ရှက်မွန်ပြာဝေလာကာ သူမအကြည့်များကို ဖျတ်ခနဲ သိမ်းရပ်ကာ နေရာမှ လှစ်ခနဲ ပြေးထွက်ဖို့ရာ ကြိုးစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နုသွားတော့မယ်"

"နု"

"အို…နုလက်ကိုလွှတ်ပါ"

နု မျက်နှာလေး ပန်းနုသွေးရောင်လွှမ်းသွားကာ ရှက်ကိုး ရှက်ကန်းဟန်ကလေးဖြင့် သူ့နားတနေ ပြေးထွက်သွားတော့မည့် နုအကြံကို ကြိုတင်ရိပ်မိလိုက်သော ကျော်ကောင်းမြတ်က နူးညံ့ အိထွေးသော နုလက်ကလေးတစ်ဖက်ကို သူ့ဘာသာ သတိမထား မိနိုင်မှာပင် ဆွဲကိုင်ထားမြစ်မိလျက်သား ဖြစ်နေသည်။

"ဆောရီး…နု ကိုယ် နုနဲ့စကားပြောစရာရှိလို့ပါ"

နုက ရဲ၀့့်ပိုင်စိုးသော အမူအရာနှင့် နုလက်လေးတစ်ဖက်ကို တင်းကျပ်စွာ ဆွဲယူဆုပ်ကိုင်ထားသည့် ကျော်ကောင်းမြတ် လက်ထဲက သူ့မလက်ကလေးကို ရုန်းယူဖို့ ကြိုးစားလျက်ရှိရာ ကျော်ကောင်းမြတ်က နုကို တောင်းပန်စကားဆိုရင်း နုမျက်နှာလှလှ လေးကိုပါ ရွှန်းလက်တောက်ပသော မျက်ဝန်းအစုံဖြင့် ငုံ့ကြည့်လိုက် မိသည်။

နုက သူ့ကိုမကြည့်။

ကျော်ကောင်းမြတ်လက်ထဲက သူ့မလက်လေးကို ရုန်း ဖယ်နေပုံက ချစ်စရာ။

"အို…ပါးစပ်က ရိုးရိုးပြောပါလား"

"ဖယ်ပါ"

"နုလက်ကိုလွှတ်ပါ"





"ကိုယ်လွှတ်လိုက်ရင် နု ထွက်ပြေးဦးမှာမဟုတ်လား၊ ထွက်မပြေးပါဘူးလို့ ကတိပေးလေ"

"ဟင်"

"ကိုယ့်ကိုတွေ့တိုင်း နု မုန်းမုန်းနေကတ်တာ ဘာဖြစ်လို့ လဲ၊ နုတို့အိမ်မှာ ကိုယ်ရောက်လာတာကို မကြိုက်လို့လားဟင်"

"အို"

"ကိုယ်မေးတာ ဖြေပါဦးဗျာ"

နူးညံ့သိမ်မွေ့သောအသံ။

ရွှန်းစိုတောက်ပသောအကြည့်။ အေးစက်နေသည့် နု လက်ဖဝါးလေးကို တင်းကျပ်စွာ ပိုင်စိုးပိုင်နှင်း ဆုပ်ကိုင်ထားသည့် နွေးထွေးကြံ့ခိုင်သော လက်ဖဝါးများအောက်မှာ လှပသော နုမျက်နှာ လေး ငိုမဲ့ယောင်ဖြစ်လာရပါပြီ။

"နုက ဘာဖြေရမှာလဲ"

"နုတို့အိမ်ကို ကိုယ်လာတာ နုသဘောမကျဘူးလားလို့ ပါ"

"အဲဒါက နုနဲ့ဘာဆိုင်လို့လဲ၊ ဦးလေးဘာသာ ဒက်ဒီ့ဆီ လာတာ နုဆီလာတာမှ မဟုတ်ဘဲ"

နုက သူ့ကို ဦးလေးဟု ခေါ်လိုက်တာမို့ ကျော်ကောင်းမြတ် ကိုယ်ကြီး တွန့်ခနဲဖြစ်သွားသည်။

"ဦးလေးမေးတာ ဖြေပြီးပြီ၊ နုလက်ကို လွှတ်တော့"

"အင်"



www.burmeseclassic.com

www.burmeseclassic.com



နုက သူမလက်ကလေးကို ဆောင့်ရုန်းလိုက်တာမို့ ဒီတစ်ခါတော့ ကျော်ကောင်းမြတ်လည်း အသာဖြေလွှတ်ပေးလိုက်ရပါသည်။

"နု"

သူ့လက်ကလွှတ်သည်နှင့် နုက နောက်ကိုတစ်ချက် လှည့်မကြည့်တော့ နေရာမှ လှစ်လှစ်ပါအောင် ပြေးထွက်သွားရာ ကျော်ကောင်းမြတ်မှာ နုနောက်ကိုပဲ ပြေးလိုက်ရမလို၊ နေရာမှာပဲ ရပ်ကျန်ရစ်ခဲ့ရတော့မလိုပုံစံနှင့် အူကြောင်ကြောင် ဖြစ်ကျန်ရစ်ခဲ့ရာမှ နုအမည်လေးကို လှမ်းခေါ်လိုက်သည်။

နုက သူ့ခေါ်သံကို ကြားသော်လည်း လှည့်မကြည့်။

"နု…နု လက်စွပ်လေးကို ပြန်မယူတော့ဘူးလား"

သူ့ အိတ်ကပ်ထဲမှာ သူ့သွားလေရာ အတူပါလာသည့် နု လက်စွပ်လေးကို သတိရပြီး လှမ်းအော်လိုက်တော့ ပြေးနေသည့် နု ခြေလှမ်းတွေ တုံ့ခနဲ အရှိန်လျော့သွားကာ နောက်ကြောင်းကို ပြန်လှည့်ပြီး သူ့မလက်စွပ်လေးကို ယူမည့်အပြု…

"ကျွီး"

"ဟင်"

မာမီနှင့် မမယုတို့စီးသွားသည့် ကား… အိမ်ရှေ့တည့်တည့်မှာ ထိုးရပ်လာတာကို နု လှမ်းမြင်လိုက်ရတာမို့ မျက်လုံးလေးပြူးသွားသည်။

"နု"





ဟော…နောက်ကလူကြီးကလည်း ခေါ်နေပြီ။ ဒီနေရာမှာ ဆက်ရပ်ကြည့်နေလို့ မဖြစ်တော့သည့်အတူ နေရာက လှစ်ခနဲ ပြေးထွက်ခဲ့လိုက်သည်။

"နု…နေဦးလေ"

နုက ကျော်ကောင်းမြတ်ကို လှည့်၍ပင်မကြည့်။ ကျော်ကောင်းမြတ်မှာ နု ပြေးထွက်သွားရာကို လိုက်ကြည့်ရင်း တစ်ဆက်တည်းမှာပင် ယုနှင့် ယုမာမီကိုပါ တွေ့လိုက်ရသဖြင့် ပြုံးရယ်၍ နှုတ်ဆက်လိုက်ရသည်။

"အန်တီနဲ့ယု ပြန်လာကြပြီလားခင်ဗျာ"

"မောင်ကောင်းမြတ်ပါလား၊ ဘယ့်နှယ့် ဒီနေ့အစောကြီး ပြန်ရောက်နေတာလားကွဲ့"

"ဟုတ်ကဲ့ခင်ဗျာ"

"အလုပ်ကိစ္စလည်း စောစောပြီးတာနဲ့ ပြန်ခဲ့တာ"

"အိမ်မှာ တစ်ယောက်တည်းဆိုတော့ ဦးကောင်းမြတ် ပျင်းနေပြီထင်တယ်"

"မပျင်းပါဘူးဗျာ…နုနဲ့တွေ့လို့ စကားပြောနေတာပါ"

"နုနဲ့"

"အင်း"

ယုထံမှ အံ့သြသွားပုံရသော်လည်း ချက်ချင်းလိုပင် ဘာမှမဖြစ်သလို အမူအရာကို ထိန်းလိုက်တာကို မြင်ရ၏။ နုနှင့် ကျော်ကောင်းမြတ် စကားပြောခြင်းမှာ ဘယ်လောက်များ ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



ဆန်းကြယ်နေလို့ပါနည်း။

"သမီးလေးနုက ငယ်သေးတော့ သူစိတ်ထဲရှိတဲ့အတိုင်း ဟန်မဆောင်ဘဲ ပြောချင်တာ ပြောတတ်တာလေးတွေကို ဗွေမယူပါနဲ့နော် မောင်ကောင်းမြတ်"

"အိမ်မှာတော့ နုက လူဆိုးလေ၊ အဟင်း...ဟင်း...ဟင်း"

"နုက မဆိုးသေးပါဘူးဗျာ၊ ကျွန်တော် နုကို သဘောကျပါတယ်"

"အဟွန်း...ဟွန်း...ဟွန်း"

"အမလေး...မောင်ကောင်းမြတ်တစ်ယောက်ပဲ နုကို သဘောကျမဲ့လူ ရှိတာပေါ့ကွယ်၊ နုဆိုတာနဲ့ တခြားသူတွေက နှာခေါင်းရှုံ့ကြတာပဲ"

"အဟင်း...ဟင်း"

"နုက ချစ်စရာကောင်းပါတယ် အန်တီ"

"ကျေးဇူးတင်ပါတယ်ကွယ်၊ ကျေးဇူးတင်ပါတယ်"

"ကဲ...ယုနဲ့စကားပြောနေရစ်ကြဦး၊ အန်တီ အထဲဝင်လိုက်ဦးမယ်"

"ဟုတ်ကဲ့ခင်ဗျာ"

ဒေါ်ခင်ခင်နှင့် ကျော်ကောင်းမြတ်တို့ နုအကြောင်း အတိုင်အဖောက်ညီညီ ပြောနေကြချိန်တစ်လျှောက်လုံး ယုက ကျော်ကောင်းမြတ်ဆိုသည့်လူကို တစ်ချိန်လုံး အကဲခတ်နေသည်။ နုအကြောင်း





ပြောနေသည့် ကျော်ကောင်းမြတ်အမူအရာက ယုနှင့်စကားပြောဆိုနေသည့်အမူအရာမျိုး မဟုတ်ဘဲ တစ်မျိုးဖြစ်နေတာကို သတိထားလိုက်မိသည်။

"အိမ်ထဲမှာပဲ ထိုင်ကြမလား ဦးကောင်းမြတ်၊ ဒေါ်ပုကို အအေးတစ်ခုခု စီစဉ်ခိုင်းလိုက်မယ်"

"နေပါစေ ယု၊ ကျွန်တော် ဗိုက်ပြည့်နေပါပြီ၊ ယုလည်း အပြင်ကပြန်လာတာဆိုတော့ ပင်ပန်းနေမှာပေါ့၊ ကျွန်တော့်ကို အားမနာပါနဲ့ဗျာ၊ နားချင်ရင် သွားနားပါ၊ ကျွန်တော် နေတတ်ပါတယ်"

တစ်ယောက်တည်းဘဝနှင့် နေသားကျနေပြီဖြစ်သော ကျော်ကောင်းမြတ်က အဖြစ်မှန်ကို ပြောတာဖြစ်ပေမယ့် ယုတို့လို အိမ်ရှင်တွေအတွက်ကြပြန်တော့ ကိုယ့်အိမ်မှာ တည်းခိုနေသည့် ဧည့်သည်အပေါ်မှာ ဧည့်ဝတ်မကျေဘဲ တစ်ယောက်တည်းဖြစ်ထားသလို ဖြစ်မှာမျိုး မလိုလားပါ။

ဘယ်လောက်ပဲ ပင်ပန်းနေပါစေ၊

ကိုယ့်ဧည့်သည်အပေါ်မှာ အိမ်ရှင်ဝတ္တရားကျေပြွန်ဖို့က အရေးကြီးပါသည်။

"ရပါတယ် ဦးကောင်းမြတ်၊ ဒီလောက်နဲ့ မပင်ပန်းတတ်ပါဘူး၊ ခေါင်းထဲမှာ နည်းနည်း ညည်းစီစီဖြစ်တာလောက်ပါ၊ ဒါကလည်း ခြံထဲမှာ လမ်းလျှောက်ရင်း လေကောင်းလေသန့် ရှူလိုက်ရင် ပျောက်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ယုလိုပဲ အိမ်ထဲမှာငြိမ်ပြီး နေရတာ ထတ်စာရင် အပြင်မှာ လှုပ်လှုပ်ရှားရှားနဲ့ လေကောင်းလေသန့်ရှူ ကိုယ်လက်လှုပ်ရှားနေတာမျိုး ပိုကြိုက်တယ်"

"ဟုတ်လား ဦးကောင်းမြတ်ကိုကြည့်ရတာ ကျွန်းမာရေး လိုက်စားမယ့်ပုံပဲ"

"ဒါပေါ့ ယုရဲ့၊ ကျန်းမာမှ ချမ်းသာမှာလေ"

"အခုလည်း ချမ်းသာနေတာပဲလေ၊ စားမယ့်သောက်မယ့် လူ မရှိဘဲနဲ့ ဒီလောက်လောဘကြီးရလား"

"ငယ်တုန်းရွယ်တုန်း ရှာဖွေထားရတာပေါ့ဗျာ၊ ယုတို့လို အေးအေးဆေးဆေးနေတတ်တဲ့ ဓာတ် ပါမလာတာလား မပြော တတ်ဘူး၊ အလုပ်မရှိရင် မနေတတ်ဘူး"

"အလုပ်တစ်ခုခုလုပ်နေရမှ နေပျော်တယ်၊ အဝတ်ဝတ် ရင်လည်း ဒီလိုပဲ ပွတာတွေမကြိုက်ဘူး၊ ဝတ်လိုက်ရင် ကိုယ်ပေါ် မှာ သက်တောင့်သက်သာနဲ့ အေးနေတာမျိုးပဲကြိုက်တယ်"

"နုလိုပေါ့"

"ဗျာ"

"နုကလည်း ဦးကျော်ကောင်းမြတ်လိုပဲ အဝတ်အစား ဂျီးများတယ်၊ ရွေးဝတ်တယ်၊ သူ့စိတ်တိုင်းမကျရင် ဘယ်လောက် တန်ဖိုးကြီးတာပဲဖြစ်ဖြစ် ထိကိုမထိဘူး"

"ဟုတ်လား"

နုအကြောင်း ကြားလိုက်တာနှင့် ကျော်ကောင်းမြတ်





မျက်နှာ ပို၍ပြုံးကြည်သွားသလို ထင်မိသည်။ နုကိုများ သူ စိတ်ဝင်စားနေပြီလားဆိုသည့် အတွေးကို ယု ခေါင်းထဲက ချက်ချင်း မောင်းထုတ်ပစ်လိုက်သည်။

ယုလို မိန်းကလေးမျိုး ရှိနေလျက်နှင့် နုလို ခပ်တုံးတုံး ခပ်ထုံထုံကလေးသာသာ ကလေးမကို ကျော်ကောင်းမြတ်လို လူ တစ်ယောက်က ဘယ်လိုလုပ် စိတ်ဝင်စားပါမည်နည်း။ ကျော် ကောင်းမြတ်ဆိုသည့်လူက ဉာဏ်မြူတုံးသူမဟုတ်။

မိန်းကလေးပေါင်း မြောက်မြားစွာထဲမှာ ကျင်လည်နေသူ ကျော်ကောင်းမြတ်မို့ ဘယ်လိုမိန်းကလေးမျိုးမှာ ဘယ်လိုအရည်အသွေး ရှိသည်။ ဘယ်လို ပြောဆိုဆက်ဆံရမည်ကို ပိုင်နိုင်ကျွမ်းကျင်သူ တစ်ယောက်ဆိုတာ ယု မမေ့။

နုလို မိန်းကလေးတစ်ယောက်ကို ဒက်ဒီနှင့်မာမီတို့ မျက်နှာဖြင့် အလိုက်အထိုက် ပြောဆိုဆက်ဆံခြင်းမျှဟု တွေးလိုက် တော့ စောစောက သူ့အပေါ် အထင်အမြင်လွဲချင်နေသည့် ယုစိတ် ကို ပြန်ပြီး ရယ်ချင်သွားသည်။ နိုင်ငံတကာ အတွေ့အကြုံရှိသော ကျော်ကောင်းမြတ်ကို ယု ဘာလို့များ လျှော့တွက်မိရပါလိမ့်။

"နုက တကယ်ကလေးလိုပဲနော်"

"အဲဒါ သူ့ပုံစံပဲလေ၊ ဦးကောင်းမြတ်နဲ့ နု ဘာတွေပြော ကြလဲ"

"နုက ဘာမှမပြောပါဘူးဗျာ၊ လူကိုမြင်တာနဲ့ လှုံ့လှစ် ပါအောင် ပြေးတော့တာပါပဲ၊ ကျွန်တော်လိုက်ခေါ်တာတောင် ရသည်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖော်မရပါဘူး”

“အားနာစရာ ဦးကောင်းမြတ်ရယ်၊ ဦးကောင်းမြတ်လို လူကြီးတစ်ယောက်အပေါ်မှာ နုက ကောင်းကောင်းမဆက်ဆံတတ်ဘူး၊ ယုမှာ နုကို အဲဒါတွေပဲ အားမလိုအားမရ ဖြစ်မိတာပါပဲရှင်”

ယု စိတ်ထဲမှာ နုနှင့်တွေ့လို့ စကားတွေပြောနေကြသည်ဆိုသော ကျော်ကောင်းမြတ်စကားကို နောက်ပြောင်သည်ဟုမထင်ဘဲ အဟုတ်ထင်မိခြင်းကို အခုမှ နောင်တရနေသည်။

နုအကြောင်းလည်း မသိတာမဟုတ်ဘဲနှင့် ကျော်ကောင်းမြတ်ဆိုသည့်လူနှင့် တကယ်စကားလက်ဆုံကျပြီး ရယ်ရယ်မောမောလုပ်နေလိမ့်မည်ဟု ထင်ခဲ့မိသည်။ အခုလို သူကပြန်ပြောမှ နုကိုယ်စား ယုက အားနာစကားဆိုလိုက်မိသည်။

“ယုစိတ်ထဲ ဘာမှမထားပါနဲ့ဗျာ၊ နုကိုလည်း အပြစ်မတင်ပါနဲ့၊ နုကို ကျွန်တော်နားလည်ပါတယ်”

ဘာတွေဘယ်လို နားလည်သည်ဆိုတာကိုက ယု မမေးတော့ပါ။ ညွှန့်သည်နှင့် အိမ်ရှင်အဖြစ် အားတုံ့အားနာ ပြောရမြဲကြောင်း ပြောခြင်းအဖြစ်သာ သတ်မှတ်လိုက်သည်။

ညွှန့်သည်ကို နုတစ်ယောက် ဘယ်လိုမျက်နှာပူစရာလုပ်အောင်လုပ်ခဲ့ပါလိမ့်ဟု တွေးရင်း နုအပေါ်မှာသာ တိုး၍စိတ်ညစ်နေမိသည်။



## အခန်း (၇)

“ညွှန့်သည်က စကားပြောတာကို နုက ထွက်ပြေးတယ်ဆို”

“နုမှမပြောချင်ဘဲ”

နုအဖြေက ရှင်းသည်။

အပြစ်တင်စကားဆိုရမည့် ယုပင် နုအဖြေကြောင့် ဘာဆက်ပြောရမှန်းမသိဘဲ နှုတ်ဆွံ့သွား၏။

“ကိုယ်ကအိမ်ရှင် ညွှန့်သည်ကို ဒီလိုမလုပ်ရဘူးဆိုတာလောက်တော့ နု အသက်အရွယ်နဲ့ သိကိုသိသင့်ပြီ၊ နု တက္ကသိုလ်တက်တော့မှာ အခုချိန်ထိ လူကြီးစိတ်မမွေးနိုင်သေးဘူးလား”

“ဦးကောင်းမြတ်စိတ်ထဲမှာ နုကို မိုက်ရိုင်းတဲ့မိန်းကလေးတစ်ယောက်လို့ ထင်သွားရင် ဘယ်လိုလုပ်မလဲဟင်”

ဘယ်လိုမှမလုပ်တတ်ပါ။

နုက စတင်ပြီး မိုက်ရိုင်းတာလည်းမရှိ။ သူက အရင်လက်ကိုဆွဲတာကမှ အပြစ်ရှိဦးမည်။ တကယ်အပြစ်ရှိတာက မှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ဒါကို မမယုက သေချာဘာမှမသိဘဲနှင့် နုကို လာဆူနေသည်။

ဒါတွေကို ကြောက်လွန်းလို့ နုက ကိုယ့်ဘာသာနေပါလျှက်နှင့် နုကို ကြံဖန်ပြီး လာအဆူခံနေရသည်။ ဒါတွေအားလုံးဟာ ဟိုဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးကြောင့်ဖြစ်သည်။ သူသာ နုကို လာစကားမပြောလျှင် နုကို မမယုက အခုလိုလာပြောနေစရာလည်း မရှိ။

"ဒါပဲနော် နု၊ နောက်တစ်ခါ ဦးကောင်းမြတ်ကို ကောင်းကောင်းမွန်မွန်ဆက်ဆံ၊ နုကြောင့် မိသားစုကိုပါ ပြဿနာတင်ချင်စရာ မဖြစ်စေပါနဲ့"

မမယုက နုကို သူပြောချင်ရာပြောပြီး ထွက်သွားတာကအရေးမကြီး။ နုမှာ ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးကို စိတ်တိုလှပါပြီ။ သူနှင့်နု နှစ်ယောက်တည်း သိသည့်ကိစ္စကို ဘာကြောင့် မမယုကို လူကြီးတန်မဲ့ နုအကြောင်း သွားရောက်တိုင်တန်းပြောဆိုနေရသနည်း။

နုလက်ကို ဘာမဆိုင်ညာမဆိုင် ပိုင်စိုးပိုင်နင်း အဆွဲခံရသူနုက လူကြီးတွေက သူ့အကြောင်းမတိုင်ရ။

ကြည့်နေပါ ဒီတစ်ခါ နုလက်ကိုလာဆွဲလို့ကတော့ တစ်အိမ်လုံးကြားအောင်ကို အော်ပြစ်လိုက်မည်။ ဒါမှ မမယုလည်း နုဆိုးသလား၊ ဟိုလူကြီးဆိုးသလားဆိုတာ သိမှာ။

"သမီးနုရေ"

"ရှင်...မာမီ"





"အခန်းထဲမှာ ဘာတွေလုပ်နေတာလဲ နုလေးရဲ့၊ စာတွေအများကြီး ဖတ်နေပြန်ပြီလား"

"မဖတ်ပါဘူး မာမီရဲ့၊ နု ခေါင်းနည်းနည်းကိုက်လို့မှိန်းနေတာပါ"

"ဟုတ်လား မုန်းစမ်း၊ ကိုယ်လည်း နည်းနည်းနွေးနေပါလား၊ သမီးမမကိုရော ပြောပြီးပြီလား"

နုမာမီက နုအခန်းထဲဝင်လာပြီး နုခုတင်စွန်းမှာ ဝင်ထိုင်ကာ နု နဖူးပြင်ကို ဖွဖွစမ်းကိုင်ရင်း ဆိုလိုက်ခြင်းဖြစ်သည်။

"နု...ဘာမှမဖြစ်ပါဘူး မာမီရဲ့ ဆေးသောက်ထားပါတယ်၊ ခဏနေဆို ပျောက်သွားမှာပါ"

"သေချာလို့လားကွယ်...မာမီတို့လည်း တစ်နေ့တစ်နေ့အလုပ်ကိစ္စတွေ၊ လူမှုရေးကိစ္စတွေနဲ့ အချိန်ကုန်ပြီး အိမ်က ကိုယ့်သမီးလေးကိုတောင် သေချာဂရုမစိုက်နိုင်ဘူးဖြစ်နေပြီကွယ်"

"နုအတွက် စိတ်ချပါ မာမီရယ်၊ အခု မာမီ အပြင်သွားမလို့မဟုတ်လား၊ မာမီသွားစရာရှိတာသွားပါ၊ နု နေမကောင်းရင်မကို ပြောမှာပေါ့လို့"

"ဟုတ်ပါပြီသမီးရယ်...မာမီလည်း သမီးအန်တီကြူနဲ့ ချိန်းထားတာရှိလို့ သွားရဦးမယ်၊ သမီးလက်စွပ်လေး သမီးနဲ့ကျပ်နေတယ်မဟုတ်လား မာမီနဲ့ တစ်ခါတည်းကည့်ပေးလိုက်လေ၊ ပြင်ပြီးယူလာခဲ့မယ်"

"ဟင်"

မာမီ့စကားကြောင့် နု မျက်လုံးလေး ဝိုင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီက နုလက်မှာကျပ်ပြီး အချွတ်ရခက်လှသည့် နုလက်စွပ်လေးကို တောင်းနေသည်။ ထိုလက်စွပ်လေးက နုထံမှာမရှိ။

ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးဆီမှာ အခုထိ ပြန်မယူရသေး။ဟိုတစ်နေ့က သူကိုယ်တိုင် လက်စွပ်ကို ပြန်ပေးဖို့ပြောတုန်းကလည်း နုမှာ မမယုကြောင့် ပြန်လှည့်ပြီး သွားမယူဖြစ်။ ဒါတောင် ပြဿနာက ဖြစ်မိအောင်ဖြစ်သေးသည်။

"သမီး...မာမီပြောတာ ကြားရဲ့လား"

"ကြားပါတယ် မာမီရဲ့၊ နုလက်စွပ်လေးကို ဘယ်နေရာမှာ ချွတ်ပြီး သိမ်းထားမိသလဲဆိုတာ စဉ်းစားမရဖြစ်နေလို့ပါ"

"နုတို့ကတော့ လုပ်ပြီကွယ်၊ အဲဒီလက်စွပ်လေးက သမီးဘွားဘွား အပျိုတုန်းထဲက ဝတ်တဲ့ လက်စွပ်လေးကွဲ့၊ အလယ်မှာမြုပ်ထားတဲ့စိန်ကတင် သိန်းအများကြီးတန်တာ"

"မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ ဘယ်နေရာချွတ်ထားခဲ့မိမှန်းမသိဘူး မဟုတ်လား"

နုအကြောင်းကို သိနေသည့် မာမီက နုကို ပြောလိုက်ခြင်းဖြစ်ပါသည်။ ထိုအတွက် နု စိတ်မဆိုးပါ။ ဒီလိုအဖြစ်မျိုးတွေက နုအတွက် ဖြစ်ရိုးဖြစ်စဉ်များအဖြစ် မထူးဆန်းသော အကြောင်းအရာများဆိုလျှင်လည်း မမှား။

"နု ပြန်စဉ်းစားပြီး ရှာလိုက်ပါဦးမယ် မာမီရယ်၊ မာမီသွားစရာရှိတာသာ သွားပါ၊ နုက အထားမှားတာတစ်ခုကလွဲရင် ဘယ်တုန်းကမှ ပစ္စည်းမပျောက်ဘူးသေးပါဘူးနော်"

"အေးပါ...အေးပါ မာမီကလည်း သမီးဘွားဘွား





လက်စွပ်မို့ ပြောနေတာပါ၊ ခေါင်းအေးအေးထားပြီး သေချာရှာထားဟုတ်လား၊ နောက်ရက် မာမီသွားမှ ထည့်ပေးလိုက်တော့"

"ဟုတ်"

"မာမီသွားတော့မယ်၊ နု ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး မာမီ"

"အစမ်း ပြန်ရောက်နေပြီဆိုပေမယ့် သမီးကြီးကြီးမုကိုချည်း ပစ်မထားဘဲ သမီးလည်း ဝင်ကူဦးဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ကဲ...မာမီသွားပြီ"

"ဟုတ်"

လှပကျော့ရှင်းသောအသွင်ဖြင့် မာမီက နုအပါးမှ မွှေးကြိုင်လှပစွာ ထွက်သွားပါသည်။ မာမီက အနေအထိုင် အစားအသောက်ကအစ အသေးစိတ် ဂရုစိုက်တတ်သူမို့ မာမီခန္ဓာကိုယ်ဖွဲ့စည်းပုံက အမြဲကျော့ရှင်းလှပနေ၏။

ဒက်ဒီကလည်း လူချောတစ်ယောက်မို့ မာမီနှင့်ဒက်ဒီတို့၏ သမီးနှစ်ယောက်ဖြစ်သော နုနှင့် မမယုကလည်း တစ်ယောက်တစ်မျိုးစီ ချောကြလှကြသူများဟု ဆိုရမည်။

ပြင်ဆင်ခြယ်သထားပြီး အဝတ်အစား အသုံးအဆောင်အက်ဝတ်ရတနာကအစ မမယုက စည်းစနစ်ကျကျ လှလှပပပြင်ဆင်ခြယ်မှုန်းထားခြင်းဖြင့် အများအမြင်မှာ ထင်းခနဲမြင်သာထင်သာ သောကြောင့် မမယုကို ပိုလှသည်ဟုဆိုလျှင် နုကိုသဘော



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဘာတစ်ခုမှ အပိုမပြုပြင်တတ်သော နု၏အလှက သေချာသတိ ပြုယှဉ်ကြည့်သူများမှသာ မြင်တွေ့နိုင်ပါသည်။

နုသာ မမယုလို အနုစိတ် လှပသပ်ရပ်စွာ ခြယ်မှုန်းလိုက်မည်ဆိုလျှင် မမယုထက်ပင် သာသွားမည့်အလှမျိုးဖြစ်သည်။ နုက မမယုလောက် အလှအပရေးရာမှာ စိတ်မဝင်စားတာတစ်ခုပဲ ခက်သည်။

ထိုထက်ပို ခက်သည်က နုလက်စွပ်ကိစ္စဖြစ်သည်။ ဘယ်လိုလုပ်ပြီး ဟိုလူကြီးလက်ထဲမှာ နုလက်စွပ်က ရှိနေရသည်မသိ။ တကယ်ဆို အဲဒီနေ့ထဲက မမယုကိုယ်တိုင် နုလက်စွပ်ကို ပြန်ယူထားသင့်သည်။

ဒါမှမဟုတ် ဟိုလူကြီးကပဲ တမင်မပေးဘဲ ထားခြင်းများလား။ ဒါတော့ သိပ်မဖြစ်နိုင်။ အဲဒီအချိန်တုန်းက နုတို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် မြင်ပင်မမြင်ဘူးတာမဟုတ်။ မမယုရော ဟိုလူကြီးပါ အလုပ်များ အာရုံစားကြသူတွေမို့ မေ့သွားတာဖြစ်နိုင်သည်။

မာမီက နုလက်စွပ်ကို မေးနေပြီဆိုတော့ ဆက်ပြီး လိမ်ညာနေလို့လည်း မဖြစ်။ ဟိုလူကြီးလက်ထဲက နုလက်စွပ်ကို ပြန်တောင်းရုံသာရှိသည်။ ခက်တာက ဦးကျော်ကောင်းပြောဘ်ဆိုသည့် လူကြီးက မိုးလင်းမိုးချုပ် အလုပ်မအားဘူး။

တစ်ခါတလေ နုကိုယ်တိုင်တောင်မှ သူ ဘယ်အချိန်အပြင်ပြန်ထွက်သွားသည် မသိရ။ ပြန်လာသည့်အချိန်တွေလည်း





မမှန်။ စောချင်လည်း စောနေတတ်သလို နောက်ကျချင်လည်း ကျနေတတ်သည်။

ဒီနေ့ရော ဘယ်အချိန်က သင်းနုံ့သာက ထွက်သွားပြီလည်းမသိ။ လုပ်ငန်းကိစ္စတိုင်းမှာ ဒက်ဒီပါတာတွေလည်းရှိသည်။ မပါဘဲ တခြားကိစ္စတွေနှင့် တစ်ယောက် တစ်နေရာ ရောက်နေတာတွေလည်းရှိသည်။

မမယုက ဆရာဝန်အလုပ်တစ်ဖက်နှင့်ဟု ဆိုသော်လည်း ဒက်ဒီ့စီးပွားရေးကိစ္စပိုင်းမှာလည်း မမယု အခန်းကဏ္ဍတွေက အများသားပင်။ အိမ်အောက်ထပ်က ကားသံ ကြားလိုက်ရသည့်အတွက် မာမီ ထွက်သွားပြီဟု သိလိုက်သည်။

နု အိပ်ခန်းပြတင်းပေါက်ကနေ ကိုယ်လေးက စောင်းငုံ့ပြီး ကားထဲကို လှမ်းကြည့်လိုက်တော့ ကားမောင်းနေသူနေရာမှာ မမယုကို မြင်လိုက်ရသည်။ မာမီနှင့် မမယုတို့ အတူသွားကြတာပါလား။

မနက်အိပ်ရာထ နောက်ကျသွားသဖြင့် ဒက်ဒီတို့ ကော်ဖီဝိုင်းကို နု မမှီလိုက်။ အစမ်းကလည်း 'သူ့အမေသက်သာတာနဲ့ ချက်ချင်းပြန်လာတာမို့ မီးဖိုချောင်ကိစ္စကို နုဘက်က လှည့်ကြည့်မနေရတော့။

ဒက်ဒီကားကို မတွေ့ရတော့မှပဲ သင်းနုံ့သာက ဒက်ဒီ အလုပ်ကိုသွားပြီဟု သိလိုက်ရတာပဲရှိသည်။ ခြေဖျားကို ဖွဖွထောက်ပြီး ဦးကျော်ကောင်းမြတ် အိပ်ခန်းတံခါးရှေ့မှာ ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီနှင့်အတူ ပါသွားသည်ဆိုရင်တော့ ဒီလူကြီး အိပ်ခန်းထဲမှာ မရှိတာ သေချာသည်။ စေ့ပိတ်ထားသည့် အိပ်ခန်းတံခါးကို အသာတွန်းကြည့်သည်။ မရ။ သူ့အခန်းတံခါးကို သော့ခတ်သွားတာပါလားဟု တွေးရင်း နုလက်စွပ်ကို ပြန်ပေးဖို့ သူ့ကို ဘယ်လိုပြောရပါ့ဟု အကြံထုတ်နေမိသည်။

မာမီက နုလက်စွပ်လေးကို နောက်ရက်အပါယူသွားမည်ဟုဆိုသည်။ ဦးကျော်ကောင်းမြတ်ထံမှ နုလက်စွပ်လေးကို အမြန်ရမှဖြစ်မည်။ လောလောဆယ် သူက မရှိ။ ဦးကျော်ကောင်းမြတ်ပြန်အလာကို စောင့်ပြီး ဘယ်သူမှမရှိခင်, နုလက်စွပ်ကို ပြန်တောင်းရန်သာ ရှိသည်။

တစ်နေ့လုံး ဦးကျော်ကောင်းမြတ် ပြန်အလာကို နု စောင့်ကြည့်နေပေမယ့် ဒက်ဒီနှင့် မာမီ၊ မမယုတို့အားလုံး ပြန်ရောက်သည့်အချိန်ထိ သူက ပြန်ရောက်မလာသေး။

ညစာထမင်းစားချိန် မတိုင်ခင်မှာ ဦးကျော်ကောင်းမြတ်ဆီက ဒက်ဒီ့ထံ ဖုန်းဝင်လာသည်။

"မာမီကြီးရေ မောင်ကျော်ကောင်းမြတ် အပြင်မှာပဲ ညစာစားဖြစ်လိမ့်မယ်၊ ညစာ ထမင်းကို ကိုယ်တို့မိသားစုချည်းပဲ ပျော်ပျော်ပါးပါး စားကြတာပေါ့ဗျာ"

"ဟုတ်ကဲ့ ဒက်ဒီကြီး၊ အစမ်းရေ ထမင်းပွဲပြင်ပါတွယ်"

"ဟုတ်ကဲ့ပါ မေမေကြီး"

ထမင်းဝိုင်းမှာ နုတို့မိသားစုချည်း စိုစိုပြေပြေ ရယ်ရယ်





မောမောနှင့် ဒက်ဒီက သူ့လုပ်ငန်းခွင်ကိစ္စတွေကို မာမီကို ပြောပြနေချိန်မှာ နုက ဘာကိုမှ သိပ်စိတ်မဝင်စား။

အိမ်အပြန် မိုးချုပ်မည့် ဦးကျော်ကောင်းမြတ်ဆိုသည့်လူကြီးအကြောင်းကိုသာ တွေးနေမိသည်။

"အစားနည်းလှချည်လား နုလေး၊ နေမကောင်းဘူးလား"

"ရှင်"

"နု နေကောင်းပါတယ် မာမီ"

မာမို့စကားကြောင့် နု အတွေးပြတ်သွားသည်။

"နုလေးကိုလည်း အခုတလော ဂရုစိုက်ကြဦးနော်၊ ကိုယ်လည်း နည်းနည်းနွေးနေတယ်၊ အစားလည်း သိပ်မစားဘူး၊ ကြည့်ရတာ ဖျားချင်နေလားမသိဘူးနော် သမီးကြီး"

"ယု စစ်ကြည့်လိုက်ပါ့မယ် မာမီ"

"နု ဘာမှမဖြစ်ပါဘူးမမ"

"ဒါဆိုလည်း ပြီးတာပဲလေ၊ ယု အပေါ်တက်တော့မယ်နော် မာမီ"

"အေး…အေး ဒီနေ့ သမီးကြီးယု ပင်ပန်းလာတာဆိုတော့ စောစောအနားယူပေါ့"

မမယု အပေါ်ထပ်တက်သွားပြီးနောက် ဧည့်ခန်းမှာ ဒက်ဒီ မာမီနှင့် နုတို့ပဲ ကျန်ရစ်ခဲ့သည်။

"ဒက်ဒီကြီး ဆေးသောက်တော့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ"

မာမီကိုယ်တိုင် ဒက်ဒီကို ဆေးတိုက်နေချိန်မှာ နု တစ်ယောက်တည်း အကြံအိုက်နေမိသည်။

"နု လက်စွပ်တွေ့ပြီလားသမီး၊ တွေ့ရင် မာမီ့ကို ခုထဲက တစ်ခါထဲယူပေးထား"

"ဟို"

"တူ…တူ…တူ"

နု ဘာဖြေရမှန်းမသိ ဖြစ်နေတုန်း မာမီ့ဖုန်းက အသံမြည်လာသဖြင့် နု ပျော်သွားသည်။

"ဟဲလို"

"ဪ…မမကြူ့လား၊ ဟုတ်ကဲ့ပြောပါ မမ"

"ရှင်"

"ဒီလိုပဲ အဆင်ပြေအောင် လုပ်ပေးရမှာပေါ့ မမရယ်၊ တခြားလူတွေမှ မဟုတ်တာပဲ"

အန်တီကြူကြီးဖုန်းပါလား။

မာမီစကားကောင်းနေတုန်း နေရာက နု အသာလစ်ထွက်လာခဲ့သည်။ ဟိုလူကြီးက ဘယ်အချိန် ပြန်လာမှာပါလိမ့်နော်။ မာမီက နုလက်စွပ်ကို တောင်းနေပြီ။ ဒီတစ်ခါတော့ တခြားအကြောင်းပြလို့ ရတော့မည်မထင်။

မာမီကိုယ်တိုင် နုလက်စွပ်ကို လိုက်ရှာပေးမယ်ဆိုမှ အခက်။ ဦးကျော်ကောင်းမြတ်၏ ဖုန်းနံပါတ်ကို နုလည်းမသိ။





သိခဲ့ရင်လည်း နုလက်စွပ်ကို အမြန်ဆုံးပြန်ယူလာပေးပါလို့ ပြောရမလိုဖြစ်နေသည်။

အိမ်ကို အမြန်ဆုံးပြန်လာပါစေလို့ ပြောလို့လည်း မဖြစ်သေးပါဘူး။ သူနဲ့နုက အဲဒီလောက်လည်း ခင်ကြတာလည်းမဟုတ်ဘဲနဲ့။

"နုရေ"

ဟော…မာမီခေါ်နေပြီ။

"ဒီကောင်မလေး ဘယ်ရောက်သွားပြန်ပြီလဲမသိဘူး၊ လက်စွပ်လာပေးဆိုတာ မေ့သွားပြန်ပြီထင်တယ်"

"ပျောက်နေတယ်ဆိုတာ ရှာမတွေ့လို့မှန်းမှ မသိတာကွာ၊ မာမီကြီး သမီးအကြောင်းလည်း သိသားနဲ့"

ဒက်ဒီအသံကို ကြားလိုက်ရသဖြင့် နုဘက်က နည်းနည်းတော့ နေသာသွားသည်။

"နုကြောင့်တော့…သိပ်ခက်တာပဲ ဒက်ဒီကြီးရယ်၊ ခင်ဖြင့်သမီးကြီးယူအပေါ်မှာ ကျေနပ်အားရသလောက် သမီးငယ်နုအပေါ်မှာ နည်းနည်းမှ စိတ်ချလို့မရဘူး ဖြစ်နေတယ်ရှင်"

"သမီးကြီးကိုယ်တိုင်လည်း သူ့ညီမ နုအတွက် အမြဲစိတ်မချဖြစ်နေရရှာတာလည်း သနားစရာ"

"မာမီကြီးလိုပဲ သမီးကြီးက သူ့ညီမလေးကို ချစ်လို့နေမှာပေါ့ဗျာ"

ဟွန်း…



www.burmeseclassic.com

www.burmeseclassic.com



မမယုက နုကို ချစ်သည်ဆိုတာကြီးကိုတော့ နုမယုံချင်ါဘူးနော်။ မမယုသာ နုကို တကယ်ချစ်တယ်ဆိုရင် ကိုယ့်ညီမလေးကို ဒီလိုအမြဲ ဆူပူနေမည်မထင်ပါ။

နုက မာမီမမြင်အောင် ပုန်းနေရာမှ နှုတ်ခမ်းလေးကိုထော်ရင်း သူမစိတ်ထဲက ဆိုနေမိခြင်းဖြစ်သည်။ ဒက်ဒီနဲ့ မာမီကအပေါ်မှာ ခွင့်လွှတ်အလိုလိုက်သမျှ မမယုကချည်း ဒိုင်ခံတင်းကျပ်နေသလား ထင်ရသည်။

နုမှာ မမယုဆိုလျှင် စိတ်ထဲမှာ အလိုလိုလန့်နေသည်။

"ဒီနေ့ ကိုယ်လည်း စောစောအိပ်ရာဝင်ချင်တယ်၊ မောင်ကောင်းမြတ် ပြန်အလာထိ မစောင့်နိုင်တော့ဘူး မာမီကြီးရေ၊ မာမီကြီးပဲ မောင်ကောင်းမြတ် ပြန်အလာကို စောင့်လိုက်တော့"

"ခင်ခင်လည်း…မနက်ဖြန် ညှိခံပွဲတစ်ခု သွားစရာရှိလို့ စောစောအိပ်ရာဝင်ရမယ် ဒက်ဒီကြီးရဲ့၊ ညဉ့်နက်တဲ့အထိတော့ မစောင့်ပေးနိုင်ဘူး"

"ဘယ်အချိန်ပြန်လာမယ်လို့ ဒက်ဒီ့ကို ပြောလဲ"

"အချိန်တော့…မပြောဘူးကွ"

"နု စောင့်ပေးရမလား မာမီ၊ နု တစ်နေ့လုံး အိပ်ထားလို့ မျက်လုံးတွေလည်း ကြောင်နေလို့ပါ"

နုလည်း သူမလိုချင်သည့် အကွက်ဝင်လာတာနှင့် မာမီတို့နား အပြေးလေးရောက်သွားကာ ပြောလိုက်ခြင်းဖြစ်သည်။

"သမီးက စောင့်နေနိုင်လို့လား"





"နုမအိပ်ခင် ပြန်လာရင်တော့ တံခါးဖွင့်ပေးမှာပေါ့၊ နု အိပ်ချင်လာပြီဆိုရင်တော့ နုလည်း မသိဘူး"

"ကဲ…ကဲ ဒါဖြင့်လည်း သမီးနုပဲ စောင့်နေရစ်ခဲ့၊ မောင်ကောင်းမြတ် ကိုယ်တိုင်လည်း သိပ်ညဉ့်နက်တဲ့အထိ မနေလောက်ပါဘူး၊ ဒက်ဒီ ခေါင်းနည်းနည်းမူးလို့ သွားအိပ်တော့မယ် ဟုတ်လား"

"ဟုတ်"

"မာမီကတော့ နုလေးနဲ့ အဖော်လုပ်ပေးမယ်"

"ရပါတယ် မာမီရဲ့…နုနားမှာ အစမ်းရှိနေတာပဲ သူလည်း စလောင်းကြည့်ဦးမှာပေါ့ ဟုတ်တယ်မဟုတ်လား အစမ်း"

"ဟုတ်ကဲ့…မမနု"

"ဒါဖြင့်လည်း အစမ်းက ညည်းမမနုလိုအပ်တာ လုပ်ပေးလိုက် ဟုတ်လား၊ မာမီလည်း မနက်ဖြန် ညှိခံပွဲအတွက် ပြင်ဆင်လိုက်ဦးမယ်"

နုနားက မာမီထွက်သွားလျှင် နုလောက်ပျော်သည့်လူ မရှိတော့ချေ။ နု ဇာက်စွပ်ကိစ္စကို မာမီမေ့နေတုန်း ဟိုလူကြီးဆီက လက်စွပ် အမြန်တောင်းရမည်။

ဒါနဲ့အတွက် အကောင်းဆုံး အခွင့်အရေးဟုတွေးကာ ဆိုဖာခုံမှာ ဝင်ထိုင်လိုက်တော့ မှန်စားပွဲပေါ်ကို မျက်စိရောက်သွားတော့ ဦးကျော်ကောင်းမြတ်ဆိုသည့် တစ်စွန်းတစ်စ ထွက်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဗိဝ်စာကာဒ်မြူမြူလေးကို တစ်ခြားစာရွက်စာတမ်း ထည့်ထားသည့်
ဒွဲင်းတစ်ခုထဲ ရောတွေ့လိုက်ရ၍ အသာကောက်ယူလိုက်သည်။

နောက်တော့ နု ဘာမှ သိပ်စဉ်းစားမနေတော့ဘဲ သူ့
ဘ်ာဖုန်းကို လှမ်းခေါ်လိုက်သည်။



## အခန်း (၈)

"ဟဲလို"

"နုပါ"

"ဗျာ"

"နုလို့ ပြောနေတာရှင့်"

"နု"

ကျော်ကောင်းမြတ်မှာ သူ့နားသူ မယုံနိုင်သဖြင့် နု အမည်
လေးကို ထပ်မံရေရွတ်လိုက်မိသည်။

နု ဆိုပါလား…

သူ့နားကြားမှားခြင်း မဟုတ်တာတော့ သေချာသည်။
ဖုန်းထဲက နုအသံလေးက အပြင်မှာ သူနှင့် စကားပြောဘူးသည့်
အတိုင်း ချိုချိုလွင်လွင်နှင့် တိုဆတ်ဆတ်လေး။

ကျော်ကောင်းမြတ်ဆိုသည့် သူ့ကို စိတ်ဆိုးနေသည့်ဟန်
မို့ လှပသည့် မျက်နှာလေးသည်လည်း တင်းမာနေမည်ထင်သည်။
အတွေးနှင့် နုကို မြင်ယောင်ရင်း နှစ်ခြိုက်စွာ သူပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူချင်းတွေ့လျှင်တောင် ကြာကြာစကားပင် မပြောလိုသူလေးက ကျော်ကောင်းမြတ်ဆိုသည့် သူ့ထံ ထူးထူးခြားခြား ဖုန်းဆက်နေခြင်းပါလား။

"ဟဲလို"

"ပြောပါ နု…ကိုယ်နားထောင်နေပါတယ်"

"ဦးကျော်ကောင်းမြတ် အခုဘယ်ကို ရောက်နေလဲဟင်"

"နုက ဘာမှာချင်လို့လဲ"

"အပြင်မှာ အရေးတကြီးကိစ္စမရှိရင် နုဆီကို အမြန်ပြန်လာပါ"

"ဗျာ"

အံ့ဩလွန်းသဖြင့် သူ နှုတ်ဖျားက ဗျာဆိုတာပဲ ပြောနိုင်သည်။ ကမ္ဘာလောကကြီး ဘာတွေဖြစ်ကုန်ပြီနည်း။ သူနှင့် မျက်နှာချင်းပင် မဆိုင်လိုသူလေးက ဘာကြောင့် ကျော်ကောင်းမြတ်ကို သူမဆီကိုအမြန်ဆုံး ပြန်လာပါဟု ဆိုလေသနည်း။

"နု ဘာပြောလိုက်တယ်"

နားကြားများ မှားလေရော့သလားဟု သူထပ်မေးလိုက်တော့ နု မျက်ခုံးလေး တွန့်သွားသည်။

"နု ပြောနေတာ မကြားရလို့လား"

"အင်း…စောစောက သေချာမကြားလိုက်လို့ နု ဘာပြောလိုက်မှန်း ကိုယ်မ‌ပါလိုက်ဘူး"





နု တိုင်ကပ်နာရီကြီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အချိန်မနည်းတော့၊ တကယ်ဆို နုကိုယ်တိုင် အိပ်ရာဝင်ချိန်လောက် ရောက်ရှိသွား၏။ ကိုယ့်မှာ ကိစ္စရှိလို့သာ ကျော်ကောင်းမြတ်သည့် လူကြီးကို အစိုးပွါးမရှိ ထိုင်စောင့်နေရခြင်းဖြစ်သည်။

သူ ပြန်လာချင်သည့်အချိန် ပြန်လာသည့်အထိ နုက စောင့်နေမှာမဟုတ်။ စောင့်ပေးရအောင်ကလည်း သူက နု မိသားစုလည်းမဟုတ်။ သူများအိမ်မှာ တည်းခိုနေသည့် ဧည့်သည်ပီပီ၊ အလိုက်တသိ အချိန်စောစော ပြန်လာရမည်က ဧည့်သည်၏တာဝန်ဖြစ်သည်။

"အိမ်ကို စောစောပြန်ခဲ့ဖို့ပြောတာ၊ ဦးကျော်ကောင်းမြတ်ပြန်လာတဲ့အချိန်ထိ နု စောင့်မပေးနိုင်ဘူး"

"အိပ်ချင်ပြီ"

"နု"

"ပြီးတော့ ဦးကျော်ကောင်းမြတ်ဆီမှာ ရှိနေတဲ့ နု လက်စွပ်လေးကိုလည်း အခုချက်ချင်း ပြန်ပေးပါ၊ နု စောင့်နေမယ်"

"နု"

နုက ကျော်ကောင်းမြတ်ဆီက တုံ့ပြန်လာမည့် စကားကိုပင် ဆုံးအောင်မစောင့်တော့ဘဲ ဖုန်းချသွားချိန်မှာ နု စကားတွေကြောင့် ကျော်ကောင်းမြတ် ရင်ခုန်စိတ်လှုပ်ရှားစွာ ကျန်ရစ်ခဲ့ရသည့် အဖြစ်ကို နု မသိပါ။

နုလေးရယ်…



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကောင်းမြတ် ရင်ထဲက ပထမဦးဆုံး နု၏ နာမည်လေးကို လိုက်လှဲမြတ်နိုးစွာ ခေါ်ဆိုလိုက်မိခြင်း ဖြစ်ပါသည်။ နု ပြောသွားပုံလေးတွေက သူ့ရင်ကို နူးညံ့သိမ်မွေ့သော ခံစားချက်တွေနှင့် ဖြင်းထန်စွာ လှုပ်ရှားရိုက်ခတ် သွားစေသည်ကိုက သူပဲသိသည်။

နုက သူမစကားများကို ကိုယ့်အဓိပ္ပါယ်နှင့်ကိုယ် ရိုးသားစွာ ပြောတာဖြစ်ပေမယ့်၊ နု ဘာကို ရည်ရွယ်ပြီးပြောမှန်း မသိသော ကျော်ကောင်းမြတ်အတွက် နု စကားလေးတွေက သူနှင့် တရားဝင် သက်ဆိုင်ပတ်သက်ထားသော အိမ်ထောင်ရှင်မလေး အသွင်သဏ္ဍာန်မျိုးလေး ဖြစ်နေသည်။

ဦးကျော်ကောင်းမြတ် ပြန်လာတဲ့အထိ နု စောင့်မပေးနိုင်ဘူး၊ အိပ်ချင်ပြီတဲ့။

"ဘယ်လိုလည်းဗျာ…ကိုကျော်ကောင်းမြတ် ယုမဟုတ်တော့ဘူး၊ နုတဲ့လား"

"ဗျာ"

"ခင်ဗျားဆီကို ဖုန်းဆက်တဲ့ တစ်ယောက်ကိုမေးတာလေ၊ နုဆိုတာ ဦးသင်းမောင်ရဲ့ သမီးအငယ်မလေး မဟုတ်လား"

"တကယ်တော်တယ်ဗျာ…ခင်ဗျားကတော့ တကယ်လူ ရွေးတတ်တာပဲ"

"မဟုတ်ပါဘူးဗျာ"

ကျော်ကောင်းမြတ်ကို လိုက်ပို့သည့် မိတ်ဆွေဦးလှနီက





နုနှင့်သူ့ကို အထင်လွဲသွားတာကို အမြန်ရှင်းလိုက်တာကိုပဲ ဦးလှနီက နှစ်ခြိုက်စွာ အော်ဟစ်ရယ်မောလိုက်သည်။

"ရှက်မနေပါနဲ့ဗျာ…ဦးသင်းမောင်အိမ်မှာ ညှိသည်လုပ်ထဲက ကျုပ်တို့က သဘောပေါက်ပြီးသားပါ"

"အကြီးဖြစ်ဖြစ် အငယ်ဖြစ်ဖြစ် ကျုပ်တို့လူပျိုကြီး ချာန်လျှောအောင် လုပ်နိုင်တာကို ကျေးဇူးတင်ရမယ်ဗျို့"

"ကျုပ်တို့ကတော့ ခင်ဗျား ဘယ်သူ့ယူယူ သဘောတူပြီးသားပဲ၊ ဦးသင်းမောင် သမီးနှစ်ယောက်စလုံး တစ်ယောက်တစ်မျိုးစီ ချောတာမှန်ပေမယ့် အငယ်မလေးက ပိုလှတယ်ဗျာ"

"ခင်ဗျားထင်သလို မဟုတ်သေးပါဘူးဗျာ"

"အခုမဟုတ်သေးဘူးဆိုတော့ နောင်ဟုတ်လာမယ့် သဘောပဲမဟုတ်လားဗျာ၊ အခုပဲ နုက ခင်ဗျားဆီကို ဖုန်းလှမ်းဆက်နေပြီ"

"ကြိုးစားထား…ကြိုးစားထား ခင်ဗျားလိုလူက လူပျိုကြီးဘဝက ကျွတ်သင့်လွတ်သင့်တာ ကြာလှပြီ"

"အဟား…ဟား…ဟား"

အရက်ခပ်ထွေထွေဖြင့် စိတ်ထင်ရာပြောနေသည့် ဦးလှနီနှင့် အပြိုင်ငြင်းမရသည့်အတူ ကျော်ကောင်းမြတ် ငြိမ်နေလိုက်သည်။ ထူးဆန်းစွာပင် သူ့စိတ်ထဲမှာ နုမျက်နှာကို ချက်ချင်းလိုမြင်ချင်တွေ့ချင်လာ၏။

နုဆိုသည့် မိန်းကလေးက သူ့နှလုံးသားကို ပထမဆုံး



www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်လှုပ်ရှားစေသူလေးပါလားဟု တွေးလိုက်မိသည်နှင့် ကျော်ကောင်းမြတ် ရင်တစ်ခုလုံး နွေးထွေးလှိုက်ဖိုသွားသည်။

သေချာပါပြီ။

နုကို သူချစ်မိပြီ။

အချစ်ဟု တွေးလိုက်မိသည်နှင့် ကျော်ကောင်းမြတ် ရင်တွေ တဒိတ်ဒိတ်ဖြစ်လာသည်။

"ကျိုး"

"ရောက်ပါပြီဗျာ…ဟိုမှာစောင့်နေတာ ခင်ဗျားရဲ့နုလား"

ကားမီးရောင်အောက်မှာ ဖျတ်ခနဲ မြင်လိုက်ရသည့် အရိပ်လေးကို ကြည့်ပြီး ဦးလူနီ မေးလိုက်တာမို့ သေချာ သူလှမ်းကြည့်လိုက်တော့ အရိပ်လေး ပျောက်သွားသည်။

"ကျေးဇူးပဲဗျာ…ဂွတ်နိုက်"

"ဂွတ်နိုက် ကဲ…သွားပြီဗျို့"

ဦးလူနီက သူ့ကို လိုက်ပို့နေကျပုံစံအတိုင်း ကားကို ခြံထဲအထိ မောင်းဝင်ခြင်းမပြုဘဲ ခြံဝမှာရပ်ကာ နှုတ်ဆက်ပြီး ဆက်မောင်းသွားသည်။

သူ ခြံထဲကို လှမ်းဝင်ခဲ့လိုက်တော့ စောစောက အဖြူရောင်အရိပ်ကလေး လှစ်ခနဲ ပြန်ပေါ်လာသည်။ ထိုအရိပ်လေးက တခြားသူမဟုတ်။

နု…။

အစမ်းရှေ့မှာ နုလက်စွပ်ကို သူ့ဆီက ပြန်မတောင်းချင်တာ





မို့ ခြံထဲမှာ လမ်းလျှောက်ရင်း ဦးကျော်ကောင်းမြတ် ပြန်အလာကို စောင့်နေခြင်းဖြစ်သည်။

ဖုန်းပြောပြီးတာ မကြာသေးတာမို့ အခုလို ချက်ချင်းရောက်လာလိမ့်မည်ဟု၍လည်း ထင်မထား။ ကားမီးရောင် ဝင်းခနဲမြင်လိုက်ရချိန်မှာ နုကိုယ်လေးကို လှစ်ခနဲ ပုန်းကွယ်လိုက်ပြီး ကားပေါ်က ဆင်းလာသူကို လှမ်းကြည့်လိုက်သည်။

မီးရောင်အောက်မှာ မြင်ရသူက ဦးကျော်ကောင်းမြတ်ဖြစ်နေသဖြင့် ချက်ချင်းရောက်လာတာကို အံ့ဩနေမိသည်။ ဒါဆို စောစောက နု ဖုန်းဆက်တုန်းက သူက အိမ်ကိုပြန်လာသည့်ကားပေါ်မှာပေါ့ဟု တွေးလိုက်တော့ မျက်ခုံးလေး တွန့်သွားသည်။

ကျော်ကောင်းမြတ်က နုကိုမမြင်ဘဲ ရှေ့က ဦးဆောင်လျှောက်သွားနေ၏။ သူ့နောက်က နုပါလာတာကို မသိ။

"ကျွိ"

"အမလေး"

ဖားတစ်ကောင်ကို မမြင်ဘဲ တက်နင်းမိသောကြောင့် နုထံမှ အလန့်တကြားအော်သံကြားမှ အသံလာရာကို ကျော်ကောင်းမြတ် ချက်ခနဲ လှည့်ကြည့်လိုက်သည်။

"နု"

"ဘာဖြစ်တာလဲဟင်"

"ဖား…ဖား နုမမြင်ဘဲ တက်နင်းမိလို့"

"ဟုတ်လား…ဘာဖြစ်လို့ ခြံထဲဆင်းနေရတာလဲ နုရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခု ဘာဖြစ်သွားသေးလဲ"

နှုန်းကို ခြေလှမ်းကျဲကြီးတွေနှင့် အပြေးရောက်သွားပြီး ထိတ်လန့်သော အမူအရာဖြင့် တုန့်တုန့်ရီရီလေး ဖြစ်နေသည့် ချစ်သူကို မြတ်နိုးကြင်နာစွာ ငုံ့ကြည့်ရင်း သူဆိုလိုက်သည်။

နှုကို သူချစ်နေပြီ။

"နှု ဘာမှမဖြစ်ဘူး၊ နှု လက်စွပ်ကိုပေးပါ"

"အဲဒီအတွက် နှုက ကိုယ့်ကို ခြံထဲဆင်းစောင့်နေတာလား"

"ဟုတ်"

"အိမ်ပေါ်ရောက်မှ တောင်းလည်းရရဲ့သားနဲ့ နှုရယ်"

"အိမ်ကလူတွေ မသိစေချင်လို့ပေါ့၊ ပေးပါ မြန်မြန် နှု သွားတော့မယ်"

"နေဦး ကိုယ်ရှာလိုက်ဦးမယ်"

ကျော်ကောင်းမြတ် သူ့အိတ်ထဲကို လျှင်မြန်စမ်းသပ်ရှာဖွေပေမယ့် နှု လက်စွပ်လေးကိုက မတွေ့။

"မတွေ့ဘူးကွ...ဘယ်နေရာမှာများ ကျကျန်ရစ်လည်းမသိဘူး"

"ဟင်"

"ကျကျန်ရစ်တယ် ဟုတ်လား"

နှု မျက်လုံးလေးပြူးစက် ဝိုင်းကျယ်စွာ အလန့်တကြားလေး မေးလိုက်မိသည်။ လက်စွပ်သာ ပျောက်သွားလို့ကတော့





မလွယ်။

"သေချာရှာကြည့်စမ်းပါဦး...အဲဒီလက်စွပ်က လုံးဝပျောက်လို့မဖြစ်ဘူးသိလား၊ အဲဒီလက်စွပ်လေးကို မာမီ့ကို ပေးရမှာမို့ပါ"

နှုက သူ့လိုများ ပစ္စည်းကို နေရာအထားမှားသလားရယ်လို့ ကျော်ကောင်းမြတ်ကို အလောတကြီး သတိပေးနေပေမယ့် ကျော်ကောင်းမြတ်က နှုလို သတိမေ့တတ်သူမဟုတ်။

နှု လက်စွပ်လေးကို သူ့အိတ်ထဲမှာ သေချာသိမ်းထားပြီးမှ ပျောက်သွားတာကို အဖြေရှာစဉ်းစားကြည့်နေ၏။ ဗိုက်ဆံအိတ်ကို ဒီနေ့ ဘယ်နှစ်ကြိမ်ထုတ်မိသည်။ ဘယ်နေရာမှာထားမိသည်ဆိုတာကို ပြန်စဉ်းစားနေစဉ်တစ်လျှောက်လုံး နှုကလည်း ကျော်ကောင်းမြတ် မျက်နှာကို အဖြေရှာသလို စေ့စေ့လေး ကြည့်ငေးနေမိသည်။

မြင့်မားထွားကြိုင်းသော ခန္ဓာကိုယ်မှာ အဆီပိုမရှိသလို အသားဖြူဖြူ၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ် ရူးရှတောက်ပသည့် မျက်လုံးအစုံ၊ မထူမပါး နှုတ်ခမ်းအစုံ တင်းတင်းစေ့နေပုံကအစ ကြည့်ကောင်းလှသည်။

ဆံပင်နက်နက်တွေကို မတိုမရှည် ညှပ်ထားပြီး စတိုင်လ်ဆောင်းဘီ၊ ချည်သားအဖြူရောင်ကို တွဲဝတ်လျက် သားရေစစ်ဖွင်းထိုးဖိနပ်ညိုနက်နက်ကို ဝတ်ဆင်ထားသူ၏ အသွင်က ခန့်ညားတည်ကြည်မှုတွေနှင့် ချောမွေ့သန့်စင်နေ၏။

"တစ်နေရာမှာ ကျကျန်ခဲ့တာပဲဖြစ်မယ် နှု၊ ဘယ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ဆိုတာတော့ ကိုယ်လည်း စဉ်းစားမရတော့ဘူး”

“ဟင်”

နု ငိုချင်သွားသည်။

ပြောသည့်လူက အလွယ်လေးနှင့် ပျောက်သွားပြီဟု ပြောလိုက်ရုံနှင့် ပြီးသွားသော်လည်း ကာယကံရှင် နုအတွက်က ထိုသို့ ပြောရုံနှင့် မပြီးပါ။

မာမီက နုဝတ်ထားသည့် လက်စွပ်လေးကို ဘွားဘွား၏ အမြတ်နိုးဆုံး အမွေအနှစ်အဖြစ် အထူးတန်ဖိုးထားတာ နု အသိဆုံး ဖြစ်သည်။ နုကို ပေးဝတ်သည့်ကပင် အဆောင်သဘောမျိုး ဖြစ်သည်။

“သေချာစဉ်းစားပြီးပြီလားဟင်”

“အင်း”

“အခုချိန်မှာ ကိုယ်စဉ်းစားမိသမျှတော့ ဒါပဲ၊ စိတ်တော့ မပူပါနဲ့လေ၊ နု လက်စွပ်လေး ကိုယ့်ကြောင့် ပျောက်သွားရင် နုကို ကိုယ်အသစ်ပြန်လုပ်ပြီး အလျော်ပေးမှာပါ”

နု မျက်နှာလှလှလေး ပျက်သွားတာကို ကြည့်ပြီး တိုးတိတ်စွာဆိုလိုက်သည့် နှစ်သိမ့်စကားက နုကို ပို၍ ဒေါသဖြစ် စိတ်ဆိုးသည်ကိုက ကျော်ကောင်းမြတ်မသိ။

“ပိုက်ဆံရှိတယ်ဆိုပြီး ငွေစကားမပြောပါနဲ့၊ ဦးကျော်ကောင်းမြတ် တတ်နိုင်သလို နု မာမီကလည်း လက်စွပ်ဘယ်နှစ်ကွင်းပဲဆက်ဝတ် ဝယ်နိုင်တယ်သိလား”

“ဆောရီး နု၊ ကိုယ့်ကြောင့် လက်စွပ်လေး ပျောက်သွား





တာကို စိတ်မကောင်းလို့ပြောတာပါဗျာ၊ တလွဲမတွေးပါနဲ့”

သူ့ကို နု စိတ်ဆိုးသွားတာကို တွေ့လိုက်ရတာမို့ နု ကျေနပ်အောင် သူ တောင်းပန်လိုက်သည်။ လှပသော နုမျက်နှာလေးကို ပြုံးပျော်နေတာကိုပဲ လိုချင်သူ။ အခုတော့ သူ့ကြောင့် နု စိတ်ညစ်နေရပြီ။

“နုတော့…ငိုပစ်လိုက်ချင်တာပဲ၊ နုလက်စွပ်က ဘယ်ကိုများ ရောက်သွားပါလိမ့်နော်၊ ဟို ဦးလေးကြီးအခန်းထဲမှာရော ရှာကြည့်ပါဦး”

“အဲဒီမှာ ရှိချင်ရှိနေမှာ”

နုက ကျော်ကောင်းမြတ်ကို ဦးလေးကြီးဟု ခေါ်လိုက်တာမို့ ကျော်ကောင်းမြတ် ရင်ထဲမှာ အွန်ခနဲ ဖြစ်သွားသည်။ လှပသော နု မျက်နှာလေးကလည်း ခပ်မဲ့မဲ့။

“အဲဒီလက်စွပ်က ဘာလက်စွပ်မို့ နုအတွက် အဲဒီလောက် အရေးကြီးနေရတာလဲဗျာ၊ ရှာမတွေ့လို့ တကယ်ပျောက်သွားပြီဆိုရင်လည်း နုကို မဆူအောင် အန်တီကို ကိုယ်ပြောပေးမှာပါ”

“ပြောပေးလို့လည်း အစားပြန်မရနိုင်ပါဘူး၊ အဲဒီလက်စွပ်က နုဘွားဘွားရဲ့လက်စွပ်၊ မာမီ့ရဲ့အမေ အပျိုထဲကဝတ်လာတဲ့ အဆောင်လက်စွပ်လေး သိရဲ့လား”

“အဆောင်လက်စွပ် ဟုတ်လား”

“ဟုတ်ပါတယ်ဆို”

“ဘယ်လိုအဆောင်မျိုးလဲ…ကိုယ်မသိရဘူးလား”

“သိတော့ရော ဘာလုပ်မှာလဲ၊ အဲဒီလက်စွပ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ခတ်ထားတဲ့လူဟာ ကျန်းမာရေးကောင်းတယ်၊ လူချစ်လူခင်ပေါ တယ်၊ လာဘ်လည်းရွှင်တယ်တဲ့"

"တယ်ဟုတ်ပါလား ဒီလောက်တန်ဖိုးရှိတဲ့ လက်စွပ် ပျောက်သွားတာကို ဘယ်ဖြစ်မလဲ သေချာပြန်ရှာရမှာပေါ့"

နုက ကျော်ကောင်းမြတ်စကား နားထောင်ပြီး လက်စွပ်လေးကို ရှာပေးမည်ဆိုတာနှင့် မျက်လုံးလေးတွေ အရောင်တဖျပ်ဖျပ် လက်သွားသည်။

"ဒါထက် ပိုတန်ဖိုးရှိတာ ရှိသေးတယ်၊ အဲဒါက ဘွားဘွားနဲ့ ဘိုးဘိုး စတွေ့ပြီး ချစ်ခဲ့ကြတာလည်း အဲဒီလက်စွပ်လေးကြောင့်ပဲတဲ့ သိလား"

"ဘယ်လိုတွေ့ကြတာလဲဆိုတာ ကိုယ်မသိရဘူးလား"

"နုရေ"

"ဟော...မာမီအသံကြားတယ်၊ နု သွားတော့မယ်၊ နု လက်စွပ်လေးကို တွေ့တာနဲ့ နုကို ချက်ချင်းပြန်လာပေးပါနော်"

"နုသွားပြီ"

"သြော်...မောင်ကောင်းမြတ်လည်း ပြန်ရောက်နေပြီ ကိုး"

"ဟုတ်ကဲ့ အန်တီ"

နုမှာ ကျော်ကောင်းမြတ်နားက ခြေလှမ်းခပ်သွက်သွက်ကလေး ပြေးအထွက် ဒေါ်ခင်ခင်က နုတို့နားရောက်လာပြီး ကျော်ကောင်းမြတ်ကိုပါ တွေ့မြင်သွားကာ နှုတ်ဆက်စကား ဆိုလိုက်ခြင်းဖြစ်သည်။





"ကျွန်တော့်ကြောင့် အန်တီနဲ့နုတို့ အနှောင့်အယှက်ဖြစ် သွားရင် ခွင့်လွှတ်ပါဗျာ"

"ဘာမှအနှောင့်အယှက် မဖြစ်ပါဘူးကွယ်၊ ဒီအချိန်က နုတို့အိပ်ချိန်လည်း မဟုတ်ပါဘူး၊ တစ်ခုခုသောက်ဦးမလား မောင်ကောင်းမြတ်"

"မသောက်တော့ဘူး အန်တီ၊ မနက်အစော သွားစရာ လည်းရှိလို့ စောစောအိပ်ရာဝင်ခွင့်ပြုပါ"

"ကောင်းပါပြီကွယ်"

"ဂွတ်နိုက် နု"

"ဂွတ်နိုက်"

ဒေါ်ခင်ခင်ထံမှ ခွင့်တောင်းပြီးသည်နှင့် နုကိုပါ တစ်ခါ တည်း နှုတ်ဆက်ကာ ကျော်ကောင်းမြတ် သူ့အခန်းရှိရာ အပေါ် ထပ်သို့ တက်ခဲ့သည်။

နုက ကျော်ကောင်းမြတ်ကို တစ်ခုခုပြောချင်ဟန် ပြင်လိုက်ပြီးမှ မာမီကို သတိရသွားကာ နှုတ်ပိတ်သွားသည်။

ကျော်ကောင်းမြတ်ဆိုတဲ့ လူကြီးကို နုပြောစရာရှိတာ အပြတ်ပြောပြီးပြီပဲ။ နု လက်စွပ်လေးကို ပြန်ရှာတွေ့တာနဲ့ နုကို ပြန်လာပေးမှာပါဟု သူမဘာသာ တိတ်တဆိတ်လေး စိတ်ချယုံ ကြည်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကျော်ကောင်းမြတ်မှာ သူ့ကြောင့် ပျောက်သွားသည့် နု လက်စွပ်လေးကို သူ့အိပ်ခန်းထဲမှာ အပြေးလေးရှာဖွေရင်း လက်စွပ်လေးအကြောင်း ပြောပြသည့် နုစကားများကို ပြန်လည်ကြားယောင်ကာ သူ့အဖြစ်သူ နှစ်ခြိုက်သဘောကျစွာ ကျိတ်ရယ်လိုက်မိသည်။

"အယွန်း…ယွန်း…ယွန်း"

သူ့ကြောင့် ပျောက်သွားသည့် လက်စွပ်လေးက နု အဘွား ရဲ့ လက်စွပ်ဖြစ်ရုံမက ထိုလက်စွပ်လေးမှာ လှပသော အချစ်ဇာတ်လမ်းလေးတစ်ပုဒ် ရှိနေခဲ့သည်။

ထိုအချစ်ဇာတ်လမ်းလေး၏ ပိုင်ရှင်က နု အဘိုးနှင့် အဘွားတို့၏ အချစ်ဇာတ်လမ်းဖြစ်ကာ အခုတစ်ဖန် ဘွား၏မြေးငယ်လေးနုနှင့် ကျော်ကောင်းမြတ်တို့၏ အချစ်ဇာတ်လမ်းလေး တစ်ခု ဖြစ်လာဖို့ အချစ်မြှားနတ်မောင်လေး ဖြစ်ဦးတော့မည်ထင်သည်။

နုရယ်…





နု ချစ်မိပြီ ကိုကို့အချစ်ရယ်။

ကျော်ကောင်းမြတ် ရင်ထဲမှ လှိုက်လှဲစွာ ချစ်မိခြင်းကို စိတ်ထဲက တိုးတိတ်စွာ ဆိုမြည်လိုက်သံကို မည်သူမျှမကြားသလို မည်သူမှလည်းမသိ။ ကျော်ကောင်းမြတ်ကိုယ်တိုင်သည်ပင်လျှင် နုဆိုသည့် ကလေးမလေးကို ချစ်မိခြင်းအတွက် သူ့ကိုယ်သူ အံ့ဩနေမိသည့်အဖြစ်ပါ။

နုက သူ့ကိုခေါ်တော့ ဦးလေးတဲ့။ နုထံမှ ထိုအခေါ်အဝေါ်ကပင် သူနှင့်နုတို့ကြားက ကွာဟမှုကို ဖော်ထုတ်နေသလို ထင်ရသည်။ သူ့ရင်ထဲက အချစ်ကို နုသိအောင် ဖွင့်ပြောဖို့ရာပင် ကျော်ကောင်းမြတ်ဆိုသည့်သူမှာ သတ္တိမရှိ။ နုက သူ့ကို လှောင်ရယ်လိုက်မှာစိုးနေသည်။ အထူးသဖြင့် နုက သူ့ကို မုန်းသွားမှာကြောက်နေသည်။

ဖွင့်မပြောဘဲလည်း မနေနိုင်။

တစ်ချိန်လုံးမျိုသိပ်ပြီး ချစ်သူလှလှလေးကို ချစ်မြတ်နိုးစွာ လက်ပိုက်ကြည့်နေရုံနှင့်လည်း မဖြစ်။ နုနားမှာ သူမနှင့် သက်တူရွယ်တူတွေ ဝိုင်းဝိုင်းလည်နေမှာကို သူသိသည်။ လူငယ်ချာတိတ်လေးတွေနှင့်အပြိုင် နု အချစ်ကို ရယူပိုင်ဆိုင်ဖို့ ကြပြန်တော့လည်း သူ့ကိုယ်သူ လိပ်ပြာမလုံချင်။

ထိုထက်ပိုသည်က ,နုကို လက်လွှတ်ဆုံးရှုံးမခံနိုင်ခြင်းဖြစ်သည်။ နုကို သူပဲ ပိုင်ဆိုင်ရမည်။ ကျော်ကောင်းမြတ်၏ အိမ်သူသက်ထား ဇနီးမယားက နုပဲဖြစ်ရမည်။ နုနယ်လန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



သော အသွင်ဖြင့် နုအသွင်လေးက မိုးသောက်နံနက်ခင်းလို ချိုမြိန်လတ်ဆတ်နေဖျိုနေသည်။

ကျော်ကောင်းမြတ်တစ်ယောက်တည်း ကုန်ဆုံးခဲ့ရသည့် အထီးကျန်အချိန်တွေကို ချစ်သူလေးနှင့် အတိုးချဖြတ်သန်း ကုန်ဆုံးစေလိုသည်။ ပြီးတော့ သားသမီးရတနာတွေ အများကြီးနှင့် ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိ ပြီးသော သီရိဂေဟာလေးကို တည်ဆောက်မည်။

နုကလည်း သူ့ကိုချစ်၊ သူကလည်း နုကိုမြတ်နိုးနှင့် ကျော်ကောင်းမြတ်၏ ဘဝလောက် ပျော်စရာကောင်းသောဘဝ ရှိဦးမည်နည်း။ ကျော်ကောင်းမြတ်က သူ့အတွေးသူကျိတ်ပြီး နှစ်သက်ကြည်နူးခြင်းတွေနှင့် ပီတိဖြစ်နေရာ ဖူးစာရေးလက်စွပ်လေးကို အခန်းအနှံ့ အချိန်အတော်ကြာ ပိုက်စိတ်တိုက်ရှာကြည့်ပေမယ့် ဘယ်နေရာမှမတွေ့။

ကျွတ်…။

ပျောက်သွားပြီဆိုရင်တော့ ပြဿနာပဲ။

နု ကြည့်ရတာ ဒီလက်စွပ်လေးကို အတော်မြတ်နိုးပုံပဲ။

ဘယ်မှာမှလည်း ရှာမတွေ့ဘူး။

အခန်းထဲမှာ မရှိရင်တော့ တခြားတစ်နေရာရာမှာ ပျောက်ခဲ့ပြီထင်တယ်။

ဘယ်နေရာမှာများ ဖြစ်မှာပါလိမ့်။

ခေါင်းနောက်အောင် စဉ်းစားအဖြေရှာပါသော်လည်း





သူလိုချင်သည့် အဖြေကို ရှာမတွေ့။ နောက်ဆုံး မောမောနှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်နှင့် နုက သူ့အိပ်မက်ထဲမှာ အချစ်နတ်သမီးလေးအဖြစ် ရောက်ရှိလာပြန်သည်။

ချစ်လိုက်ရတာ နုရယ်။

သူပျော်နေသလောက် နုလည်း ပျော်နေသည်။ သူ့ရင်ထဲက ကြည်နူးခြင်းပီတိတွေ လှိုက်ဖြာနေချိန်မှာ နုက ရုတ်တရက် ကောက်ခါငင်ကာ တခြားကောင်လေးတစ်ယောက်ရှိရာကို ပြုံးခနဲ ထွက်သွားသည်။ သူလိုက်ခေါ်ပေမယ့် နုက လှည့်မကြည့်။

"နု"

"နု"

နာကျင်ကြေကွဲစွာနှင့်နေသော အသံတုန်တုန်ရီရီကြီးဖြင့် နုအမည်ကို သူ အကျယ်ကြီး ဟစ်ခေါ်ရင်း နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ သူလန့်နိုးလာတော့ မိုးစင်စင်လင်းနေရုံမက နေတောင် အတော်မြင့်နေတာကို တွေ့ရသည်။

အိပ်ရာက ကမန်းကတန်းထပြီး ရေချိုးခန်းထဲ အပြေးအလွှား ဝင်ခဲ့သည်။ ရေချိုးရင်း နုလက်စွပ်လေးအကြောင်း ပြန်စဉ်းစားကြည့်နေမိသည်။ နုအတွက် ထိုလက်စွပ်လေးက အရေးကြီးသလို သူ့အတွက်လည်း အရေးကြီးသည်။

ထိုလက်စွပ်လေးက သူနဲ့နုကို မေတ္တာပေါင်းကူးပေးမည့် မြှားနတ်ရှင်။ အိတ်ထဲမှာ ထည့်ထားသည့် လက်စွပ်လေးက ဘယ်လိုဖြစ်ပြီး ရှာမတွေ့နိုင်ဖြစ်ရသနည်း။ မှန်တင်ခုံရှေ့မှာရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ စေ့စေ့လေးအကြည့် ကျော်ကောင်းမြတ် ခေါင်းထဲမှာ လက်ခနဲဖြစ်သွားသည်။

"ဟာ"

နု လက်စွပ်လေး ဘယ်မှာရှိတယ်ဆိုတာ သူသိပြီ။ ဝမ်းသာပျော်ရွှင်စွာပင် နု လက်စွပ်လေး ထည့်ထားသည့် ခေါင်းအုံးကို ဆွဲယူလိုက်ပြီး အဖြူရောင် ခေါင်းအုံးစွပ်ထဲ လျှင်မြန်စွာ စမ်းသပ်ရှာဖွေလိုက်သည်။

တွေ့ပြီ။

နု လက်စွပ်လေးကို အိပ်ရာထဲရောက်မှ ထုတ်ကြည့်ရင်း သူ အိပ်ရာထဲ ပြန်မထည့်ဖြစ်တော့ဘဲ အိပ်မက်မင်းသမီးအဖြစ် သူ့အိပ်မက်ထဲ ဝင်ရောက်လာစေဖို့ နုလက်စွပ်လေးကို ခေါင်းအုံးထဲမှာ ထည့်ထားခဲ့မိသည့် အဖြစ်လေ။ မနက်ရောက်တော့ အလုပ်ကိစ္စတွေနှင့် နု လက်စွပ်လေးကို မေ့ထားခဲ့ရာမှ အခုမှ ပြန်သတိရမိသည်။

နုက သူမလက်စွပ်လေးကို တွေ့တာနှင့် ချက်ချင်း သူမကို ပြန်ပေးပါဟုဆိုထားသည့်အတွက် အဝတ်ကမန်းကတန်းလဲလိုက်ပြီး သူ့အခန်းထဲက ထွက်ခဲ့လိုက်သည်။

ပထမဆုံး နုအခန်းရှေ့ကို ရောက်သွားသည်။ အပေါ်ထပ်မှာ ဘယ်သူမှမရှိသဖြင့် သူ့အတွက် ပိုအဆင်ပြေသွားကာ နု အခန်းတံခါးကို ခေါက်လိုက်သည်။

"ခေါက်...ခေါက်"





"နု"

"နု"

အခန်းထဲက ဘာတုံ့ပြန်သံမှမကြားရ။

တံခါးကို တွန်းကြည့်တော့လည်း ပိတ်ထားသည်။ အခန်းထဲမှာ နုမရှိမှန်း သိလိုက်တာနှင့် နေရာက လှည့်ထွက်မည်အပြု...

"ဦးကောင်းမြတ်"

"ယု"

"နုကို ရှာနေတာလားဟင်"

"ဗျာ"

"နုအခန်းရှေ့မှာ နုနာမည်ကို ခေါ်နေသံကြားလို့ပါ၊ နုမရှိဘူးရှင့်၊ သူ့သူငယ်ချင်း ဖရက်ဒီနဲ့ အပြင်သွားကြတယ်"

"ဩော်"

"ကိစ္စရှိလို့လား ဦးကောင်းမြတ်"

"အထွေအထူးမရှိပါဘူးဗျာ၊ ကိုယ်အပြင်သွားတော့မယ်ဆိုတာ နှုတ်ဆက်ရုံပါ"

"နှုတ်ဆက်ရုံ"

"အင်း...ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပါပဲ"

"အဟွန်း"

အဓိပ္ပါယ်မဲ့ မလုံမလဲ တစ်ချက်ရယ်လိုက်သော သူ့ကို ယုက စိတ်ထဲမှာ ပို၍ သင်္ကာမကင်းဖြစ်သွားမိသည်။ နုနှင့် ဦးကျော်ကောင်းမြတ်ကို ညတုန်းကလည်း ခြံထဲမှာ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် နီးနီးကပ်ကပ် အနေအထားနှင့် စကားပြောနေကြတာ အမှတ်မထင် ယု ပြတင်းကတစ်ဆင့် လှမ်းမြင်လိုက်ရသည့်အတွက် စိတ်မှာ တစ်မျိုးဖြစ်သွားခဲ့ရသေးသည်။

အခုတော့ ယု အထင်တွေက မှန်နေပြီလားမပြောတတ်။ ကျော်ကောင်းမြတ်ကို နှ အခန်းတံခါးရှေ့မှာ နှအမည်ကို ခေါ်လျက်သား တွေ့နေရပြန်ပြီ။ ရုတ်တရက် ယု သူ့နားကို ရောက်သွားတော့ ကျော်ကောင်းမြတ်အသွင်က မလုံမလဲလိုလို၊ ဘာလိုလို။

ကြည့်ရတာ နှအပေါ်မှာ ဦးကျော်ကောင်းမြတ် ပုံစံက မရိုးသားဟု ထင်သည်။ အသေအချာ လက်ဆုပ်လက်ကိုင်မပြနိုင်ပေမယ့် ယုထင်ရင်တော့ လွဲခဲသည်။

"အလုပ်သွားမလို့လား ယု"

"ဟုတ်ကဲ့"

"မောနင်း မောင်ကောင်းမြတ်"

"မောနင်း အန်ကယ်"

"လာလေ…အန်ကယ်တို့လည်း အခုပဲ နိုးကြတာ၊ မနက်စာ တစ်ခါတည်း အတူစားလိုက်ကြရအောင်"

"ဟုတ်ကဲ့ အန်ကယ်"

ဒေါ်ပုနှင့် အစမ်း ပြင်ဆင်ပေးသည့် နံနက်စာကို လေးယောက်အတူစားရင်း အလုပ်အကြောင်း ဟိုအကြောင်း ဒီအကြောင်း ပြောဆိုဖြစ်ကြသည်။

"အေးကွာ…အန်ကယ်လည်း အခုတလော ကျန်းမာ





ရေးက ဘယ်မကောင်းချင်ဘူး၊ ဆရာဝန်ကတော့ အနားယူဖို့ ပြောထားပေမယ့် အလုပ်တွေကို ပြစ်မထားနိုင်တာနဲ့ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး ဖြစ်နေတော့တာပဲ"

"ဒါကြောင့်လည်း စိတ်ချရမယ့် လူတစ်ယောက်လက်ထဲ လုပ်ငန်းအားလုံး လွှဲပြောင်းပြီး အေးအေးဆေးဆေးသာ အနားယူဝစ်လိုက်ချင်တဲ့ စိတ်တွေ မကြာခဏဖြစ်မိတယ်"

"တစ်နေ့တော့ ဖြစ်လာမှာပေါ့ အန်ကယ်၊ လောလောဆယ် အန်ကယ်တို့ ကျန်းမာရေးအတွက် အနားယူချင်တယ်ဆိုရင်တော့ ကျွန်တော့်ရဲ့ အထွာဝါစံအိမ်ကြီးကို ကျွန်တော်နဲ့အတူ အလည်လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါရစေ"

"အန်ကယ်တို့ တစ်မိသားစုလုံးပေါ့၊ အနားယူရင်း အပန်းဖြေရင်း လုပ်ငန်းခွင်ထဲမှာ ဖိစီးနေတဲ့စိတ်တွေကို လျှော့ချပစ်လိုက်ကြတာပေါ့ခင်ဗျာ"

"မောင်ကောင်းမြတ် ပြောတာလည်း မဆိုးဘူးနော် ဒက်ဒီကြီး၊ သူပြောသလို စိတ်ရောလူပါ တစ်ပတ်ဆယ်ရက်လောက် ဖြစ်ဖြစ် အနားယူရင်း ခရီးထွက်ကြမလား"

"မာမီကြီး သဘောကရော"

"ဒက်ဒီကြီး ဆုံးဖြတ်တဲ့အတိုင်း ဖြစ်ရမှာပေါ့ရှင်၊ လူနွှာကိုယ်ကြီး ကျန်းမာဖို့ထက်တော့ ဘယ်အရာကမှ အရေးမကြီးပါဘူး"

"အေးလေ…ဒီလိုဆိုရင်လည်း မောင်ကောင်းမြတ် ဖိတ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာကို လက်ခံလိုက်ကြရုံပေါ့"

"ကျေးဇူးတင်ပါတယ် အန်ကယ်"

"အန်ကယ်တို့ကသာ ကျေးဇူးတင်ရမှာပါကွာ"

မမျှော်လင့်ဘဲ ဦးသင်းမောင်တို့ မိသားစု ကျော်ကောင်းမြတ်၏ အဝေးဝါစံအိမ်ကြီးရှိရာကို လိုက်လည်ဖို့ ဖြစ်လာသည်။ အဓိကအကြောင်းအရင်းက ဦးသင်းမောင်၏ ကျန်းမာရေးဖြစ်သည်။

အခုတလော ဦးသင်းမောင်၏ ကျန်းမာရေးက မကောင်းလှ။ မကြာခဏ ဆရာဝန်နှင့် ပြသပြီး ဆေးကုသမှု ခံယူနေရသည်။ ဦးသင်းမောင်၏ရောဂါက နှလုံးရောဂါ၊ ဆရာဝန်ကိုယ်တိုင်က ဦးသင်းမောင်ကို အနားယူဖို့ ပြောနေပေမယ့် အခုထိ အနားမယူဖြစ်သေး။ ကျော်ကောင်းမြတ်၏ ဖိတ်ခေါ်မှုကြောင့် အနားယူဖို့ ဖြစ်လာရပေမယ့် သူ အနားယူမည့်နေရာသို့ မိသားစုအားလုံး အတူ လိုက်ပါရမည်ဖြစ်သည်။

ထိုအတွက် အပျော်ဆုံးလူက ကျော်ကောင်းမြတ်ကိုယ်တိုင် ဖြစ်သည်။ နုထံမှ ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်ရယူနိုင်ရန် သူနှင့်နု ကြားမှာ ရင်းနှီးခင်မင်မှု လိုအပ်နေသည်။ သူ့အလုပ်ကိစ္စတွေအားလုံး ပြီးလုပြီမို့ ပြန်ရတော့မည်။

နုနှင့်သူ့ကလည်း အခုချိန်ထိ တာတစ်ခုမှ ခင်မင်ရင်းနှီးမှု မရှိသေး။ သူ့ကလည်း နုမေတ္တာကို ပိုင်ပိုင်ရယူချင်နေသည်။ နုကို ထားရစ်ခဲ့ရမှာ လုံးဝစိတ်မချနိုင်ဘဲ နောက်ဆံငင်နေတုန်း အခုလို အကြံဉာဏ်စိတ်ကူးရခဲ့ခြင်းဖြစ်သည်။





နုသာ သူနှင့်အတူ ပါမည်ဆိုလျှင် ဘယ်နေရာကိုပဲ သွားရသွားရ ကျော်ကောင်းမြတ်အတွက်တော့ ပျော်စရာတွေချည်း ဖြစ်နေတော့မှာ သေချာသည်။ နုထံမှ ချစ်မေတ္တာကို ပိုင်ဆိုင်ခွင့်ရသည်နှင့် တစ်ပြိုင်နက် နုကို သူ့မမိဘတွေထံမှာ တောင်းရမ်းလက်ထပ်မည်။ နောက်တော့ သားတွေသမီးတွေနှင့် သူတို့မိသားစုဘဝက ပျော်စရာအတိ။

ကျော်ကောင်းမြတ်က သူ့စိတ်ကူးနှင့်သူ လူက မြူးကြွနေသည်။ သူ့ဘဝတစ်သက်တာမှာ မိန်းကလေးတစ်ယောက်နှင့် ပတ်သက်ပြီး ပထမဆုံးသော လှုပ်ရှားမှုရင်ခုန်သံ ဖြစ်သည့်အတိုင်း ဦးသင်းမောင်တို့ မိသားစုအဝေးဝါစံအိမ်ကို သူနှင့်အတူ လိုက်ပါလာမည်ဖြစ်ကြောင်း အိမ်ထိန်းကြီး ဦးလှိုင်ထံ ချက်ချင်းဖုန်းဆက် အကြောင်းကြားပြီး သူ့အိမ်ကြီးကို အလှဆုံးပြင်ဆင်ရှင်လင်းထားရန် အမိန့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"နု"

"ဟင်…ဦးလေး"

"တွေ့ပြီလားဟင် ဦးလေး၊ တွေ့ပြီလား"

နုက သူ့ကို ဦးလေးချင်းထပ်အောင် ခေါ်နေတာကို နားထောင်ပြီး စိတ်ညစ်သွားသူက ကျော်ကောင်းမြတ် ဖြစ်သည်။ သူကြားချင်သည့်က နုထံမှ ကိုကိုဆိုသည့်စကားသံ ချိုချိုလေးဖြစ်ပေမယ့် နု နှုတ်ခမ်းလှလှလေးက အဆက်မပြတ်ခေါ်နေသည်က ဦးလေးချည်းဖြစ်နေတော့ ခက်သည်။

"ဒီမှာလေ နုလက်စွပ်"

"ဟယ်"

"နုလက်စွပ်လေး ပြန်တွေ့ပြီ၊ ဝမ်းသာလိုက်တာ၊ ပေး…ပေး"

"ဟေး…ဒီလိုလွယ်လွယ်နဲ့ ပြန်ပေးခိုင်းလို့ ဘယ်ရမလဲ"





"ဟင်"

နုက အားရဝမ်းသာ ကျော်ကောင်းမြတ်လက်ဖဝါးပေါ် တင်ပြထားသည့် လက်စွပ်လေးကို လှမ်းအယူလိုက်မှာ ကျော်ကောင်းမြတ်က အလွယ်တကူ ရှောင်ထွက်လိုက်သဖြင့် နုမှာ သူမလက်စွပ်လေးကို ပြန်မရဘဲ ခပ်အမ်းအမ်းအမူအရာလေးနှင့် သူမမျက်စိရှေ့က ကျော်ကောင်းမြတ်ဆိုသည့် လူကြီးကို မော့ကြည့်လိုက်မိသည်။

အတော်အရပ်မြင့်တဲ့ လူကြီးပါလား။

နုအရပ်က သူ့ရင်ဘတ်တစ်နေရာမှာပဲ ရှိတာမို့ သူက နုကိုပြန်ကြည့်တော့ ခေါင်းငုံ့ကြည့်ရသည့်အဖြစ်ပါ။

"နုက ဘာလုပ်ပေးရမှာလဲ"

"ကိုကိုလို့ ခေါ်မှ ပြန်ပေးမယ်"

"အာ"

ကျော်ကောင်းမြတ်စကားအဆုံးမှာ နုပါးလေးတွေ ရဲခနဲဖြစ်သွားသည်။ ဘယ်လိုကြီးလဲ။ သူနဲ့နုက ဘာမှဆိုင်တာလည်း မဟုတ်ဘဲနဲ့ သူ့ကို ကိုကိုလို့အခေါ်ခိုင်းနေပါလား။

"ကိုယ့်အစ်ကိုအရွယ်မို့ ကိုကိုလို့ခေါ်ခိုင်းတာ၊ ဦးလေးဆိုတာကြီးကို လုံးဝမကြားချင်ဘူး"

"ကိုကိုလို့ခေါ်ပါ"

"ခေါ်ချင်ပါဘူး"

"ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို…ဦးလေးကြီးက နုကိုကိုမှ မဟုတ်တဲ့ဟာကို"

နုက မကျေမနပ် မျက်စောင်းရွယ်ပြီးဆိုလိုက်တော့ သူ ရယ်လိုက်သည်။ နုက ဘယ်လိုနေနေ ချစ်စရာ။ နုထံမှာ ဟန်ဆောင်ခြင်းမရှိ။ ဒါသည်ကပင် သူ့အတွက် နုကို ပို၍တန်ဖိုးထားရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်ဆိုလည်း မမှားပါ။

"အခုမဖြစ်လည်း နောက်တော့ နုကိုကို ဖြစ်ချင်ဖြစ်လာမှာပေါ့ဗျာ မဟုတ်ဘူးလား"

"ဟုတ်ပါဘူး"

"နုက ကိုယ့်ကို နုကိုကို မတော်ချင်ဘူးလား"

"အင်"

ကျော်ကောင်းမြတ်၏ စကားအဓိပ္ပါယ်က တစ်မျိုးဆောင်နေတာကို မရိပ်မိသော နုက ကျော်ကောင်းမြတ်ဆိုသည့် လူကြီး၏ စကားအဓိပ္ပါယ်ကို တစ်မျိုးကောက်ကာ မမယုနှင့် ပတ်သက်ပြီး နုကို အစ်ကိုမတော်ချင်ဘူးလားဟု မေးခြင်းများလားဟု တွေးကာ မျက်တောင်တစ်ဖျပ်ဖျပ် ခတ်သွားသည်။

မမယုနှင့် ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီး လက်ထပ်ဖြစ်လျှင်တော့ နုက သူ့ကို မမ၏ခင်ပွန်း နုရဲ့အစ်ကိုအဖြစ် မလွဲမသွေ လက်ခံရမည်က အသေအချာပါ။

ကြည့်ရတာ ဒီလူကြီး မမယုကို ချစ်နေပြီဟု တွေးလိုက်သည်။ ဒါကြောင့် နုကို တစ်ဖက်လှည့်နည်းနဲ့ သူနဲ့မမယုကို သဘောတူမတူ မေးတာပဲ ဖြစ်ရမည်ဟု သူ့ဘာသာ အဓိပ္ပါယ်





ကောက်လိုက်မိသဖြင့် နုမှာ မမယုမျက်နှာနှင့်…

"နုရဲ့ကိုကို တော်ရမယ်ဆိုရင်လည်း တော်ချင်ပါတယ်"

"တကယ်နော်"

"တကယ်ပေါ့"

"နုလည်း သဘောတူတယ်ပေါ့ ဟုတ်လား"

"အင်း"

"မမယုနဲ့ ဦးလေးကို နု သဘောတူတယ်၊ မမနဲ့လက်ထပ်ပြီးရင်တော့ ဦးလေးကြီး ခေါ်စေချင်သလို ကိုကိုလို့ နု ပြောင်းခေါ်ပါ့မယ်၊ အခုတော့ ဦးလေးက ဦးလေးပဲ"

"ဟာကွာ"

"ကဲ…နု လက်စွပ်ပြန်ပေးတော့"

"နုရေ"

"ဟော…ဟိုမှာ မမယုလာနေပြီ၊ ဦးလေးကြီးက မမယုကို သဘောကျနေတဲ့အကြောင်း ကြားထဲက နုပဲ ပြောပေးရမလားဟင်"

"ဟာ…လုံးဝမပြောနဲ့နော် ချာတိတ်၊ နု ထင်သလို မဟုတ်ဘူးဗျာ"

ကိုယ်စိတ်ဝင်စားနေတာ ကိုယ်တကယ်ချစ်မြတ်နိုးနေတာ ယောဒီက နုလေးတစ်ယောက်တည်းဆိုသည့် စကားကို ကျော်ကောင်းမြတ် နှုတ်ဖျားက ထုတ်ဖော်ရန် အခွင့်မသာခဲ့ပါ။ ယုတ္တ မိတ်ကပ်ရောင်ခပ်ဖျော့ဖျော့ ဝတ်စုံလှလှလေးဖြင့် သူတို့နှစ်ယောက်ရှိရာသို့ အပြုံးတစ်စနှင့် ရောက်ရှိလာသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"နုအတွက် ဖုန်းလာနေတယ် နု"

"ဟုတ်"

နုက သူမလက်စွပ်ကို ရပြီးမို့ ပျော်လို့ရွှင်သောမျက်နှာ အမူအရာဖြင့် သူတို့နားက ကလေးတစ်ယောက် အပြေးလေး ထွက်ခွာသွားရာ ကျော်ကောင်းမြတ်နှင့် ယုတို့နှစ်ယောက်သာ မျက်နှာချင်းဆိုင် ကျန်ရစ်ခဲ့သည်။

"ဦးကောင်းမြတ်ကို နု ဘာတွေလာဂျီကျနေတာလဲ"

"ဟင့်အင်း...ကိုယ့်ကို နုက ဘာဂျီမှမကျပါဘူးဗျာ"

"ဟုတ်ရဲ့လားရှင်...ဦးကောင်းမြတ်လက်ထဲက နု တစ်ခု ခုကို ဖွတ်အတင်းယူသွားသလားလို့ပါ"

"ဪ...အဲဒါက တခြားပါ၊ နုကိုရော ခရီးထွက်မယ့် အစီအစဉ် ပြောပြီးပြီလား"

"ဒီနေ့မှ ပြောမှာလေ၊ ကိုယ်က စိတ်ထဲစီစဉ်နေပေမယ့် အတိအကျ ဆုံးဖြတ်ဖို့ကြတော့ သေချာမှဖြစ်မှာဆိုတော့လေ အခုတော့ ဒက်ဒီဆန္ဒအတိုင်းပဲ လုပ်ကြဖို့ အားလုံးသဘောတူသွား ပြီဆိုတော့ နုကို ပြောရမှာပေါ့"

"နုက ခရီးထွက်ရတာ သဘောကျတယ်မဟုတ်လား"

"ဒါပေါ့...ခရီးထွက်ရမယ်ဆိုတာနဲ့ နု သိပ်ပျော်မှာ လုံးဝ ပဲ"

"နုရယ်"





ကျော်ကောင်းမြတ်က သူ့စိတ်ကူးနှင့်သူ ဖြစ်သလို ယုက လည်း သူမအကြံနှင့်သူမ ဖြစ်ပါသည်။ ဒက်ဒီပြောတုန်းက ဦးကျော်ကောင်းမြတ်ဆိုသည့် လူကို ဤမျှငယ်ရွယ်လိမ့်မည်ဟု မထင်ခဲ့ချေ။ ကျော်ကောင်းမြတ်၏ ရုပ်ရည်မှာ မင်းသား တစ်ယောက်လို စာဖွဲ့၍ မကုန်နိုင်အောင် အချောအလှကြီးမဟုတ် သော်လည်း ယောကျ်ားပီသ၍ ကြည့်ကောင်းသော သူတစ်ယောက် ဆိုသည်ကိုကား ငြင်းပယ်စရာမရှိ။

အိမ်ထောင်ဘက်တစ်ယောက် အနေနှင့် သင့်တော်သူ ဖြစ်သော်လည်း ချစ်သူတစ်ယောက်အနေနှင့်မူ ဦးကောင်းမြတ်အပေါ် မှာ ဘာခံစားချက်မှ ခံစား၍မရ။ သို့ပါသော်လည်း ကျော်ကောင်း မြတ်ဘက်မှ ယုကို သဘောကျ၍ လိုလိုလားလား တောင်းခံလာ မည်ဆိုလျှင်ကား ငြင်းပယ်စရာ အကြောင်းပြချက်မရှိချေ။ မိဘများ အလိုဆန္ဒအတိုင်း လိုက်လျောအတည်ပြု ခေါင်းညိတ်ရုံမျှသာ ဖြစ် သော်လည်း ဦးကျော်ကောင်းမြတ်က ယုအပေါ်မှာ သာမာန်မိတ်ဆွေ ထက် ဘာမှမပို။

တခြားထူးထွေရာ စိတ်ကူးမရှိလျှင်လည်း ယုက ဝမ်းနည်း မည့်သူမျိုး မဟုတ်ချေ။ ကျော်ကောင်းမြတ်၏ ဖိတ်ကြား ချက်ဖြင့် အလှ္ဘဝါစံအိမ်ကြီးကို အလည်လိုက်သွားကြခြင်းဖြင့် နှစ်ဦးနှစ်ဖက် ရင်းနှီးမှုများရကာ ယု အလိုရှိသော အဖြေကိုလည်း ရရှိမည်ဟု ယုံကြည်ထား၏။

ယုသည် ခြံထဲမှာ ကျော်ကောင်းမြတ်ဖြင့် လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း စကားပြောနေခိုက် ခြံထဲသို့ မောင်းဝင်လာသည့် ကားတစ်စီး ကြောင့် လှမ်းလက်စခြေလှမ်းလေးများပါ သူ့အလိုလို ရပ်တန့်သွား၏။

ကားပေါ်တွင် လိုက်ပါလာသူက ယုထံမှ ချစ်ခြင်း မေတ္တာကို ခွဲကောင်းကောင်းဖြင့် နည်းမျိုးစုံသုံးပြီး တောင်းခံနေသော ယု၏ အတန်းဖော်သူငယ်ချင်း ဒေါက်တာစည်သူ။

"ယု"

"သြော်...စည်သူ လာလေ ဘယ်ကလှည့်လာတာလဲ"

"ဒီကိုပဲ တမင်လာတာ ယု၊ တို့မွေးနေ့ဖိတ်စာ လာပို့တာ"

"သြော်"

ယုသည် စည်သူလက်ထဲမှ ဖိတ်စာကဒ်ဖြူဖြူလေးကို ဟန်မပျက် အသာဆွဲယူလိုက်သည်။ စည်သူကို ယုအိမ်ကို လာလည်ဖို့ ဘယ်တုန်းကမှ မဖိတ်ခေါ်ဘူးပါ။ ဒါကလည်း ယု အပေါ်မှာ စည်သူဘက်က မရိုးသားတာတွေကို သိပြီးထဲက ဖြစ် သည်။

စည်သူကို ယုဘက်က မချစ်နိုင်ကြောင်း ပြတ်သားစွာ ငြင်းခဲ့ပြီး ဖြစ်ပေမယ့် စည်သူက လုံးဝဖွဲ့မလျှော့ပါ။ ယုတွင် ပိုင်ဆိုင်သူမရှိမခြင်း စည်သူက ယုကို လွတ်လပ်သူတစ်ယောက်ထံ မှ အချစ်ကို ပိုင်ဆိုင်ရယူခွင့် ကြိုးစားနေမည်ဟု ဆိုခဲ့သူဖြစ်သည်။

ဆိုခဲ့သည့်အတိုင်းလည်း ယုဘက်က ဘယ်လောက်ပဲ





ပြတ်သား ပြတ်သား စည်သူဘက်က ဘာတစ်ခုမှ လက်မလျှော့ ခဲ့။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ ယု သူငယ်ချင်း ဒေါက်တာ စည်သူပါ၊ စည်သူ ဒါ ဦးကျော်ကောင်းမြတ်၊ ဒက်ဒီရဲ့မိတ်ဆွေ"

"တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ"

"ကျွန်တော်လည်း ဝမ်းသာပါတယ်၊ ဖိတ်စာလေးတွေ ဆက်ဝေရမှာမို့ ကျွန်တော့်ကိုခွင့်ပြုပါ၊ ယု တို့သွားမယ်"

"ကောင်းပြီ"

စည်သူက ယုနားမှာ မားမားကြီးရပ်နေသော ကျော် ကောင်းမြတ်ကို စူးစမ်းအကဲခတ်သော မျက်လုံးများဖြင့် ကြည့်သွား မှန်း ယု သိပါသည်။ စည်သူအကြည့်က မိတ်ဆွေတစ်ယောက် ၏ အကြည့်မျိုးမဟုတ်။ ပြိုင်ဘက်တစ်ယောက်၏ အကြည့်မျိုးဆို လျှင် ပိုမှန်မည်လား မပြောတတ်ပါ။

"ယု သူငယ်ချင်းက လူချောပဲ၊ မိန်းကလေးတွေ ဝိုင်းဝိုင်း လည်နေမှာပဲ ထင်တယ်ဗျာ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ယုက အဲဒါတွေ စိတ် မဝင်စားလို့မသိဘူး"

ယု ခပ်ပြတ်ပြတ်ပဲ တုံ့ပြန်လိုက်သည်။ လှပသော ယုနှင့် ချောမောသော စည်သူတို့ တစ်ကျောင်းလုံးရှိ သူငယ်ချင်းတွေက နတ်ဖက်သည့်စုံတွဲအဖြစ် ဝိုင်းဝန်းသတ်မှတ်ကြပေမယ့် ယုက စည်သူ့အချစ်ကို မတုံ့ပြန်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း အကြောင်းရှိပါသည်။

ယုအပေါ်မှာ အရှုံးအရှုံးဖွဲ့လမ်းနေသော စည်သူ့ကို ယုရင်ခွဲမှာ တိတ်တခိုးလေး တွယ်တာမြတ်နိုးမိနေတာ မှန်ပေမယ့် ညည်သူ့မာမီက စည်သူ့ဒက်ဒီ၏ နံပါတ်တစ်ခု ဖြစ်ခဲ့သည်။

စည်သူ့ဒက်ဒီက ငွေကြေးချမ်းသာပြည့်စုံသလောက် မိန်းမတွအမျှားကြီး ယူထားသူ။ စည်သူတို့သားအမိကို လိုအပ်တာမရှိအောင် ပေးကမ်းထောက်ပံ့ထားပေမယ့် မယားငယ်၏သားဆိုသည့် အရိပ်မည်းကြီးနှင့် ရှုပ်ထွေးပွေလီလှသော စည်သူ့မိသားစု ဝန်းကျင်နှဲ့စည်းပုံကို မကြိုက်သဖြင့် ယု ရင်ထဲက အချစ်တွေကို ဘယ်သူမှ မသိအောင် ကျိတ်မှိတ်မျိုသိပ် ထိန်းသိမ်းထားခဲ့သည်။

ယု လိုချင်သည့် ဘဝက ထိုဘဝမျိုးမဟုတ်။ ယုအနာဂါတ်ကို လူတွေဝိုင်းပြီး လက်ညှိုးထိုးမှာကိုလည်း အလိုမရှိ။ ပြီးတော့ စည်သူက သူ့ဒက်ဒီနှင့် တစ်ထပ်တည်း တူသူဖြစ်သည်။

ရှမ်းရည်တူသလို စိတ်ဓာတ်ပါတူလျှင် ယုတည်ဆောက်ရမည့် စိတ်ကူးယဉ်အနာဂတ်မှာ တွေးမင်တွေးဖို့စရာမရှိ။ အချစ်တစ်ခုထဲနှင့် ယု ကြိုးစားတည်ဆောက်ထားသည့် တန်ဖိုးကြီးလှသော ဂုဏ်သရေရှိဘဝမျိုးကို ယု မစွန့်လွှတ် မလဲလှယ်နိုင်။

ကျောက်ကောင်းမြတ်နှင့် လမ်းခွဲပြီး ယု သူမအိပ်ခန်းကို ရောက်တော့ မာမီက ယုအခန်းကို ရောက်လာသည်။

"ဘယ်လိုလဲ သမီး၊ မောင်ကောင်းမြတ်တို့ ဘယ့်နှယ့်သဘောရသလဲ"





"မဆိုးပါဘူး မာမီ၊ ဘာဖြစ်လို့လဲ"

"အော်…သမီးစိတ်ထဲမှာ မောင်ကောင်းမြတ်အပေါ်မှာများ သဘောမကျနိုင်ဘူးလားလို့ပါကွယ်"

"အဲဒီကိစ္စတွေကို အေးအေးဆေးဆေးပဲ စဉ်းစားကြတာပေါ့မာမီ၊ ဒီလိုကိစ္စမျိုးဆိုတာက ဘာတစ်ခုမှ အလျှင်လိုပြီး ဆုံးဖြတ်လို့ရတာမှမဟုတ်ဘဲ"

"အေးလေ…ဒါကလည်း သမီးသဘောပါ၊ စောစောက မောင်စည်သူလာတယ်ဆို"

"မွေးနေ့ဖိတ်စာ လာပို့တာပါ မာမီ"

"စည်သူလေးက တော်ရှာပါတယ်ကွယ်၊ လိမ်လည်းလိမ္မာတယ်"

ယုက မာမီ့စကားကို တားမြစ်ခြင်းမပြုသလို ထောက်ခံခြင်းလည်းမပြုပါ။ စည်သူ့ကို ယု ချစ်သည်။ ချစ်တာတစ်ခုတည်းနှင့် လက်ထပ်ဖို့ဆိုသည်က ယု စိတ်ကူးထဲမှာပင်မရှိ။ အချစ်နှင့် လက်ထပ်ခြင်းတို့၏ ကွဲပြားခြားနားမှုကို ယု စိတ်ထဲမှာ အစောကြီးထဲက သဘောပေါက်နားလည်ထားသဖြင့် ပူးတွဲပြီး ခံစားနေစရာလည်းမရှိ။

မာမီ ဘာကိုဆိုလိုမှန်း ယု သိပေမယ့် စည်သူနှင့်ပတ်သက်ပြီး ယုဘက်က ဘာစကားမှ ပြောစရာမရှိတာမို့ အသာငြိမ်နေလိုက်သည်။

"သမီးညီမ နုကတော့ ခရီးထွက်ရမယ်ဆိုတာနဲ့ သိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ၊ အဝတ်တွေလည်း ဆိမ်းနေပြီ၊ သမီးကြီးကရော ဘာမှ ခလုပ်ရသေးရင် အစမ်းကို လွှတ်ပေးရမလား"

"ယုဘာသာလုပ်ပါမယ် မာမီ၊ ယု ပစ္စည်းတွေကို တခြား သူကိုင်တာ ထိတာ ယု မကြိုက်ဆုံးပဲ"

မာမီက ယုစိတ်ကို သိနားလည်စွာ ခေါင်းတညိတ်ညိတ် ဖြင့် ပြုံးလျက် ယုမျက်နှာလှလှလေးကို တစ်ချက်လှမ်းကြည့်သည်။

"အေးလေ…သမီးသဘောပါပဲ၊ မာမီသွားဦးမယ်"

"ဟုတ်ကဲ့"

"တူ…တူ…တူ"

အခန်းထဲက မာမီအတွက် ယု ဖုန်းလေးက အသံမြည် လာသဖြင့် ကောက်ယူနားထောင်လိုက်တော့ ဖုန်းက တခြားသူ ဖုန်းမဟုတ်။ စည်သူ့ဖုန်း ဖြစ်နေသည်။

"ဟဲလို"

"ယု…တို့ပါ၊ ယု သိပ်ရက်စက်တယ်ကွာ"

"ဘာရက်စက်လို့လဲ"

"ယုနားမှာ ဟိုလူရှိနေတာလေ"

"ဘာဆိုင်လို့လဲ"

"အခုမဆိုင်ပေမယ့် နောက်ဆိုင်နိုင်တာပဲမဟုတ်လား"

စည်သူ့အသံက မနာလိုခြင်း၊ သဝန်တိုခြင်းတွေနှင့် လိုက်လှဲတုန်ခါနေသည်။ စည်သူနှင့် ယုကြားမှာ တစ်ယောက်ကို တစ်ယောက် တရားဝင်ဖွင့်ပြောထားတာမရှိဘဲ စည်သူက ယုကို





သူ့ချစ်သူအဖြစ်နှင့်သာ တစ်လျှောက်လုံး ပြုမူပြောဆိုဆက်ဆံလာခဲ့ သူ ဖြစ်သည့်အတိုင်း ကျော်ကောင်းမြတ်ဆိုသည့်လူ ယုနားမှာရှိနေ ခြင်းကို ပူလောင်နာကျင်နေဟန်။

ဒါကိုပဲ ယုက သူ့ကို သဘောမကျနိုင်တာပါ။

"နင် အခုဖုန်းဆက်တာ အဲဒီကိစ္စလား စည်သူ"

"အေး…နင့်နားမှာ ငါကလွဲပြီး တခြားဘယ်ကောင်ကို မှ အတူယှဉ်တွဲပြီး မကြည့်နိုင်တာ နင်သိလား"

"တော်စမ်းပါ စည်သူရယ်၊ အဲဒါတွေလာပြောနေရ အောင် နင်နဲ့ယုက ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့…ယုဆိုတာ တို့ချစ်သူပဲ၊ တို့ချစ်သူ နားမှာ တခြားဘယ်ကောင်ကိုမှ မကြည့်နိုင်တာ ဆန်းလား"

"ဆန်းတယ်…ယုက နင့်ချစ်သူမဟုတ်ဘူး"

"ယု"

သူ့ထံမှ မခံမရပ်နိုင်စွာ အော်ဟစ်လိုက်သံက ယုနားထဲကို စူးရှစွာ ဝင်ရောက်သွားသည်။

"ဖြည်းဖြည်းခေါ်ပါ၊ ယုနားက အကောင်ကြီး ရှိသေး တယ်သိလား"

"တို့သိပ်ချစ်မှန်းသိလို့ ယုက တို့ကို တမင်အနိုင်ယူနေ တာမို့လား၊ တို့သိပါတယ်လေ"

ယု သူ့ကို ဘာမှပြန်မပြောဘဲ အသာငြိမ်နားထောင်နေ လိုက်သည်။ စည်သူနှင့် ယုကြားမှာ ဒီလိုမျိုးပြဿနာတွေက မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏာဆိုသလို ကြုံနေကျ။ ကြားနေကျဆိုလျှင်လည်း မမှားပါ။

"တို့ကို နည်းနည်းမှ ပြန်မချစ်နိုင်တော့ဘူးလား ယုရယ်၊ တို့လေ ယုကို သိပ်ချစ်လွန်းလို့ ရူးတော့မယ်သိလား"

"ယုကိုတို့ သိပ်ချစ်တယ်၊ ဒါကို ယု သိရဲ့နဲ့ တို့ကို နည်းနည်းမှ မသနားတော့ဘူးလား အချစ်ရယ်"

"ယု"

"တီ"

စည်သူထံမှ ရင်ကွဲသံကြီးနှင့် အော်ဟစ်နေတာကို ယု ဆက်နားမထောင်လိုတော့သဖြင့် ဖုန်းကိုပိတ်ပြီး အိပ်ရာပေါ် ပစ်တင်ထားလိုက်သည်။

စည်သူကတော့ ယုကို အသည်းနှလုံးမရှိသည့် မိန်းမတစ်ယောက်ဟု မြင်မှာသေချာသည်။ မတတ်နိုင်၊ လူတိုင်းက ကိုယ့်ဘဝနှင့်ကိုယ် ကိုယ့်အကြောင်းနှင့်ကိုယ်။

အမည်းစက်စွန်းထင်နေသော လူတစ်ယောက်၏ ဘဝထဲကို ဘာအတွက်နှင့်မှ ဝင်ရောက်ရန် ဆန္ဒမရှိ။ ဤသည်က ယု၏ မာနနှင့် အတ္တဟုဆိုလျှင်လည်း ယုက ဂရုစိုက်မည်မဟုတ်ပါ။

အိပ်ရာပေါ် ယု လှဲချလိုက်တော့ ကျယ်လောင်သော သက်ပြင်းရှိုက်သံက ယု အိပ်ခန်းလေးထဲမှာ စီးမျောပျံ့လွင့်သွား၏။



# အခန်း (၁၁)

"ဟေး"

"ဟေး"

နုက ကလေးငယ်တစ်ယောက်လို ရင်ထဲက ခံစားချက်များကို ဘာတစ်ခုမှ ထိန်းချုပ်မျိုသိပ်ခြင်းမရှိဘဲ စိတ်ထဲရှိသည့်အတိုင်း လွတ်လပ်ပျော်ရွှင်နေပါသည်။ မြိတ်ကျွန်းစုဆိုသည့် စကားကို စာထဲမှာသာ ကြားဘူးသည်။ ကိုယ်တိုင်ရောက်ဖူးခြင်းမရှိ။

နုက သူမစာထဲမှာ ဖတ်ဖူးသော ဆလုံကျွန်းကို အထူးတလည် စိတ်ဝင်စားသည့်အတွက် ကျွန်းစုများကို လိုက်ပို့မည်ဆိုတာနှင့် ပျော်မဆုံးချေ။

မြိတ်မှာ ကျွန်းစုတွေများသည်။ နုကို လိုက်ပို့ပေးသည့် ကျွန်းတွေက ဆလုံကျွန်း၊ ညောင်ဝီးကျွန်းနှင့် ပုလဲကျွန်းတို့ဖြစ်သည်။

"ကြည့်ပါဦး မာမီရယ်၊ လှလိုက်တာ၊ သဲတွေကလည်း ဖြူဖွေးနေတာပဲ၊ ဒီမှာလည်း ကနုကမာနဲ့ ခရုလှလှလေးတွေ၊ အို…



www.burmeseclassic.com

www.burmeseclassic.com



နတော့ သိပ်ပျော်တာပဲ မာမီရယ်”

နက စိမ်းလန်းစိုပြည်သော သစ်ပင်ပန်းများနှင့် ဖြူဖွေးလှပသော သဲသောင်ခြေကမ်းရှည်ကြီးတစ်လျှောက်လုံး ကလေးတစ်ယောက်လို မြူးကြွနေရာ နှ အပျော်က သူမနှင့်အတူပါလာသူတွေကိုပင် ကူးစက်စေပါသည်။

“ကျွန်းတွေအများကြီးပဲနော် မောင်ကောင်းမြတ်”

“ဟုတ်ကဲ့ အန်တီ၊ မြိတ်ကျွန်းစုမှာ ကျွန်းပေါင်းရှစ်ရာကျော်လောက်ရှိတယ်၊ လူလုံးဝမရောက်သေးတဲ့ ကျွန်းတွေလည်း အများကြီးပဲခင်ဗျာ”

“ပြီးတော့ မြိတ်ကျွန်းစုက ထွက်တဲ့ ပုလဲကလည်း နာမည်ကြီးလှကြိုက်များကြတယ်၊ အန်တီတို့ကို ပုလဲမွေးမြူ ထုတ်လုပ်တဲ့နေရာကို လိုက်ပြမယ်”

“ကောင်းတာပေါ့ကွယ်…အန်တီက ပုလဲဆို သိပ်ကြိုက်တာ”

ကျော်ကောင်းမြတ်က သူပိုင်ပုလဲမွေးမြူရေးစခန်းကို လိုက်ပို့ပေးရင်း ပုလဲထုတ်လုပ်ပုံများကို ရှင်းပြနေသည်။ မမယုနှင့် မာမီ၊ ဒက်ဒီတို့က စိတ်ဝင်တစား နားထောင်နေချိန်မှာ နက ဗီဒီယိုကင်မရာလေးဖြင့် အသေးစိတ် မှတ်တမ်းတင်ရိုက်ကူးနေ၏။

အဖြူရောင် အထက်အောက်ဝတ်စုံဖြင့် နအသွင်လေးက ပကတိရှင်းသန့်ကြည်လင်နေကာ ကျော်ကောင်းမြတ်အတွက် ကြည့်မဝ၊ ရှုမဝနိုင်အောင် ဖြစ်နေသည်။ န အလစ်မှာ ချစ်သူလေးကို





မကြာခဏ အကြည့်သူခိုးလုပ်မိသည်။

လူကြီးတွေရှေ့မှာ ဣန္ဒြေမပျက် တစ်ချိန်လုံး အတူရှိနေတာမို့ ဘာတစ်ခုမှ ရုပ်ပျက်ဆင်းပျက် မလုပ်ရဲ။ ကိုယ့်ဂုဏ်သိက္ခာနှင့်ကိုယ် နကို အမှတ်တမဲ့သဘောမျိုး တစ်ချက်တစ်ချက် လှမ်းကြည့်တာမျိုးဖြစ်သည်။

နကတော့ သူမမျက်စိထဲ မြင်တွေ့သမျှ အသစ်အဆန်းဖြစ်နေသည့်အတိုင်း အရာရာတိုင်းကို စိတ်ဝင်စားနေတာ မျက်လုံးတောက်တောက်လေးများဖြင့် စူးစူးစမ်းစမ်း ကြည့်တာမျိုး၊ စပ်စုတာမျိုး၊ ဓာတ်ပုံ၊ ဗီဒီယိုဖြင့် မှတ်တမ်းတင်တာမျိုး လုပ်သည်။

အားလုံး၏ကိုယ်စား နကပဲ မှတ်တမ်းတင်သည့်တာဝန်ကို ဘယ်သူမှမပေးဘဲနှင့် ယူထားသူဖြစ်သည်။ အခုလည်း မှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်ရင်း မမယုနှင့် ဦးကျော်ကောင်းမြတ်တို့ ရယ်ရယ်မောမော စကားဆိုနေကြပုံကို လျှပ်တစ်ပြက် နိုးအရိုက်တွင်…

“ဒုန်း”

“အမလေး”

“ဟာ…ဟိတ်”

နတစ်ယောက် သူမရှေ့တည့်တည့်က ခုံကို မမြင်ဘဲ တိုက်မိရာမှ အရှိန်မထိန်းနိုင်ဘဲ ခုံရောလူပါ ပြိုလဲအကျ တစ်ယောက်က နကိုယ်လေးကို အချိန်မီ ဆွဲယူဖမ်းပွေ့လိုက် နတစ်ယောက် အရှက်ကွဲရမည့်ဘေးမှ သီသီလေးလွတ်သွား သူမကို ကူညီပေးသူအား ကျေးဇူးတင်စွာ မော့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဆောရီး...ခင်ဗျားလဲကျသွားမှာစိုးလို့"

"ဟုတ်ကဲ့"

"ဟို...ဒီကကို နု ကျေးဇူးတင်ပါတယ်၊ သူသာ အချိန်မီ ဖမ်းမထားရင် နုအဖြစ်က မတွေးရဲဘူးသိလား"

"ကျေးဇူးပဲနော် ညီလေး"

"ရပါတယ်အစ်ကို...အားလုံးပဲ ကျွန်တော့်ကို ခွင့်ပြုပါ"

နုကို ကူညီပေးသည့် ကောင်လေးက နုတို့ကို နှုတ်ဆက်ပြီး ထွက်သွားပေမယ့် လူပုံချောချော၊ အရပ်မြင့်မြင့်နှင့် ထွားကြိုင်းလှသည့် ကောင်လေးကို ကြည့်ကာ နုအတွက် စိုးရိမ်သွားမိသူက ကျော်ကောင်းမြတ်ဖြစ်သည်။

"နု လုပ်လိုက်မှဖြင့် အရာရာနဲ့အကြောင်းကြောင်းချည်းပဲ၊ နေရာတကာ ပေါ့ဆတိုင်း ကောင်းတာမဟုတ်ဘူး နုရဲ၊ ကိုယ့်ကိုကိုယ်သတိရှိမှပေါ့"

"နုက ကိုယ့်ကိုယ်ကို ဒုက္ခရောက်အောင် တမင်လုပ်ပါ့မလား မမယုရဲ၊ အခုဟာက မတော်တဆဖြစ်တဲ့ဥစ္စာကို"

"အား...ကျွတ်...ကျွတ်"

"နု ခြေထောက်တောင် ဘာဖြစ်သွားပြီလဲ မသိဘူး"

ခုံကို အရှိန်ဖြင့် ဝင်တိုက်ပစ်တာမို့ နု ခြေထောက် အတော်နာသွားသည့်အတွက် နာသည့်နေရာကို လက်ကလေးဖြင့် အသာစမ်းကိုင်ရင်း နုနှုတ်မှ ဆိုလိုက်ခြင်းဖြစ်သည်။

"သိပ်နာသွားလားဟင် နု၊ ကိုယ် ဘာလုပ်ပေးရမလဲ"





"ခဏနေရင် သက်သာသွားမှာပါ၊ ဘာမှမဖြစ်ပါဘူး၊ နုသွားတော့မယ်"

သူစိမ်းဖြစ်သူက နုအပေါ်မှာ ဂရုစိုက်သလောက် ကိုယ့်ညီမလေးရယ်လို့ ကြင်ကြင်နာနာမရှိသော မမယုကြောင့် နုစိတ်ထဲမှာ ကျိတ်ပြီး ဝမ်းနည်းမိသည်။ ဘယ်အချိန် ဘယ်နေရာမှာပဲဖြစ်ဖြစ် မမယုက နုကို အပြစ်အမြဲမြင်တတ်တာကို နု အဝမ်းနည်းဆုံးဖြစ်သည်။

ကျော်ကောင်းမြတ်က နု မျက်နှာပျက်သွားတာကို ချက်ချင်း နားလည်သဘောပေါက်လိုက်ပေမယ့် ယုကတော့ သူတို့နားက နုထွက်သွားတာကိုပင် လှည့်မကြည့်။

ပင်လယ်ပြင်ကိုသာ ရှုရှုလေးငေးနေ၏။ မိုးပြာရောင်ဝတ်စုံဖြင့် ယု အသွင်ကလည်း အလှတွင်အယဉ်ဆင့်ကာ ချစ်စဖွယ်ဖြစ်သလို မြင်သူငေးချင်စရာဖြစ်နေပါသည်။

"ဟိုမှာမြင်နေရတဲ့ ကျွန်းလေးကလည်း ချစ်စရာလေးနော်"

"အဲဒီကျွန်းမှာ လူမနေဘူးလေ"

"ဟုတ်လား...ဒါဆို ယုလည်း ကမ္ဘာကျော်မင်းသားမင်းသမီးတွေလို ဒီမှာ ကျွန်းတစ်ကျွန်းလောက် ယုနာမည်နဲ့ အပိုင်ယူထားမှထင်တယ်"

"အဟွန်း...ဟွန်း"

"စိတ်ကူးယဉ်ရုံလောက်ပဲ ကောင်းတာပါဗျာ၊ တကယ်လက်တွေ့ကြရင် ယုတို့လို မြို့ကြီးသူ နုနုလှလှလေးတွေ ဘယ်နေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာတုန်းဗျာ”

“ယုကလည်း စကားအဖြစ်ပဲ ပြောနိုင်တာပါရှင်၊ ဦးကျော်ကောင်းမြတ်က ကျွန်းလေးတစ်ကျွန်း ယုအတွက် အပိုင်ပေးမယ်ဆိုရင်တောင် ယုကလည်း မလိုချင်ပါဘူး”

“ယုရယ်”

နှစ်ယောက်အတူ ကိုယ့်စကားကိုယ် သဘောကျစွာ ရယ်လိုက်မိကြသည်။ မြိတ်မှာ ကျော်ကောင်းမြတ်ကို မသိသူမရှိ။ မြို့မျက်နှာဖုံး သူဌေးတစ်ယောက်လည်းဖြစ်၊ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်လည်းဖြစ်၊ အခုချိန်ထိ အိမ်ယာမထူထောင်ဘဲ လူပျိုကြီးတစ်ယောက်အဖြစ် ပျိုပျိုအိုအို အားလုံး စိတ်ဝင်စားခြင်းခံရသူဖြစ်သည့်အတိုင်း ကျော်ကောင်းမြတ်နှင့် အတူပါလာသော အပျိုချောနှစ်ယောက်ကို အားလုံးက စိတ်ဝင်စားနေကြသည်။

ယုရော နုရော အချောအလှချင်းအတူတူ။

ကျော်ကောင်းမြတ် ဘယ်သူ့ကို ရွေးမလဲဆိုတာ သူတို့စိတ်ဝင်စားသူတိုင်း သိချင်ကြသည့် မေးခွန်းဖြစ်သည်။

“မမယု”

“ဟင်”

“ဦးကျော်ကောင်းမြတ် အိမ်ကြီးက အရမ်းလှတာပဲနော်၊ ပန်းဥယျာဉ်လေးနဲ့ ရေကန်လေးကလည်း ချစ်စရာလေး”

“အင်း”

နုက အစထဲက အလှအပကြိုက်သလို အိမ်အလှပြုပြင်ရတာကို ဝါသနာပါသူဖြစ်သည့်အတိုင်း ကျော်ကောင်းမြတ်၏





အဂ္ဂလာဝါအိမ်ကြီးကို သဘောကျမဆုံး။ အိမ်ကြီး၏ ကြီးကျယ်ခမ်းနားသော အပြင်အဆင်ပစ္စည်းအထားအသို နေရာများကို နုက အသေးစိတ် လိုက်ပြီး မှတ်သားလေ့လာနေသည်။

သင်းနဲ့သာကိုရောက်လျှင် နုက သူမစိတ်ကူးရှိသည့်အတိုင်း ပြင်ဆင်ပေလိမ့်မည်။ ယုက နုစိတ်ကူးကို သိပြီးသားဖြစ်သည့်အတိုင်း နုလောက် အဂ္ဂလာဝါအိမ်ကြီးကို စိတ်ဝင်စားခြင်းမရှိလှသလို နုကဲ့သို့ မီးဖိုချောင်ကိစ္စကိုလည်း စပ်စုလေ့လာခြင်းမပြုခဲ့ပါ။

နုကတော့ မြိတ်အစားအစာများနှင့် ဟင်းချက်နည်းများကိုပါ စိတ်ပါဝင်စားစွာ သင်ယူရေးမှတ်နေခြင်းကြောင့် နုနှင့် အဂ္ဂလာဝါစံအိမ်က အိမ်တော်ထိန်းကြီးနှင့်လည်းကောင်း ထမင်းချက်များနှင့်လည်းကောင်း အချိန်တိုတိုအတွင်းမှာပင် ရင်းနှီးကျွမ်းဝင်သွားကြသည်။

“နုလေးကတော့ စိတ်သဘောထား ရိုးရှင်းပွင့်လင်းပြီး တကယ့်ကလေးလေးလိုပဲနော် မောင်ကောင်းမြတ်၊ သူ့အစ်မယုနဲ့တော့ တခြားစီပဲ၊ ယုကိုကြည့်ရတာ မာနတော်တော်ကြီးပုံရတယ်”

“အဲဒီလိုလည်းမဟုတ်ပါဘူး၊ ယုက ဒီလိုပဲနေတတ်လို့ပါ”

ကျော်ကောင်းမြတ်က ယုဘက်ကို ကာကွယ်ပြီး ပြောလိုက်ပေမယ့် ယုသဘောကို ကျော်ကောင်းမြတ် သိထားတာမို့ ထမင်းချက် ဒေါ်ဥပြောသည့်စကားအဆုံးမှာ နှုတ်ခမ်းအစုံကို ပြုံးထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုက နုလိုမဟုတ်။

နေတာထိုင်တာ၊ သွားလာပြုမူပြောဆိုဆက်ဆံပုံကအစ တစ်မူထူးခြားသူအဖြစ် သင်းနှံ့သာမှာထဲက ယုကို နားလည်ခဲ့သည်။ ယုက လူတွေကို ရွေးချယ်ပေါင်းသင်းတတ်သလို ခွဲခြားမှုလည်း ရှိသည်။

ယုစိတ်က လျှို့ဝှက်သည်။

ယု စိတ်ရင်းအမှန်ကို မည်သူမှ အလွယ်တကူ မသိနိုင်သော်လည်း နုကတော့ ဘာတစ်ခုမှ ဟန်ဆောင်မှုမရှိ။ သူမ စိတ်ရင်းထဲက အတိုင်းပင် လူတစ်ယောက်ကို ကြိုက်ရင် ကြိုက်သလို မကြိုက်ရင်မကြိုက်သလို ပြုမူပြောဆိုဆက်ဆံခြင်းဖြင့် နုစိတ်ကို လှမ်းမြင်တွေ့နိုင်သူဖြစ်သည်။

ထက်မြက်ထူးချွန်သော ယု၏အရည်အချင်းမျိုး နုတွင်မရှိသလို နု၏ဖြူစင်ရိုးသား၍ ပွင့်လင်းလွတ်လပ်သော ဟန်အမူအရာမျိုးလည်း ယုတွင်မရှိပါ။ ပါးစပ်က ထုတ်မပြောကြသော်လည်း ကျော်ကောင်းမြတ် အိမ်ရှိလူတွေက နုကို သဘောကျနေမှန်း သူသိပါသည်။

ကျော်ကောင်းမြတ်ကိုယ်တိုင်လည်း နုအပေါ်မှာ မြတ်နိုးနှစ်သက် စွဲလမ်းလှသော်လည်း ဦးသင်းမောင်တို့ မိဘနှစ်ပါးက သူ့ကို သမီးကြီးယုနှင့်သာ သဘောတူနေကြပါကြောင်း သိရှိထားတာမို့ နုအပေါ်မှာ ချစ်မိသော သူ့အချစ်စိတ်ကို ရုတ်တရက် ထုတ်ဖော်ရခက်နေသည်။

နုကို မိသားစုအားလုံးက ကလေးသာသာမျှသာ သဘော





ထားကြတာမို့ ဘယ်သူမှ နုကို အရေးတယူလုပ်မနေကြ။ အစ်မဖြစ်သူ ယုကိုယ်တိုင်ကလည်း နုအပေါ် ပြောဆိုပြုမူဆက်ဆံပုံက အကြီးတစ်ယောက်ဖြစ်ပြီး အနိုင်ယူသလိုမျိုး ဖြစ်နေသည်ဟု ထင်မိသည်။

ထို့ကြောင့်လည်း နုကို ပို၍ ကြင်နာမြတ်နိုးစိတ်ဖြင့် သနားကရုဏာဖြစ်နေမိသည်။ ကျော်ကောင်းမြတ်က နုနှင့် နှစ်ယောက်ထဲ သွားရမည့်ခရီးမျိုး၊ နှစ်ယောက်တည်း လွတ်လပ်စွာ ဆုံတွေ့ခွင့်မျိုး လိုချင်တောင်းတပေမယ့် သူ့အတွက် နုနဲ့ပတ်သက်ပြီး ထိုအခွင့်အရေးမျိုးက ရှိမလာခဲ့။

"နု လိုက်မသွားနဲ့ နေခဲ့ဆိုတာမျိုး။ မာမီကြီး ခေါင်းကိုက်လို့ နုလေးရယ် မာမီ့နားမှာနေပေးပါဦး ဆိုတာမျိုးနှင့် လူကြီးမိဘတွေကအစ သူနှင့်ယု နှစ်ယောက်သွားလာနိုင်မည့် အခွင့်အရေးမျိုးကို တမင်ဖန်တီးပေးကာ နုကို သူတို့နားမှာပဲ အမြဲခေါ်ယူထားတတ်ကြသဖြင့် ကျော်ကောင်းမြတ်နှင့် ယုတို့သာ ဘယ်အချိန်လုံးလိုလို နှစ်ယောက်တည်း တစ်တွဲတွဲသွားလာနေမိလျက်သား ဖြစ်နေကြသည်။

နုကိုသာ တိတ်တခိုး ချစ်မြတ်နိုးနေမိသော ကျော်ကောင်းမြတ်အတွက် ယုလို သိပ်လှပြီး ဉာဏ်ပညာအရာမှာ ပြောစရာမလိုအောင် ထူးချွန်ထက်မြက်မှုကို စိတ်မဝင်စားအား။ နုနှင့် နီးရအောင် ဘယ်လိုဘယ်ပုံ ကြံစည်စိတ်ကူးအားထုတ်ရပါ့ဆိုတာမျိုးလောက်ပဲ တစ်ချိန်လုံးလိုလို တွေးနေမိသလို ယုကိုယ်တိုင်ကလည်း မိဘများ အလိုကျ စီစဉ်သမျှကို နာခံနေမိသော သမီးအလိမ္မာတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်မှလွဲ၍ ကျော်ကောင်းမြတ်အပေါ်မှာ ဘာခံစားချက်မှ မရှိချေ။

ဒီကြားထဲ စည်သူက ယုကို တစ်ချိန်လုံးလိုလို ဖုန်းဆက် ဂျီကျနေတာမို့ ယု သူ့ဖုန်းကို ပိတ်ထားခဲ့ရသည်။ စည်သူကို ယု မမုန်းပါ။ ရင်ထဲမှာ တိတ်တခိုး မြတ်နိုးစွဲလမ်းနေရသည့်တိုင် အခြေအနေနှင့် အချိန်အခါတွေအရ စည်သူကို ယုဘက်မှ ဖြတ်သားရခြင်းကို အပြစ်ဟုဆိုပါလျှင်လည်း ယုရင်မှာ စည်သူ၏ ပြောဆိုစွပ်စွဲချက်များအပေါ် ထူးပြီး နာကျင်ခံစားနေမိတော့မည် မဟုတ်ပါ။

ဖြစ်တည်လာသည့် ဘဝတွေအပေါ်မှာ ကျေနပ်စွာ နေရစ်ခဲ့ရမည့်သူများအဖြစ် ယုကိုယ်တိုင် ယုံကြည်စိတ်ချထားသည်။

ထိုအတွက် ယုသည် သူမကိုယ်သူမ မှားသည်ဟု ဘယ်တုန်းကမှ မတွေး။ နောင်တလည်း မရခဲ့။

"တူ…တူ…တူ"

ယုသည် သူမဖုန်းတွင် ပေါ်လာသည့် အမည်ကိုကြည့် လိုက်တော့ တခြားသူဖုန်းမဟုတ်။ စည်သူဖုန်းဖြစ်နေသဖြင့် ခဏမျှ ငြိမ်သက်နေပြီးနောက် ဖုန်းထူးလိုက်သည်။

"ဟဲလို"

"ယု…တို့ရောက်နေပြီ၊ ခဏဆင်းခဲ့ပါ"

"ဘယ်ကိုရောက်လို့ ယုက ဆင်းခဲ့ရမှာလဲ"

"ယုရှိနေတဲ့ အထွဋ်ဝါစံအိမ်ရှေ့ကို ရောက်နေလို့ ဆင်းခဲ့





ပါလို့ ပြောတာပေါ့၊ ဒါပဲနော် တို့စောင့်နေမယ်"

"ဟင်"

"စည်သူ"

ယုက စည်သူ့အမည်ကို အလန့်တကြား လှမ်းခေါ်လိုက် ပေမယ့် စည်သူက ဖုန်းချသွားပြီမို့ မကြားတော့ပါ။ သူမလက်ထဲက ဖုန်းလေးကို ကမန်းကတန်း ပြစ်ချလိုက်ပြီး အထွဋ်ဝါစံအိမ်ကြီးရဲ့ အိမ်ရှေ့လမ်းပေါ် လှမ်းအကြည့်လိုက်မှာတော့ စည်သူကို ကားတစ်စီးဖြင့် တွေ့လိုက်ရခြင်းက ယုရင်တွေကို အပြင်းထန်ဆုံး လှုပ်ရှားတုန်ရီသွားစေပါသည်။

"ယု"

"အိုး"

စည်သူက ယုကို တွေ့မြင်သွားပုံဖြင့် လက်တစ်ဖက်မြှောက်ယမ်းကာ ယုအမည်ကိုပါ လှမ်းခေါ်လိုက်တာမို့ ယုရင်ထဲ ဒိန်းခနဲ ဖြစ်သွားကာ မျက်စိမျက်နှာလည်း ပျက်သွားသည်။

ကြည့်စမ်း…သူ တကယ်ပဲ ရောက်နေပါလား။

ယုထံမှ ဘာခွင့်ပြုချက်မှမရဘဲ ယုနောက်ကို ပိုင်စိုးပိုင်နင်း လိုက်လာရအောင် သူ့မှာ ဘယ်လိုအခွင့်အရေးမျိုး ရှိနေလို့ပါလိမ့်။ မုန်တင်ခုံရှေ့မှာ အပြေးရပ်ပြီး သူမကိုယ် သူမ သေသပ်လှပအောင် ပြုပြင်လိုက်သည်။

တုန်ရီနေသော လက်ကလေးများက ယုရင်ထဲက ခံစားချက်ကို ဖော်ထုတ်ပြနေသလို ထင်ရသည်။ မမျှော်လင့်ဘဲ စည်သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို မြေစိမ်းမှာ တွေ့လိုက်ရခြင်းက ဘာအတွက် ယုစိတ်ကို လှုပ်ခတ်စေပါသလဲ။

ယုလည်း သေချာမသိ။

ယုအတွက် တစ်ခုကကောင်းသည်က ဒီနေ့ အဌာဝါစံအိမ်ကြီးမှာ ယုတစ်ယောက်တည်း နေခဲ့မိခြင်းဖြစ်သည်။ အိမ်အပြန်ခရီးအတွက် လက်ဆောင်တွေသွားအဝယ်မှာ ယုက ခေါင်းကိုက်သည်ဆိုပြီး နေခဲ့ခြင်းဖြစ်သည်။

အခုတော့ စည်သူရောက်အလာကို တမင်စောင့်နေသလို ဖြစ်နေသည်။

"ယု"

"နင် ဘယ်လိုလုပ်လိုက်တာလဲ စည်သူ၊ ဘာကိစ္စ ယုနောက်ကို နင်လိုက်လာရတာလဲ"

"မခွဲနိုင်လို့"

"ဘာ"

"ယုကို…တို့မခွဲနိုင်လို့လို့ ပြောတာ၊ ကိုနဲ့ ခဏလိုက်ခဲ့ပါယု၊ သိပ်မကြာစေရဘူး၊ ပြီးရင် ချက်ချင်းပြန်ပို့ပေးမယ်"

စည်သူမျက်နှာမှာ ပင်ပန်းနွမ်းနယ်မှုကို တွေ့ရ၏။ ယုကြောင့် စည်သူ ထိခိုက်ခံစားနေရတာကို သိပေမယ့် ယုကိုယ်တိုင် စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှမတတ်နိုင်။

"ဝမ်းနည်းပါတယ် စည်သူ၊ ယု စည်သူနောက်ကို မလိုက်နိုင်ဘူး"

"ပြတ်သားလှချည်လား ယုရယ်၊ တို့အချစ်ကို ယု





နည်းနည်းမှ အသိအမှတ်ပြုမပေးနိုင်တော့ဘူးပေါ့ ဟုတ်လား"

"စည်သူ ကြိုက်သလို ထင်နိုင်ပါတယ်လေ၊ ယု စည်သူကို ဘာမှမပြောချင်ဘူး၊ ယုကို တကယ်ချစ်တယ်ဆိုရင် ယုဂုဏ်သိက္ခာကို ထိခိုက်နစ်နာမယ့် အပြုအမူမျိုးကို စည်သူမလုပ်ပါနဲ့"

"ယု သွားမယ်"

"ယု"

"အိုး"

"စည်သူ ဒါဘာလုပ်တာလဲ ယုကိုလွှတ်ဆို"

"အို…အို"

"ရှူး"

စည်သူ ယုစကားကိုပင် ဂရုမစိုက်။ သူ့နားက ချာခနဲလှည့်ထွက်သွားသည့် ယုလက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ ဆွဲယူလိုက်တော့ ယုကိုယ်လေးကို အသင့်ရပ်ထားသည့် သူ့ကားထဲ ဆွဲသွင်းပြီး ကားကို နေရာမှ တရကြမ်း မောင်းထွက်ခဲ့တာဖြစ်သည်။

ယုမှာ လုံးဝမထင်မှတ်သော အဖြစ်ကြောင့် အံ့သြတုန်လှုပ်နေမိသလို စည်သူမျက်နှာကိုလည်း တစ်ခါမှ မမြင်ဘူးသလို ကြောက်လန့်တကြား မော့ကြည့်လိုက်မိသည်။

"နင်…နင် ဘယ်လိုဖြစ်နေတာလဲ စည်သူ၊ ယုကို လူတွေကြားထဲမှာ လက်ညှိုးဝိုင်းအထိုးခံရပြီး ခေါင်းမဖော်နိုင်တဲ့ ဘဝမျိုး ဖြစ်စေချင်လို့လား ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကားကို အခုချက်ချင်း ရပ်စမ်း စည်သူ၊ ပြောမရရင် ယု ဒီကားပေါ်က ခုန်ချလိုက်ရမလား"

စည်သူက ယုစကားတွေကို မကြားသလို ရှေ့ကိုသာ တည့်တည့်ကြီး စူးစိုက်ကြည့်လျက် ကားကို အရှိန်ပြင်းစွာ မောင်းနေရာမှ ခြံဝင်းကျယ်ကြီးတစ်ခုထဲသို့ ချိုးကွေ့ဝင်လိုက်သည်။

"ဟူး"

"ကျွီး"

ထို့နောက် ကားကို နေရာမှ ခပ်ကြမ်းကြမ်း ထိုးရပ်ကာ ကားပေါ်မှာ သူဆင်းလိုက်သည်။ တိတ်ဆိတ်နေသည့် ခြံကြီးနှင့် အိမ်ကြီးက လူရိပ်ပင်မရှိ။

"ကားပေါ်က ဆင်းပါဦး ယု"

"မဆင်းဘူး စည်သူ၊ နင် ယုကို အခုချက်ချင်း အဗ္ဗာဝါ စံအိမ်ကို ပြန်ပို့ပါ"

"အဗ္ဗာဝါစံအိမ် ဟုတ်လား"

"အဟွန်း…ဟွန်း…ဟွန်း"

စည်သူက ယုမျက်နှာလှလှလေးကို ကြည့်ပြီး မချိတင်ကဲ အသံကြီးနှင့် အက်ကွဲစွာ ရယ်မောလိုက်သည်။ တိတ်ဆိတ်သော ဝန်းကျင်မှာ စည်သူရယ်သံကြီးကို ကြားရခြင်းက ယုရင်ကို ဘာအတွက်ကြောင့်မှန်းမသိဘဲ ထိခိုက်နာကျင်သွားသည်။



## အခန်း (၁၂)

"တို့ တောင်းပန်ပါတယ် ယုရယ်၊ တို့ကိုလက်ထပ်ပါ၊ တို့ ယုကိုသိပ်ချစ်တာ ယုလည်းသိနေတာပဲ မဟုတ်လား"

"တို့…ယုကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူး ယု၊ တို့ချစ်တဲ့ယုကို တို့ကလွဲပြီး တခြားဘယ်သူမှ မပိုင်ဆိုင်ရဘူး"

စည်သူက ယုကို နူးညံ့ရီဝေသော အကြည့်၊ သိမ်မွေ့လှိုက်လှဲသော ချစ်ခြင်းများဖြင့် ယုရှေ့မှာ ဒူးထောက်တောင်းပန် အသနားခံနေဟန်ကို ကြည့်ရင်း ယုရင်မှာ ထိခိုက်နင့်စို့လာပါသည်။

"စည်သူအတွက် ယု စိတ်မကောင်းပါဘူး၊ ယုအတွက် စည်သူက ဘယ်နည်းနဲ့မှ အိမ်ထောင်ဘက်တစ်ယောက် ဖြစ်လာနိုင်မှာမဟုတ်ဘူးဆိုတာ ယုပဲသိတယ်"

"ကောင်းပြီ၊ ယုအတွက် တို့ကို အိမ်ထောင်ဘက်မဖြစ်နိုင်ဘူးဆိုတဲ့အကြောင်းပြချက်က ဘာလဲ"

"တို့ ယုံကြည်လက်ခံနိုင်လာအောင် ယု ပြောပါ"

ယုနှင့်စည်သူ တစ်ယောက်မျက်နှာကို တစ်ယောက် အငြိ



www.burmeseclassic.com

www.burmeseclassic.com



ရှာသလို စူးစိုက်ကြည့်လိုက်မိကြသည်။ ယုအနေနှင့် စည်သူ့အပေါ်မှာ မချစ်နိုင်သည့်အကြောင်း မဖြစ်နိုင်သည့်အကြောင်း အကြိမ်ကြိမ်ငြင်းပယ်ခဲ့ပေမယ့် နိုင်လုံသောအကြောင်းပြချက်တော့ ယုတွင်မရှိခဲ့ပါ။ ယုနှုတ်ဖျားက စည်သူ့ဘဝရဲ့ အားနည်းချက်တွေကို ထုတ်ဖော်ပြောဖို့ရာ ကိုယ်တိုင်မဝံ့ပါ။ ယုစကားကြောင့် စည်သူ့ဘဝကြီးတစ်ခုလုံး နလန်မထူနိုင်ဘဲဖြစ်သွားမှာမျိုးကိုလည်း ယုကိုယ်တိုင်လည်း အလိုမရှိတာလည်း ပါပါသည်။

"တို့ကို ယု မမုန်းဘူးဆိုတာ တို့သိတယ်ယု၊ အဲဒီလိုပဲ တို့ဘဝထဲကို ဝင်ဖို့ဆိုတာလည်း ယုဘဝအတွက် မဖြစ်နိုင်ဘူး၊ တို့ပြောတာ မှန်ရဲ့လားယု"

"စည်သူကိုယ်တိုင် သိနေပြီပဲ၊ ဘာလို့ ယုကို ထပ်မေးနေသေးလဲ"

"ယုနှုတ်က ဖြေတာကို ကြားချင်လို့ ပြောစမ်းပါ၊ ယုတို့ကိုချစ်လျက်နဲ့ မဖြစ်နိုင်ဘူးလို့ငြင်းနေတာ မာမိနဲ့ဒက်ဒီတို့ကြောင့်မဟုတ်လား"

"ယုလို ကိုယ့်ဘဝကိုယ် တန်ဖိုးထားတဲ့ မိန်းကလေးတစ်ယောက်က တို့လိုဘဝမှာ အမည်းစက်ကြီးနဲ့ လူတစ်ယောက်ကို ဘာအတွက်နဲ့မှ လက်မခံနိုင်ဘူး၊ အဲဒီလိုမဟုတ်လား"

"ဟုတ်တယ်...စည်သူထင်တဲ့အတိုင်းပဲ၊ ယုက ကိုယ့်ကိုယ်ကို တန်ဖိုးထားတယ်၊ ယုဘဝကို အကောင်းဆုံးတည်ဆောက်ချင်တယ်၊ အဲဒီအတွက် ယု စည်သူကို မချစ်နိုင်ဘူး





မတုံ့ပြန်နိုင်ဘူး"

"လက်မခံနိုင်ဘူး...စည်သူသိချင်တာ သိရလို့ ကျေနပ်ပြီမဟုတ်လား၊ ယုကိုပြန်ပို့ပါ"

ယုလည်း မထူးတော့တာမို့ စည်သူ သိချင်နေသည့် အဖြေကို တစ်ခါတည်း ပြတ်သားစွာ ပြောချလိုက်သည်။ ယုစကားကြောင့် မျက်နှာတစ်ခုလုံး သွေးစုတ်ခံရသလို ဖြူဖွေးအိုစာသွားသည့် စည်သူ့အဖြစ်ကို ယု မမြင်ရက်ပါ။

ကြည့်လည်း မကြည့်ရက်။

သို့ပါလျက် ယုအပေါ်မှာ တစ်ဖက်သတ်အချစ်တွေနဲ့ ပြင်းပြင်းထန်ထန်စွဲလမ်းနေသော ယောကျ်ားတစ်ယောက်၏ ကျဆုံးရှုံးနိမ့်ခန်းကို ယုကိုယ်တိုင် တွေ့မြင်ရခြင်းက ယုအတွက် ကံကောင်းစေခြင်းလား။ ကံဆိုးစေခြင်းပဲဆိုတာကို ယုကိုယ်တိုင်လည်း မသိတတ်တော့ပါချေ။

"တကယ်လို့ တို့မှာသာ ယုလိုချင်တဲ့ အရည်အချင်းတွေ အပြည့်ရှိနေခဲ့မယ်ဆိုရင် တို့အချစ်ကို ယု မငြင်းဘဲ လက်ခံမှာပေါ့နော် ဟုတ်လား"

ယုထံမှ ဘာသံမှထွက်လာခြင်းမရှိ။ တုံ့ပြန်ဖြေဆိုစရာ စကားလည်း မရှိပါ။

"ယု"

"အိုး"

"သိပ်ချစ်တယ် ယုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"စည်သူ နင်မယုတ်မာနဲ့နော်"

"လွှတ်စမ်းဆို"

"အို"

ယုက အလစ်အငိုက်မိသွားသူတစ်ယောက်လို စည်သူ ရင်ခွင်ထဲ ထွေးခနဲ ရောက်သွားကာ လူတစ်ကိုယ်လုံး မွှန်းကျပ်ပြီး စကားဆိုရန်ပင် အခွင့်မရလိုက်ပါ။

စည်သူ့ရင်မှာ နာကျင်လှသော နှလုံးသားခံစားချက်တွေ နှင့် တစ်ချိန်လုံး ချုပ်တည်းမျိုသိပ် စောင့်စည်းခဲ့ရသမျှ လှပသော ချစ်သူမျက်နှာလေးထက် သိပ်သည်းလှိုက်လှဲခြင်းတွေနှင့် မေတ္တာ မိုးစက်များ ခပ်ကြမ်းကြမ်းလေး ဖြန်းပက်ရွာသွန်းပြစ်လိုက်ပါသည်။

ယုအပေါ်မှာ သူချစ်လာခဲ့ရသည်မှာ အခုမှမဟုတ်။ ဆယ်တန်းကျောင်းသားဘဝထဲက ယုအပေါ်မှာ တစ်ဖက်သတ် အချစ်တွေနှင့် အချိန်တွေအများကြီး မျိုသိပ်စောင့်စည်းထိန်းချုပ်ခဲ့ရ သူဖြစ်သည်။

ကိုယ့်ဘဝ ကိုယ့်အကြောင်းနှင့်ကိုယ် ဖြစ်ပြီး ကြီးမားသည့် ဘဝရည်မှန်းချက်ကြောင့်လည်း သူစာကို ကြိုးစားခဲ့သည်။ ကြိုးစား သလောက် သူမျှော်မှန်းသည့်အတိုင်း ဆေးတက္ကသိုလ်ကျောင်းသား တစ်ယောက် ဖြစ်လာခဲ့သည်။

ဒါကလည်း သူ အင်မတန်ဝါသနာပါသော အလုပ်ဖြစ် သလို တစ်နေ့နေ့မှာတော့ မွန်မြတ်သန့်စင်သော ဆရာဝန်အလုပ်ဖြင့် သူ့ဘဝသူ ရပ်တည်ရှင်သန်ခွင့်ရအောင် တည်ဆောက်မည်ဟု ပိုင်နိုင်





စွာ ဆုံးဖြတ်ချက်ချနိုင်ခဲ့သော်လည်း အချစ်ရေးမှာတော့ စည်သူ ထင်သလို ဖြစ်မလာခဲ့ပါ။

သူချစ်သော၊ မြတ်နိုးရသော ယုဆိုသည့် မိန်းကလေးက စည်သူ့ကို လုံးဝမချစ်နိုင်ပါဟု ပထမဆုံး စတင်ကြားခဲ့ရသည့်နေ့ တုန်းက စည်သူတစ်ယောက် ဆောက်တည်ရာမဲ့ အရူးကြီး တစ်ယောက်လို ဖြစ်သွားခဲ့ရဘူးသည်။

ယုက အချစ်ရေးနှင့်ပတ်သက်လျှင် ပြတ်သားသူ။ ဒါကို သိပေမယ့် စည်သူချစ်တာက ယုတစ်ယောက်တည်း ဖြစ်သည်။ တခြား ဘယ်မိန်းကလေးကိုမှ ယုလိုမချစ်နိုင်။ ချစ်ကြည့်လို့လည်း မရ။

သူ့နှလုံးသားက ယုမှယုဆိုတော့လည်း ယုက သူ့အချစ် ကို ဘယ်လိုပင် လက်မခံနိုင်ပါဟု ငြင်းဆိုပါသော်လည်း စည်သူ ရင်မှာ မနာနိုင်။ ချစ်သူရှိသည့်နေရာမှာသာ တစ်ဝဲလည်လည်။

ယုက သူ့အပေါ်မှာ ရက်စက်စွာ ဥပေက္ခာပြု စိမ်းကား အေးစက်နိုင်သလောက် သူက ယုအနားမှ ဘယ်ကိုမှမသွားနိုင်ခဲ့။ သူမွေးနေ့ပွဲဖိတ်စာပို့ရင်း ကျော်ကောင်းမြတ်ဆိုသည့်လူနှင့် ယုကို ယှဉ်တွဲမြင်လိုက်ရတော့ သူ့ရင်မှာ အထိန်းချုပ်ရခက်အောင် ပူသွား သည်။

ယုကို သူ အဆုံးရှုံးမခံနိုင်။

ကိုယ်တိုင်လည်း ဘာလုပ်ရမှန်းမသိ။

မွေးနေ့ပွဲမှာလည်း ယုက ရောက်မလာ။ သူမကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်ယူလာပေးသည့် ယုလက်ဆောင်က သူ့ကို ပို၍ အခံရခက်အောင် နာကျင်စေသည်ကို ယုမသိ။

နောက်ဆုံး ယုဆီကို ဖုန်းဆက်တော့ ယုက သူ့ဖုန်းကို စက်ပိတ်ထားသဖြင့် အိမ်ဖုန်းကို လှမ်းခေါ်မှ ယုတို့မိသားစု မြိတ်က အဏ္ဏဝါစံအိမ်ကို အပန်းဖြေခရီးထွက်သွားပါကြောင်း သူသိချင်တာအားလုံး ယုတို့အိမ်က ဒေါ်ပုမှတစ်ဆင့် သိခွင့်ရခဲ့သည်။

သူ ဘာမှစဉ်းစားမနေတော့။

သတင်းရရခြင်း လေယာဉ်ဖြင့် ကော့သောင်းမှတစ်ဆင့် မြိတ်ကို လိုက်ခဲ့သည်။ မြိတ်မှာ ဒက်ဒီ့သူငယ်ချင်း အန်ကယ်ဦး ရှိသည်။ အဏ္ဏဝါစံအိမ်ဆိုတာနှင့် မသိသူမရှိ။ ကျော်ကောင်းမြတ်ဆိုသည့် အဏ္ဏဝါစံအိမ်ပိုင်ရှင် သူဋ္ဌေးလူပျိုကြီး၏ သတင်းက လူတိုင်းနှုတ်ဖျားမှာ ရေပန်းအစားဆုံး သတင်းတစ်ပုဒ် ဖြစ်နေတာကို နားထောင်ပြီး နှုတ်ခမ်းကို တစ်ချက်တွန့်ပြီး ခပ်မဲ့မဲ့ပြုံးလိုက်မိသည်။

ယု လိုချင်သည့်ဘဝ။ ယု မျှော်မှန်းသည့် အနာဂတ်အားလုံး အဏ္ဏဝါစံအိမ် အရှင်သခင် ကျော်ကောင်းမြတ်ဆိုသည့် လူထံမှာ ရှိနေသည်။ ဒီလောက်ဆို သူနှင့်ယု ကံကြမ္မာကို သူ အလိုလို သဘောပေါက်နားလည်လိုက်၏။

ယုက သူ့ကို အလွယ်တကူ လက်လျှော့လိမ့်မည်ဟု ယုံကြည်မှတ်ထင်ထားပုံရသည်။ ယုမရှိလျှင် သူ့ဘဝလည်း အဓိပ္ပါယ်ရှိတော့မည်မဟုတ်။

အန်ကယ်ဦးကားကိုယူပြီး ယုရှိရာကို သူထွက်လာခဲ့သည်။





အခု သူ့ရင်ခွင်ထဲမှာ ယု ရောက်နေပြီ။ ပြန်လွှတ်ပေးရန် ဆန္ဒမရှိ။

"ယု"

"ကဲဟယ်"

ပြင်းထန်သော အသားချင်းထိခတ်မိသံအဆုံးမှာ စည်သူ့မျက်နှာ ချာခနဲလည်သွားသည်။

"မကျေနပ်ရင် ထပ်ရိုက်ပါ ယု၊ ယုကို မောင် အဆုံးရှုံးမခံနိုင်ဘူး"

"ယုကို မောင်ချစ်တယ်"

"သိပ်ချစ်တယ်"

"မပြောနဲ့…နင့်ဆီက ဘာစကားမှ မကြားချင်ဘူး"

ယုက ခါးသီးစွာ အော်ဟစ်လိုက်ချိန်မှာ သူ့ရင်ထဲမှာလည်း ပေါက်ကွဲမှုတွေကလည်း တစ်ခုပြီးတစ်ခု ထပ်ဆင့်နေ၏။

"မကြားချင်လည်း ပြောရမှာပဲ၊ မောင်ကလွဲပြီး ယု ဘယ်ယောကျ်ားကိုမှ လက်မထပ်ရဘူး"

"အရှုး"

"ဟုတ်တယ်…ယုနဲ့ပတ်သက်ရင် မောင်က အချစ်ရူးပဲ၊ ယုကို သိပ်ချစ်လွန်းလို့ ရူးနေတာ လူတိုင်းသိနေကြတဲ့အဖြစ်ပဲ"

"ယု အချစ်ကိုသာ ရမယ်ဆိုရင် တစ်ကမ္ဘာလုံးက မောင့်ကို အရူးလို့ပြောနေလည်း မောင်ဂရုမစိုက်ဘူး၊ အဲဒါ ယုကိုချစ်လို့"

"သိပ်ချစ်လွန်းလို့ဆိုတာ ယု သိရဲ့လား"

"မသိဘူး…မသိဘူး၊ နင်နဲ့ယုနဲ့လည်း ဘာမှမဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စည်သူ၊ ယုကို သူများရပ်ရွာမှာ ဂုဏ်သိက္ခာပျက် အရှက်ရအောင် လာလုပ်မနေနဲ့၊ အထွာဝါစံအိမ်ကို အခုပြန်ပို့စမ်း"

"မပို့ဘူး"

"ဘာ"

"ယု ကြိုက်သလိုလုပ်၊ ယုကို မောင်ခိုးလာပြီ၊ အခုချိန်ကစပြီး မောင့်နားက ယု ဘယ်မှမသွားရဘူး၊ မောင်နဲ့ပဲ ယု တစ်သက်လုံးနေရမယ်၊ ဒါပဲ"

အရူးတစ်ယောက်နှင့်တူသော စည်သူမျက်နှာကို ယု စိုက်ကြည့်လိုက်သည်။ သူကလည်း ယုကို တစ်ခါမှ မမြင်ဘူးသလို တုံ့ပြန်စူးစိုက်ကြည့်နေပုံက စူးစူးရဲရဲ။ ယု ခေါင်းထဲမှာ စည်သူ ဖြစ်ပျက်နေပုံကိုကြည့်ရင်း သူစိတ်ကို ဘယ်လိုထိန်းချုပ်ရပါ့မလဲဟု တွေးနေ၏။

ဒီအချိန်မှာ စည်သူနှင့်အပြိုင် မိုက်နေလျှင် ယုပဲ နစ်နာဆုံးရှုံးရဖြစ်တော့မည်။ ဒီနေရာမှာ ဉာဏ်ကူမှဖြစ်မည်။ အခု ရောက်ရှိနေသည့်နေရာက စည်သူ ပိုင်နက်ထဲမှာဆိုတာ ယုမမေ့။

"နင် ဘာယ်လိုဖြစ်နေတာလဲ စည်သူ၊ ပြောတော့ ယုကို ချစ်တယ် ချစ်တယ်နဲ့ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက် ကိုယ့်ကြောင့် သူများလက်ညှိုးထိုးစရာ ကဲ့ရဲ့အတင်းပြောစရာဖြစ်အောင် နင်တကယ်လုပ်ရက်လို့လား"

"ယု"

"နင်ဘာမှမပြောနဲ့ စည်သူ၊ နင်သာ ယုကိုတကယ်ချစ်





တယ်ဆိုရင် ပထမဆုံး ယုရဲ့ ဂုဏ်သိက္ခာနဲ့ အရှက်ကို ငဲ့ကွက်ပါ။ ယုဆိုတာ ဘယ်လိုမိန်းကလေးတစ်ယောက်လည်းဆိုတာ နင်အသိဆုံးပါ စည်သူ"

"ယုအရှက်ကို အသက်နဲ့လဲဖို့ ဝန်မလေးဘူး၊ ယု အသက်ကို တမင်ရန်ရှာချင်တယ်ဆိုရင်တော့ နင့်သဘောပဲ"

ယုစကားအဆုံးမှာ တွေဝေငေးငိုင်သွားသည့် စည်သူ မျက်နှာကို ကူကြွေမပျက် အကဲခတ်ရင်း ယုစိတ်ထဲက ကြောက်စိတ်ကို မျိုသိပ်နေရသည်။ အခုချိန်မှာ ယုဘက်က သူနဲ့အပြိုင် တင်းမာနေလို့ကတော့ ယုဘဝက သူ့လက်ခုပ်ထဲကရေပဲ ဖြစ်တော့မည်။

"နင့်လိုချင်တာ ယုအချစ်မဟုတ်ဘူး၊ ယုနှာကိုယ်ပဲဆိုရင်"

"ယု...တော်တော့"

"မောင့်အချစ်ကို ဒါထက်ပိုမစော်ကားနဲ့"

"ဒါဆို ယုပြန်မယ်"

"ပြန်ချင်ရင် မောင့်ကိုချစ်တယ်လို့ပြောခဲ့"

"ဘာ"

"ယုက မောင့်ကိုချစ်တယ်ဆိုမှ ပြန်ပို့နိုင်မယ်၊ ဒီလိုမှ မဟုတ်ဘူးဆိုရင် ယုကို မောင် ဘယ်နည်းနဲ့မှ ပြန်ပို့နိုင်မှာမဟုတ်ဘူး၊ အဲဒီအတွက်လည်း ယု ကြိုက်သလို မောင့်အပေါ်မှာ စွပ်စွဲပြောဆိုနိုင်တယ်"

"မကျေနပ်လို့ ထရိုက်လည်း မောင်ဂရုမစိုက်ဘူး၊ ယု



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တဲ့လမ်းကိုရွေးပါ"

မျက်ဝန်းနှစ်စုံ အားပြင်းစွာ ဆုံသွားကြသည်။

ယုလောက်တော့ စည်သူကလည်း ဉာဏ်ပြေးတာကို လျှော့မတွက်ရဲ။ သူကလည်း ယုကို လမ်းကြောင်းနှစ်ခု ချပြပေးပြီး ပြန်အကျပ်ကိုင်နေပုံက သူ့ကို စိတ်ဆိုးဒေါသဖြစ်နေသည့်ကြားမှ ယုနှင့် တူပဲတူနိုင်လွန်းသည့် စည်သူစိတ်ကို မုန်းမုန်းနှင့် မျက်စောင်းရွယ်ချင်မိသည်။

သူ့ကို စောစောကလောက် မကြောက်တော့။ ပြန်လည်တည်ငြိမ်လာသည့် စည်သူ့အသွင်ကလည်း နဂိုပုံမှန်ဖြစ်လာပြီမို့ ယု သက်ပြင်းခိုးချလိုက်သည်။

စည်သူ့စိတ်ကို ယု သိသည်။

အခုချိန်မှာ ယုက သူပိုင်နက်အတွင်းမှာဆိုတော့ နှစ်ခုထဲက တစ်ခုခုကို ရွေးကိုရွေးမှဖြစ်မည်။

"ကဲ...ပြန်မို့တော့"

"မောင့်ကိုချစ်ပြီပေါ့"

"ပြန်ပို့လို့ ပြောနေပြီပဲ"

"အဲဒီလိုဘယ်ရမလဲ ပါးစပ်ကဖြေမှ ဖြစ်မှပေါ့"

"မဖြေလို့မရဘူးလား"

"မရဘူး"

"ဉာဏ်ပြောတာ ဖြစ်ချင်ဖြစ်နေမှာပေါ့"

"ရတယ်...အဲဒီဉာဏ်ပြောတာလေးကိုပဲ ကျေနပ်မယ်"





"အဟင်း"

မရယ်ချင်ရယ်ချင်နှင့် ယု တစ်ချက်ရယ်လိုက်တာကို စည်သူက တစ်ခါမှ မမြင်ဘူးသလို တစိမ့်စိမ့် စူးစိုက်လျက် ငြိမ်သက်စွာ ငေးကြည့်နေ၏။

ယုစိတ်ကို တုန်ရီလှုပ်ရှားနေသော ထိုအကြည့်ကို ယု အလိုမရှိသလို ရင်ဆိုင်လိုစိတ်လည်းမရှိပါ။

"ယု"

"ချစ်တယ်"

"ဟာ"

"ယု...နေဦးလေ"

ခေါ်သံကို ကြားသော်လည်း ယုက နောက်ကို လှည့်မကြည့်ဘဲ နေရာက ထွက်သွားဖို့ ကြိုးစားတာကို ကြည်နူးချမ်းမြေ့စွာပြုံးရင်း ယု လက်ကလေးတစ်ဖက် နောက်က အားဖြင့် ဆောင့်ဆွဲယူလိုက်သည်။

"ဟိတ်"

"အိုး"

ယုတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ထွေးခနဲရောက်လာသည်။ ရုန်းဖယ်ဖို့ ကြိုးစားနေသူလေးကို သူက ခွင့်မပြု။

"စည်သူ...နင်နော်"

"ချစ်တယ်ယုရယ်"

"ဟင့်အင်းဆို"



www.burmeseclassic.com

www.burmeseclassic.com



"အို"

အေးစက်နေသော နှုတ်ခမ်းလေး နွေးထွေးသွားသည်။ စိတ်ဆိုးဒေါသဖြစ်စွာ ထုရိုက်လာသော ယုထံမှ လက်သီးဆုပ်ကလေးများကို စည်သူက ဂရုမစိုက်။ နောက်ဆုံးတော့ သူ့ကို ယု အရှုံးပေးလိုက်ရတာပဲ အဖတ်တင်သည်။ ရင်ထဲမှာ ဖိုလှပ်နွေးထွေးရခြင်းနှင့်အတူ ယုအပေါ် ကျရောက်လာမည့် ကံကြမ္မာ အရိပ်မည်းကြီးကို ကြောက်လန့်စွာ စည်သူ့ရင်ခွင်ထဲက အလန့်တကြားလေး ရုန်းဖယ်ထွက်လိုက်ချိန်မှာ ယုတစ်ကိုယ်လုံး ဆတ်ဆတ်တုန်ရီလျက်ရှိသည်။

ဟင့်အင်း…

ယု အရှုံးမပေးဘူး။

ယု မရှုံးဘူး။

"ယု"

"မောင့်ရဲ့ယုရယ်"

"အဟွန်း…ဟွန်း…ဟွန်း"

ယု ခံစားချက်ကို မသိသော စည်သူက ယုကိုကြည့်ပြီး မြတ်နိုးကြည်မွေ့စွာရယ်လျှင် ယုသည် ဘာတစ်ခုမှ စဉ်းစားမနေနိုင်တော့ဘဲ စည်သူကိုယ်ကြီးကို တစ်အားတွန်းဖယ်ကာ နေရာမှ ပြေးထွက်လာခဲ့မိလိုက်ပါတော့သည်။





# အခန်း (၁၃)

"နု"

"ရှင်"

"ပျော်ရဲ့လား"

"ဟုတ်ကဲ့"

"ကိုယ့်ကိုရော စိတ်ဆိုးသေးလား"

"အဟင်း…ဟင်း…ဟင်း"

ကျော်ကောင်းမြတ် အမေးစကားကို နု သဘောကျကျေနပ်စွာ ရယ်မောလိုက်မိသည်။ မာမီပြောပြလို့ သင်းနဲ့သာအိမ်ကြီးကို လာမည့် ညသည်ကို ဤမျှကြီးကျယ်ရပါမည်လားဟု နု စိတ်ဆိုးခဲ့ပုံကို သိရှိခွင့်ရသွားပြီးနောက်မှာ နုနှင့် အခုလို နှစ်ယောက်တည်းတွေ့ခိုက် မှာ မေးလာခြင်းမို့ အားတုံ့အားနာ ဖြစ်ရသူက နုဖြစ်သည်။

"အဲဒီတုန်းကတော့ နည်းနည်းတော့ စိတ်ဆိုးတာပေါ့"

"အခုကြတော့ရော"

"အင်း…အခုကြတော့ ပိုပြီးစိတ်ဆိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပိုပြီးစိတ်ဆိုးတယ်ဟုတ်လား"

"အင်း"

"ဘာဖြစ်လို့လဲ၊ နု မကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်း ပြောမှ ကိုယ်ကသိရမှာပေါ့၊ နု စိတ်ဆိုးအောင် ကိုယ်ဘာလုပ်မိလို့လဲ"

"ပြောလေ...နု ကိုယ့်ကိုအားမနာပါနဲ့၊ နုပြောမှ ကိုယ်က သိရမှာမဟုတ်လား"

နု စိတ်ဆိုးသည်ဆိုတာနှင့် ပျာပျာသလဲ တောင်းပန်စကား ဆိုနေသူကိုကြည့်ပြီး သူမမြင်အောင် တစ်ဖက်ကိုလှည့်ပြီး နု ပြုံးလိုက်သည်။ ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးကို မမြင်ဘူးမတွေ့ဘူးခင်ထဲက နုစိတ်ထဲမှာ ဤမျှကြီးကျယ်ရပါမည်လားဆိုသည့် အတွေးလေးနှင့် သူ့အပေါ်မှာ ကြည့်မရအောင် နု စိတ်ဆိုးခဲ့ဘူးပါသည်။

ဒီလိုဖြစ်လာအောင်လည်း အကြောင်းက ရှိသည်။ မာမီနှင့် မမယုက ဧည့်သည်လာမည်ဆိုတာနှင့် ပျာယာခတ်ပြီး အိမ်ထဲမှာရှိနေသည့် ပစ္စည်းတွေ၊ အသုံးအဆောင်ပစ္စည်းတွေကို အလှပအသစ်လွှင်ဆုံး အခမ်းနား အတောက်ပြောင်ဆုံးတွေချည်း ပြောင်းလဲပစ်ဖို့ အပြေးအလွှား ကြိုးစားကြသည်။

ဝယ်ယူလာသမျှ ဝစ္စည်းတွေကို သူ့နေရာနှင့်သူ ကြည့်ကောင်းအောင် နေရာချ ပြင်ဆင်သိမ်းဆည်းရ။ မာမီနှင့် မမယုက မကြိုက်ဘူးဆိုတာနှင့် ပြန်ပြီး နေရာချရာ အသစ်လဲရနှင့် ဖတ်ဖတ်





မောခဲ့ရသည်က နုတို့ချည်းဆိုတော့ ဘယ်လိုဧည့်မျိုးပါလိမ့်ဆိုသည့် အတွေးနှင့် မမြင်ရသည့် ဧည့်သည်ကို မောမောနှင့် စိတ်ဆိုးခေါသ ဖြစ်ရခြင်းပါ။

ဒီကြားထဲ မမယုက နုကို ဖိအားပေးတာတွေကလည်း ရှိသေးသည်။ နု မလုပ်ချင်တာတွေ၊ နု မပြောချင်တာတွေကို လုပ်ခိုင်း ပြောခိုင်းတော့ နုမှာ ပိုစိတ်ရှုပ်ပြီး ဧည့်သည်ဆိုသည့် လူကြီးကို ပိုမုန်းခဲ့ရသည်။

ပြီးတော့ ဒက်ဒီ့သူငယ်ချင်း ဒက်ဒီ့မိတ်ဆွေကို ဤမျှငယ်ရွယ်လိမ့်မည်ဟုလည်း မထင်ခဲ့။ တကယ်တမ်း ဒက်ဒီ့မိတ်ဆွေအဖြစ် ဦးကျော်ကောင်းမြတ်ကို တွေ့မြင်လိုက်ရတော့ တည်ကြည်ခန့်ညားသော ရုပ်သွင်နှင့် လူလတ်ပိုင်းတစ်ယောက် ဖြစ်နေတာကို အံ့သြခဲ့ရသည်။

ကြီးကြီးပုက အဲဒါ မမယုအတွက် သတို့သားလောင်းဟု တိုးတိုးကျိတ်ကျိတ်ဆိုမှ သဘောပေါက်ခဲ့ရသည့် နုပါ။ နုနှင့် လက်စွပ်ကိစ္စမှာလည်း ယုက နုလက်စွပ်လေးကို ပြန်တောင်းဖို့ မေ့သွားခဲ့ရခြင်းမှာလည်း နုနှင့် သူ့ကို ရင်းနှီးပတ်သက်ဖို့ ဖြစ်လာရခြင်းဟု ဆိုရမည်။

အဲဒီတုန်းက ယုကို ဖုန်းဆက်လာသူက စည်သူမို့ ယုက ကျော်ကောင်းမြတ်ရှေ့မှာ ဖုန်းမပြောလိုသဖြင့် လမ်းခွဲနှုတ်ဆက်ခဲ့ရခြင်းကြောင့် နောက်ပိုင်း လက်စွပ်ကိစ္စလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ပြီး ဘာမှထပ်မပြောဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကောင်းမြတ်နှင့် နုတို့ စကားပြောဆိုနေကြတာကို ခြောက်ခြား တွေ့မြင်နေရတာမို့ ပြန်ပေးပြီးလောက်ပြီဟု ထင်တာလည်းပါသည်ထင်သည်။ အခုလို အဏ္ဏဝါစံအိမ်ကြီးကို နုကိုယ်တိုင် နည့်သည်အဖြစ်ရောက်မှ မာမီတို့ ဘာကြောင့် သင်းနံ့သာအိမ်ကြီးကို ဤမျှ အမောအပန်းခံပြီး ပြင်ဆင်နေရခြင်းအဖြစ်ကို သဘောပေါက်မိသူက နုဖြစ်သည်။

အဏ္ဏဝါစံအိမ်ကြီးက ခမ်းနားကြီးကျယ်သလောက် အနုစိတ် မွန်းမံပြင်ဆင်ထားပုံက အဆင့်အတန်းမြင့်ပြီး သပ်ရပ်လှပနေသည်။ အိမ်ထောင်ရှင်မ မရှိသော အိမ်နှင့် လုံးဝမတူ။ ကျော်ကောင်းမြတ်ကိုယ်တိုင် အိမ်ကို အလှအပချယ်မှုန်းခြင်းကို စိတ်ဝင်စားသူ၊ ဂရုစိုက်နိုင်သူဖြစ်တာလည်း ပါမည်ထင်သည်။ အလုပ်သမားတွေကအစ အားလုံး စည်းစနစ်ကျကျ။ စည်းကမ်းရှိရှိနှင့် ချိုးကျိုးစရာ။

နုတို့ ဧည့်သည်မိသားစုအတွက်လည်း ဘာတစ်ခုမှ မလိုအောင် ဧည့်ဝတ်ကျေပြွန်ခဲ့သဖြင့် နုတို့အိမ်မှာ သူ ဧည့်သည်လုပ်တုန်းက နု ဆိုးခဲ့တာကိုပင် အားနာမိသလိုလို ဖြစ်ရသည်က နု။

နောက်တော့လည်း မမယုနှင့် ဦးကျော်ကောင်းမြတ် လက်ထပ်လျှင် နုအစ်ကိုတော်ရမည့်အတူတူဟု သဘောပိုက်ကာ နုအပေါ်မှာရော မိသားစုအပေါ်မှာပါ ဂရုစိုက်လှသော သူ့ကို နုကလည်း အခုလို ခင်မင်မှုလေးတွေနှင့် တုံ့ပြန်မိခြင်းဖြစ်သည်။

သူမအပေါ်မှာ ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးက တစ်ဖက်သတ် ချစ်ခင်မြတ်နိုးနေလိမ့်မည်ဟုလည်း မတွေးမိရှာ။





မမယုကိုလိုချင်၍ နုနှင့် ခင်မင်ရင်းနှီးအောင် ကပ်ပေါင်းနေခြင်းဟု တွေးမိသူ။

"ဟိတ်…မေးနေတာ ဖြေဦးလေ"

"နုက ဘာဖြေရမှာလဲ"

"ဟောဗျာ…အခုပဲ နုက ကိုယ့်ကို ပိုစိတ်ဆိုးတယ်ဆို"

"အင်းလေ"

"ဒါကြောင့် ဘာကိုစိတ်ဆိုးတာလည်းဆိုတာ ကိုယ့်ကို ပြောပြဖို့ မေးနေတာ"

"အဟင်း…ဟင်း…ဟင်း"

"နုက ကိုယ့်ကိုရယ်တယ်"

"ရယ်တာပေါ့…နုက စနေတဲ့ဥစ္စာကို"

"စတယ်"

"အင်း"

"နုပြောတာကို တကယ်ထင်ပြီး လန့်သွားတာ မဟုတ်လား"

"ဒါပေါ့ဗျာ…နု စိတ်ဆိုးမှာ ကိုယ်တကယ်ကြောက်တယ်"

"ဘာဖြစ်လို့လဲ"

"ဘယ်လိုချော့ရမှန်း မသိလို့ပေါ့ဗျာ"

ကျော်ကောင်းမြတ် အမှန်ကို ဝန်ခံလိုက်တာဖြစ်ပေမယ့် နုအတွက် ကျော်ကောင်းမြတ်ဆိုသည့် လူကြီးရဲ့စကားက ရယ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ သူလိုလူကြီးတစ်ယောက်က မိန်းကလေးတစ်ယောက် စိတ်ကောက်ရင် ဘယ်လိုချော့ရမှန်းမသိပါဆိုသည့် စကားက မယုံချင်စရာ။

နုမှမဟုတ်။

ဘယ်သူမှလည်း ယုံကြည်ကြမည်မထင်။

"နုက ကိုယ့်ကို ဘာပြုံးတာလဲ"

"ဩော် ...ကိုယ့်ဘာသာပြုံးတာပဲ၊ မပြုံးရတော့ဘူးလား"

"ပြုံးရပါတယ်ဗျာ ...နု အပြုံးက ကိုယ်စကားကို မယုံဘူးဆိုတဲ့ အဓိပ္ပါယ်များလားလို့ပါ"

"နုယုံတာ မယုံတာ အရေးမကြီးပါဘူး၊ မမယု ယုံဖို့ပဲ အရေးကြီးတာပါ"

နု ဘာကိုရည်ရွယ်ပြီး ပြောမှန်းသိလိုက်ပေမယ့် သူ့ဘက်က ဘာဖြေရှင်းချက်မှမထုတ်ဘဲ နု မျက်နှာလှလှလေးကိုသာ စိုက်ကြည့်နေလိုက်မိပါသည်။ နု တစ်ယောက် သူ့အပေါ်မှာ ဤမျှ လိုက်လိုက်လျောလျောလေး ပြောဆိုဆက်ဆံနေခြင်းမှာ အစ်မဖြစ်သူ ယုကြောင့်ဆိုတာ ကျော်ကောင်းမြတ် သိပါသည်။

"နု ယုံကြည်ဖို့ကလည်း ပိုအရေးကြီးပါတယ်ဗျာ၊ ကိုယ့်ဘဝမှာ အခုချိန်ထိ၊ အလုပ်တာဝန်ဝတ္တရားတွေ စီးပွားရေးကိစ္စတွေနဲ့ အမြဲအလုပ်ရှုပ်နေလို့ ဘယ်မိန်းကလေးကိုမှ လိုက်မချော့ဖူးဘူး"

"အဲဒီအတိုင်း မမယုကို နုပြောပေးရမှာလား"





"ကိုယ်က နုသိအောင်ပြောတာပါ ယု သိဖို့မလိုပါဘူးဗျာ"

"စိတ်ထဲကပါမှ ပြောနော်၊ တော်ကြာ နုက မမယုကို လျှောက်ပြောပစ်ရင် ဘယ်နှယ်လုပ်မလဲ"

"ဘယ်နှယ့်မှမလုပ်ပါဘူးဗျာ နုစိတ်ချမ်းသာဖို့က အဓိကပါ၊ ပြောချင်တာပြောပေါ့ ကိုယ်က တကယ်မှမဟုတ်ဘဲ"

နု ဘာမှမပြောဘဲ ပြုံးနေလိုက်သည်။ ကျော်ကောင်းမြတ်က နုတို့ပြန်ရတော့မည့် အရေးကို အခုထဲက ကြိုဆွေးနေခြင်းဖြစ်သည်။ အခုချိန်ထိ ချစ်ရသူလေးကို ချစ်စကားတစ်ခွန်း တရားဝင် ဖွင့်ပြောရခြင်းမရှိသေးသလို လူကြီး မိဘတွေဆီမှာလည်း နုကိုသာ လက်ထပ်ပိုင်ဆိုင် ရယူလိုပါကြောင်းကိုလည်း မတောင်းဆိုရသေးပါ။

အားလုံးက သူ့ကို ယုနှင့်သာ ဖြစ်စေချင်ကြတာမို့ ရက်တရက်ကြီး နုကို ချစ်မြတ်နိုးသည့်အကြောင်း လူကြီးတွေကို အသိပေး ဖွင့်ပြောပြီး လက်ထပ်ခွင့်တောင်းဖို့ကြတော့ ယုအပေါ်မှာ အားနာနေမိသည်။

ပြန်ခါနီးမှာ နုကိုထပ်ပြီး ချစ်ခွင့်ပန်ရန် စိတ်ကူးထားသလို နု မိဘတွေဆီမှာလည်း နုကိုသာ လက်ထပ်လိုပါကြောင်း ဖွင့်ပြောရန် ဆုံးဖြတ်ထားပါသည်။ ဒီနေ့တော့ အင်္ဂဝါစံအိမ်ကြီးထဲမှာ ကျော်ကောင်းမြတ်နှင့် နု နှစ်ယောက်တည်း ထူးခြားစွာ ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နုမာမီနှင့် ဒက်ဒီတို့မှာ ဒီနေ့ရောက်မှ မျှော်လင့်ဘဲ မိတ်ဆွေဟောင်း တစ်ယောက်နှင့်တွေ့ပြီး စီးပွားရေး လုပ်ငန်းကိစ္စများအတွက် ဆွေးနွေးတိုင်ပင် ညှိနှိုင်းရန် သွားကြသလို ယုကြပြန်တော့လည်း သူမကိုလာခေါ်သည့် ကားနှင့် အမြင်ကို လိုက်သွားသည်မှာ အခုချိန်ထိ ပြန်မရောက်ကြသေး။

ကျော်ကောင်းမြတ် စိတ်ထဲမှာ လက်ရှိအခြေအနေကို အသုံးချပြီး၊ နုကို သူ့ရင်ထဲက ချစ်ခြင်းမေတ္တာကို ထုတ်ဖော်ပြောဆိုရန် သင့်မသင့် စဉ်းစားဆုံးဖြတ်ရခက်ပြီးမှ နောက်ဆုံးဖြစ်ချင်ရာဖြစ်တော့ဟု သဘောပိုက်ကာ သူ့ဘက်က အရဲစွန့်ပြီး ပြောလိုက်ရန်အားတင်းပြီး ဆုံးဖြတ်လိုက်သည်။

"နု"

"ရှင်"

"ကိုယ်…နုကိုချစ်တယ်"

"ဟာ"

"လက်ထပ်ခွင့်ပြုပါနု၊ နုသာ ခွင့်ပြုမယ်ဆိုရင် ကို အန်တီတို့ အန်ကယ်တို့ဆီမှာ နုကို တောင်းရမ်းယူပြီး လက်ထပ်ပါရစေ"

"အို"

နုသည် လုံးဝထင်မှတ်မထားသည့် စကားကို ကြားလိုက်ရသည့် အဖြစ်ကြောင့် ပါးတွေနားတွေ ထူပူလာကာ ဦးကျော်ကောင်းမြတ်၏ မျက်နှာကို တစ်ခါမှမမြင်ဘူးသူ တစ်ယောက်လိုစေ့စေ့စပ်စပ် စူးစိုက်ကြည့်ပစ်လိုက်သည်။





ကမ္ဘာလောကကြီးတစ်ခုလုံး ဘာတွေဘယ်လိုဖြစ်ကုန်ကြပြီတုန်း။ မမယုနှင့် လူကြီးချင်း သဘောတူထားသည့်လူက မမယုကို ချစ်ရေးဆို လက်ထပ်ခွင့်မတောင်းဘဲ ယုလို ဂျိုးဂကျောင်မိန်းကလေးကိုမှ ဘာအတွက် လက်ထပ်ခွင့်တောင်းရပါသည်လဲ။

နုသည် ရင်ဆိုင်ကြုံတွေ့နေရသော လက်ရှိအဖြစ်ကို ရုတ်တရက် သဘောမပေါက်ဘဲ ဘာတစ်ခုမှ နားမလည်နိုင်ဖြစ်နေသည်။

"ကိုယ့်ကို ပြန်ချစ်ပါလား နုရယ်၊ ကိုယ်လေ နုကို ပထမဆုံးစပြီး မြင်တွေ့ခွင့်ရထဲက မြတ်မြတ်နိုးနိုးနဲ့ စွဲလမ်းချစ်ခင်ခဲ့ရတာပါဗျာ"

"နုကို ကိုယ်ချစ်တယ်"

"သိပ်ချစ်တယ် နုရယ်"

"နုကို ဘာတွေလာပြောနေတာလဲ ဦးကျော်ကောင်းမြတ်ရယ်၊ မမယုနဲ့ ခင်ဗျားကို နုတို့တစ်မိသားစုလုံး သဘောတူနေတာ ခင်ဗျားလည်း သိရဲ့သားနဲ့ဗျာ၊ နုတို့ ညီမကြားမှာ မိဘတွေကို အနေရခက် စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ ဦးကျော်ကောင်းမြတ်ကို နု လုံးဝမချစ်ဘူး၊ အခုလည်း မချစ်ဘူး နောင်ကိုလည်း မချစ်ဘူး"

"နုသွားမယ်"

"နု"

"အို…ဒါဘာလုပ်တာလည်း နုလက်ကိုလွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူနားက ပြေးထွက်သွားဖို့ ကြိုးစားနေသော နုလက်လေးကို ကျော်ကောင်းမြတ် ဆွဲယူဖမ်းတားလိုက်ခြင်းဖြစ်ရာ နုကလည်း သူ့မလက်ကလေးကို မျက်နှာနီနီဖြင့် စိတ်ဆိုးဒေါသဖြစ်စွာ ရုန်းဖယ်နေပါသည်။

"ကိုယ်ပြောတာ ဆုံးအောင်နားထောင်ပါဦး နုရယ်၊ နုကို ကိုယ့်ရင်ထဲ ချစ်စကားဖွင့်ပြောဖို့ ကိုယ်ဘက်က ဘယ်လောက်ကြိုးစားခဲ့ရလည်းဆိုတာ နု သိလား"

"နုကို ဘာမှမပြောပါနဲ့…နု မကြားချင်ဘူး သိလည်း မသိချင်ဘူး"

"မသိချင်လို့မရဘူး မရဘူးနု၊ နုရဲ့ မမယုကို ကိုယ်လုံးဝ မချစ်ဘူး၊ စိတ်လည်းမဝင်စားဘူး ကိုယ်ချစ်တာက နုပဲ၊ နုကိုပဲ ကိုယ်လက်ထပ်မယ်"

"နု မာမီနဲ့ ဒက်ဒီကိုလည်း ဖွင့်ပြော အသိပေးမှာပါ၊ ကာယကံရှင်ဖြစ်တဲ့ နုသိအောင် အရင်ဆုံး ကိုယ့်ရင်ထဲက အချစ်တွေကို ဖွင့်ပြောနေတာ ဒီလောက်ဆို ကိုယ့်သဘောထားကို နု သိလောက်ပြီထင်ပါတယ်"

"နု လုံးဝသဘောမတူဘူးနော်၊ နု မာမီနဲ့ ဒက်ဒီကိုလည်း ဘာတစ်ခုမှ မပြောပါနဲ့၊ ဦးကျော်ကောင်းမြတ်ကိုလည်း နု မယူနိုင်ပါဘူး"

"နု"

"နုပြောထားတဲ့ကြားက ဖွတ်တိုးလုပ်လာရင်တော့





ဦးကျော်ကောင်းမြတ်ကို နု အခုထက် ပိုမုန်းမိလိမ့်မယ်သိလား"

"ခက်တာပဲကွာ"

"အို…ဘာမှမခက်ဘူး၊ နုပြောပြီးပြီနော်၊ နောက်မှ နု အဆိုးမဆိုနဲ့သိလား"

"ဖယ်ပါ…နုလက်ကိုလည်း ကိုင်မထားပါနဲ့"

"နုရယ်"

ချစ်သူ မျက်နှာညိုတော့ ကျော်ကောင်းမြတ်မှာလည်း အနေရခက်ခက်နှင့် စိတ်ညစ်ရသည်။ လှပသော နု မျက်နှာလေးမှာ စိတ်ဆိုးဒေါသတွေနှင့် ကျော်ကောင်းမြတ်လက်ထဲက သူ့မလက်လေးကို ဆောင့်ရုန်းပြီး မျက်စောင်းတစ်ချက်ဒိုင်းခနဲ လှမ်းထိုးလိုက်ပါသေးသည်။

လှပသော ချစ်သူမျက်စောင်းကို ကျေကျေနပ်နပ်ကြီး ခံယူရင်း နုနှင့်သူ့ အချစ်ကို ဘယ်လိုပြေလည်လာအောင် အကြံထုတ်ရပါ့ဟု တွေးရင်း သူ့ရှေ့က သွားနေသူလေးနောက်ကို ခြေလှမ်းကျဲကြီးနှင့် အတူလိုက်ပါခဲ့၏။

"ကိုယ့်စကား မဆုံးသေးဘူးလေနု"

"အဲဒါ နုက ဘာလုပ်ရမှာလဲ"

"ကိုယ့်ရင်ထဲမှာ နုကိုပဲ ချစ်နေမိပြီ၊ ဒါကို အခု နုလည်း သိပြီပဲ၊ ကိုယ့်ကို တစ်ခုခုတော့ ထွက်ပေါက်ပေးသင့်တာပေါ့၊ နုက နုမိဘတွေကို မပြောစေချင်သေးဘူးဆိုရင် ကိုယ်အခု မပြောသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



သူစကားကြောင့် လှမ်းနေသော နု ခြေလှမ်းအစုံ ရပ်တန့်သွားကာ သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ခုနက ဘာပြောလိုက်တယ်"

"နုကို ချစ်တယ်လို့ ပြောတာလေ"

"အို...အဲဒါကို ပြောတာမဟုတ်ပါဘူး၊ နုမိဘတွေကို အခုရော နောင်ရော ဘာမှမပြောပါနဲ့"

"ဒါဖြင့်ကိုယ်က ဘယ်လိုလုပ်ရမှာတုန်း"

"ဘယ်လိုမှ မလုပ်နဲ့"

"မဖြစ်နိုင်တာ မပြောကြေးကွာ၊ ကိုယ့်ဘက်ကိုလည်း နုက ပြန်ငဲ့ကြည့်ဦးမှပေါ့၊ နုဘက် ဖြစ်ချင်တာတွေအားလုံး ကိုယ့်ဘက်က ဖြစ်ခွင့်ပေးပြီးရင် နုဘက်ကလည်း ကိုဖြစ်ချင်တာကို ပြန်လိုက်လျောသင့်တာမျိုး မဖြစ်သင့်ဘူးလား"

"ခင်ဗျား ဖြစ်ချင်တာက ဘာလဲ"

စိတ်ရှုပ်ထွေးစွာ နု ဆိုလိုက်သည်။

ဒီလိုဖြစ်လာလိမ့်မည်လို့လည်း မထင်ခဲ့။ မမယုရဲ့ ပြဿနာကနေ အခုတော့ နု၏ပြဿနာအဖြစ်သို့ လုံးလုံးကြီး ကူးပြောင်းသွားပုံက အံ့ဩစရာ မယုံနိုင်စရာပါ။

မမယုနှင့် မာမီတို့ ဒက်ဒီတို့သာသိလျှင် နုတော့ ရှက်တာနှင့်ပင် သေလိုက်ချင်သည်။ အထူးသဖြင့် မမယုက နုကို ပြောလာမှာမျိုး မခံနိုင်။ အခုလိုတွေ ဖြစ်လာအောင် မာမီ့သမီးကမှ အနေမတတ်တာဟုဆိုလျှင် အတွေးနှင့်ပင် နု မျက်နှာလေး ငိုမဲ့မဲ့ဖြစ်





ချင်လာ၏။

ဒါကြောင့်လည်း ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးကို နု အပြတ်ငြင်းခဲ့ပြီးပါပြီ။ အိမ်ထောင်သားမွေးအလုပ်က နု အတွက် မဟုတ်။ နုက တက္ကသိုလ်ကျောင်းသူမ လှလှလေးဘဝဖြင့် နုပို လှပသော အချိန်များကို ရင်ခုန်လှုပ်ရှားစွာ ပျော်ပျော်ကြီး ဖြတ်သန်းရဦးမည်။

အခုတော့ ချစ်သူရည်းစားပင် မထားရသေးသော နုကိုမှ လက်ထပ်လိုပါသည်ဆိုသည့် လူကြီးက နုအတွက် မုန်းစရာကြီး ဖြစ်နေသည်။

"ကိုယ့်ကို နု ချစ်သူအဖြစ် လက်ခံပေးပါ"

"ဟင်"

"ကိုယ် နု နားမှာပဲ နေချင်တယ်၊ နုကိုလည်း စိတ်မချဘူး၊ နုသာ ခွင့်ပြုမယ်ဆိုရင် လူကြီးတွေနဲ့လည်း စေ့စပ်ထားချင်တယ်"

"မဖြစ်နိုင်တာတွေ မပြောနဲ့နော်၊ ဦးကျော်ကောင်းမြတ် ပြောတာတွေ နုတစ်ခုမှ သဘောမတူဘူး"

"ခွင့်လည်း မပြုနိုင်ဘူး မာမီတို့ သဘောကျ မမယုကိုပဲ လက်ထပ်လိုက်ပါ"

"နုလေးရယ်...ဒါအချစ်ကွ၊ ကိုယ်ချစ်တာနုလေးကိုပဲ၊ ဘယ်လိုလုပ်ပြီး နု မမယုကို လက်ထပ်လို့ဖြစ်မှာလည်း ယုဇ နုမှ မဟုတ်ဘဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"နုကမှ ခင်ဗျားကို မချစ်ဘဲ"

"နု ချစ်လာအောင် ကိုယ်ဘက်က ကြိုးစားမှာပေါ့ နုရဲ၊ ကိုယ့်အချစ်ကိုသာ နုလက်ခံလိုက်စမ်းပါ၊ ကိုယ့်ကြောင့် နုဘယ်တော့မှ စိတ်မညစ်စေရဘူးလို့လည်း ကတိပေးတယ်"

"ကိုယ်က နုပျော်အောင် တစ်သက်လုံးထားမှာ၊ သားတွေ သမီးတွေ မြေးမြစ်တွေ ရလာတဲ့အထိ"

"ခင်ဗျားနော် အရှက်မရှိတဲ့ စကားတွေ နုကိုလာပြော မနေနဲ့"

"ဩော်...ကိုယ်က နောင်ဖြစ်လာမှာကို ပြောတာပါဗျာ"

"စိတ်ချ...အခုလည်းမဖြစ်ဘူး၊ နောင်လည်း မဖြစ်ဘူး"

"အဲဒါက နုအထင်ကိုး"

နုက ဒေါသဖြစ်လွန်းလို့ ဘယ်လိုပြောရမှန်းမသိ။ သူနဲ့ အပြိုင်ပြောလို့ နုပဲ ရှုံးမှာ သေချာသည်။ ထို့ကြောင့် ဘာတစ်ခွန်းမှ ဆက်ပြောမနေတော့ဘဲ နေရာက ချာခနဲ လှည့်ပြေးထွက်ခဲ့ရာ အိမ်ရှေ့တည့်တည့် ဆိုက်ရပ်လာသည့် ကားပေါ်မှ ဆင်းလာသည့် မမယုနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရချိန် နု မျက်နှာလေး ထိန်းမရအောင် ကွက်ခနဲ ပျက်သွား၏။

"ဘာဖြစ်လာတာလဲ နု"

"ဟင့်အင်း...နုဘာမှ မဖြစ်ပါဘူး၊ နုသွားတော့မယ်"

နုက မမယုရှေ့မှာ ဆက်ရပ်မနေလိုတော့သဖြင့် သူမအိပ်ခန်းရှိရာကို တောက်လျှောက်လှမ်းတက်ခဲ့သည်။ နုနောက်ပါး





မှာ မမယုနှင့် ဦးကျော်ကောင်းမြတ်တို့ အပြန်အလှန် နှုတ်ဆက်သံသဲ့သဲ့ကို ကြားလိုက်ရ၏။

အိပ်ခန်းတံခါးကို ဆွဲဖွင့်ပြီး အိပ်ရာပေါ် နု ပြစ်လှဲချလိုက်သည်။ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသလို ရင်ထဲမှာလည်း တုန်တုန်ရီရီကြီး ဖြစ်နေ၏။

ဘာကြောင့် အခုလို ဖြစ်ရသည်ကို နုကိုယ်တိုင် သေချာမသိသော်လည်း ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးက နုကို ချစ်လာခြင်းကိုဖြင့် နည်းနည်းမှ သဘောမကျနိုင်ဘဲ မျက်ခုံးထူထူကိုသာ စိတ်အလိုမကျစွာ တွန့်ကုတ်ထားလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အခုမှ သိပ်ကိုခက်တော့တာပဲ ဒက်ဒီကြီးရယ်၊ ခုတ်ရာ တခြား ထစ်ရာတစ်လွဲ ဆိုသလိုဖြစ်နေပြီ၊ ရည်ရွယ်ထားတုန်းကတော့ သမီးကြီးယုနဲ့ ဟော အခုဖြစ်လာတော့ မောင်ကျော်ကောင်းမြတ်က နုမှ နုဆိုတော့ ဘယ်နှယ့်လုပ်ကြမတုန်း"

ထင်မှတ်မထားတာတွေ ဖြစ်လာသည့်အတွက် ကျော်ကောင်းမြတ်နှင့် ပတ်သက်ပြီး လင်မယားနှစ်ယောက်စလုံး ခေါင်းချင်းဆိုင်ကာ သမီးနုနှင့် ကျော်ကောင်းမြတ်တို့ အချစ်ရေးကိစ္စကို ဘယ်လိုဘယ်ပုံ ကိုင်တွယ်ဖြေရှင်းရမှန်းမသိ ဖြစ်နေကြပါသည်။

ကျော်ကောင်းမြတ်ကိုယ်တိုင်ပင် သူတို့ဇနီးမောင်နှံကို ရှေ့မျက်နှာနောက်ထားပြီး သူနှင့်နုကို လက်ခံသဘောတူပေးဖို့ ကိုယ်တိုင်ကိုယ်ကျ ပြောဆိုတောင်းရမ်း နားဖောက်လာခဲ့ပြီးပါပြီ။

ထို့အတွက် ကျော်ကောင်းမြတ်လို လူတစ်ယောက်အား သမက်တော်ရမည့်အတွက် ဝမ်းသာကြရသလို သူတို့မျှော်လင့်ထားသလို ကျော်ကောင်းမြတ်ကိုယ်တိုင် မြတ်နိုးနှစ်သက်စွာ





တောင်းခံလာသူက သမီးကြီးယု မဟုတ်ဘဲ သမီးငယ် နုဖြစ်နေခြင်းကလည်း သူတို့လူကြီးမိဘနှစ်ပါးကို အခက်တွေ့စေသော အကြောင်းရင်း ဖြစ်နေသည်။

နုက ငယ်ရွယ်သူပီပီ အချစ်ရေးကို စိတ်ဝင်စားသူမဟုတ်။ သူ့ဘာသာ ကလေးတစ်ယောက်လို လွတ်လပ်ပျော်ရွှင်စွာ နေလိုသူ။ ကျော်ကောင်းမြတ်ကိစ္စကို သွားပြောလို့ကလည်း အလွယ်တကူ လက်ခံနိုင်ရှာမည်မဟုတ်။ ဒါကို ကျော်ကောင်းမြတ်ကိုယ်တိုင် သိရှိပြီးသားဖြစ်ပုံနှင့် နု သူ့ကို လက်ခံလာသည့်အထိ စိတ်ရှည်ရှည် စောင့်နိုင်ပါသည်ဟု ဆိုခဲ့တာကို မမေ့။

ဘယ်လိုပဲဖြစ်ဖြစ် ကျော်ကောင်းမြတ်ကို သမီးနုနှင့် သဘောတူပါကြောင်းကိုက ဦးသင်းမောင်တို့ ဇနီးမောင်နှံကိုယ်တိုင် လက်ခံခဲ့ပြီးဖြစ်ရာ အခုမှ နုလေး၏ အရေးကိုတွေးပြီး ရင်လေးကြရခြင်းဖြစ်သည်။

"သမီးကြီးယုကိုသာ ရွေးလိုက်ရင် အခုလောက်ဆို မင်္ဂလာကိစ္စအတွက် စီစဉ်စရာရှိတာလေးတွေ စီစဉ်နေရပြီ"

"ဒါမျိုးကိစ္စဆိုတာကလည်း ပြောရခက်သားပဲလေ၊ ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့ရတာမျိုးမှ မဟုတ်ဘဲ၊ အိမ်ထောင်ရေး အချစ်ရေးဆိုတာကလည်း ကိုယ်တကယ်ချစ်တဲ့သူနဲ့လည်း အဆင်ပြေနိုင်မြဲနိုင်တာမျိုး မဟုတ်လား"

"သမီးနုကို မင်းပဲ ပြောဆိုစည်းရုံးနားချကြည့်မှထင်တယ်၊ မောင်ကျော်ကောင်းမြတ်လို သမက်မျိုး နောက်တစ်ယောက်မရှိ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးတွ"

"နုကို အဲဒါတွေသွားပြောနေလို့လည်း နုက စိတ်ဝင်စားမှာ မဟုတ်ဘူးရှင့်၊ နုစိတ်ကို ဒက်ဒီကြီးလည်း သိရက်သားနဲ့၊ သမီးနု စိတ်ဆင်းရဲမဲ့အလုပ်မျိုး ဘာတစ်ခုမှ ဖွတ်တရွတ် မလုပ်ချင်ဘူး"

ဇနီးဖြစ်သူစကားအဆုံးမှာ ဦးသင်းမောင် နည်းနည်းတော့ ငိုင်ကျသွားသည်။ ဒေါ်ခင်ခင်ပြောသည်မှာ တရားနည်းလမ်းကျသည်။ ကျော်ကောင်းမြတ်လို သမက်မျိုး လက်လွှတ်သွားမှာနိုးပေမယ့် သမီးငယ်နုလေး စိတ်ဆင်းရဲကိုယ်ဆင်းရဲ မပျော်မရွှင်ဖြစ်မှာမျိုးကိုက ဦးသင်းမောင်ကိုယ်တိုင်လည်း အလိုမရှိပါ။

သူမှာ သမီးနှစ်ယောက်အတွက် ရှာဖွေထားသည့် စည်းစိမ်ဥစ္စာတွေ အပြည့်ရှိသည်။ ပူပင်စရာလည်းမရှိ။ သမီးကညာ အခါမလင့်စေနှင့် ဆိုသလို သမီးတွေအတွက် အိမ်ထောင်ဘက်ကောင်းရွေးချယ်ရမည်ဆိုလျှင်သာ ကျော်ကောင်းမြတ်လိုလူကို ရွေးချယ်တာဖြစ်သည်။

"မင်းပြောတာလည်း ဟုတ်တာပဲ၊ အေးလေ သူတို့ချင်းဖူးစာဆက်ပါလာရင်တော့ တစ်နည်းမဟုတ် တစ်နည်းနဲ့တော့ ကံဆုံကြရမှာပဲ၊ သမီးနုကိုတော့ တို့ဘက်က ဖွတ်အတင်းဖိအားပေးလို့မဖြစ်ဘူး"

"သူတို့ လူငယ်ချင်း အဆင်ပြေမှပဲ မင်္ဂလာကိစ္စကို စဉ်းစားကြတာပေါ့ကွာ"





"ကျွန်မလည်း အဲဒီလိုပဲ စဉ်းစားထားပါတယ်၊ သမီးနုက ဘုန်းကံရှိတဲ့ မိန်းကလေးပါ၊ သူ့ဖူးစာရှင်ကို သူကိုယ်တိုင် ရွေးချယ်နိုင်ပါလိမ့်မယ်"

ဒေါ်ခင်ခင်၏ ပြောစကားကို ဦးသင်းမောင်ကိုယ်တိုင် ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံလိုက်ပါသည်။ သမီးနှစ်ယောက်ထဲက တစ်ယောက်ကို အရွေးခံရခြင်းကိုပဲ စိတ်ထဲက ကျေနပ်လှပါပြီ။

ဦးသင်းမောင်တို့ အသိုင်းအဝိုင်းထဲမှာ ကျော်ကောင်းမြတ်နှင့် သမီးနှစ်ယောက်သတင်းက လူတိုင်းနီးပါး စိတ်ဝင်စားနေသည့်သတင်းတစ်ပုဒ်ဖြစ်ခဲ့တာမို့ ကျော်ကောင်းမြတ်ကသာ သမီးနှစ်ယောက်စလုံးကို ရှောင်ထွက်သွားလျှင်ဆိုသည့် အတွေးဖြင့် ရင်ပူနေရသော စိုးရိမ်စိတ်တို့လည်း ဦးသင်းမောင်တို့ ဇနီးမောင်နှံအပါးက လွင့်စင်ထွက်ပြေးသွားခဲ့ကြသည်။

ကျော်ကောင်းမြတ်က သူတို့မိသားစု ပြန်မည့်နေ့ကြမှ နုနှင့် သူ့ကိစ္စကို ရင်ဖွင့်တိုင်တည် တောင်းရမ်းပြောဆိုလာခြင်းဖြစ်ရာ ကိုယ့်အိမ်ကိုယ် ပြန်ရောက်သည့်အထိ နုနှင့် ကျော်ကောင်းမြတ်အကြောင်းကသာ ဦးသင်းမောင်တို့ ဇနီးမောင်နှံကို အချိန်ပြည့်စိုးမိုးနေရာယူထားခြင်း ခံခဲ့ရသည်။

နုကတော့ သူမတို့ကိစ္စကို အခုလို လျှင်လျှင်မြန်မြန်ကြီး အပြောအဆိုခံရလိမ့်မည်ဟု မတွေးမိသေး။ သူမအိမ်ကို ပြန်ရောက်ပြီးကတည်းက သူငယ်ချင်းအပေါင်းအသင်းတွေနှင့် အိမ်ကနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်မရှိဘဲ ကျောင်းတက်ရမည့်ကိစ္စ၊ သင်တန်းတက်ရမည့်ကိစ္စများကိုသာ အချိန်ပြည့် လုံးပမ်းနေရှာပါသည်။

"သမီးကြီးယုကို ဒီကိစ္စဖွင့်ပြောပြလိုက်မှပဲ ထင်တယ်နော် ဒက်ဒီကြီး"

"ပြောပြရမှာပေါ့...သမီးကြီးသိရင်လည်း ဝမ်းသာမှာပါ၊ ကျော်ကောင်းမြတ်လိုလူ လက်ထဲကို သမီးနုကို ထည့်လိုက်ရမှာကို စိတ်အချဆုံးပါ"

"အဲဒါတော့ ဟုတ်တယ်၊ သမီးနုက ယုလို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ မိန်းကလေးမျိုးမဟုတ်ဘူး၊ သူ့နားမှာ အဖော်တစ်ယောက်ရှိကိုရှိနေမှ သမီးကြီးယုကတော့ စိတ်ရောလူပါ သိပ်ပြီးထက်မြတ်တယ်"

"အရာရာကိုလည်း ဦးဆောင်နိုင်တယ်၊ ကျော်ကောင်းမြတ်လို လူတစ်ယောက်မရှိလည်း သမီးယုက ဝမ်းနည်းမှာမဟုတ်ဘူး"

ထိုစကားက မှန်ပါသည်။

ကျော်ကောင်းမြတ်က နုကို နှစ်သက်မြတ်နိုးစွာ မိဘများသဘောတူလျှင် လက်ထပ်လိုပါကြောင်း ခွင့်တောင်းသည့်အကြောင်းကို မိဘနှစ်ပါးမှ ယုကို ပြန်လည်ပြောပြနေချိန်မှာ ယုက သူတို့မိဘတွေ မျှော်လင့်ထားသလို နည်းနည်းလေးမှပင် ကြာခြေမပျက်ခဲ့ပါ။

"နုနဲ့ အဆင်ပြေသွားတော့ ကောင်းတာပေါ့ မာမီ၊ ဒါမှ





ယုလည်း နိုင်ငံခြားကို ပညာသင်သွားဖို့ နောက်ဆံမတင်းဘဲ စိတ်ချလက်ချထားခဲ့နိုင်မှာ မဟုတ်လား"

"သူတို့ကို မြန်မြန်လက်ထပ်ပေးပြီး လုပ်ငန်းတွေ လွှဲသင့်တာလွှဲလိုက်ရင် ဒက်ဒီလည်း ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်နိုင်မယ်"

"ယုတော့ အဲဒီအစီအစဉ်ကို သဘောကျတယ် မာမီ၊ နုသဘောကို မေးမြန်းပြီး အမြန်ဆုံးသာစီစဉ်လိုက်ပါ"

ယုက သူမဖြစ်စေချင်သည့်အတိုင်း နုနှင့် ဦးကျော်ကောင်းမြတ်တို့ အမြန်ဆုံးလက်ထပ်ဖို့ကိစ္စကို တိုက်တွန်းဖိအားပေးလိုက်သည်။ မြိတ်မှာ ဖြစ်ပျက်ခဲ့သည့်ကိစ္စများကြောင့် စည်သူ့ကို လက်မခံချင်ဘဲ လက်ခံရခြင်းဖြင့် ယုရင်မှာ မွန်းကျပ်ရှုပ်ထွေးမှုတွေနှင့် စိတ်ရောကိုယ်ပါ ကျဉ်းကျပ်နေမိသူဖြစ်သည်။

စည်သူ့ကို ရှောင်ဖယ်ချင်တိုင်း ရှောင်ဖယ်ခွင့်မရ။ စည်သူကလည်း ယုကို ထိုအခွင့်အရေးမျိုးမပေးတော့။ ယုနောက်မှာ အရိပ်ကလေးတစ်ရိပ် ထက်ချပ်မကွာ လိုက်နေတော့ ခက်သည်။

ယုထံမှ တင်းမာအေးစက်မှုတွေကို စည်သူက သူ့အချစ်များဖြင့် နွေးထွေးပျော့ပျောင်းအောင် ညှို့ငင်ဖြားယောင်းခြင်း အတတ်ပညာကို ယု အလိုမရှိဘဲ လက်ခံနေရသည်။

တစ်ခါတစ်ရံ ဘာဖြစ်လို့များ စည်သူဟာ ယုလိုချင်တဲ့ဘဝမျိုး ဖြစ်မနေခဲ့ရတာလဲဟု စိတ်မချမ်းမြေ့စွာ တွေးတတ်တာမျိုးလည်း ရှိသည်။ စည်သူနှင့် သူ့မိသားစု အသိုင်းအဝိုင်းမှာ အရိပ်



www.burmeseclassic.com

www.burmeseclassic.com



မည်းကြီး လွှမ်းမိုးမနေခဲ့ဘူးဆိုလျှင် စည်သူ့ကို ချစ်ရသည်မှာ အခုလောက် စိတ်ပျက်စရာကောင်းနေမည်မထင်။

ဖြစ်နိုင်လျှင် ယုနားမှာ စည်သူ့ကို ရှိမနေစေချင်။ သူ့ကို ယုနှင့် အဝေးဆုံးတစ်နေရာမှာ ထားပစ်ချင်သည်။ ထို့ကြောင့်လည်း နုနှင့် ဦးကျော်ကောင်းမြတ် သတင်းကြားတော့ ယုရင်ထဲမှာ ဝမ်းသာမှုနှင့်အတူ စည်သူထံမှ လွတ်မြောက်ရန်အခွင့်ကို အမိအရ ဆုပ်ကိုင်ဖို့ ဆုံးဖြတ်မိခြင်းဖြစ်သည်။

ဟိုတုန်းကတော့ နုတစ်ယောက်တည်း ဒက်ဒီရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဒီအတိုင်းထားပစ်ခဲ့ရန် ဘယ်လိုမှ စိတ်မချနိုင်သဖြင့် နိုင်ငံခြားမှာ ပညာသွားသင်ရန် စိတ်ကို ရင်ထဲမှာပဲ ကျိတ်သိပ်ထားခဲ့ရသည်။

အခုတော့ ဒက်ဒီ အင်မတန်အားကိုးသည့် ဦးကျော်ကောင်းမြတ်ကို နုနှင့်အတူ မိသားစုအတွက် ထားခဲ့ရခြင်းက ယုအတွက်ရော အားလုံးအတွက်ပါ စိတ်အေးစရာဖြစ်သည်။

ထို့ကြောင့်ပင် နုနှင့် ဦးကျော်ကောင်းမြတ်တို့ မင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်ဖို့ တိုက်တွန်းနေမိသည်။ ဒီလိုမှမလုပ်လျှင် စည်သူ့ကို အချစ်တွေက ယုဘဝ ရည်မှန်းချက်နှင့် ဘဝအနာဂတ်ကို ရိုက်ချိုးဖျက်ဆီးလာပေတော့မည်။

ထိုအဖြစ်မျိုး ယုဘက်က လုံးဝအဖြစ်မခံနိုင်။

"နုကိုရော…ဒီကိစ္စ အသိပေးဖွင့်ပြောပြီးပြီလား မာမီ"

"ဘယ်ပြောရဦးမှာလည်းကွယ်၊ နုစိတ်ကို သမီးကြီး





လည်း သိရဲ့သားနဲ့"

"ဒါလည်း ဒါပေါ့မာမီ၊ နုစိတ် နုသဘောချည်း အလိုလိုက်နေလို့လည်း ဖြစ်မှာမှမဟုတ်ဘဲ၊ ဒီလိုကိစ္စမျိုးဆိုတာ မာမီတို့ မိဘတွေဘက်ကလည်း ဖိအားပေးသင့်ရင် ပေးရမှာပဲ၊ အဲဒီလိုမှမဟုတ်ရင် နုက ဒီတစ်သက် အိမ်ထောင်မပြုပါဘူးဆိုမှ ဒုက္ခကြုံမယ်"

"ဟင်"

"သမီးညီမ နုက အဲဒီလိုများ ပြောနေလို့လား သမီးကြီးရယ်၊ အခုနေတော့ သူ့ဘာသာ ကလေးစိတ်တစ်ဝက်နဲ့ လွတ်လွတ်လပ်လပ်နေချင်လို့ ပြောတာမျိုး ဖြစ်ပေမယ့် နောင်ရေရှည်မှာ သမီးလေးနုကို မတော်တရော် လူတွေနဲ့ တွေ့သွားမှာကို မာမီ အကြောက်ဆုံးပဲကွယ်"

ယုစကားကြောင့် ဒေါ်ခင်ခင် တကယ်လန့်သွားသည်။ ဒီလိုအဖြစ်မျိုးတွေ သူတို့ဝန်းကျင်မှာလည်း မကြာခဏ ကြားနေရသည့် သတင်းမျိုးဆိုလည်း မမှား။

"ဒါကြောင့် ယုက မာမီကို ပြောနေတာပေါ့၊ တချို့ကိစ္စတွေက မာမီကိုယ်တိုင်ပြောမှ ဖြစ်မှာမျိုးမဟုတ်လား၊ နု သဘောချည်း လွှတ်ပေးထားရင် ဘယ်လိုတွေ ဖြစ်လာနိုင်မယ်ဆိုတာ ဘယ်သူပြောနိုင်မှာလဲ"

"အေးကွယ်…မောင်ကျော်ကောင်းမြတ်ကို နုနဲ့ပတ်သက်ပြီး အသိပေးသင့်တာ ပေးမှပါပဲ၊ မာမီတို့ မိဘတွေက နုနဲ့သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သဘောတူကြတာမှန်ပေမယ့် သူကိုယ်တိုင်လည်း မောင်ကျော်ကောင်းမြတ်အပေါ်မှာ မေတ္တာသက်ဝင် ချစ်ချစ်ခင်ခင်ဆိုရင် ပို့ကောင်းတာပေါ့ကွယ်''

မာမီ့စကားကို ယု ဘာမှထပ်မပြောတော့ပါ။ ပြောစရာလည်းမလို။ မကြာခင် ရက်ပိုင်းအတွင်း ဦးကျော်ကောင်းမြတ် သင်းနဲ့သာကို ရောက်လာပေတော့မည်။

ဒီတစ်ခါ သူရောက်လာမည့်ကိစ္စက အရင်ကလို ရှုပ်ထွေးနေသော စီးပွားရေးကိစ္စမဟုတ်။ နုဆိုသည့် မိန်းမလှလေးထံမှ သူအလိုရှိသော ချစ်မေတ္တာပန်းကို ဆွတ်ခူးရန် ဖြစ်သည်။

ဒါကို နှစ်ဦးနှစ်ဖက် အပြန်အလှန် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီးဖြစ်သော်လည်း ထိုကိစ္စကို နုက မသိသေး။ ကျော်ကောင်းမြတ်ကလည်း အသိမပေးပါနှင့်ဦးဟု ပြောဆိုတောင်းပန်ထားရာ နုကိုယ်တိုင် ကျော်ကောင်းမြတ်ကို တွေ့လိုက်ရမှပင် ထိတ်ပျာအံ့ဩလျက် လှပသောမျက်ဝန်းကြီးတွေနှင့် သူ့မျက်နှာချောချောကို အလန့်တကြား ငေးမောကြည့်နေမိ၏။



## အခန်း (၁၅)

''နု''

''ဟင်…ဦးကျော်ကောင်းမြတ်''

''ကားပေါ်တက်လေ ကိုယ် နုကိုလာကြိုတာ''

''ဘာ…ဘယ်လို နုကိုလာကြိုတာ ဟုတ်လား''

''အင်း''

နုက မရယ်မပြုံး ခပ်တည်တည်မျက်နှာနှင့် နုံမျက်နှာလှလှလေးကို ရှုန်းလှဲတောက်ပသော မျက်ဝန်းအစုံဖြင့် စူးစိုက်ကြည့်နေသူ၏ မျက်နှာကို ကြည့်လိုက် သူမရှေ့တည့်တည့်မှာ ရပ်ထားသည့် ကားကိုကြည့်လိုက်နှင့် ဒေါသလေးများ တလိပ်လိပ်ထွက်လာ၏။

နုအနေနှင့် ဦးကျော်ကောင်းမြတ်ဆိုသည့်လူကြီးကို ဤမျှ ရဲတင်းလိမ့်မည်ဟုလည်း ထင်မထားခဲ့ပါ။ အခုလိုလည်း နုကျောင်းကို လိုက်လာလိမ့်မည်လည်း မထင်။ အခုလောက်ဆို သူ့မြို့သူ့ရွာမှာ သူ့အလုပ်တွေနှင့် သူ မအားလပ်အောင် အလုပ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



နေလောက်ပြီဟု ထင်ထားခဲ့သူဖြစ်သည်။

အခုလို မမျှော်လင့်ဘဲ နုရှေ့ကို ဘွားခနဲပေါ်လာလိမ့်မည်ဆိုသည် စိတ်ကူးထဲပင်မရှိ။ အခုတော့ သူက နုမျက်စိရှေ့မှာ နုသူငယ်ချင်းအပေါင်းအသင်းတွေ ရှေ့မှာ နု အနေရခက်၊ အရှက်ရအောင် လုပ်နေခဲ့ပေပြီ။

"နု…တို့နဲ့လည်း မိတ်ဆက်ပေးဦးလေဟာ၊ နု အစ်ကိုလား"

"အင်"

အေမီကတော့ နုကို ဟိုလူကြီးရှေ့မှာ ကျောက်ချလေပြီ။ နုတို့မှာ ညီမနှစ်ယောက်ထဲရှိတာကို သိလျက်နှင့် အပိုတွေလျှောက်မေးနေပေမယ့် အေမီမျက်နှာက ပြုံးစိစိ။ ကြည်ပြာနှင့် ဝတ်မှုံကလည်း အလိုတူအလိုပါ။

ဒီကောင်တွေအကြောင်း မသိရင်ခက်မည်။ ယောကျ်ားလေးခပ်ချောချောမြင်လျှင် ဒီလိုပဲ ပြုံသနာရှာနေကျ။

"ဒီကညီမတွေက နု သူငယ်ချင်းတွေထင်တယ်၊ ကိုယ်က ကျော်ကောင်းမြတ်ပါ၊ နုရဲ့မိတ်ဆွေဆိုပါတော့"

"နုရဲ့မိတ်ဆွေ ဟုတ်လား၊ ကျွန်မတို့လည်း တစ်ခါမှ မကြားဘူးပါလားရှင်"

"အခုကြားဘူးပြီ မဟုတ်လားဗျာ၊ နုသူငယ်ချင်းတွေဆိုတော့ ကိုယ့်သူငယ်ချင်းတွေပဲပေါ့၊ အားလုံး ကားပေါ်တက်ကြပါ၊ တစ်ခုခုလိုက်ကျွေးပြီး အပြန်ကြရင်လည်း အိမ်ကိုလိုက်ပို့ပေးမှာပါ"

"ဟေး"





နုသူငယ်ချင်း လေးယောက်က ပြိုင်တူ ဟေးခနဲအော်လိုက်တာမို့ နု နှုတ်ခမ်းလေးကို သွားဖြင့်ဖိကိုက်ရင်း မျက်နှာလှလှလေး တင်းမာသွားကာ သူမ သူငယ်ချင်းတွေကို ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

အားလုံး၏မျက်နှာတွေက ပြုံးဖြီးဖြီးနှင့် နုကို တစ်လှည့်ဦးကျော်ကောင်းမြတ်ကိုတစ်လှည့် ကြည့်နေကြသည်။

"နု…နုရဲ့မိတ်ဆွေကြီးက အရမ်းသဘောကောင်းတာပဲနော်၊ သူ အခုပြောနေတာ နုကြားတယ်မဟုတ်လား"

"ကြားတယ်…ကြားတယ် ရှင်တို့အားလုံးလည်း သူ့ကားပေါ်မတက်နဲ့၊ နုလည်း မတက်ဘူး၊ လာ…သွားကြမယ်"

"ရှီ"

နုက သူ့ခေါ်သံကို ကြားပေမယ့် လှည့်မကြည့်။

ကျော်ကောင်းမြတ်ကို ကျောခိုင်းပြီး သူနှင့်ဆန့်ကျင်ဘက်ရှိရာသို့ ဘောက်ဆတ်ဆတ်ဖြင့် လျှောက်သွားရာ နု သူငယ်ချင်းတွေလည်း သူမနှင့်အတူ ပါသွားကြသည်။

"နုကလည်း တစ်ဖက်သားကို အားနာစရာကြီးဟာယ်၊ ဒီလောက်သဘောကောင်းနေတဲ့ ဥစ္စာကို"

"အဲဒါ နုက ဘာလုပ်ရမှာလဲ၊ ရှင်တို့အားလုံး သူ့အကြောင်း ဘာမှမသိဘဲနဲ့ ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်လိုက်ခဲ့ကြ"

"ဖြစ်မလားဟဲ့…ဟိုမှာ နုရဲ့မိတ်ဆွေကြီးက အေမီတို့နောက်ကို လိုက်လာနေပြီ"

"ဟုတ်တယ် နုရဲ့၊ အခု ဘယ်နှယ့်လုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တူ…တူ…တူ"

နုတို့နောက်ကို လိုက်လာနေသော လူကြီးကို တစ်ခုခုပြောရန် သူမမျက်နှာလေးကို ဖျတ်ခနဲအလှည့် နုဖုန်းမှ အသံမြည်လာသဖြင့် နားထောင်လိုက်ရာ ဖုန်းဆက်သူက နုမာမီဖြစ်နေသည်။

"ဟဲလို"

"သမီးနု…မာမီပါ၊ မောင်ကျော်ကောင်းမြတ် သမီးကို လာကြိုတာ ရောက်ပြီလား"

"ရှင်"

"သမီးကိုကြိုဖို့ မောင်ကောင်းမြတ်ကို မာမီ လွှတ်လိုက်တာလေ၊ အဲဒါ သမီးဆီရောက်မှရောက် လှမ်းမေးတာ"

ဘုရားရေ…။

ဦးကျော်ကောင်းမြတ်ကို မာမီကိုယ်တိုင် နုကိုကြိုဖို့ လွှတ်လိုက်ခြင်းဆိုပါလား။ နု နားကြားမမှားပါ။ ဒီလူကြီး ဘယ်အချိန်က နုတို့အိမ်ကို ရောက်နေမှန်းလည်းမသိ။ ပြီးတော့ နုအပေါ်မှာ မရှိသားသည့် သူ့အကြံအစည်စိတ်ကူးတွေကို မာမီကို ဘယ်လို အကြောင်းပြချက်တွေ ပေးပြီး နုကို ကျောင်းအရောက်လာကြိုဖို့ ဖြစ်လာရခြင်းကိုလည်း နုမသိပါ။

"သမီးနု"

"ဟဲလို"

"နု နားထောင်နေပါတယ် မာမီ"

နုထံမှ ဘာသံမှမကြားရဘဲ ရုတ်တရက် ငြိမ်ကျသွားတာမို့ မာမီဘက်က အဆက်မပြတ်ခေါ်နေရာ နုမှ တုံ့ပြန်အသံပေးလိုက်





ရပါသည်။

"အေး…အေး သမီး အစ်ကိုကြီးရောက်လာရင် မာမီတို့ မျက်နှာကိုထောက်ပြီး ကောင်းကောင်းမွန်မွန်ဆက်ဆံနော် နုလေး၊ လူကြီးမိဘတွေကို နုကြောင့် မျက်နှာမပျက်စေနဲ့ ဟုတ်လား"

"ဟုတ်"

နုက မာမီအလိုကျ ခေါင်းညိတ်လိုက်ရပေမယ့် မျက်နှာလှလှလေးက ခပ်ညိုညို။

"အနားမှာ သမီးအစ်ကိုကြီးရှိရင် ဖုန်းခဏပေးလိုက်စမ်းပါဦးကွယ်၊ မာမီပြောစရာရှိလို့"

"ဟုတ်"

"ရော့…ဒီမှာ မာမီက ဦးလေးကြီးနဲ့ ဖုန်းပြောမလို့တဲ့"

"ဟုတ်လား"

နုလက်ထဲက ဖုန်းကို ကျော်ကောင်းမြတ် လှမ်းယူပြီး မာမီနှင့် ဖုန်းပြောနေချိန်မှာ နုနားကို သူငယ်ချင်းတွေ ကပ်လာပြီး ပြုံးစိစိမျက်နှာတွေနှင့်…

"ဘယ်လိုလဲ နု၊ ဦးလေးကြီးပဲလား၊ မိတ်ဆွေကြီး မဟုတ်တော့ဘူးလား၊ အဟီ"

"နုလူကြီးက အရမ်းချောတာပဲနော်၊ ခစ်…ခစ်"

"မိနုနော်…ဒါမျိုးကြတော့ အတော်လျှို့ဝှက်သိလား၊ မှန်မှန်ပြော ဘယ်တုန်းထဲက ဦးလေးကြီးဖြစ်နေတာလဲ"

"ဘာမှမလျှို့ဝှက်ဘူး…ဘယ်တုန်းကမှလည်း ဦးလေးကြီးမဖြစ်ဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…အပြောကတော့ ချောနေတာပဲ၊ ဒါပေမဲ့လေ လူကြီးကလည်း ချောနေတာဆိုတော့"

"တော်စမ်းပါဟယ်"

"မတော်နိုင်ဘူး…နုလူကြီးအကြောင်းကို သိရမှ"

"နောက်မှပြောမယ်၊ ဟိုမှာလာနေပြီတွေ့လား"

ကျော်ကောင်းမြတ်က နုတို့သူငယ်ချင်းတွေ တိုးတိုးကျိတ် ကျိတ် စကားတွတ်ထိုးနေတာကို သိပေမယ့် တမင်ကျောပေးပြီး မသိ ဟန်ဆောင်နေပေမယ့် နားကတော့ အကုန်ကြားနေပါသည်။

ဖုန်းပြောပြီးတာ ကြာပါပြီ။

သူနဲ့ပတ်သက်ပြီး နု ဘာတွေများ ပြောမှာလည်းဆိုတာ သိချင်၍ ငြိမ်နေခြင်းပါ။

"ရော့…နုဖုန်း၊ အန်တီက နုဘယ်သွားသွား လိုက်ပို့ ပေးလိုက်ပါတဲ့၊ နု ဘယ်သွားချင်သေးလို့လဲ"

"ဘယ်မှမသွားဘူး"

"ဒါဆို အိမ်ကိုပဲ တစ်ခါတည်းပြန်ကြမယ်လား"

"ဟိုတ်…နု တို့ကို ကြည်ပြာတို့အိမ်အထိ လိုက်ပို့ပေး ခဲ့ဦး၊ လာ အေမီတို့ကားပေါ် တက်နှင့်ကြမယ်"

"တက်ပါ ညီမတို့ တက်ပါ"

ကျော်ကောင်းမြတ်ကိုယ်တိုင် နုသူငယ်ချင်းတွေ တက်ဖို့ ကားတံခါးကို အသင့်ဖွင့်ပေးလိုက်တာမို့ အေမီ ဦးဆောင်ပြီး မချော သုံးယောက် နုအရင် သူ့ကားပေါ်သို့ တိုးတိုးတိုက်တိုက်ဖြင့် ပျော်ရွှင်စွာ ရောက်ရှိသွားကြတာကိုကြည့်ပြီး နုလည်း ဘာစကားမှ မပြော





နိုင်တော့ပါ။

"တက်လေ…နု"

ဒီတစ်ခါ နုအလှည့်မို့ သူဖွင့်ပေးထားသည့် ကားပေါ်ကို မတက်ချင်လို့မရတော့ဘဲ ဆောင့်ဆောင့်အောင့်အောင့်နှင့် တက်လိုက် ရ၏။ မာမီစကားက ရှိနေသည်ဆိုတော့ ဘာမှမလှုပ်ရဲ။ တစ်ခုခု ဖြစ်လျှင် မမယုအပါအဝင် မာမီတို့က နုကိုပဲ အပြစ်တင်ကြမည်။

"ကဲ…အားလုံးပဲ စားသောက်ဆိုင်တစ်ဆိုင်ကို အရင် သွားပြီးမှ ကျန်တဲ့နေရာတွေကို လိုက်ပို့ပေးပါရစေလို့ ခွင့်တောင်း ပါတယ်ဗျာ"

"ခွင့်ပြုတယ်…ခွင့်ပြုတယ်"

"ဟေး"

ကောင်စုတ်တွေ။

နည်းနည်းမှ ဣန္ဒြေမရ။ ပါးစပ်မစေ့နိုင်အောင် ပျော်နေ ကြပုံကို မကျေမနပ်လေး လှမ်းကြည့်ရင်း နောက်ကြည့်မှန်က တစ်ဆင့် နောက်ခန်းကလူတွေကို မျက်စောင်းလှမ်းထိုးပြစ်လိုက် တော့ နုကို မျက်လုံးပြူး၊ လျှာထုတ်ပြသည်။ နုက ကျော်ကောင်း မြတ်မမြင်အောင် လက်သီးဆုပ်ပြပေမယ့် ကျော်ကောင်းမြတ်က တော့ နုနှင့် သူမသူငယ်ချင်းတွေ ဖြစ်ပျက်နေပုံအားလုံးကို မြင်ပါ သည်။

ကလေးဆန်လှသည့် ချစ်သူနှင့် ပျော်တတ်ပုံရသော နု သူငယ်ချင်းများကို ကျော်ကောင်းမြတ်စိတ်ထဲက တစ်ခဏအတွင်း မှာပင် ခင်မင်သွားမိသည်။ အကောင်းဆုံးဆိုင်တစ်ဆိုင်မှာ နုတို့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအုပ်စုကို သူတို့ကြိုက်ရာမုန့် ဝယ်ကျွေးပြီးမှ သူမတို့ သွားလိုရာကို လိုက်ပို့သည်။

နုကတော့ သူမသူငယ်ချင်းတွေနှင့် ကျော်ကောင်းမြတ် ပြောဆိုနေသမျှကို ဘာတစ်ခုမှ ဝင်ပြောခြင်းမပြုသလို အပြန်ခရီးမှာလည်း နုက ဘာစကားတစ်ခွန်းမှ မဆိုပါ။

"နု"

"ကိုယ် ကန်တော်ကြီးကို ခဏဝင်မယ်နော်"

"နုကို အရင်အိမ်ပြန်ပို့ပါ"

"ကိုယ်က နုနဲ့သွားချင်တာ"

"နု မလိုက်ချင်ဘူးလို့ ပြောနေပြီပဲ"

"ခဏလေးပါနုရဲ့ မကြာစေရပါဘူး"

"အို…မလိုက်ဘူးလို့ပြောနေ"

"ပူး"

"ကျိုး"

နုက ဘယ်လိုပင် ငြင်းပယ်သော်လည်း မရ။ ကားမောင်းသူခေါ်ရာကို နု လိုက်ပါခဲ့ရသည့်အဖြစ်က ကျေနပ်စရာမရှိပါ။ ကန်တော်ကြီးစောင်းမှ ကားရပ်လိုက်သည်နှင့် ကားပေါ်က နု ဆင်းလိုက်သည်။

ပြီးတော့ ကျော်ကောင်းမြတ်နှင့် ဆန့်ကျင်ဘက်သို့ ထွက်လာခဲ့လိုက်သည်။

"နု…ဘယ်ကိုလဲ"

"ဘယ်ဖြစ်ဖြစ်"





"နု"

"အို…ဘာလုပ်တာလဲ ဖယ်"

"လွှတ်ဆို"

"အိုး"

ကျော်ကောင်းမြတ်က သူ့ကို ဂရုမစိုက်ဘဲ နေရာက ထွက်သွားဖို့ ပြင်နေသူလေးကို ဘယ်လိုမှ လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ နုလက်ကလေးတစ်ဖက်ကို ဆတ်ခနဲ ဆွဲယူကာ နုကိုယ်လေးကိုပါ ဆွဲယူကာ ကားနောက်ခန်းထဲသို့ ထည့်လိုက်ရာ နုမှာ တအိုအိုအင်အင်နှင့်ပင် ကျော်ကောင်းမြတ်၏ ကားနောက် ခန်းထဲသို့ ရောက်သွားပါသည်။

"နုကို ကိုယ်ပြောစရာရှိတာကို ဆုံးအောင်နားထောင်ပါ၊ အဲဒီလိုမှမဟုတ်ဘဲ နုက ကိုယ်နဲ့ဆန့်ကျင်ဘက် လုပ်မယ်ဆိုရင် ကိုယ့်အဆိုးမဆိုပါနဲ့"

"နုကို ခြိမ်းခြောက်စကား ပြောနေတာ၊ လူကြီးတစ်ယောက်ရဲ့ အလုပ်လား"

စိတ်ဆိုးဒေါသဖြစ်စွာ နု ဆိုလိုက်ချိန်မှာ ကျော်ကောင်းမြတ်က နုနှင့်ဆန့်ကျင်ဘက် အေးဆေးငြိမ်သက်စွာ နုမျက်နှာလှလှလေးကို စူးစိုက်ကြည့်နေလျက်က…

"ကလေးကို ကြိုက်မိ ချစ်မိမှတော့ နေရာတကာ လူကြီးတစ်ယောက်လို ဣန္ဒြေကြီးနဲ့ လုပ်နေလို့ ကိုယ်ပဲ ကျန်ရစ်ဖြစ်မှာပေါ့ဗျာ"

"နုကို စချစ်မိတဲ့နေ့ထဲက နုရဲ့အချစ်ကိုသာ ရမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်က ဘာပဲလုပ်ရလုပ်ရ လုပ်မယ်လို့ ဆုံးဖြတ်ထားပြီးပြီ"

"နုကို ကိုယ်ချစ်တယ်"

"နုကလည်း မချစ်ပါဘူးလို့ ဘယ်နှစ်ခါပြောရမှာလဲ"

"ကိုယ်တို့အတွက် အခု ဒီမှာ အိမ်တစ်အိမ်ဝယ်မယ်၊ စီးပွားရေးကိစ္စတွေကိုလည်း ကိုယ့်မိသားစုရှိတဲ့နေရာကိုပဲ ရွှေ့မယ်လို့ စိတ်ကူးထားတယ်"

ကျော်ကောင်းမြတ်က သူ့ကို မချစ်ဘူးဆိုသည့် စကားကို မကြားသလို စိတ်မဝင်စားသလို ပုံစံဖြင့် သူပြောချင်ရာတွေကို နုသိအောင် ပြောပြလိုက်တော့ နုက မျက်နှာလေး ခပ်တင်းတင်းလေးနှင့် သူ့စကားကို ခေါင်းလေးဖြင့် ဖျတ်ခနဲ တုံ့ပြန်မော့ကြည့်ပါသည်။

သူ့ဘာသာ ဒီမှာ အိမ်ပဲဝယ်ဝယ်၊ အလုပ်ပဲပြောင်းပြောင်း နုနှင့်မဆိုင်။ စိတ်လည်းမဝင်စား။

"ပြောစရာရှိတာ ဒါပဲမဟုတ်လား ပြန်မယ်"

"နုသဘောကိုလည်း ပြောဦးလေ"

"နုသဘောက အခုအိမ်ပြန်ရုံပဲ"

"မိတ်ဆွေတစ်ယောက်က အိမ်အသင့်ရှိတယ်လို့ပြောတယ်၊ မနက်ဖြန် အိမ်သွားကြည့်ရင် နုလိုက်ခဲ့ပေးပါ"

"နုက ဘာဆိုင်လို့ လိုက်ကြည့်ရမှာလဲ၊ စကားပြောရင်းက သိပ္ပံလွန်လာပြီနော်၊ အမိက သူ့မျက်နှာထောက်ပါဆိုလို့ နု ဒီလောက်သည်းခံနေတာကို"





"ကိုယ်ကလည်း နုကို သိပ်ချစ်လွန်းလို့ ဒီလောက်သည်းခံနေရတာကိုရော နု သိရဲ့လား"

"နုပြောသလို လိုက်မပြောပါနဲ့"

"ချစ်တယ်"

"မုန်းတယ်"

"ဟော…နုလည်း ကိုယ်ပြောသလိုလိုက်ပြောတာပဲ၊ ကျေပြီနော်"

"အဟွန်း…ဟွန်း…ဟွန်း"

နုက သူ့မစကားနှင့်သူမ မိသွားတာမို့ မရည်ရွယ်ဘဲ မျက်စောင်းရွယ်၊ နှုတ်ခမ်းစူလိုက်မိသည့်အဖြစ်ကိုပင် သူမကိုယ်သူမ သတိမထားလိုက်မိပါ။ ကျော်ကောင်းမြတ်ကသာ ချစ်သူ့ပုံရိပ်လှလှလေးကို မြတ်နိုးစွဲလမ်းစွာ အမှတ်တရ သိမ်းဆည်းရင်း ကျေနပ်ကြည်နူးစွာ ရယ်လိုက်မိခြင်းဖြစ်ပါသည်။

"ပြန်မယ်လို့ဆို"

"ရှုး…မအော်ရဘူးလေ၊ မနက်ဖြန် ကိုယ်နဲ့အတူ အိမ်လိုက်ကြည့်ပေးရမယ်နော် ချာတိတ်"

နုထံမှ ဘာသံမှအဖြေထွက်မလာတော့ သူ့ တိုးဖွစွာ ရယ်လိုက်ပြီးနောက် နုအလိုကြ သူ့ကားလေးကို နေရာက မောင်းထွက်ခဲ့လိုက်သည်။

ချစ်တယ် နုရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

လုံပခမ်းနားလွန်းသော အိမ်ကြီးက မြင်ရသည်နှင့်ပင် နှစ်သက်သဘောကျချင်စရာ ဖြစ်သလို ခြံတွင်းရှိ ပန်းဥယျာဉ်နှင့် သစ်ပင်ပန်းပင်ကလည်း မျက်စိအေးဖွယ်ရာ ဖြစ်သည့်အတိုင်း မာမီနှင့် ဦးကျော်ကောင်းမြတ်တို့ သဘောကျ ချီးမွမ်းနေသလောက် နုကတော့ သူမကို လူလည်လုပ်ထားသော ဦးကျော်ကောင်းမြတ် ဆိုသည့် လူကြီးကိုသာ တစ်ချိန်လုံး စိတ်ဆိုးဒေါသဖြစ်နေသည်။

မာမီက သူသွားစရာကိစ္စတစ်ခုရှိနေ၍ နုကို သူနှင့် ခဏ လိုက်ခဲ့ပါဟု ပြောတုန်းက လှည့်ကွက်တစ်ခုဟု မတွေးမိ။ ရိုးရိုး သားသားပဲ ထင်ပြီး မာမီ့နောက်ကို အလွယ်လိုက်ဖို့ သဘောတူ လိုက်ပြီးမှ ကားမောင်းသူအဖြစ် ဦးကျော်ကောင်းမြတ်ကို မြင်လိုက် ရမှ မနေ့ကအိမ်ကိစ္စကို ဖျတ်ခနဲ သတိရမိသူ။

မာမီကိုယ်တိုင် သူ့ကားပေါ် ရောက်နေပြီးမှ နုက ချန်နေ ရစ်ဖို့ဆိုတာ မဖြစ်နိုင်တော့သည့်အတူ မာမီနှင့်အတူ ဦးကျော်ကောင်း မြတ် ကားပေါ်ရောက်ခဲ့ရ၏။ သူကလည်း ကားပေါ်တက်သည့်





အချိန်လေးခဏသာ နုကို ကြည့်လိုက်ပြီး နောက်ပိုင်းတစ်လျှောက် လုံး ကားပေါ်မှာ မာမီနှင့်သာ စကားလက်ဆုံ ဖျရင်း လိုက်ပါလာ ခြင်းက နုရင်ကို ပို၍အခံရခက်စေသော အကြောင်းဆိုလည်း မမှား ချေ။

ရန်တွေ့ချင်ပေမယ့်လည်း ရန်တွေ့ခွင့်မရ။ မာမီ့ရှေ့မှာ လည်း နု ရင်ထဲက ခံပြင်းဒေါသတွေကို ဖော်ဖွင့်မထုတ်ရဲတိုင်း တစ်လမ်းလုံး အပြင်ကိုငေးလာရပေမယ့် နု မျက်လုံးထဲမှာ ဘာကို မှ ကောင်းစွာမြင်သည်ကမဟုတ်။

နု သူ့ကို ဒေါသဖြစ်စိတ်ဆိုးနေတာကို သိပေမယ့် မတတ် နိုင်။ ကျော်ကောင်းမြတ်တို့ လက်ထပ်ပြီးအတူနေကြရမည့်အိမ်ကို သတို့သမီးလောင်းဖြစ်သော နုကိုယ်တိုင်ပါမှ ဖြစ်မည်ဟု သူကိုယ် တိုင် စိတ်ချယုံကြည်ထားသည့်အတိုင်း နု မာမီကို အကူအညီ တောင်းကာ နုကို သူတို့နှင့်အတူ အပါခေါ်လာခြင်းဖြစ်သည်။

နုအလစ်မှာ ချစ်သူ၏ ဒေါသမျက်နှာလေးကို မကြာခဏ ခိုးကြည့်မိသည်မှာ တစ်ချိန်လုံးဖြစ်သည်။ အိမ်ကြီးကို လွတ်လွတ် လပ်လပ် ကြည့်နိုင်ရန် အိမ်နှင့် ခြံဝင်းသော့အားလုံး ကျော်ကောင်း မြတ်ကို ပေးထားခြင်းကြောင့် နုတို့ချည်း အိမ်ကြီးကို စိတ်ကြိုက် ကြည့်ရှုရင်း စိတ်ထဲရှိသည့်အတိုင်း ကွယ်ဝှက်ဝေါ်နေချန်စရာမလိုဘဲ ပြောဆိုဝေဖန်ခွင့် ရကြသည်ဆိုလည်း မမှားပါ။

"ကြည့်ပါဦး သမီးရယ်၊ အိမ်ကြီးက မလှဘူးလား"

"လှပါတယ် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



နုမှာ မကောင်းတက်သဖြင့် မာမီ့စကားကို အလိုက် အထိုက် ပြောလိုက်ရပေမယ့် လှပသော နုမျက်နှာလေးက မှုန်တည် တည်။ ဒါကို ကျော်ကောင်းမြတ်ကလည်း သိပါသည်။ ဒေါ်ခင်ခင် တစ်ယောက်သာ သမီးနှင့်သမက်လောင်းကြားမှာ ဘာမှမသိသလို ဟန်ဆောင်နေရခြင်းဖြစ်သည်။

"နုလေး ကိုကိုက ဒီအိမ်ကိုဝယ်မလို့တဲ့ သမီးလေးရဲ့၊ သမီးလေးက အိမ်ကိုပြင်ဆင်တာ ဝါသနာပါတယ်ဆိုတာ သမီး ကိုကိုအိမ်ကိုလည်း ဝင်ကူပြီး ပြင်ဆင်ပေးလိုက်ပါဦး"

"နုက ဒီရှေ့လျှောက် အားချင်မှအားတော့မှာ မာမီ၊ သူငယ်ချင်းတွေနဲ့ သင်တန်းတက်ဖို့ကိစ္စတွေရော၊ ကျောင်းကိစ္စတွေ ရော အများကြီးပဲ"

နုက ဦးကျော်ကောင်းမြတ်မျက်နှာကို တစ်ချက်လှမ်းကြည့် ပြီး အပြတ်ငြင်းပစ်လိုက်သည်။ ထိုအတွက် ဦးကျော်ကောင်းမြတ် ၏ မျက်နှာက နုထင်သလို ပျက်သွားခြင်းမရှိပါ။

"နုအားတဲ့အချိန်မှ ပြင်ကြဆင်ကြတာပေါ့ဗျာ၊ ကိုယ်က နုလက်ရာ အပြင်အဆင်လေးတွေကို သဘောကျလို့ပါ"

"တခြားသူတွေကိုပဲ လုပ်ခိုင်းလိုက်ပါ၊ နုက နုအိမ်ကလွဲ ပြီး တခြားဘယ်သူ့စိမ်းအိမ်ကိုမှ လုပ်မပေးနိုင်ပါဘူး"

"အိုကွယ်··နုလေးကလည်း သမီးကိုကိုကို အားနာစရာ ဘာလို့ အဲဒီလိုပြောရတာလဲ"

"တူ···တူ···တူ"





"ခဏလေးနော် အန်တီ"

ရုတ်တရက် ကျော်ကောင်းမြတ်ဖုန်းမှ အသံမြည်လာ သဖြင့် နုတို့သားအမိကို ထားကာ နေရာမှ ကျော်ကောင်းမြတ် လှစ်ခနဲ ပျောက်သွားရာ နုနှင့် ဒေါ်ခင်ခင်တို့သာ ကျန်ရစ်ခဲ့သည်။

"နုလေးနဲ့တော့ သိပ်ခက်တာပဲကွယ်၊ မောင်ကျော် ကောင်းမြတ်က သမီးအတွက် သူစိမ်းလား"

"နုတို့နဲ့ ဘာမှမတော်တဲ့ မာမီ၊ သူစိမ်းဟာ သူစိမ်းပေါ့"

"အို"

"အခုမှတော့ မထူးတော့ပါဘူးကွယ်၊ သမီးကို မာမီ ပွင့်ပွင့်လင်းလင်းပဲ ပြောထားမှဖြစ်တော့မယ်"

"သမီးကို မောင်ကျော်ကောင်းမြတ်နဲ့ လက်ထပ်ဖို့ မာမီတို့ မိဘတွေဘက်က သဘောတူခွင့်ပြုပြီးပြီ"

"ရှင်"

"အစရည်ရွယ်တုန်းကတော့ သမီးမမယုနဲ့ ရည်ရွယ်ခဲ့တာ ပဲ၊ တကယ်တမ်း မောင်ကျော်ကောင်းမြတ်ရင်ထဲက လိုက်လိုက်လှဲ လှဲ မေတ္တာရှိတဲ့သူက သမီးလေးနုကိုပဲ၊ ဒါကို သမီးမမယုလည်း သိတယ်"

"သူကိုယ်တိုင်ကလည်း သမီးနုနဲ့ မောင်ကျော်ကောင်း မြတ်ကို သဘောတူတယ်၊ အမြန်ဆုံး လက်ထပ်ဖြစ်ဖို့လည်း တိုက် တွန်းထားတယ်၊ မောင်ကျော်ကောင်းမြတ်ရဲ့ သဘောကလည်း ဒီအတိုင်းပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးနုကို အမြန်ဆုံး လက်ထပ်ချင်တယ်လို့ မာမီတို့ဆီမှာ ခွင့်တောင်းထားတယ်"

"နု သဘောမတူဘူး မာမီ"

"ဟင်"

"နု အဲဒီလူကြီးကို မယူနိုင်ဘူး၊ အို…သူမှမဟုတ်ဘူး နု ဘယ်ယောကျ်ားကိုမှ လက်မထပ်နိုင်ဘူး"

"နု ပြန်တော့မယ်"

"သမီးနု…နေဦးလေ"

နုက မာမီခေါ်သံကို ကြားသော်လည်း နောက်ကို လှည့်မကြည့်ဘဲ ရှက်ရွံ့ဝမ်းနည်းစိတ်တွေနှင့် မျက်လုံးအိမ်ထဲ ပြည့်လျှံလာသည့် မျက်ရည်တွေနှင့် လာလမ်းအတိုင်း ဖွတ်ပြေးအတွက်…

"နု"

"အင့်"

"ဘုတ်"

သူတို့ရှိရာသို့ ပြန်လာသော ကျော်ကောင်းမြတ်နှင့် တည့်တည့်ကြီး ဝင်တိုးမိကာ နုကိုယ်လေးမှာ သူ့ရင်ခွင်ထဲ ထွေးခနဲ အိခနဲ ရောက်လို့သွားရပါသည်။

"ဘာဖြစ်လာတာလဲ နု၊ ဟင်…မျက်ရည်တွေနဲ့ပါလား၊ နိုနေတယ် ဟုတ်လား၊ နုကို အန်တီက ဘာပြောလိုက်လို့လဲတင်"

"ဖယ်…လွှတ်၊ နုအသွားကိုမထိန်း"

နုက သူမလက်ကလေးကို ထိကိုင်လာသည့် သူ့လက်ကို





ဖုတ်ချလိုက်၏။

"အလကား…လူလိမ်၊ လူညာကြီး၊ နု မချစ်နိုင်ဘူးဆိုတာသိရက်နဲ့ လူကို တစ်ဖက်လှည့်နဲ့ အပိုင်ကြံဖို့ ကြိုးစားလည်း ဒီတစ်သက် နုကို ဘယ်တော့မှ ရမယ်မထင်နဲ့"

"ဟာ"

"နု…နု"

"သမီးနု…နေဦးလေ"

နုက ကျော်ကောင်းမြတ်ကိုယ်ကြီးကို တစ်အားတွန်းဖယ်၍ လှစ်ခနဲ ပြေးထွက်သွားရာ နုနောက်မှ ဒေါ်ခင်ခင် အပြေးလိုက်ပါသွားသလို သူလည်း နုနောက်က အပြေးလိုက်ခဲ့သည်။

"နု…သမီးလေးရယ်၊ ဘာဖြစ်လို့ အခုလို စိတ်လိုက်မာန်ပါ လုပ်ရတာလဲကွယ်၊ မာမီ့ကို မသနားဘူးလား၊ မငဲ့ညှာတော့ဘူးလား"

"အီး…အဟင့်…ဟင့်"

ဒေါ်ခင်ခင်က နုကိုယ်လေးကို လက်လှမ်းမှီသည်နှင့် ဆွဲယူရင်း အသံတုန်တုန်ရီရီနှင့် ဆိုလိုက်ရာ မိခင်ဖြစ်သူ၏ ရင်ခွင်ထဲတိုးဝင်ပြီး ကလေးငယ်တစ်ယောက်ပမာ ကိုယ်လေးသိမ့်သိမ့်တုန်သည်အထိ မျက်ရည်ပေါက်ပေါက်ကျလျက် အသံထွက်၍ ရှိုက်ငိုလိုက်သည်။

"တိတ်ပါကွယ်…အားလုံးစိတ်မကောင်းအောင် သမီးရယ်၊ မောင်ကျော်ကောင်းမြတ်က မာမီ့သမီးလေးကို တကယ့်ကြွော



www.burmeseclassic.com

www.burmeseclassic.com



စစ်နဲ့ ချစ်ရှာတာပါကွယ်"

"ဟင့်အင်း...ဟင့်အင်း"

"နုကို သူ့အကြောင်း မပြောပါနဲ့၊ နု မကြားချင်ဘူး၊ အီး...ဟီး...ဟီး"

"အို...အဲဒီလိုကြီး မငိုရဘူးလေ နု၊ သမီးမကြိုက်ရင် မပြောတော့ပါဘူးကွယ်၊ မငိုနဲ့...မငိုနဲ့ တိတ်ပါသမီးရယ်"

"သူများတွေ ကြားကုန်ရင် ရှက်စရာကွယ်"

မာမီက ဘယ်လိုပင် ချော့မော့ပါသော်လည်း နုက ရှိုက်ငိုနေဆဲ။ ဒီလိုငိုရလို့လည်း နုကိုယ်နု ရှက်စရာဟုမမြင်ပါ။ နုရင်ထဲက မကျေနပ်ခြင်းများကို မျက်ရည်အဖြစ် သွန်ထုတ်ခြင်းသာဖြစ်သည်။

ဒီလိုမှမဟုတ်လျှင် ဒေါသဖြစ်ရလွန်းလို့ နုအပေါ်မှာ လူလည်ကျလှသော ဟိုလူကြီးကို ထရိုက်ကုတ်ဖဲ့မိတော့မည်။ ဒါကို နုကိုယ်နုပဲ သိသည်။

"ကြည့်ပါဦးကွယ်...မျက်ရည်တွေနဲ့ ငိုချလိုက်လို့ လှလှပပလေး ပြင်ဆင်ထားတာတွေ ပျက်ကုန်ပြီ၊ မျက်ရည်တွေလည်း သုတ်စမ်းပါဦးသမီးငယ်ရယ်"

"ကဲ...မောင်ကျော်ကောင်းမြတ်ရေ အိမ်ကိုပြန်ကြပါစို့ကွယ်"

"ဟုတ်ကဲ့ အန်တီ"

"သူကားနဲ့ နု မလိုက်ဘူး မာမီ"





"နုလေးကလည်းကွယ် အဲဒီလိုမဆိုးရဘူးလေ"

"ကဲ...လာ...လာ သမီးနုနဲ့တော့ သိပ်ခက်တာပဲကွယ်"

မာမီက နုလက်ကလေးတစ်ဖက်ဆွဲပြီး ကားပေါ်တက်စေသည်။ နုမှာ မာမီ့ကြောင့် ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးကို မုန်းမုန်းနှင့်ပင် သူ့ကားပေါ် ဆောင့်ဆောင့်အောင့်အောင့်လေး ရောက်သွားရရှာပါသည်။

မာမီသာမပါလို့ကတော့ ဒီနေရာမှာ နုစိတ်ကြိုက် လုပ်ပစ်လိုက်မှာ သေချာသည်။ ကျော်ကောင်းမြတ် ကားလေးမှာ လာလမ်းအတိုင်း ဟာရိုပ်ရိုပ်ပြေးနေ၏။ ကျော်ကောင်းမြတ်ကလည်း နုမျက်နှာလှလှလေးကို နောက်ကြည့်မှန်ကတစ်ဆင့် တစ်ချိန်လုံး အကြည့်သူခိုးလုပ်နေသည်။

နုက ဖျတ်ခနဲ လှမ်းအကြည့် သူနှင့် အကြည့်ချင်းဆုံလျှင် မျက်စောင်းကြီးတစ်ချက် ဒိုင်းခနဲထိုးကာ ဆတ်ခနဲ အကြည့်လွှဲသွားပုံက မြတ်နိုးဖွယ်ရာ ချစ်စရာ။

ကျော်ကောင်းမြတ်က သူ့အဖြစ်ကို ရယ်လည်းရယ်ချင် အံ့လည်းအံ့သြနေသည်။ ကျော်ကောင်းမြတ်ဆိုသည့် သူလိုလူတစ်ယောက်ကို တုံ့ပြန်စိတ်ဝင်စားဖို့ဝေးလို့ သူမကို ချစ်ပါသည်၊ မြတ်နိုးရပါသည်ဟု ပြောဆိုရင်ဖွင့်မိသည်နှင့် သူမြတ်နိုးရပါသော မိန်းမလှလေးက သူ့ကို တစ်ချိန်လုံး ရန်လိုနေသည့်အဖြစ်က ငိုအားထက်ရယ်အားသန်ရသည့် အဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နုနေရာမှာ ယုဆိုရင်တောင် အခုလို ရုန့်ဖြစ်အမုန်းပွားစရာ၊ ရှုံ့ကျုစရာဖြစ်နေမည်မဟုတ်။ လှပသော အချစ်အိမ်လေးတစ်ခု တည်ဆောက်ဖို့ နှစ်ဦးအတူ စိတ်ပါဝင်စားစွာ တိုင်ပင်ဆွေးနွေး ညှိနှိုင်းဖြစ်ကြမှာ သေချာသည်။

အခု သူ့နှလုံးသားက လိုက်လှဲသော ချစ်မေတ္တာတွေနှင့် လိုလိုလားလား တောင်းခံနေသည်က နု၏ချစ်မေတ္တာ နုကို သူ သိပ်ချစ်နေမိသလောက် နုက သူနှင့်ဆန့်ကျင်ဘက်။ သူ့အပေါ်မှာ အမုန်းနှင့် အငြိုးတွေနှင့် ခါးခါးသီးနေ၏။

နုထံမှ ချစ်မေတ္တာကို ဘယ်ပုံနှင့် ပိုင်ဆိုင်ရယူရမည်နည်း။ ကလေးဆန်လွန်းသူလေးကို ချစ်မိလေသော သူ့နှလုံးသားကိုပဲ အပြစ်တင်ရမည်ထင်။

အိမ်ရှေ့တည့်တည့်မှာ ကားရပ်လိုက်သည်နှင့် နုက သူ့ကို ပင် နှုတ်ဆက်ဖော်မရဘဲ ကားပေါ်က အရင်ဦးအောင် ဆင်းသွား လျှင် ဒေါ်ခင်ခင်မှာ နုလုပ်ပုံကို အားနာမဆုံး။

"နုလေးကိုတော့ နားလည်ခွင့်လွှတ်ပေးပါ မောင်ကျော် ကောင်းမြတ်ရယ်၊ တစ်သက်လုံး ကလေးလို နေလာခဲ့တာဆိုတော့ ရုတ်တရက် ရင်ဆိုင်ကြုံတွေ့ရတဲ့ အပြောင်းအလဲကြီးကို သူ့ခမျာ ရင်ဆိုင်ရခက်နေတာပါ"

"နုကို ကျွန်တော်နားလည်ပါတယ် အန်တီ၊ သူ့ကို အပြစ် လည်းမတင်ပါနဲ့ဗျာ၊ စိတ်ရှည်ရှည်နဲ့ စောင့်ရမှာ ကျွန်တော့်တာဝန် ပါ၊ တစ်နေ့တော့ ကျွန်တော့်အချစ်နဲ့ မေတ္တာစေတနာကို နုလေး





နားလည်သဘောပေါက်လာလိမ့်မယ်ထင်ပါတယ်"

"နုအပေါ် နားလည်ပေးတာ ကျေးဇူးပဲကွယ်၊ မောင်ကျော်ကောင်းမြတ်ရဲ့ ချစ်မေတ္တာကိုရော၊ လည်း နု ကံကောင်း ဖို့အတွက်ပါပဲ"

"မောင်ကျော်ကောင်းမြတ်လည်း ကိုယ့်မိသားစုလို ဖြစ်နေ ပြီဆိုတော့ သက်သာသလိုသာနေပါ၊ အန်တီတော့ သမီးနုလေးဆီ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ အန်တီ"

ဒေါ်ခင်ခင်က ကျော်ကောင်းမြတ်အပါးမှ ထွက်ပြီး နု အခန်းရှိရာသို့ တောက်လျှောက်တက်ခဲ့သည်။ နုကြောင့် ခက်သည်။

ကျော်ကောင်းမြတ်လိုလူကို သမက်ဖမ်းချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားမှ နုက ကံထူးသူလေးဖြစ်သည်။ ဒါကို နုမသိ။ နားလည်ပုံလည်းမရ။ သူမ အိပ်ခန်းတစ်ခုလုံးကို စိတ်ထင် တိုင်းကျဲပွထားကာ နှုတ်ခမ်းစူလျက် ရန်မူနေပုံက တစ်လောကလုံး ရန်ဖြစ်ထားသည့် ပုံစံအပြည့်။

"နု"

"မှာမိက…နုကို…နုကို သိပ်ရက်စက်တယ်သိလား"

"အီး…ဟီး…ဟီး"

"ဟဲ့…အလို အသံကျယ်ကြီးနှင့် အော်ကြီးဟစ်ကျယ် မငိုရဘူးလေ၊ သေးအိမ်ကကြားရင် တစ်မျိုးတစ်မည် ထင်နေပါ မယ် နုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထင်ပလေစေ့ပေါ့လို့…မာမီက မမယုကိုတော့ ယောက်ျားအရင်မပေးစားဘဲနဲ့ နုကိုကြတော့၊ နုကိုကြတော့"

"အီး…ဟီး…ဟီး"

နုက ဝမ်းနည်းလွန်းသဖြင့် စကားရှေ့ကို မဆက်နိုင်ဘဲ အီးခနဲငိုချလိုက်ရပြန်ရာ ဒေါ်ခင်ခင်မှာ သမီးငယ်နုဖြစ်နေပုံကို ကြည့်ကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် စိတ်အိုက်၊စိတ်ရှုပ် သွားရရှာပါသည်။

"စိတ်ညစ်လိုက်တာ နုလေးရယ်၊ ဒါ ငိုစရာလားကွယ်၊ မောင်ကျော်ကောင်းမြတ်ကိုယ်တိုင် မာမီ့သမီးလေးကို သည်းသည်းလှုပ် ချစ်မြတ်နိုးနေတာ၊ သေချာတွေးကြည့်ရင် ဘယ်လောက်တောင် ဂုဏ်ယူချင်စရာ ကောင်းသလည်းလို့ကွယ်"

"အို…နုက ဘာကိုဂုဏ်ယူရမှာလည်းလို့၊ သူ ယူရမှာက မမယုကိုပဲ၊ မမယုကို ယူတာမဟုတ်ဘဲနဲ့ နုကိုမှ လိုချင်တယ်ဆို တာ ကောင်းသလား မာမီရဲ့"

"ကောင်းပါတယ်ကွယ်…သမီး မမယုကို မောင်ကျော် ကောင်းမြတ်က မချစ်ဘဲ သမီးလေးကို ချစ်တာလည်း တစ်မျိုး ကောင်းတာပဲ မဟုတ်လား နုလေးရယ်"

"တချို့ သမီးရှင်တွေဆို မောင်ကျော်ကောင်းမြတ်ကို လိုချင်လွန်းလို့ အသေရရအရှင်ရရဆိုတာ နုလေး မသိပါဘူးကွယ်၊ ဒီကြားထဲကမှ မာမီသမီး နုလေးကို မောင်ကျော်ကောင်းမြတ်က လက်ထပ်ပါရစေဆိုတာ သမီးအနေနဲ့ရော၊ မာမီတို့အနေနဲ့ရော





ဘယ်လောက် ဂုဏ်ယူစရာကောင်းသလဲ"

"အို…မသိဘူး…မသိဘူး နုတော့ အဲဒီလူကြီးကို လုံးဝမယူဘူး"

ပြောရင်း မျက်ရည်ပေါက်ပေါက် ကျရပြန်တာမို့ ဒေါ်ခင် ခင်မှာ သမီးငယ်နုကို ဘယ်လိုချော့မော့ နှစ်သိမ့်ရမှန်းမသိ ဖြစ် နေရှာပါသည်။

"သိပ်ခက်တဲ့ နုပဲကွယ်…မာမီတို့ကို မချစ်တော့ဘူး လား"

"ချစ်သားပဲ"

"ချစ်တယ်ဆိုရင် မာမီရောဒက်ဒီပါ စိတ်ချမ်းသာအောင် နုလေးက လိမ္မာမှဖြစ်မှာပေါ့ကွယ်"

မာမီ့စကားကြောင့် နုရင်မှာ နင့်ခနဲဖြစ်သွားသည်။

"အခုလည်းနုက လိမ္မာနေတာပဲလို့၊ မာမီတို့ စိတ်ဆင်းရဲ အောင် နုက ဘာတွေများ လုပ်နေလို့လဲလို့ အီး…ဟီး…ဟီး"

ပြောရင်း နု ငိုသည်။

နု ငိုတာကိုကြည့်ပြီး ဒေါ်ခင်ခင်ပါ ရောငိုပစ်လိုက်ချင် သည်။ လွယ်မယောင်နှင့်ခက်သော ဤကိစ္စက ရှင်းလေရှုပ်လေ ဖြစ်မှာသေချာသည်။

"စိတ်ကို အေးအေးထားပါ သမီးလေးရယ်၊ ဒီကိစ္စက ဝမ်းသာရမယ့် ကိစ္စပါ ဘာမှဝမ်းနည်းစရာမရှိဘူး မငိုနဲ့ တိတ်… တိတ်"



www.burmeseclassic.com

www.burmeseclassic.com



"မာမီပဲ ဝမ်းသာနေ…နုကတော့ နည်းနည်းလေးမှ ဝမ်းမသာနိုင်ဘူး၊ အဲဒီလူကြီးကိုလည်း မယူဘူး"

"အေးပါကွယ်…အေးပါ…နုလေး သဘောအတိုင်း ဖြစ်ရမှာပေါ့၊ ကဲ…တိတ်တော့ တိတ်တော့"

"တကယ်ပြောတာလား မာမီ…တကယ်လား"

"တကယ်ပါကွယ်"

"ကဲ…မျက်ရည်တွေ သုတ်စမ်းပါဦး၊ တကယ့်ကလေး လေးကြနေတာပဲ နုရယ်၊ မာမီတော့ နုနဲ့ခက်ပါသေးတယ်"

သမီးငယ်ပါးပြင်ပေါ်က မျက်ရည်စတွေကို ဒေါ်ခင်ခင် ကိုယ်တိုင် သုတ်ဖယ်ရှားပေးရင် ညည်းညည်းညူညူလေး ဆိုလိုက်တော့ နုက နှုတ်ခမ်းစူပါသည်။

"နုက ဘာမှမခက်ဘူး…မာမီနဲ့ ဟိုလူကြီးပဲ ခက်နေတာ"

"အေးပါ…အေးပါ…မာမီတို့အပြစ်ပါ၊ မောင်ကျော် ကောင်းမြတ်ကိုလည်း သွားရန်တွေ့မနေနဲ့ဦး သိလား"

နုက မာမီစကားကို အင်းအဲမလုပ်၊ နု အခုလိုဖြစ်ရခြင်း ၏ တရားခံက ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးပဲမို့ သူနဲ့ နှစ်ယောက်ထဲတွေ့ပြီး အပြတ်ရှင်းရဦးမည်ဟု စိတ်မှာ တေးမှတ် ထားလိုက်သည့် အဖြစ်ကိုက မာမီပင် မသိလိုက်ချေ။



# အခန်း (၁၇)

"လက်ထပ်ကြပါစို့ ယုရယ်…ပြီးတော့ မောင်ရောယုပါ ဒီမှာမနေဘဲ ပညာဆက်သင်ရင်း နိုင်ငံခြားမှာပဲ အပြီးနေကြရအောင် လားဟင်"

"စိတ်ကူးတွေ ယဉ်လှချည်လား ၁ည်သူရယ်၊ ယုက နင့်ကို လက်ထပ်မယ်လို့များ ပြောဘူးလို့လား"

"ယု"

နာကျင်စွာ အော်ဟစ်လိုက်သံအဆုံးမှာ စည်သူမျက်နှာမှာ ထိန်းမရအောင် ပျက်သွားတာကို မြင်လိုက်ရသည်။ ယုနှင့်စည်သူ ချစ်သူတွေဖြစ်ခဲ့ကြသည်။ ဒါကလည်း စည်သူဘက်က ယုကို အကျပ်ကိုင် ခြိမ်းခြောက်လို့ ဖြစ်ခဲ့ရသည့် အချစ်ဇာတ်လမ်းတစ်ပုဒ် ဆိုလည်း မမှားပါ။

တစ်ခုတော့ ဝန်ခံစရာရှိသည်။

စည်သူအပေါ်မှာ ယု ကိုယ်တိုင်လည်း မေတ္တာရှိရင်း စွဲဖြစ်ခဲ့ရာမှ စည်သူက အတင်းအကျပ်ကိုင် တောင်းဆိုလာခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှောခဲ့ရသည့် အနေအထားမှာ မကြာခဏ တွေဝေနောင်တတွေနဲ့ ယုကိုယ်ယု နောင်တတွေ ရနေခဲ့ရသူဖြစ်သည်။

"ဘယ်လိုပြောလိုက်တာလည်း ယုရာ၊ မောင့်ကို နည်းနည်းမှ ယု မသနားတော့ဘူးလား"

"သနားလို့ ဒီအထိအောင် ဖြစ်ခဲ့ရတာပေါ့ စည်သူ၊ ယုစိတ်ခံစားချက်တွေ နှင့်ကြောင့် ပြိုယိုင်နေခဲ့ရတာလည်း စဉ်းစားပါဦး"

"အဲဒါ ယုကို မောင်သိပ်ချစ်လို့ဆိုတာရော ယု မစဉ်းစားတော့ဘူးလား"

"အချစ်တစ်ခုတည်းအတွက်နဲ့ ဘဝကြီးတစ်ခုလုံး အဆုံးခံရဲတဲ့အထိတော့ မမိုက်မဲဘူးစည်သူ၊ ယုဘဝအတွက် ရည်မှန်းချက်တွေ အနာဂါတ်တွေ ရှိသေးတယ်"

ယု ပြတ်သားစွာ ပြောလိုက်တော့ စည်သူမျက်နှာချောချောမှာ နာကျင်ကြေကွဲမှုတွေနှင့် ငြိမ်ကျသွား၏။ ယု အပေါ်မှာ သူ့ဘက်က အများကြီး မျှော်လင့်ထားခဲ့သည်။

ဒါကလည်း ယုကို သိပ်ချစ်လွန်းလို့ပါ။ ယု နေရာမှာ တခြားမိန်းကလေး တစ်ယောက်သာ ဖြစ်ခဲ့မည်ဆိုလျှင် စည်သူဆိုသည့် သူကိုယ်တိုင်ကလည်း ပြန်လှည့်၍ပင် ကြည့်နေမည်မဟုတ်။

စည်သူဆိုတာကလည်း ဒီလိုမာနမျိုးနှင့်ပါ။ ယု အပေါ်မှာကြတော့ ဘာနှင့်မှမတူသည့် နှလုံးသားခံစားချက်တွေကြောင့် သူ့ကို





အလိုမရှိသူနားမှာသာ ရစ်ဝဲနေမိသူ။

ထိုအခြေအနေကို စည်သူကိုယ်တိုင်လည်း စိတ်တိုင်းမကျသလို၊ အလိုလည်းမရှိ။ ယောကျ်ားမာနတွေနှင့် ပြတ်သားစွာ ကျောခိုင်းပစ်ချင်ပေမယ့်မရ။ သူ့နှလုံးသားက ယုမှယုဆိုတော့လည်း ခက်သည်။

အခုတော့ ယုက သူကို လက်မထပ်နိုင်ပါဟု ဆိုလာခဲ့ပေပြီ။

ယောကျ်ားတန်မဲ့ ယုရှေ့မှာ ဒူးထောက်မျက်ရည်ကျပြရမည်လား။ ဒီအထိတော့ သူ့မာနက ခွင့်မပြု၊ လုပနုထွေးသော ယု မျက်နှာလေးကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်ပစ်လိုက်သည်။

ယုက သူ့ကိုမကြည့်။

မမြင်မတွေ့နိုင်သော မိုးကောင်းကင်ကြီးရှိရာကို လှမ်းမျှော်ကြည့်နေပုံက ဘယ်လောကမျိုး ရင်နာစရာ ကောင်းလိုက်ပါသနည်း။ ယုကဲ့သို့ နုနယ်လှပသော မိန်းမချောလေးထံမှာ ဤမျှရဲရင့်ပြတ်သားသော နှလုံးသားတစ်စုံရှိနေလိမ့်မည်ဟု မည်သူမျှ ထင်ဝံ့မည်မဟုတ်ပါ။

သို့သော် ယုမှာတော့ အင်မတန်ထက်မြက်တဲ့ ဦးနှောက်တစ်စုံနှင့် ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်နိုင်သော နှလုံးသားတစ်စုံ ရှိခဲ့သည်က အမှန်ဖြစ်သည်။

"မောင့်ကို ယု မချစ်ဘူးပေါ့ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ယုကမဖြေ သူ့ကိုလည်းမကြည့်။

"မောင်မေးတာ ဖြေပါယု၊ မောင့်မျက်နှာကို စေ့စေ့ကြည့်ပြီး မောင်မေးတာကို ယုဖြေပါ"

"စည်သူဘာယ်လိုထင်လဲ···ထင်တဲ့အတိုင်းပဲ"

ယုက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး သူ့အမေးကို တည်ငြိမ်အေးစက်စွာ ဖြေလိုက်ပုံက သက်တောင့်သက်သာ။ သူမချိတင်ကဲ ပြုံးလိုက်မိသည်။ ယု ဘယ်လိုပဲ တင်းမာမှုတွေနဲ့ ဟန်ဆောင်ဖုံးအုပ်ထားပေမယ့် ယုရင်ထဲက အမှန်တရားတစ်ခုကိုတော့ သူ့နှလုံးသားက ခံစားနားလည်နေသည်။

ထိုအမှန်တရားက တခြားမဟုတ်။ သူ့နှလုံးသားက ယုဆိုသည့် မိန်းမလှလေးကို မြတ်မြတ်နိုးနိုး ချစ်နေသလို၊ ယုဆိုသည့် မိန်းမလှလေးကလည်း စည်သူဆိုသည့် သူ့ကို ချစ်မြတ်နိုးနေသည်ဆိုခြင်းကို ဖြစ်သည်။

ဒါကို သိရက်နဲ့···

ဘာကြောင့် စည်သူက သူမအချစ်ကို လက်လျှော့ရမည်နည်း။

"မောင့်ကို ယုချစ်တာ မောင်သိတယ်၊ အဲဒီလိုပဲ မောင့်ကို ဘာအတွက် လက်ထပ်ဖို့ မရဲဘူးဆိုတာလည်း မောင်သိတယ်"

ယုက ဘာမှမတုံ့ပြန်။

သူပြောသမျှကို ယုဟာ ငြိမ်နားထောင်နေတော့ သူ့ရင်မှာ ပိုလို့ အားမလိုအားမရဖြစ်ရ၏။





"မောင့်မှာ ဘာအပြစ်ရှိလို့လဲ ယု၊ ဒက်ဒီနဲ့ မာမီတို့ရဲ့ မပြေလည်တဲ့ အိမ်ထောင်ရေးမှာ မြေဇာပင် ဖြစ်ခဲ့ရတာ မောင့်အပြစ်လား"

"အဲဒီအရိပ်မည်းကြီးတစ်ခုကလွဲပြီး မောင့်မှာ တခြား ဘာအပြစ်မှ မရှိအောင်နေခဲ့တာ ယု အသိပါကွာ၊ မောင်မလုပ်တဲ့ အပြစ်ကြီးနဲ့ မောင့်ဘဝကိုရော မောင့်နှလုံးသားကိုရော အနိုင်ယူ အလဲထိုးဖို့ မကြိုးစားချင်ပါနဲ့လား ယုရယ်၊ အဲဒီအတွက် ယုကို မောင်တကယ် တောင်းပန်ပါတယ်"

"မောင်ကိုယ်တိုင်လည်း ကိုယ်ရှင်သန် လှုလားမြောက်ခွင့်ရတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို စိတ်နာကြည်းနေတဲ့ သူဆိုတာ ယုလည်း အသိပါဗျာ"

"မောင့်ခံစားချက်ကို ယုနားလည်တယ် မဟုတ်လားဟင်၊ ယုကိုရော မောင့်ကိုရော ဘယ်သူမှ မသိနိုင်တဲ့ တခြားတစ်နေရာမှာ မောင်တို့ ချစ်သူနှစ်ယောက် အတူသွားနေကြပါစို့လား အချစ်ရယ် နော်···နော်"

စည်သူရင်မှာ ချစ်သူမျက်နှာ လှလှလေးကိုကြည့်ကာ ဘယ်လိုမှ မခံစားနိုင်သည့်အဆုံး ယု လက်ကလေး တစ်ဖက်ကို သူ့လက်များဖြင့် ရင်ခွင်မှာ ဆွဲယူကပ်ထားရင်း လှိုက်လှဲတုန်ရီသံနှင့်စွာ ဆိုလိုက်မိသည်။

"ယု···မောင့်ကို တစ်ခုခု ပြန်ပြောပါဦးဗျာ"

"ယုမှာ ဘာမှ ပြောစရာမရှိဘူး စည်သူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အံ့ဩနှာကျင်စွာ ချစ်သူမျက်နှာလေးကို သူစိုက်ကြည့်လိုက်၏။

"ယု အသည်းနှလုံးတွေက မောင်နဲ့ပတ်သက်ပြီး အဲဒီလောက်တောင် မာကျောပြတ်တောက်နိုင်တယ်ပေါ့ ဟုတ်လား"

"ယု လက်ကိုလွှတ်ပါ"

"မလွှတ်ဘူး"

ယုက သူမေးတာကို မဖြေဘဲ သူ့လက်ထဲက သူမလက်ကလေးကို ဆွဲယူရုန်းဖယ်တာကို သူက လွှတ်မပေး။ နာကျင်သောနှလုံးသားအစုံဖြင့် သူမလက်ကလေး ဆွဲယူထားရာမှ ဘယ်လိုမှ ချုပ်တည်းမထားနိုင်တော့သည့်အဆုံး ယု ကိုယ်လေးကို သူ့ရင်ခွင်ထဲ တစ်အားဆွဲယူ ကျုံးပွေ့ပြစ်လိုက်သည်။

"ယု"

"စည်သူ…နင်နော်…ယုကို…အဲဒီလို တစွတ်ထိုးမလုပ်စမ်းနဲ့၊ ယု မကြိုက်ဘူးသိလား"

"ဖယ်စမ်း"

"လွှတ်"

"ယုကို မောင်သိပ်ချစ်တယ် ယု၊ ဘာအတွက်နဲ့မှ ယုကို အဆုံးရှုံးမခံဖို့လည်း ဆုံးဖြတ်ထားပြီးပြီ"

"ယု မောင့်ကို ကြိုက်သလိုမုန်း၊ ကြိုက်သလို အပြစ်တင်ပါ၊ မောင်ခံမယ်၊ ဒါပေမယ့် မောင့်ကို ယု လက်ထပ်ရမယ်"





"မဖြစ်နိုင်ဘူးလို့ ပြောပြီးပြီပဲ"

"ဖယ်စမ်းပါ"

"ဟင့်အင်း…ယုကို ချစ်တယ်"

"အို"

စည်သူရင်ခွင်ထဲမှာ ယု တစ်ကိုယ်လုံး မွန်းကြပ်တုန်ရီလှုပ်ရှားသွားသည်။ ပြိုဆင်းလာသော အချစ်တံတိုင်းကို ခုခံကာကွယ်ရန် ယုဘက်က ဘာတစ်ခု မစွမ်းနိုင်ပါ။ စည်သူ အလိုလိုက်ပြီး သူနှင့် အခုလို နှစ်ယောက်ထဲ ဆုံတွေ့ခွင့်ပြုမိခြင်းကိုမဲ၊ ယုရင်မှာ နောင်တတွေရချင်နေသည်။

"သိပ်ချစ်တာပဲ ယုရယ်၊ မောင့်ကို မရက်စက်ပါနဲ့လားဗျာ"

သူက ယု ပါးကို ဖွဖွနမ်းရှိုက်ရင်း ဆိုလာတော့ ယုက သူ့ကိုယ်ကြီးကို သူမ လက်ကလေးများနှင့် တွန်းဖယ်ဖို့ ကြိုးစားလိုက်၏။

"နင် သိပ်လွန်နေပြီ စည်သူ၊ ယု ဘက်ကို နည်းနည်းမှ ထည့်မစဉ်းစားဘူးပေါ့ ဟုတ်လား"

"စဉ်းစားလို့ မောင်တို့နှစ်ယောက် နိုင်ငံခြားမှာ အပြီးနေကြစို့လို့ ပြောတာပေါ့ ယုရယ်၊ ယုသာ သဘောတူမယ်ဆိုရင် အဲဒီကိစ္စကို မောင်ပဲ စီစဉ်လိုက်မယ်"

"တူ…တူ…တူ"

"ယု ဖုန်းလာနေပြီ…ဖယ်စမ်းစည်သူ၊ ဘယ်သူဆီက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလည်း မသိဘူး''

''ယု မာမီဖုန်းပါ ရှော့''

စည်သူက ယုကိုယ်လေးကို အသာဖြေလွှတ်ပေးလိုက်ပြီး ယု လက်ထဲကိုလည်း သူ့မ ဖုန်းနီနီလေးကို ထည့်ပေးလိုက်သည်။ ယုက စည်သူကြောင့် တွန့်ကြေသွားသည့် အဝတ်များကို လက်တစ်ဖက်နှင့် ဆွဲဆန့်ဖြူပြင်ရင်း ဖုန်းထူးလိုက်၏။

''ဟဲလို..မာမီ...ယုပါ''

''ရှင်''

''အရေးကြီးတဲ့ ကိစ္စရှိလို့ အမြန်ပြန်လာဟုတ်လား''

''ဟုတ်ကဲ့ မာမီ ဟုတ်ကဲ့၊ ယု ဘယ်မှမသွားပါဘူး မာမီဆီကိုပဲ ပြန်ခဲ့မှာပါ''

''ဒါဆို..ဒါပဲနော် မာမီ''

''ဟုတ်ကဲ့...ဟုတ်ကဲ့''

ယုက သူ့မဖုန်းလေးကို ပိတ်လိုက်၏။

''အိမ်မှာ ကိစ္စအရေးကြီးလို့ ယု အမြန်ပြန်ရမယ် စည်သူ''

''ဘာကိစ္စလဲ ယု''

''ယုလည်း သေချာမသိဘူး''

''ယုကို ယောက်ျားပေးစားဖို့တော့ မဟုတ်ပါဘူးနော်၊ ဟိုလူ ယုတို့အိမ်မှာ ရောက်နေတာကို တွေ့ထဲက ယုကို မောင် လုံးဝစိတ်မချဘူး''





''ယုသာ အဲဒီလူနဲ့ လက်ထပ်မယ်ဆိုရင် မောင်ကတော့ သူနဲ့ မျက်နှာချင်းဆိုင်ပြီး ရှင်းရမှာပဲ''

''ဟင်''

ယုမှာ ကိုယ်အတွေးနှင့်ကိုယ် စိတ်ရှုပ်နေရာမှ အနားက စည်သူထံ ရန်လိုစကားကြောင့် သူ့မျက်နှာချောချောကို မော့ကြည့်လိုက်ရာ မှုန်တည်တင်းမာနေသော မျက်နှာထားနှင့် မနာလိုဝန်တို ဖြစ်နေသော မျက်ဝန်းအကြည့်များဖြင့် ဆုံမိကြသည်။

''မောင်ကလွဲပြီး တခြားဘယ်သူကိုမှ လက်မထပ်ဘူး လို့ ကတိပေးပါယု''

''စည်သူရယ်''

ယု စိတ်ထဲက စည်သူအမည်ကို တိတ်တခိုး ဆိုညည်းလိုက်မိ၏။ စည်သူနှင့် ယုအဖြစ်ကလည်း လွယ်မယောင်နှဲ့ခက်။ တိမ်မယောင်နဲ့နက်ဆိုသလို ဖြစ်နေပါကြောင်း ယု သိသလို စည်သူလည်း သိလျက်နှင့် ဘာကြောင့်နှစ်ယောက်အတူ ဆုံနိုင်ခွင့်ကို တောင်းဆိုနေရသနည်း။

''ယု''

''ယု ပြန်မယ် စည်သူ''

''ဟိုလူကို ယု လက်မထပ်ရဘူး''

''စိတ်ချ...ယု ဘယ်သူ့ကိုမှ လက်မထပ်ဘူး၊ စည်သူ အပါအဝင် အားလုံးကိုပဲ''

''ယုရယ်''



www.burmeseclassic.com

www.burmeseclassic.com



စည်သူမှာ ယုထံမှ ဘယ်သူ့ကို လက်မထပ်ဘူးဆို၍ ဝမ်းသာစိတ်ဖြင့် ထိတ်ခနဲ ပျော်ရွှင်သွားသော်လည်း၊ ယုက စည်သူ အဝါအဝင်ဟု သူ့နာမည်ကိုပါ ထည့်ပြောလိုက်တာမို့ ဘာစကားမှ မဆက်နိုင်ဘဲ ဦးခေါင်းငိုက်စိုက် ကျသွားရရှာပါသည်။

အပြန်ခရီးတစ်လျှောက်လုံး သူတို့နှစ်ယောက်တွင် ပြောစရာစကားမရှိသလို ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်စွာ လိုက်ပါလာကြသည်။ စည်သူအတွေးထဲမှာ ယုကို ပိုင်ဆိုင်ရယူနိုင်ရေးကို မျှော်တွေးစဉ်းစားနေသော်လည်း ယု အတွေးထဲမှာက မာမီ ပြောသည့် ညီမငယ် နုအကြောင်းကိုသာ အာရုံစိုက်နေပါသည်။

နုနှင့် ဦးကျော်ကောင်းမြတ်တို့ လက်ထပ်ဖို့အရေးကိစ္စက ထင်သလောက် မလွယ်ကူနိုင်မှန်း မာမီပြော၍ ယု သိခဲ့ရသလို နု ကိုယ်တိုင်လည်း ဤမျှ ခါးခါးသီးသီး ဖြစ်နေလိမ့်မည်ဟု ထင်မှတ်မထားခဲ့မိတာလည်း ပါပါသည်။

"ကားကို ရှေ့နားမှာပဲ ရပ်လိုက်တော့ စည်သူ"

"ကျိုး"

"ယု"

"အိုး"

ဖောင်းအိပြည့်တင်းသော ယု ပါးလေးတစ်ဖက် နွေးခနဲ ဖြစ်သွားသဖြင့် စည်သူ့ကို မျက်စောင်းရွယ်လိုက်မိသည်။

"မောင်ယုကို သိပ်ချစ်တယ်ဆိုတာ မမေ့နဲ့နော်"

"ယု သွားပြီ"





ယုက သူ့ကို တစ်ချက်လှည့်မကြည့်ဘဲ သမင်ဖိုမလေး အသွင်ဖြင့် လှပစွာ ဆင်းသွားတာကို သူငေးကြည့်နေမိသည်။

ဪ…ယု…ယု။

မောင့်အချစ်ဆုံးလေးရယ်။

မောင့်မှာလည်း ယုလို ပြတ်သားရက်စက်နိုင်တဲ့ နှလုံးသားတစ်စုံရှိနေရင် ဘယ်လောက်များ ကောင်းလိုက်မလည်းဗျာ။

အခုတော့…ယုအပေါ်မှာ မောင့်ဘက်က ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ချင်ပေမယ့် ယုလို မပြတ်သားနိုင်တော့၊ မောင်ပဲ ခံစားနေရပြီပေါ့ အချစ်ရယ်။

အဲဒါ ယုကို မောင် သိပ်ချစ်လို့ဆိုတာ မောင့် အချစ်သိ လိုက်စမ်းပါဗျာ။

ယုကို မောင် ချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အဲဒါပဲ သမီးကြီးရယ် မာမီတော့ နုလေးအကြောင်း တွေးလိုက်မိတာနဲ့တင် ခေါင်းကိုက်လာတော့တာပဲ၊ ဒီကိစ္စကို သူ့ ဒက်ဒီသိအောင်လည်း မပြောချင်ဘူးကွယ်၊ အခုပုံအတိုင်းဆိုရင် မာမီတို့ပဲ မျက်နှာပျက် အရှက်ရတော့မလို ဖြစ်နေပြီ"

ဒေါ်ခင်ခင်က သမီးကြီးယုကို အားကိုးတကြီး ရင်ဖွင့် တိုင်တည်စကားဆိုပြီးနောက် မောမောပန်းပန်းဖြင့်၊ ဆိုဖာနောက်မှီ ပေါ်သို့ ကိုယ်ကိုခပ်လျော့လျော့ မှီထိုင်ကာ ဟင်းခနဲ သက်ပြင်း ချလိုက်ပါသည်။

"အခုမှ…သိပ်ကိုခက်တာပဲကွယ်၊ နုကြောင့် အပျက်ပျက် နဲ့ နှာခေါင်းသွေးထွက်မလို ဖြစ်နေပြီ ယုရယ်"

"မာမီတို့ စီစဉ်ထားတဲ့အတိုင်းသာ ဖြစ်ခဲ့ရင် ဘယ် လောက် စိတ်ချမ်းသာစရာ ကောင်းလိုက်မလည်းလို့ကွယ် မောင် ကျော်ကောင်းမြတ်က နုမှနုဆိုတော့ အခက်ပဲ"

"အဲဒါတွေ ပြောမနေပါနဲ့ မာမီရယ် လက်ရှိအနေအထား





ကိုသာ အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရမှာပါ"

"အေးပါကွယ်…အေးပါ"

မာမီ့စကားက ယုံမာနကို လာထိတာမို့ တစ်ခါတည်း အပြတ်ပြောပစ်လိုက်သည်။ ညီမချင်းဆိုပေမယ့် ဦးကျော်ကောင်း မြတ်က ယုလို နုထက် အစစအရာရာသာတဲ့ သူကိုမရွေးဘဲ ဘာမှ မဟုတ်တဲ့ နုလိုချာတီတီမ ပေါက်စကိုမှရွေးပြီး အသည်းအသန် ဖြစ်ပြနေတာကိုတော့ ယု စိတ်ထဲမှာ ခံပြင်းသလိုဖြစ်မိ၏။

ဒါထက်ပိုဆိုးတာက နုဘက်က အနေအထားဖြစ်သည်။ ဦးကျော်ကောင်းမြတ်လို ပျိုတိုင်းကြိုက် နှင်းဆီခိုင်ကို နုလို မိန်းကလေးတစ်ယောက် လုံးဝစိတ်မဝင်စားဘဲ ခါးသီးနေခြင်းက လည်း ရယ်ချင်စရာ။

ဦးကျော်ကောင်းမြတ်သည့် လူကသာ စိတ်ကြိုက်ရွေးချယ် မည်ဆိုလျှင် သူ့လိုလူနားမှာ နုထက် အဆပေါင်းများစွာ သာသူတွေ ဝိုင်းဝိုင်းလည် ပြည့်နေသည်။ မဆွတ်ခင်က ညွှတ်ချင်သူတွေ အားလုံးကို စိတ်မဝင်စားဘဲ နုလို မိန်းကလေးကိုမှ သူ့နှလုံးသား ကလည်း ရွေးပြီးရင်ခုန်ပြန်သည်။

ကလေးစိတ်တစ်ပိုင်းနှင့် နုက ရွှေမင်းသား၏ မေတ္တာ ပန်းကုံး သူမလည်ပင်းမှာ လာစွပ်ပေးခြင်းကို ပျော်စရာ ကြည်နူး စရာ၊ ဂုဏ်ယူစရာဟု မြင်ပုံမရသလို တွေးလည်းတွေးမိဟန်မတူ။

စိတ်ရှုပ်စိတ်ဆိုးစရာ၊ ဒေါသဖြစ်စရာ၊ မုန်းစရာတွေချည်း သာ ထင်မြင်နေသူဆိုတော့ ပျော်ရမည့်အရေးကို မစဉ်းစား။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ကောင်းမြတ်က သူမကို ချစ်မိတာကိုပဲ အပြစ်တစ်ခုလို တစ်ငိုငို တစ်ရယ်ရယ်လုပ်နေတာကိုကလည်း မြင်ရတွေ့ရသူအတွက် စိတ်ဆင်းရဲစရာ။

"အခုနု ဘယ်သွားလဲ မာမီ"

"ဖြောတတ်ပါဘူးကွယ်၊ သူ့သူငယ်ချင်းတွေ ကားနဲ့ လာခေါ်လို့ ပါသွားလေရဲ့၊ မာမီတော့ ခေါင်းတွေသိပ်ကိုက်တာပဲ ကွယ်"

"ဆေးသောက်ပြီး နားလိုက်ပါဦး မာမီရယ်၊ ဒီကိစ္စ အဆင်ပြေအောင် ယုပဲ ကြားထဲက ကြည့်စီစဉ်ပါဦးမယ်"

"မာမီလည်း သမီးကြီးယုကိုပဲ အားကိုးတာပါပဲကွယ်၊ သမီးညီမလေး နားဝင်အောင် ပြောဆို စည်းရုံးစမ်းပါဦး၊ မာမီလည်း သူက တစ်ငိုငို တစ်ရယ်ရယ်လုပ်နေတာ မြင်တော့၊ သိပ်ကို စိတ်ညစ်သွားတာပဲကွယ်"

"နုဘက်က ပြန်ကြည့်တော့လည်း ဒီကိစ္စမျိုး တစ်ခါမှ လည်း မကြုံဘူးသလို ကြားလည်းမကြားဖူးဘူးဆိုတော့၊ ရှက်လည်း ရှက် ဝမ်းလည်းနည်းသွားတာ နေမှာပေါ့ မာမီရယ်"

"နုက ဒီလိုကိစ္စမျိုးနဲ့ ပတ်သက်ရင် လုံးဝအစိမ်းသက် သက်ပဲ ဥစ္စာ၊ ရုတ်တရက်ကြီးဆိုတော့ ဘာကိုမှ လက်မခံနိုင်အောင် ထူပူသွားတာမျိုးနေမှာပါ"

"နု ခံစားချက်ကို ယု သိပါတယ်"

နုကြောင့် စိတ်ထိခိုက်နေသော မိခင်ကြီးကို ချော့မော





နှစ်သိပ်အားပေး စကားပြောပြီး ဆေးတိုက်လိုက်သည်။ အခုချိန် မာမီအနေနှင့် အိပ်ရာပေါ်မှာ အေးအေးဆေးဆေး အနားယူနေတာပဲ ကောင်းမည်။

ဒီလိုမှမဟုတ်ဘဲ အတွေးအာရုံတွေ ရှုပ်ထွေးပြီး တွေးချင် ရာ လျှောက်တွေးနေလို့ကတော့ မာမီပဲ စိတ်ဆင်းရဲနေရဦးမည်။ အိမ်မှာ ဘယ်သူမှမရှိ။ အားလုံးအပြင်ကို သွားနေကြသည့်အတွက် ယု တစ်ယောက်တည်း ခေါင်းအေးအေးနှင့် စဉ်းစားချင့်ချိန်နေရ သည်။

နုအကြောင်းကို ယုသိသည်။

နုက သင်းနဲ့သော မိသားစုထဲမှာ မူတစ်မျိုးကွဲလေသူ။ ယုနှင့်မာမီတို့ အတွဲညီသလောက် နုက သူကို့တွဲခေါ်ရာသို့ အလွယ် တကူ လိုက်ပါလိုသူမဟုတ်။

ဒီလို အခြေအနေမှာ ဦးကျော်ကောင်းမြတ်၏ ပြဿနာ ရှုပ်ထွေးစွာ နုပေါ်ကို ရောက်ရှိလာတာဆိုတော့ နု လက်မခံနိုင် သည့်မှာ နု အပြစ်ဟု မဆိုသာ။ နု နေရာမှာ ယုဆိုလည်း ဒီလို ပဲ တုံ့ပြန်မိမည် ထင်သည်။

"ကျွီး"

အိမ်ရှေ့မှာ ကားရပ်သံကို ကြားလိုက်၍ လှမ်းကြည့်လိုက် တော့၊ နုနှင့် သူငယ်ချင်းတွေကို တွေ့လိုက်ရသည်။ နု သူငယ်ချင်း တွေက ကားပေါ်က မဆင်းတော့ဘဲ ကားနှင့် ပြန်ထွက်သွားတာမို့ နုနှင့် နှစ်ယောက်ထဲ စကားပြောမှုဖြစ်တော့မည်ဟု စဉ်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်က ဆင်းခဲ့လိုက်သည်။

"အပြင်က ပြန်လာပြီလား နု"

"သြော်...မမယု...ဘယ်တုန်းက ပြန်ရောက်နေတာလဲဟင်"

"ခုနလေးပဲ ဆိုပါတော့ မာမီ နေမကောင်းဘူး အမြန်ပြန်လာပါဆိုလို့ ချက်ချင်းပြန်လာတာ"

"မာမီက...ဘာဖြစ်လို့လဲဟင် မမယု"

တအံ့တသြ အမူအရာလေးနှင့် မမယုကို နုမေးလိုက်တော့ မမယုက နုမျက်နှာလှလှလေးကို စူးစိုက်ကြည့်၏။

"လောလောဆယ်တော့...ဆေးတိုက်ပြီး သိပ်ထားခဲ့တယ်၊ မာမီ ကျန်းမာရေးနဲ့ ပတ်သက်ပြီး နုနဲ့မမယုတို့ စကားနည်းနည်း ပြောကြရအောင်"

"ခြံထဲကို ဆင်းခဲ့ပါ...မမယု စောင့်နေမယ်"

"ဟုတ်ကဲ့"

နုအရင် မမယုက ထွက်သွားတာမို့ နုလက်ထဲမှာ စုကိုင်ဝယ်ခြမ်းလာသည့် အထုပ်တွေကို အစမ်းလက်ထဲထည့်ပေးလိုက်သည်။ အိမ်မှာ နု မရှိတုန်း ဘာတွေဘယ်လို ဖြစ်ကြသည်မသိ။ မမယု မျက်နှာကလည်း ခါတိုင်းနှင့်မတူ ထူးခြားသည် တည်ငြိမ်လေးနက်မှုတွေနှင့် နုတစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်ကြည့်ပုံကိုက၊ မမယု ရင်ထဲမှာ နုနဲ့ပတ်သက်ပြီး ပြောစရာစကားတွေ ပြည့်နေသည့် အနေအထားမျိုးမို့ နု စိတ်ထဲနည်းနည်းတော့ ထင့်ခနဲ ဖြစ်သွား





သည်။

ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးကို နုအနေနှင့် လုံးဝလက်မထပ်နိုင်ကြောင်း မာမီကို နုကိုယ်တိုင် ငိုယိုပြီး ပြောခဲ့သမျှ မာမီက မမယုကို ပြန်ပြောထားပြီထင်။

တကယ်ဆို ဦးကျော်ကောင်းမြတ် သင်းနံ့သာကို ရောက်လာရသည့် အစက အကြောင်းအရင်းထဲမှာ နုမပါ။ ဆိုင်လည်းမဆိုင်၊ ဦးကျော်ကောင်းမြတ်နှင့် သက်ဆိုင်ပတ်သက်သူက နုမဟုတ်၊ မမယု။

ကြိုတင်ပြင်ဆင်မှုတွေ ခမ်းနားကြီးကျယ်မှုတွေ မမော်တမ်း ဖန်တီးပြီးမှ မမယုကိစ္စကနေ နုကိစ္စဖြစ်လာရသည်ဆိုတော့ နုအတွက် ခံပြင်းစိတ်ဆိုးစရာ ဒေါသဖြစ်စရာ ဖြစ်ခဲ့ရသည်။

နုက မမယုလိုလည်း ရင်ထဲက မပါဘဲနှင့် ဘာတစ်ခုမှလည်း ဟန်ဆောင်မျိုးသိပ် ချုပ်တည်းနိုင်တာလည်းမဟုတ်။ ဒီတော့ ရင်ထဲရှိသည့်အတိုင်း ခံစားရသည့်အတိုင်း မာမီ့ရှေ့မှာ ကလေးတစ်ယောက်လို အော်ဟစ်ငိုယို ပေါက်ကွဲခဲ့မိခြင်းမှာ မာမီကို ထိခိုက်စေလိမ့်မည်ဟု နု မသိပါ။

အခုမာမီက နုကြောင့် အိပ်ရာထဲလဲသည့်အထိ ကျန်းမာရေး ထိခိုက်သည်မပြောတော်။ မမယုက နုနှင့်မာမီ ကျန်းမာရေးနှင့် ပတ်သက်တာလေးတွေ ပြောကြရအောင်ဟု ဆိုလာတော့ ခြံထဲကို ဆင်းလာသည့် နု ခြေလှမ်းတွေက လေးလံနေသလို ခံစားရသည်။

"ကဲ...ဒီမှာထိုင်ပါဦး မမယုနဲ့ နုတို့ ဒီလိုစကားပြောက်ဆုံ



www.burmeseclassic.com

www.burmeseclassic.com



မပြောဖြစ်ကြတာ ဘယ်လောက်ကြာပြီလဲ"

နုက မမယု ညွှန်ပြသည့် ခုံ၏ ဘေးစွန်းတစ်ဖက်မှာ အသာအယာ ဝင်ထိုင်ရင်း မမယုကို ဘာစကားတစ်ခွန်းမှ မတုံ့ပြန်မိဘဲ လှပသည့် မမယု မျက်နှာလေးကိုသာ စူးစိုက်ကြည့်ရင်း အကဲခတ်နေမိသည်။

မမယု အကြောင်းကို နုသိသည်။ ဒီလိုပဲ စိတ်ထဲက မပါဘဲနှင့်လည်း စကားတွေ စီကာစဉ်ကာ ပြောတတ်တာမျိုးက ရှိနေပြီမို့ နုကို ပြောချင်သည့် အဓိကစကားက ဘာများပါလိမ့်ဆိုတာလောက်ပဲ တွေးနေမိ၏။

"နုကို စကားရှည်ရှည်ဝေးဝေး ပြောမနေချင်တော့ဘူး၊ လိုရင်းပဲပြောမယ် နုမှာ ချစ်သူရည်စားရှိနေပြီလား"

"ရှင်"

"သြော်...နုမှာ ချစ်ရမယ့် ချစ်သူရှိနေလို့များ ဦးကျော်ကောင်းမြတ်ဘက်က နုကို လိုလိုလားလား ကမ်းလှမ်းလာတာကို ပယ်ချလိုက်တာများလားလို့ပါ"

"ဟင်"

"ဒီ...ဒီကိစ္စတွေကို...မမယု သိပြီးပြီလား"

နုအမူအရာက ထိန်းမထားနိုင်အောင် ကွက်ခနဲ ပျက်သွားသည်။ နုရဲ့ အားနည်းချက်ကလည်း ဒါပဲဖြစ်သည်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်လှုပ်ရှားခြင်း မှန်သမျှကို တစ်ခုမှ ဟန်ဆောင်ဖုံးကွယ်လို့မရ။





ရင်ထဲရှိသည့်အတိုင်း စိတ်ထဲရှိသည့်အတိုင်း မျက်နှာလှလှလေးမှာ အရှိကိုအရှိအတိုင်း ပေါ်နေတတ်တာမို့ နုစိတ်ထဲ ဘာဖြစ်နေသည်လဲဆိုတာကို လူတိုင်းအလွယ်နှင့် ပုံဖော်ဖမ်းယူနိုင်ကြခြင်းဖြစ်သည်။

"မာမီ ပြောပြလို့ မမယု အားလုံးသိပြီးပြီ နု၊ ဒါကြောင့် မမယုက မာမီကိုယ်စား နုကို မေးနေတာ နုမှာ ချစ်သူရှိလား"

"မမယုမေးတာ နုမဖြေသေးဘူးနော်၊ မရှိပါဘူး"

"သေချာပါတယ်နော်"

"မမယုက နုပြောတာကို မယုံလို့လား"

"မယုံလို့ မေးတာမဟုတ်ဘူးလေ၊ ပိုပြီး သေချာချင်လို့ မေးတာ၊ ကိုယ်က မချစ်ပေမယ့် ကိုယ့်ကို တစ်ဖက်သတ်ချစ်နေတဲ့ လူမျိုးရှိနိုင်သလို၊ ကိုယ်ကချည်း တစ်ဖက်သတ် တိတ်တခိုး စွဲလမ်းနေတာမျိုးလည်း ရှိနိုင်တာပဲ မဟုတ်လား"

"နုမှာ ဘာမှမရှိဘူး"

မမယုစကားကို နုစိတ်ဆိုးစွာ ခပ်ပြတ်ပြတ်လေး တုံ့ပြန်လိုက်ရင်း သူမကိုယ်သူမ သတိမထားမိခင်မှာပင် နုနှင်းဆီဖူး နှုတ်ခမ်းအစုံမှာလည်း စိတ်အလိုမကျခြင်းဖြင့် နှုတ်ထော်စပြုလာပါသည်။

"နုကိုသာ မေးနေတယ် မမယုမှာရော ချစ်သူမရှိဘူးလား"

"အင်း...ဘယ်လိုပြောရမလည်း အခုကိစ္စမှာ မမယု



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရှိတာ မရှိတာက ဘာပြဿနာ မဟုတ်ဘူး၊ အရေးလည်း မကြီးဘူး၊ နုမှာ ချစ်သူရှိတာမရှိတာကသာ အခုလက်ရှိ အခြေအနေမှာ အရေးအကြီးဆုံး အဓိကအကျဆုံးလို့ ဆိုရမယ်"

"နု ဦးကျော်ကောင်းမြတ်ကို လက်မထပ်ချင်ဘူးလို့ ငြင်းတယ်ဆို၊ နုမှာလည်း ချစ်ရမယ့် ချစ်သူရည်းစားလည်းမရှိဘဲ ဘာဖြစ်လို့ ဦးကျော်ကောင်းမြတ်လို လူတစ်ယောက်ကို ငြင်းရတာလဲ"

"နုမှ သူ့ကို မယူချင်ဘဲ"

"ဟင်"

"ဦးကျော်ကောင်းမြတ်ဆိုတာ ဘယ်လိုလူလည်းဆိုတာ နုသိတယ်နော်"

"သူဘာသာ ဘာကြီးဖြစ်ဖြစ်ပေါ့ နုမှမယူချင်ဘဲ"

"နု မယူချင်လို့ မရဘူး…အခု နုကြောင့် မာမီ အိပ်ရာထဲလဲနေပြီ၊ မာမီ တစ်ခုခုဖြစ်ရင် နုအပြစ်ပဲ"

"ဟင်"

မမယုစကားကြောင့် နု မျက်လုံးလေး ပြူးကျယ်ဝိုင်းစက်စွာ အံ့သြထိတ်လန့်သွားသည်။ မမယု စကားကြီးက ဘယ်လိုလည်း။ နု အပေါ်မှာ တစ်ဖက်သတ်ကြီး ပြင်းပြင်းထန်ထန် စွပ်စွဲလာပုံက ကြောက်စရာ။

"နုနဲ့ ဦးကျော်ကောင်းမြတ်တို့ ကိစ္စကို မာမီကပဲ မမယုကို ဖွင့်ပြောတာ၊ နုစိတ်ဆင်းရဲမှာစိုးလို့ မာမီက နုအပေါ်မှာ ဖွတ်အတင်းအကျပ်ကြီး ဖိအားမပေးရက်ဘူး၊ မတိုက်တွန်းရက်ဘူး





ဒါပေမယ့် မာမီတို့ မိဘတွေသဘောက နုနဲ့ ဦးကျော်ကောင်းမြတ်ကို လက်ထပ်စေချင်တယ်"

"နုသာ မာမီစကားကို နားထောင်လိုက်ရင် အားလုံးအဆင်ပြေမယ်၊ မာမီလည်း အခုလို အိပ်ရာထဲလဲစရာ အကြောင်းမရှိဘူး"

"နုနေရာမှာသာ မမယုဆိုရင် ကိုယ့်ကြောင့် မိဘတွေကို ဘယ်တော့မှ စိတ်ဆင်းရဲစေရမှာ မဟုတ်ဘူး"

မမယု၏ မျက်နှာကို အလန့်တကြား မော့ကြည့်လိုက်၏။ မမယုစကားတွေက နုကို ထွက်ပေါက်မရှိ၊ ချောင်ပိတ်ထားနှင့်ပြီမို့ နုတွင် ပြောရန်စကားလုံး ရှာမတွေ့ပါ။

"နုပဲ စဉ်းစားကြည့်လေ…မိဘကို တကယ်ချစ်တယ်ဆိုရင် သူတို့ စိတ်ချမ်းသာအောင် လုပ်ပေးနိုင်ရမှာပေါ့၊ ကိုယ့်အတွက်ကြောင့် မိဘတွေ ဘာပဲဖြစ်နေဖြစ်နေ ဂရုမစိုက်ဘူး ကိုယ်စိတ်ချမ်းသာမှုကိုပဲ ရှေ့တန်းတင်ချင်တယ်ဆိုရင်လည်း နု သဘောပေါ့"

"အို"

"နု ဘာသာစဉ်းစားလေ၊ မာမီကို စိတ်ချမ်းချမ်းသာသာနဲ့ အသက်ရှည်ရှည် နေစေချင်တယ်ဆိုရင် မာမီ အထဲမှာရှိတယ်၊ ဝင်တွေ့လိုက်"

"မမယု သွားမယ်"

မမယုက နုအပါးမှ မားမတ်ခန့်ညားမှုတွေနဲ့ တည်ငြိမ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပင် ကျော်ခိုင်းသွားရာ နုတစ်ယောက်တည်း ဖွှန်ပန်းရုံဘေးနားက ခုံတန်းပြာလေးမှာ မလှုပ်မယှက် ငြိမ်သက်လျက် ကျန်ရစ်ခဲ့သည်။

အိမ်မှာက ဒက်ဒီမရှိ။

စီးပွားရေးကိစ္စတစ်ခုဖြင့် စင်ကာပူနိုင်ငံကို ခရီးထွက်သွားသည်။ ဒက်ဒီမရှိတော့ နုမှာ အားကိုးရာမဲ့နေ၏။ မာမီနှင့် မမယု သဘောကတော့ ရှင်းသည်။ ပြတ်သည်။ နုကို ဟိုလူကြီးနှင့် လက်ထပ်စေချင်သည်။ သဘောလည်းတူကြသည်။ နုကသာ ခေါင်းညိတ်လက်ခံမည်ဆိုလျှင် ကိစ္စကပြီးပြီ။

ဒက်ဒီ့ကိုရော မာမီ့ကိုရော နုချစ်ပါသည်။ ဘယ်မိဘကို ဘယ်သားသမီးမှ စိတ်ဆင်းရဲအောင် မလုပ်ချင်ကြပါ။ အလွယ်တကူ လက်ခံခေါင်းညိတ်ဖို့ကြပြန်တော့လည်း မဖြစ်။ ဒက်ဒီပြန်အလာကို စောင့်ပြီး ဒက်ဒီ့သဘောထားကိုလည်း နုကိုယ်တိုင်မေးချင်သေးသည်။

မမယုက သင်းနဲ့သာအိမ်ကြီးအတွက် ဂုဏ်ယူစရာ၊ မျက်နှာပွင့်လန်းစရာတွေ အများကြီး မိဘတွေအတွက် လုပ်ပေးခဲ့တာ မှန်ပေမယ့် မမယု လုပ်ပေးခဲ့တာတွေအားလုံးက ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ်။ ဘာတစ်ခုမှ စိတ်အနှောင့်အယှက် ဖြစ်စရာမရှိ။

နုအလှည့်ကြတော့ ထိုသို့မဟုတ်တော့။

မိဘတွေအလိုကျ စိတ်ချမ်းသာအောင် ဟိုလူကြီးကို လက်ထပ်ဖို့ ခေါင်းညိတ်ရမည့်ကိစ္စက ထင်သလောက်မလွယ်။ အဲဒီလူကြီးကိုလည်း နုက ချစ်တာလည်းမဟုတ်။ မုန်းပင်မုန်းသေး





သူ။

မာမီက နုကို ဦးကျော်ကောင်းမြတ်နှင့် လက်မထပ်လျှင် စိတ်မချမ်းသာဟု မမယုကဆိုသည်။ နုကြောင့် မာမီတစ်ခုခုဖြစ်လျှင်ဆိုသည်ကိုက မတွေးရဲ။ မမယုက နုကို တစ်သက်လုံးခေါင်းမဖော်နိုင်အောင် ပြောတော့မည်။

အတွေးနှင့် နုမျက်နှာလေး ငိုမဲ့မဲ့ဖြစ်လာ၏။ နုအဖြစ်က ဆုပ်လည်းစူး၊ စားလည်းရူး ဖြစ်တော့မည်။ ရုတ်တရက် နု ဘာလုပ်ရမည်မသိ။ နုနေရာမှာ မမယုသာဆိုရင် ဦးကျော်ကောင်းမြတ်၏ လက်ထပ်ခွင့်ကို ကျေနပ်ကြည်နူးစွာ မိဘတွေအလိုရှိအတိုင်း ခေါင်းညိတ်လက်ခံမည်ဆိုသည်ကိုက သံသယမရှိ။

နုမှာသာ ခက်ပြီးရင်း ခက်နေရသည့်အဖြစ်။

ဟား…

နု ဘာလုပ်ရမှာပါလိမ့်နော်။

"ကျွီး"

ဟော…ဦးကျော်ကောင်းမြတ် ကားကြီးပါလား။

ဘယ်အထိအောင် အတွေးလွန်နေမိသည်မသိ ကားတစ်စီး ထိုးရပ်လာသံနှင့်အတူ ဦးကျော်ကောင်းမြတ် ကားပေါ်က ဆင်းလာတာကို မြင်လိုက်မှ အပ်ချည်မျှင်ကဲ့သို့ မပြတ်နိုင်သည့် အတွေးများက ရပ်တန့်သွားကာ မြင်းမားခန့်ညားသော လူကြီးရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

တိုက်ဆိုင်စွာပင် သူကလည်း နုရှိနေသည့် ပန်းဥယျာဉ်



www.burmeseclassic.com

www.burmeseclassic.com



လေးရှိရာဘက်သို့ လှမ်းအကြည့် အဖြူရောင်ဂါဝန်ရှည်လေးနှင့် လှပသည့် နုကို တွေ့မြင်သွားကာ အိမ်ထဲသို့မဝင်တော့ဘဲ နုရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် တည်ငြိမ်စွာ လှမ်းလျှောက်လာတာကို မြင်တွေ့လိုက်ရ၏။

နု စိတ်ကူးထဲကအတိုင်း လုပ်ခွင့်ရမည်ဆိုလျှင်တော့ ထိုင်နေသည့်နေရာက လှစ်ခနဲ ပြေးထွက်သွားချင်ပါသော်လည်း လက်တွေ့မှာတော့ သူနှင့် မျက်နှာချင်းဆိုင် စကားတွေဆိုရဦးမည့်အရေးကိုတွေးလို့ နေရာမှာ မတုန်မလှုပ် အမူအရာလေးနှင့် ခပ်တည်တည် ထိုင်နေလိုက်ရပါသည်။

"တစ်ယောက်တည်းလား နု"

"ဘယ်နှစ်ယောက်မြင်နေလို့လဲ"

"အဟွန်း...ဟွန်း...ဟွန်း"

နုက မကြည်သလိုလေး ဆိုလိုက်တာမို့ ကျော်ကောင်းမြတ်က နုအမူအရာလေးကို မြတ်နိုးစွာ ချစ်စနိုး ရယ်မောပါသည်။

ရှိရင်းအသက်ထက် ရယ်မောလိုက်သည့်အခါ များစွာနုနယ်ပျိုမျစ်သွားသူ၏ မျက်နှာကို ငေးခနဲ တစ်ချက်ကြည့်လိုက်ပြီးမှ စိမ်းမှောင်သော နု၏ စင်ရော်တောင် မျက်ခုံးလေးအစုံ တွန့်ခနဲ ဖြစ်သွားသည်။

"ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလားဗျာ၊ နု စိတ်ဆိုးပြေအောင် ကိုယ်ဘာလုပ်ပေးရမလဲ"

"မြန်မြန် မိန်းမယူလိုက်ပေါ့"





"ဗျာ"

"နုနဲ့လာမပတ်သက်ဘဲ တခြားမိန်းမတစ်ယောက်ကို မြန်မြန်လက်ထပ်လိုက်ရင် နု စိတ်ဆိုးပြေမယ်လို့ ပြောတာ"

"ဪ...ဪ"

"ဘာဖြစ်လို့ မမယုကို လက်ထပ်ခွင့်မတောင်းတာလဲ"

"အွန်"

"အဲဒါက ဘယ်လိုဖြေရမလဲ၊ ကိုယ်ချစ်တာက နုကိုပဲ၊ နုရဲ့မမယုကိုတော့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်လိုပဲ ခင်လို့ရတယ်၊ ကိုယ့်ရဲ့အိမ်သူသက်ထား ဇနီးမယားအဖြစ် လက်ခံဖို့ ကိုယ့်နှလုံးသားက လုံးဝမတောင်းဆိုဘူး"

"ကိုယ်တကယ်ချစ်မိတာက နုတစ်ယောက်တည်းကိုပဲ၊ နုကို ကိုယ်ချစ်တယ်၊ ချစ်လို့ လက်ထပ်ခွင့်တောင်းတယ်၊ နုနဲ့ လက်ထပ်ချင်တယ်၊ လူကြီးမိဘတွေကလည်း သဘောတူတယ်၊ နုသာ လက်ခံမယ်ဆိုရင် နုမာမီတို့နဲ့ တိုင်ပင်ပြီး မင်္ဂလာပွဲကျင်းပရုံပဲ"

"အဲဒါ...နုဘက်က ကိုယ့်အပေါ် သဘောထားပြောင်းလာတဲ့အထိ စောင့်ဖို့ ကိုယ်ဆုံးဖြတ်ထားတယ်၊ နု ကိုယ့်ကို ပြန်ချစ်လာတဲ့အထိ"

"စိတ်ချ...ဘယ်တော့မှမချစ်ဘူး"

"ဘာဖြစ်လို့"

"မုန်းလို့...မုန်းလို့၊ သိရဲ့သားနဲ့ ဒါကိုပဲ ခဏခဏ တယ်"



www.burmeseclassic.com

www.burmeseclassic.com



အပြေစကားနှင့်အတူ လှပစွဲမက်ဖွယ်ရာဖြစ်သော မျက်စောင်းကြီးကလည်း သူ့ရှိရာသို့ မကျေမနပ် ဒိုင်းခနဲရောက်လာလျှင် ကျော်ကောင်းမြတ်ရင်မှာ ကြည်နူးပီတိတွေနှင့် လှုပ်ခတ်စွာ ကျန်ရစ်ခဲ့သည်။

ပြောရင် ယုံပါမည်လားမသိ။

ချစ်သူဆီက ချစ်စကားဆိုသံကို မကြားရဘဲ မုန်းစကားဆိုခြင်းကိုပင် သူ့နှလုံးသားမှာ မနာကျင်နိုင်ဘဲ ချစ်မြတ်နိုးခြင်းတွေနှင့် လှိုင်လှိုင်ဝေနေသူ။ အချစ်ဆိုတာ ဒီလိုပဲ ထူးဆန်းသည်ထင်ရဲ့။

"အခု ခင်ဗျားကြီးကြောင့် နုမာမီ နေမကောင်းတော့ဘူး"

"ကိုယ့်ကြောင့် ဟုတ်လား"

"ဟုတ်တယ်...ဟုတ်တယ် မာမီတစ်ခုခုဖြစ်လို့ကတော့ ခင်ဗျားကြီး တရားခံပဲ၊ တစ်သက်လုံးလည်း ခွင့်လွှတ်မယ်မထင်နဲ့"

"ဟင်"

"အန်တီ ဘာဖြစ်လို့လဲ၊ ကိုယ့်ကြောင့် နေမကောင်းဘူးဆိုတာရော သေချာလို့လား၊ တော်ကြာ သားသမီးမလိမ္မာလို့ စိတ်ထိခိုက်ပြီး အိပ်ရာထဲလဲနေတဲ့ မိဘမျိုးထဲမှာ အန်တီပါနေလို့ တစ်သက်လုံး နောင်တရနေရတာမျိုး ဖြစ်နေဦးမယ် အနု"

"နုကို စောင်းပြောနေတာ မဟုတ်လား"

"ဩော်...ဖြစ်တတ်တဲ့ သဘာဝလေးတွေကို ပြောတာပါဗျာ၊ ကိုယ်သာ မိဘတွေ သက်ရှိထင်ရှားရှိနေဦးမယ်ဆိုရင် သူတို့





စိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်ပေးမိမှာပဲ"

"ဟွန်း"

နုက သူ့မရှေ့မှာ မိဘကျေးဇူးဖော်ပြီး လိမ္မာပြနေတာကို နားထောင်ပြီး မုန်းမုန်းနှင့် မျက်စောင်းထိုးလိုက်မိ၏။ မမယုရော ဒီလူကြီးရော မလွယ်။ နှစ်ယောက်စလုံး ပုံစံတူ အကျင့်စရိုက်တူတွေလားမသိ။ စကားပြောတိုင်း ကိုယ့်ဘက်ကိုယ်ယက်ပြီး လိမ်လိုပြောနေကြသည်။

သူတို့ပြောသလိုဖြင့် နုဟာ ဘာကိုမှ တွေဝေစဉ်းစားနေစရာမလိုဘဲ မာမ့်အလိုကျ ခပ်မြန်မြန်လေး ခေါင်းညိတ်လက်ခံသဘောတူကာ သမီးလိမ္မာဘွဲ့ကိုယူပြီး နုမုန်းသည့် ဒီလူကြီးနှင့် အခုပဲ လက်ထပ်ရတော့မည့်ပုံ။

"ဦးကျော်ကောင်းမြတ် နု ဒီကိုမြန်မြန်လာပါ၊ ရုတ်တရက်ကြီး မာမီ ရေချိုးခန်းထဲမှာ မူးလဲပြီး ညာဘက်ကိုယ်တစ်ခြမ်းလှုပ်လို့မရတော့ဘူး၊ ဆေးရုံပို့မှဖြစ်မယ်"

"ဟင်"

"မာမီ...မာမီ"

နုက မိခင်ကို ဟစ်အော်ခေါ်ရင်း တုန်လှုပ်ချောက်ချားစွာ မမယုကို ဖြတ်ကျော်ပြီး မာမ့်အခန်းရှိရာကို ပြေးတက်သွားတော့ နုနောက်မှာ ယုနှင့် ကျော်ကောင်းမြတ်တို့လည်း မျက်စိပျက်မျက်နှာပျက် အပြေးလိုက်ပါလာကြသည်။

"မာမီ...မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"နု…နု…ပူး…ပူး"

"အမလေး…မာမီ့ကို လုပ်ပါဦး၊ မမယု…မမယု"

"နု…ဖယ်…ဖယ် မာမီ့ကို ဆေးရုံအချိန်မီပို့မှဖြစ်မယ်"

ကျော်ကောင်းမြတ် ဦးဆောင်ပြီး ဒေါ်ခင်ခင်ကိုယ်လေးကို ပေါ့ပါးသွက်လက်စွာမင် ကားပေါ်အရောက် မချီပွေ့ယူသွားလျှင် နုနှင့်ယုမှာလည်း မာမီ့အနားမှာ အတူလိုက်ပါလာကြသည်။ ဆေးရုံရောက်တော့ ယုကပဲ လိုအပ်တာတွေအားလုံး ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်သွားသည်။

ဆေးရုံခုတင်ထက်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော မိခင်ကြီးအနားမှာ တစ်ချိန်လုံး ငုတ်တုတ်လေးထိုင်ရင်း မျက်ရည်ကျနေမိသူက နု။

မပြောကောင်းမဆိုကောင်း မာမီသာ တစ်ခုခုဖြစ်သွားလို့ကတော့ မတွေးရဲစရာ။ ကိုယ့်ကိုယ်ကိုလည်း ဘယ်တော့မှ ခွင့်လွှတ်လို့ ရမည်မဟုတ်တာ သေချာသည်။ သေခြင်းတရားနှင့် နီးကပ်လှသော လူ့ဘဝကြီးက ကြောက်စရာ။

နုကြောင့် မာမီ့ကို ဘယ်တော့မှ စိတ်မဆင်းရဲစေရတော့ပါဟု မိခင်ကြီးလက်တစ်ဖက်ကို တင်းကြပ်စွာဆုပ်ကိုင်လျက် နုတစ်ယောက်တည်း တိုးတိတ်စွာ တိုင်တည်သစ္စာဆိုလိုက်သည့်အဖြစ် ကိုက မည်သူမျှမသိလိုက်ချေ။



## အခန်း (၁၉)

ဒက်ဒီ ပြန်ရောက်ရောက်ခြင်း မာမီ့ကို ဆေးရုံပေါ်မှာ ပက်လက်ကလေး တွေ့လိုက်ရတာမို့ မျက်စိမျက်နှာပျက်လျက် ရင်စို့သွားသလို မာမီကလည်း ဒက်ဒီကို မြင်လိုက်ရသည်နှင့် ကလေးငယ်တစ်ယောက်လို ငိုပါသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး နုရင်မှာ ဝမ်းနည်းမှုတွေနှင့် နာကျင်လာတာမို့ မျက်ဝန်းအိမ်မှာ သီဝေလာသော မျက်ရည်တွေကို ဘယ်သူမှ မမြင်တွေ့နိုင်ခင် နေရာက ပြေးထွက်ခဲ့သည်။

"နု"

"ဦးကျော်ကောင်းမြတ်"

မမြင်မတွေ့ချင်သူနှင့် အဦးဆုံးရင်ဆိုင်တိုးမိသူက နု။ ပါးပြင်ပေါ် ဖြိုဆင်းလာသည့် မျက်ရည်တွေကို လက်ခုံလေးနှင့် ပွတ်သုတ်ရင်း နုရှေ့မှာ မားမားကြီးရပ်နေသူကို ကွင်းရှောင်ဖို့ကြိုးစားတော့ သူကလည်း နုနှင့်အတူ လိုက်ပါလာသည်။

"အထဲမှာ အန်ကယ်ရှိတယ်မဟုတ်လား နု"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သူမေးတာကို ရှည်ဝေးစွာ ဖြေစရာမလိုသဖြင့် ခေါင်းတစ်ချက်ညိတ်ပြအပြီးမှာ နုအနားမှာ အတူပါလာသူကို ဖျတ်ခနဲ မော့ကြည့်လိုက်မိ၏။

"နေခဲ့လေ...နုနောက်ကို လိုက်မလာပါနဲ့"

"ဘာဖြစ်လို့လဲ...နုတစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ရတယ်...နုတစ်ယောက်တည်းလည်း နေတတ်တယ်"

"နု နေတတ်ပေမယ့် ကိုယ်က စိတ်မချဘူး"

"စိတ်မချရအောင် နုက ကလေးမှမဟုတ်ဘဲ"

"သိတယ်လေ...ဒါကြောင့် ပိုပြီးစိတ်မချနိုင်တာ"

"ဟင်"

"နောက်ဆို နု ဘယ်သွားသွား အနားမှာ ကိုယ်အမြဲအတူပါမှဖြစ်မှာ၊ ကိုယ်နဲ့လက်ထပ်ဖို့ နု သဘောတူလိုက်ပြီဆိုထဲက ကိုယ်သိပ်ပျော်နေတာ နုသိလား"

"အို"

ရွှန်းလဲ့သောအကြည့်။

နူးညံ့သိမ်မွေ့သော အပြုံးနှင့် နုကို စူးရှတောက်ပစွာ ကြည့်ငေးလာသည့် သူ့အကြည့်တွေအောက်မှာ နုပါးလေးနှစ်ဖက် ဖြန်းခနဲ ပူနွေးသွားရရှာပါသည်။

မာမီကို အမြန်ဆုံး ပြန်လည်ကျန်းမာစေလိုသောဆန္ဒ။ နုကြောင့် စိတ်ချမ်းသာရှာပါစေလေဆိုသည့် အတွေးလေးများဖြင့် မာမီနှင့်နု နှစ်ယောက်တည်းရှိခိုက်မှာ ဦးကျော်ကောင်းမြတ်ဆိုသည့်





လူကြီးကို မာမီသဘောကျ လက်ထပ်ပါမည့်အကြောင်း နုကိုယ်တိုင် မာမီ့ကို မျက်ရည်တွေနှင့် ကတိစကားဆိုခဲ့သူဖြစ်သည်။

နု ထင်သည့်အတိုင်း မာမီ့မျက်နှာ ဝင်းခနဲတောက်ပလင်း လက် ပျော်ရွှင်သွားသလို နုလက်ကလေးတစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆွဲယူဆုပ်ကိုင်ရင်း နုရဲ့ဆုံးဖြတ်ချက် မှန်ကန်ပါကြောင်း၊ အလွန်အမင်း စိတ်ချမ်းသာပျော်ရွှင်ရပါကြောင်း နု နားလည်အောင် ကြိုးစားပြီးပြောသမျှ နုခမျာ မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ရသည့် ညတစ်ညပါ။

ထိုအတွက် နုကိုယ်နု မှားသည်ရယ်လို့လည်းမမြင်တော့။ မာမီ စိတ်ချမ်းသာပျော်ရွှင်တာကို မြင်တော့ နုရင်မှာလည်း မာမီ့ အပျော်ကိုကြည့်ပြီး ကျေနပ်ကြည်နူးခဲ့သည်။ အခုတော့ ထိုစကားကို ကာယကံရှင်ဖြစ်သည့် ဦးကျော်ကောင်းမြတ်က နုနှင့် နှစ်ကိုယ်ကြား တိုက်ရိုက်ပြောကြားလာခဲ့လေပြီ။

သူ့အကြည့်၊ သူ့အပြောမှာ ပါးလေးတွေ နီးမြန်းသည်အထိ ရှက်မိပေမယ့် ခါတိုင်းလို ဘုဘောက်ကျမည့်စကားမျိုးတွေ ရွေးမပြောဖြစ်ဘဲ နှုတ်ဆိတ်နေလိုက်မိ၏။

"ကိုယ်တို့ တစ်နေရာသွားပြီး စကားပြောကြရအောင်လား နု၊ နု...နု ဘယ်သွားချင်လဲဟင်"

"နု ဘယ်မှမသွားချင်ပါဘူး"

မှန်သောစကားကို နု ဆိုလိုက်တော့ ကျော်ကောင်းမြတ် အကြံရကျပ်သွားသည်။

"အဝေးကြီးမသွားဘူးလေ၊ ဒီအနီးအနားက ဆိုင်တစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပေါ့၊ လာပါနုရဲ့ အနံကယ့်ဆီမှာလည်း ကိုယ်ခွင့်တောင်းခဲ့ပြီးပါပြီ''

ဒက်ဒီ့ဆီမှာ ခွင့်တောင်းလာခဲ့ပြီးပါပြီဆိုတော့ နု ဘာတစ်ခုမှ မငြင်းနိုင်တော့။ အသင့်ဖွင့်ပေးလာသည့် သူ့ကားကြီးပေါ် တက်လိုက်ရသည်။

''နုနဲ့ကြည့်တဲ့ အိမ်ကြီးကို ကိုယ်ဝယ်လိုက်ပြီ၊ ပြီးတော့ အလှဆုံးပြင်ဆင်ဖို့ ဖားသားလန်း(န်)ကို အပ်ထားလိုက်တယ်၊ နုစိတ်ကြိုက်ဖြစ်ချင်တာရှိရင်လည်း ပြောပေါ့၊ ကိုယ်က နုကို အားလုံးပြင်ဆင်ပြီးမှပဲ အိမ်ကိုတစ်ခေါက် ခေါ်သွားပြီး ပြမလားလို့၊ အခုလောလောဆယ်တော့ နုလည်း စိတ်ထိခိုက်စရာတွေ၊ စိတ်ပင်ပန်းစရာတွေ အများကြီးဆိုတော့ နောက်ထပ် နု စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့လေ''

ကားက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေသလို သူကလည်း သူစီစဉ်ထားသမျှ အကြောင်းကိစ္စတွေကို နုသိအောင် ညင်သာအေးဆေးစွာ ပြောပြလျက်နေသည်။

''ကိုယ်နဲ့လက်ထပ်ပြီးရင် နု စိတ်ချမ်းစေရမှာပါ၊ နုပျော်အောင်ထားဖို့လည်း ဆုံးဖြတ်ထားတယ်''

လက်ထပ်ပြီးရင် ဒါမှမဟုတ် လက်ထပ်ခြင်းဆိုသည့် စကားလုံးများက နုအနေနှင့် လုံးဝ အစိမ်းသက်သက်ဖြစ်သည်။

''ရှေ့နားကဆိုင်လေး အေးဆေးတယ်၊ အဲဒီမှာပဲ ထိုင်လိုက်ကြရအောင်နော် နု''





''ဦးကျော်ကောင်းမြတ် သဘောပါ''

''တစ်သက်လုံး အဲဒီလို အမြဲပြောနေရင် သိပ်ပျော်စရာကောင်းမှာပဲဗျာ''

ပြုံးပျော်သွားသည့် သူ့မျက်နှာကို မမြင်ဟန်ဆောင်နေလိုက်သည့်တိုင် နု မျက်နှာလှလှလေးကို ချစ်မြတ်နိုးသော မျက်လုံးလက်လက်များဖြင့် ကျေကျေနပ်နပ်ကြီး စူးစိုက်ကြည့်နေသူ၏ မျက်နှာပေါ်က အပြုံးကိုတော့ နု မြင်ဖြစ်အောင် မြင်နေရပါသေးသည်။ သီးသန့်အအေးခန်းထဲမှာ နှစ်ယောက်အတူ ထိုင်ဖြစ်ကြသည်။

သူနှင့်နုအတွက် ကော်ဖီနှစ်ခွက် မှာလိုက်သည်။ ကျော်ကောင်းမြတ်က လှပသည့် နုမျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေတာကို နုက မသိသလို သိသလို။

''နု''

နုအမည်လေးကို အသည်းယားစွာ ခေါ်လိုက်တော့ နုတမထူးဘဲ လှပသော မျက်လုံးကြီးဖြင့် သူ့ကို တစ်ချက်လှမ်းကြည့်၏။

''ကိုယ့်ကို တကယ်လက်ထပ်မှာပါနော်''

''ဟန်ဆောင်လက်ထပ်မှာ''

''ဗျာ''

''မာမီစိတ်ချမ်းသာအောင် ဟန်ဆောင်လက်ထပ်ရုံပဲလို့ ပြောတာ၊ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလိုမျိုး လက်ထပ်ပြီးကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ တစ်သီးတခြားနေတာမျိုး''

''အာ''

နုစကားကြောင့် သူ့ကိုယ်ကြီး တွန့်ခနဲဖြစ်သွားရပြီး နု၏ မျက်နှာလှလှလေးကို အကဲခတ်သလို ကြည့်လိုက်တော့ နုက ခပ်တည်တည်လေး သူ့ကိုပြန်ကြည့်နေပါသည်။ သူမပုံစံလေးက အခုပြောသည့် စကားမှာ နောက်ပြောင်နေဟန် တစ်ခုမှမရှိ။ တကယ့်ကို အတည်ပေါက်ကြီးလို ပြောနေတာမျိုးဆိုတော့ ကျော်ကောင်းမြတ် မျက်ခုံးအစုံ တွန့်ကုတ်စပြုလာ၏။

''နု အခုပြောနေတဲ့စကားတွေက တကယ်လားဗျာ''

''ဘယ်သူက ရယ်စရာပြောနေလို့လဲ၊ အခုထဲက ရှင်းရှင်းဖြစ်အောင်ပြောထားတာ၊ နုပြောတဲ့ အစီအစဉ်ကို လက်ခံနိုင်တယ်ဆိုရင် လက်ထပ်ပါ''

''လုံးဝ လက်မခံနိုင်လို့ လက်မထပ်ချင်ပါဘူးဆိုရင်လည်း အခုထဲက စောစောစီးစီး ကြိုငြင်းနိုင်တယ် ဦးကျော်ကောင်းမြတ်ကသာ တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်မယ်ဆိုရင်လည်း နုက ဝမ်းသာကြည်ဖြူစွာ ခွင့်အထပ်ထပ်ပြုနေမှာပါနော်''

''သြော်...နု...နု''

ချစ်ရသူအမည်လေးကို မြတ်နိုးခြင်းတွေနှင့် သူဆိုညည်းလိုက်မိ၏။ ချစ်စရာကောင်းလိုက်တဲ့ နုလေးပါလား။ သူမအကြံဉာဏ်လေးက ချစ်စရာကောင်းသလို ကြည်နူးဖွယ်ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာလည်း ဖြစ်ပါသည်။





စာအုပ်တွေဖတ်၊ ရုပ်ရှင်တွေကြည့်ပြီး စိတ်ကူးတွေယဉ်နေပုံလေးက လက်တွေ့ဘဝကြီးနဲ့ သိပ်ပြီး ကင်းကွာနေသည့်အကြောင်းကို သူမ တွေးမိဟန်မတူပါချေ။

''နု ပြောတဲ့အတိုင်းပဲ ဖြစ်ရပါစေမယ်ဗျာ''

''တကယ်နော်''

''တကယ်ပါဗျာ...ဟန်ဆောင်လက်ထပ်တာကို ကိုယ်သဘောတူပါတယ်''

''ဒါဆိုလည်းပြီးရောပေါ့၊ နောက်မှ ရှုပ်ရှုပ်ယှက်ယှက်တွေ လာမလုပ်ရင် ပြီးတာပဲ၊ အဲဒါတော့ ကတိပေး''

''ကတိလည်း ပေးပါတယ်ဗျာ၊ ဘာရှုပ်ရှုပ်ယှက်ယှက်မှ မဖြစ်စေရဘူး၊ ကျေနပ်ပြီလား''

''ပြောတဲ့အတိုင်း ကတိတည်ရမှာနော်၊ ကတိပေးပြီးချိုးဖောက်လို့ကတော့ ဒီတစ်သက် နုမျက်နှာကို ဘယ်တော့မှ မမြင်ရဘူးမှတ်ပါ''

''နုမျက်နှာကို မမြင်ရဘူးဆိုတော့ နုက ဘယ်ကိုသွားမလို့လဲ''

''ဘယ်သွားသွားပေါ့ ရှင့်အပူလား''

''ကိုယ့်အပူပေါ့...အဲဒီအချိန်ကျရင် နုက ကိုယ့်မိန်းမဖြစ်နေပြီလေ''

''ရှင်ကြီးနော်...အဲဒါ ဘာစကားကြီးလဲလို့''

ပန်းနုသွေးကြွရွသွားသည့် နုမျက်နှာမှာ ရှက်ရွံ့ခြင်းများအတူ



www.burmeseclassic.com

www.burmeseclassic.com



အလိုမကျသော စိတ်ဆိုးဒေါသဖြစ်နေဟန်လေး ထင်းခနဲ ပေါ်လာတာမို့ ချစ်မြတ်နိုးစွာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုပါလျက် မပြုံးရဲအောင် ဖြစ်နေရပါသည်။

"ဟန်ဆောင်ဇနီးကို ပြောတာပါဗျာ"

"ဒါဆိုပြီးရော"

ဝင့်ခနဲ မျက်စောင်းရှယ်ပြီး တစ်ဖက်လှည့်သွားပုံလေးကို ငေးခနဲကြည့်လိုက်မိ၏။ သိပ်ပြီးလှသည်။ ပြီးတော့ သိပ်ချစ်စရာကောင်းသည့် နှ ကို မြတ်မြတ်နိုးနိုး ချစ်မိခြင်းကို အပြစ်လို့ဆိုချင်၍ မဖြစ်နိုင်ပါ။

ကျော်ကောင်းမြတ်နေရာမှာ တခြားတစ်ယောက်ဆိုရင်လည်း နှ ကို သူချစ်တာထက် မပိုဘဲ ချစ်မြတ်နိုးကြပေလိမ့်မည်။

"နှမာမီ နေကောင်းတာနဲ့ ဖွင့်ပြောပြီး ကိုယ်တို့လက်ထပ်ဖို့ကိစ္စ အမြန်ဆုံးစီစဉ်လိုက်တော့မယ်နော် နှ"

"ဟုတ်"

နှ ပုံစံလေးက လူကြီးစကားနားထောင်တတ်သော လိမ္မာလွန်းသည့် ကလေးငယ်လေးပုံစံပါလား။ မြတ်နိုးစွာ ရင်ခွင်မှာ ဆွဲပွေ့ထားချင်စိတ်ကို မနည်းချုပ်တည်း မျိုသိပ်ထားလိုက်ရသည်။ နှထံမှ လက်ထပ်ဖို့ သဘောတူလက်ခံလိုက်ပြီမို့ နှ မိဘနှစ်ပါးကို သူတို့ကိစ္စ အဆင်ပြေသွားပြီဖြစ်ကြောင်း နှစ်ဦးအတူအသိပေးတော့ အားလုံး စိတ်လွတ်လက်ဋတ် ပျော်ရွှင်သွားကြသည်။

နှမာမီကိုယ်တုံ စိတ်ဆောင်၍ပဲလားမသိ။





လေဖြန်းသွားသော ကိုယ်တစ်ခြမ်းကို ကျွမ်းကျင်ပိုင်နိုင်သည့် ဆရာဖြင့် ကြပ်မတ်ကုသလိုက်ရာ သိသိသာသာ ကောင်းမွန်တိုးတက်လာရာမှ လုံးဝပျောက်ကင်းသည့်အထိ ဖြစ်သွားသည်။

"တော်ပါသေးရဲ့ ဒက်ဒီကြီးရယ်၊ ကျွန်မဖြင့် ဘဝဆုံးပြီလို့ကိုထင်နေတာ"

"လေဖြတ်သွားတာမှမဟုတ်ပဲကွာ၊ ရုတ်တရက် အကြောကပ်သွားတာမျိုးလောက်ကတော့ အချိန်မီ ဆေးကောင်းဝါးကောင်းနဲ့ ကုလိုက်တော့ ပျောက်သွားတာပေါ့"

"ကျွန်မသာ ဒုက္ခိတဖြစ်သွားလို့ကတော့ ရှင်လည်း ကျွန်မနား ကပ်ချင်တော့မှာ မဟုတ်ဘူးနော်"

"ဘာတွေလျှောက်မေးတာလဲကွာ…အခု ဘာမှမဖြစ်ဘူး၊ အကောင်းကြီးပဲမဟုတ်လား"

"အကောင်းကြီးမို့လို့ မေးနေရတာပေါ့ရှင့်"

"တော်ကွာ…တော်…တော် ကလေးကလား မေးခွန်းတွေနဲ့ ပြဿနာရှာမနေစမ်းနဲ့၊ သမီးငယ်တောင် အခု အိမ်ထောင်ပြုတော့မယ်၊ တခြား ဘာမှစဉ်းစားမနေနဲ့၊ သမီးနှ မင်္ဂလာပွဲကို ဘယ်လိုအကောင်းဆုံး စီစဉ်မလဲဆိုတာပဲ စဉ်းစား"

ဒေါ်ခင်ခင်က သူမခင်ပွန်းသည် ဖြစ်သူကို မျက်စောင်းထိုးလိုက်သည်။ ကုသိုလ်ကံကြီးလွန်း၍သာ ဒေါ်ခင်ခင်ဘဝ သေသည့်အထိ ပုံဆိုးပန်းဆိုး မဖြစ်ခြင်းပါ။ ထိုသို့မဟုတ်လျှင် ဒေါ်ခင်ခင်အဖြစ်က မတွေးဝံ့စရာ။ အဆိုးထဲက အကောင်းဟု ပြောရသည်



www.burmeseclassic.com

www.burmeseclassic.com



လားမသိ။

ဒေါ်ခင်ခင် အခုလိုဖြစ်လိုက်တော့ နုက ကျော်ကောင်းမြတ်နှင့် သူမ လက်ထပ်ဖို့ကိစ္စကို မိခင်ဖြစ်သူ၏ ကျန်းမာရေးကို ငဲ့ညှာပြီး လက်ခံသဘောတူခဲ့တာကတော့ ကျေနပ်စရာဖြစ်သည်။ ဒေါ်ခင်ခင်သာ အခုလိုမဖြစ်လျှင် နုကလည်း သူမမင်္ဂလာကိစ္စကို စိတ်ဝင်ဝင်စားမည်မဟုတ်။

"မာမီ…အောက်ထပ်မှာ ဒေါ်ဒေါ်လှမြှူ ရောက်နေပြီ"

"အေး…အေး သမီးလေး မာမီအခုပဲ ဆင်းလာပြီလို့ ပြောလိုက်"

"ဟုတ်"

လှေကားထိပ်က နု လှစ်ခနဲ ပြေးသွားသည့်ပုံက လွတ်လပ်ပေါ့ပါးလှသည်။

"အင်း…သမီးနုလေးကို ကြည့်ရတာ အခုလိုတော့လည်း စိတ်ချမ်းသာစရာပါလား"

"ဘယ်တုန်းကရော သမီးနုက ကိုယ်တို့မိဘတွေကို စိတ်ဆင်းရဲအောင် လုပ်ဘူးလို့လဲ မာမီကြီးရဲ့"

"ဒက်ဒီကြီး မသိပါဘူး၊ မောင်ကျော်ကောင်းမြတ်နဲ့ လက်ထပ်ဖို့ ပထမဆုံး ဖွင့်ပြောတဲ့နေ့တုန်းက နု ငိုလိုက်တာများ နည်းနည်းမှုကို စိတ်မချမ်းသာဘူး"

ဇနီးဖြစ်သူက မှန်တင်ခုံရှေ့မှာရပ်၊ ပိုက်ဆံအိတ်ကို ဆွဲယူပြီး နုအကြောင်းပြောတော့ ဦးသင်းမောင် သဘောကျစွာ ပြုံးသည်။





"ရုတ်တရက်ကြီး ကြားလိုက်ရလို့ ဖြစ်မှာပေါ့ကွ၊ အခုတော့ သူတို့ချင်း အဆင်ပြေသွားပြီဆိုတော့ အားလုံး အိုကေနေတာ မာမီကြီးလည်း အမြင်ပဲဗျာ"

"ဟုတ်ပါတယ်ရှင်…ဒါကြောင့်လည်း ကျွန်မတို့မိဘတွေလည်း စိတ်ချမ်းချမ်းသာသာနဲ့ သူတို့မင်္ဂလာကိစ္စကို စိတ်အေးအေးနဲ့ စီစဉ်နိုင်တာပေါ့"

"ကဲ…ကျွန်မသွားမယ်၊ ဖမလှမြှူက ဒီလိုကိစ္စမျိုးဆို သိပ်အားကိုးရတာ၊ ဟိုတစ်လောက မင်္ဂလာဆောင်သွားတဲ့ ဒေါက်တာသက်ဝင်းတို့ မင်္ဂလာပွဲဟာ မမလှမြှူပဲ ဦးဆောင်သွားတဲ့ပွဲပေါ့"

"ဟုတ်ပါပြီဗျာ…ခင်ခင်တို့ပဲ ကြိုက်သလိုစီစဉ်ကြပါ၊ ကိုယ်ကတော့ အားလုံး ခင်သဘောကျဖြစ်ရင် ပြီးတာပါပဲ"

"ဒီလိုနဲ့ပဲ လူကိုညာခိုင်းနေကျဆိုတာ သိပါတယ်နော်"

"အဟွန်း…ဟွန်း…ဟွန်း"

ဇနီးသည်စကားကို ဦးသင်းမောင် ကျေနပ်သဘောကျစွာ ရယ်လိုက်ချိန်မှာ ဒေါ်ခင်ခင် မျက်နှာကလည်း ပြုံးနေပါသည်။ သူတို့ဇနီးမောင်နှံ အိမ်ထောင်ရေးက ငြိမ်းချမ်းသည်။

အိမ်ထောင်သက်တစ်လျှောက်လုံး ခွန်းကြီးခွန်းငယ် စကားများရန်ဖြစ်တာမျိုး၊ အိမ်ပေါ်က ဆင်းသွားလို့ လိုက်ခေါ်ရသော အဖြစ်မျိုး မရှိခဲ့ဘူးပါ။ နှစ်ဦးနှစ်ဖက် အပြန်အလှန် ချစ်ခြင်းမေတ္တာတွေ၊ နားလည်မှုတွေနှင့် တည်ဆောက်ထားသော အိမ်ထောင်ရေး



www.burmeseclassic.com

www.burmeseclassic.com



မျိုးအဖြစ် လိုတိုးပိုလျှော့ စိတ်ချမ်းသာအောင် နေခဲ့ကြသူများ ဖြစ်သည်။

"ကဲ…ကိုယ်လည်းပြီးဖြီဆိုတော့ တစ်ခါတည်း အတူသွားကြတာပေါ့ ဟုတ်လား"

လင်မယားနှစ်ယောက် အပေါ်ထပ်က အတူယှဉ်တွဲပြီး ဆင်းလာပုံကိုကြည့်ကာ ဒေါ်လှမချူက…

"အမလေး…ခင်ခင်တို့စုံတွဲကဖြင့် အမြဲရှေ့သွားနောက်လိုက်ညီနေတာပဲနော်၊ သမီးလေးနှစ်ယောက်ထဲ ရှိပြန်တော့လည်း ကံကောင်းလိုက်ကြတာကွယ်၊ မမမချူတော့ ခင်ခင်တို့ဘဝကို သိပ်အားကျမိတာပဲ"

"ဒါလည်း ဘုရားပေးတဲ့ ကံတစ်မျိုးပေါ့ မမရဲ့၊ ဒီနေ့ သွားရမယ့် နေရာတွေကို ကျွန်မတို့ အရင်ပြောပါဦး"

"ကိုသင်းမောင်ရော လိုက်မယ်လား"

"ကျွန်တော်က အလုပ်မှာဝင်နေခဲ့မှာပါဗျာ၊ မမချူတို့ညီမတွေသာ တိုင်တိုင်ပင်ပင် လုပ်ကြပါ၊ ဒါမျိုးက မမချူကိုပဲ အားကိုးရတယ်ဆိုလို့ ကျွန်တော်တို့လည်း အားကိုးပါရစေပေါ့ဗျာ"

"စိတ်ချပါရှင်…အဲဒီအတွက် မချူတို့က အချိန်မရွေး ကူညီဖို့အသင့်ပါ"

"သင့်(ခ်)ယူးပါဗျာ"

ဒေါ်လှမချူနှင့် ဒေါ်ခင်ခင်တို့က ဦးသင်းမောင်ကို သူ့ကုမ္ပဏီမှာ ဝင်ချထားရစ်ခဲ့ပြီး မင်္ဂလာကိစ္စအတွက် စိတ်မောလူ





မော အချိန်ကုန်ခံ၍ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေသည့် အခိုက် နုကတော့ ကျော်ကောင်းမြတ်နှင့်အတူ သူမတို့ လက်ထပ်ပြီး နေရမည့် အိမ်ကြီးဆီကို ရောက်နေပါသည်။

အကောင်းဆုံး အဖိုးတန်ပစ္စည်းတွေကို သုံးကာ အခမ်းနားဆုံး၊ အတောက်ပဆုံး၊ အလှပဆုံးဖြစ်အောင် လက်ရာကုန်ထုတ်ပြီး ပြင်ဆင်ထားပုံက နုလို အလှကြိုက်မလေးအတွက် စိတ်ကြိုက် ကျေနပ်စရာတွေချည်း ဖြစ်နေသည်မှာလည်း မဆန်းလှပါချေ။

ဘယ်နေရာကိုပဲကြည့်ကြည့် ကြည့်လိုက်သည့်နေရာတိုင်းမှာ နုကို လှပစွာ ဆွဲဆောင်သွားကြသည်ချည်း။

"ကြိုက်ရဲ့လားဟင် နု၊ ဘာလိုသေးလဲဆိုတာ ကိုယ့်ကို ပြောပါဦး"

"ဘာမှမလိုပါဘူးလေ၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"အိမ်ကြီးက ကြီးလွန်းတယ်လို့ မထင်မိဘူးလား"

"နောက် သားတွေသမီးတွေ ရလာဦးမှာဆိုတော့ သိပ်ကြီးတယ်လို့ မဆိုနိုင်ဘူးပေါ့လေ"

"ဘာပြောတယ်"

"ဟင်"

"သားတွေသမီးတွေ ရလာဦးမှာဆိုတော့ ရှင်ကြီးစကားက ဘာလဲ"

"ဪ…အဲဒါက ဟိုဟာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် ကျော်ကောင်းမြတ် ဘာဖြေလို့ဖြေရမှန်းမသိ အူကြောင်ကြောင်မျက်နှာနှင့် နှုတ်ခမ်းအစုံ ပြုံးစိစိဖြစ်လာပုံကာ နုက အသည်းယားစွာ မျက်စောင်းဒိုင်းခနဲ ထိုးပါသည်။

"အခုထဲက ပေးထားတဲ့ကတိ မတည်ရင် ဒီမင်္ဂလာပွဲကို တစ်ခါတည်း ဖျက်ပစ်လိုက်မှာနော်"

"ကိုယ်က နုကို ကတိမတည်ဘူးပြောနေလို့လားဗျာ"

"ပြောတာထက်ကို ပိုဆိုးနေလို့ပေါ့"

"အဲဒါက ရှတ်တရက်ဆိုတော့ မေ့သွားလို့ပါဗျာ"

"ဒါမျိုးက မေ့စရာလား"

"အင်း…အင်း ဟုတ်တာပေါ့၊ နောက်မမေ့အောင် သတိထားမယ်လေ"

"ဟန်ဆောင်နေတာသိလား"

"ဟုတ်ပါပြီဗျာ…ကိုယ်က တကယ်အစစ်ထင်ပြီး ရောသွားမိလို့ပါ"

"နောက်တစ်ခါဆို ခွင့်မလွှတ်ဘူးသိလား"

"နောက်မဖြစ်အောင် နေမှာပါ"

ကျော်ကောင်းမြတ်က နုအကြိုက်ကို လိုက်ပြောနေရပေမယ့် စိတ်ထဲမှာတော့ သူနှင့်နု ဖြစ်နေပုံကို ရယ်ချင်နေသည်။ နုအလိုကြ သူက နုနှင့် ဟန်ဆောင်လက်ထပ်ခြင်းအဖြစ် လိမ်ညာကတိပေးခြင်းကို သူမက အဟုတ်ထင်နေသည်။

ကျော်ကောင်းမြတ်ဆိုတာက လက်တွေ့ကျကျ ကျင့်သုံး





တွက်ချက်လုပ်ကိုင်တတ်သော အောင်မြင်သောစီးပွားရေးသမား တစ်ယောက်ဖြစ်ပြီး နုလို ငယ်ရွယ်သူတစ်ယောက်၏ အတွေးစိတ်ကူးကမ္ဘာထဲမှာ လေထဲတိုက်အိမ်ဆောက်နေမည့်သူထဲတွင် သူမပါဝင်ပါ။

ဒါကို နုတစ်ယောက် သိရှိနားလည်ပုံမရ။ သူမဖြစ်ချင်တာတွေ သူမလုပ်ချင်တာတွေကိုပဲ စိတ်ကူးယဉ်ပြောဆိုနေတော့ ခက်သည်။ ကျော်ကောင်းမြတ်က နုအကြိုက်ကိုလိုက်ပြီး နု သဘောကျအောင် ပြောနေရပေမယ့် သူ့စိတ်ကူး၊ သူ့အတွေးတွေအားလုံးက နုနှင့် ဆန့်ကျင်ဘက်တွေချည်း ဖြစ်နေသည်ကိုက နုမသိ။

လောလောဆယ် နု အကြိုက်လိုက်နေရခြင်းက သူ့စိတ်ရင်းအမှန်ကို ထုတ်ဖော်မိလျှင် နုက သူ့ကို လက်မထပ်ဘဲ သူနှင့်ဝေးရာကို ထွက်ပြေးသွားမှာကို စိုးကြောက်၍ဖြစ်သည်။

အရေးကြီးသည်က နုကို သူ တရားဝင်ပိုင်ဆိုင်ဖို့ပဲ ဖြစ်သည်။ နုသာ သူ့ဇနီးဖြစ်လျှင် ကမ္ဘာပေါ်မှာ အပျော်ဆုံးလူသားက ကျော်ကောင်းမြတ်ဖြစ်တော့မည်။

"နုနေရမယ့် အခန်းကရော ဘယ်မှာလဲ"

"အင်"

အတွေးကမ္ဘာထဲက လွတ်ပြီး နုကို သူကြည့်လိုက်သည်။ ကော်ဖီရောင် ခပ်ဖျော့ဖျော့ဝတ်စုံဖြင့် နုက ရင်ခွင်ထဲ ဆွဲပွေ့ထားချင်အောင် လှပအိထွေးလှပနေခြင်းကို ဖျတ်ခနဲ အကြည့်လွှဲလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်မှာလေ"

"ဘယ်မှာလဲ"

"ဒီအခန်း"

"ကျိုး"

နုက သူညွှန်ပြသော အိပ်ခန်းတံခါးကို သွက်လက်စွာ ဆွဲဖွင့်လိုက်သည်နှင့် မြင်လိုက်ရသည့် မင်္ဂလာဦးအပြင်အဆင်နှင့် နှစ်ယောက်အိပ်ခုတင်ကြီးကြောင့် လှမ်းလက်စခြေလှမ်းလေးများ တွန့်ခနဲဖြစ်သွားရုံမက ပါးလေးတွေ ရဲခနဲဖြစ်သွားသည်။

"အို…ဘယ်လိုကြီးလဲ"

"ဘာဖြစ်လို့လဲ နု၊ နု မကြိုက်ဘူးလား"

"အိုး…နုပြောတာ ဒါကြီးမဟုတ်ဘူး၊ နုတစ်ယောက်တည်း နေရမယ့်အခန်း ဘယ်မှာလဲ၊ အဲဒါမေးတာ"

"ဒီအခန်းမှာပဲ နုနေလေ"

"မနေချင်ပါဘူး"

"ဒါဖြင့်လည်း နုကြိုက်တာရွေးလေ၊ ဒီမှာ အခန်းတွေ အများကြီးပဲဥစ္စာ"

နုက သူနှင့်အတူ အခန်းတွေတစ်ခန်းပြီးတစ်ခန်း လိုက်ကြည့်သည်။ အားလုံးထဲက သူမစိတ်ကြိုက် အခန်းတစ်ခန်းကို ရွေးထုတ်လိုက်၏။

"ဒီအခန်းမှာ နုနေမယ်"

"နုသဘောပါ၊ နုကြိုက်ရင် ပြီးတာပဲ"





"ဦးကျော်ကောင်းမြတ်အတွက် အခန်းကရော"

နုက အားလုံး နုစိတ်ကြိုက်၊ သဘောဖြစ်စေသော သူ့ကို အံ့သြသလိုလေးကြည့်ရင်း တုံ့ပြန်မေးလိုက်မိ၏။ နုဘဝတွင် ဤမျှ စိတ်သဘောထားပြည့်ဝသူမျိုး မမြင်ဘူးချေ။

"ရပါတယ်…ကိုယ်က ဘယ်နေရာပဲနေရနေရ ဖြစ်ပါတယ်၊ နေရာမရွေးပါဘူး၊ နုစိတ်ချမ်းသာဖို့က အရေးကြီးတာပါဗျာ"

"ဒါဆိုလည်း ပြီးရောလေ"

နု သူ့ရှေ့က လှည့်ထွက်သွားရာ သူလည်း နုနောက်က လိုက်ခဲ့သည်။ မင်္ဂလာပွဲကျင်းပဖို့ ရက်ကနီးနေပြီဖြစ်၍ ကျော်ကောင်းမြတ် ရင်ခုန်စိတ်လှုပ်ရှားနေမိသလောက် နုကတော့ သူနဲ့ဆန့်ကျင်ဘက် စိတ်သက်သာပေါ့ပါးနေဟန်လေးကြောင့် ပေးထားမိသည့် သူ့ကတိစကားအတွက် ရင်လေးစွာ ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကြီးကျယ်ခမ်းနားစွာ အောင်အောင်မြင်မြင် ပြီးဆုံးသွားသည့် မင်္ဂလာပွဲနှင့်အတူ ရင်ခုန်စိတ်လှုပ်ရှားခြင်းတွေနှင့် အပျော်ကြီးပျော်နေမိသူက ကျော်ကောင်းမြတ်ဆိုသည့် ပူပူနွေးနွေး သတို့သား အသစ်စက်စက်ကိုယ်တိုင်ဖြစ်သည်။

အဖြူရောင် သတို့သမီးဝတ်စုံဖြင့် လှချင်တိုင်းလှနေသော ချစ်သူလေးကို တစ်ချိန်လုံး ကြည့်မဝနိုင်ခဲ့သလို တစ်အိမ်တည်း အတူနေခွင့်ရသည့် အချိန်မှာလည်း စိတ်လှုပ်ရှား၍မဆုံးပါ။ သူလို ချင်သော ဘဝ။ သူတောင်းတခဲ့သော ချစ်သူလေးကို ဇနီးမယား အဖြစ် ပိုင်ဆိုင်ခဲ့ရပေပြီ။

ဟန်နီးမွန်းသွားဖို့ အားလုံးကို ဖိုင်းပြီးတိုက်တွန်းကြပေမယ့် နှုက အိမ်မှာပဲနေချင်သည်ဆိုသော စကားတစ်ခွန်းနှင့်ပင် အားလုံး နှု သဘောကျဖြစ်စေခဲ့သည်။ နှုက မင်္ဂလာဦးအိပ်ခန်းကျယ်ကြီးကို သူနှင့်မဆိုင်သလို သူမစိတ်ကြိုက် ရွေးချယ်ထားသည့် အခန်းလေး ထဲ ဝင်သွားပြီးထဲက ဘာသံမှမကြားရတော့ဘဲ အခန်းတံခါးပိတ်





ကာ တစ်ယောက်တည်း ငြိမ်သက်နေခြင်းကြောင့် ကျော်ကောင်း မြတ်မှာ သူ၏ မြတ်နိုးလှစွာသော ချစ်စရာ သတို့သမီးလှလှလေး ၏ မျက်နှာကိုပင် မမြင်မတွေ့ရဘဲ ရှိနေပါသည်။

သူတစ်ယောက်တည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ထိုင်ရမလို ထရမလိုနှင့်ပင် နှု အခန်းကို လှမ်းမြင်တွေ့နေရသည့် နေရာမှာသာ တရစ်ဝဲဝဲ လမ်းလျှောက်နေမိသည်။

အခုပုံအတိုင်းဆိုမလွယ်။

သူနှင့်နှု နီးစပ်ဖို့အရေးကို လျင်မြန်စွာ အကြံထုတ်ပြီး တွေးနေမိသည်။ တစ်ခုခုတော့ လုပ်မှဖြစ်မည်။ ထိုတစ်ခုခုက ဘာဖြစ်မည်နည်း။

ခေါင်းပူအောင် စဉ်းစားသော်လည်း ဘာအကြံဉာဏ်မှ မထွက်။ စိတ်ထဲမှာ နှု သူ့ကိုမုန်းပြီး သူမပြောသလို သူမသိနိုင်သည့် အဝေးတစ်နေရာကို ထွက်သွားမှာ စိုးကြောက်နေမိတော့ ခက်သည်။ စိတ်ထင်တိုင်း ဘာတစ်ခုမှ မလုပ်ရဲ။ ဒါပေမယ့် နှု မျက်နှာလေးကို မြင်ချင်သည်။ နှုအသံလေးကို ကြားချင်သည်။ နောက်ဆုံး ကြံရာမရတာနှင့် နှုအခန်းရှေ့မှာ ရပ်ပြီး အခန်းတံခါး ကို ခေါက်လိုက်သည်။

"ခေါက်...ခေါက်"

" "

နှု

"လာပြီ"

"ဂျောက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွီး"

"ဘာလဲဟင်"

ဖျတ်ခနဲ အခန်းတံခါးလေး ပွင့်လာ၏။ အဖြူရောင် ညဝတ်ဂါဝန်ရှည်လေးနှင့် ကပိုကရို ဝင်းဝင်းစက်စက် လှရက်နိုင်သူကို ဗြုန်းခနဲ ကြည့်လိုက်မိသည်။ အသက်နှင့်ထပ်တူ ချစ်ရသည့် ချစ်သူ။ ပြီးတော့ တရားဝင်လက်ထပ်ထားသည့် ဇနီးမယား။ ဘာကိုတွေးပြီး စိုးကြောက်နေရတာလဲဟု တွေးရင်း သူ့ရင်တွေ တဒိတ်ဒိတ်ဖြစ်လာသည်။

"ကိုယ်ခေါင်းကိုက်လို့ နုဆီမှာများ ဆေးရှိနေမလားလို့ပါဗျာ"

"ဆေး"

"အင်း"

နုက မျက်ခုံးလေးတွန့်ပြီး စဉ်းစားသလိုလေး ငြိမ်သွားပြီးမှ...

"ခဏလေးနော်"

မနေ့က မမယု ထည့်ပေးလိုက်သော ဆေးသေတ္တာလေးကို သတိရပြီး အခန်းတံခါးကို ပြန်မပိတ်ဘဲ စေ့ရုံစေ့ထားခဲ့ကာ သူမ အခန်းလေးထဲ ပြန်ဝင်သွားခြင်းမှာ နု အမှားဟုမသိရှာ။

"ဆေးသေတ္တာလေး ဘယ်ရောက်သွားပါလိမ့်"

နုက သူမအလိုရှိရာ ဆေးသေတ္တာလေးကို ရှာဖွေနေချိန်မှာ ကျော်ကောင်းမြတ်တစ်ယောက် သူမပိုင် အပျိုစင်အိပ်ခန်းလေး





ထဲကို ကျူးကျော်ဝင်ရောက်လာသည့်အဖြစ်ကို နု မသိသေးပါ။ ကျောခိုင်းအနေအထားနှင့်ပင် သူမ ဘယ်နေရာထားမိမှန်းမသိသော ဆေးသေတ္တာလေးကို သူမပိုင် ပစ္စည်းတွေကြားမှာ တကုန်းကုန်းနှင့် ရှာဖွေနေပါသည်။

"ဟော...ဒီမှာ တွေ့ပြီ"

နုက အဖြူရောင် ဆေးသေတ္တာလေးကို ဆွဲယူပြီး နေရာအလှည့်...

"နု"

"အမလေး"

နုနောက်ပါးမှာ နီးကပ်စွာ မားမားကြီးရပ်နေသူ၏ ရင်ခွင်ထဲ ဝင်တိုးမိမတတ် ဖြစ်သွားရာ နုမှ အလန့်တကြား အော်သံလေးနှင့်အတူ ကျော်ကောင်းမြတ်၏ မျက်နှာချောချောကို အလန့်တကြား မော့ကြည့်လိုက်မိလျက်သား ဖြစ်သွား၏။

"ရှင်...ရှင် ဘယ်လိုလုပ်ပြီး နု အခန်းထဲကို ရောက်နေရတာလဲ အခုထွက်သွားပါ"

နုလက်ထဲက ဆေးသေတ္တာလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း နု တုန်ရီဖျစ်ငေါ့စွာ ဆိုလိုက်မိ၏။ တစ်ပြိုင်နက်တည်းမှာပင် နုဆီကို ဘာအကြံညာဏ်နှင့် ရောက်လာတာလဲဆိုတာကိုပါ သဘောပေါက်လိုက်ရာ နုတစ်ကိုယ်လုံး ရှက်ခြင်းဒေါသဖြင့် ထူပူသွားသည်။

"နု"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြီးမသွားရင် နု သွားမယ်"

"နု နေဦးလေ"

နုက ကျော်ကောင်းမြတ် ခေါ်သံကို ကြားပေမယ့် လှည့်မကြည့်ဘဲ သူ့အခန်းလေးထဲက တစ်အား ပြေးထွက်သွားရာ ကျော်ကောင်းမြတ်လည်း နုနောက်မှ ခြေလှမ်းကျဲကြီးများဖြင့် အပြေးလိုက်ပါလာခဲ့၏။

"နု...ကိုယ်ရှင်းပြပါရစေဦးဗျာ"

"အို...ဘာမှရှင်းပြမနေနဲ့၊ ပေးထားတဲ့ကတိ နည်းနည်းမှမတည်တဲ့လူနဲ့ ဆက်မနေနိုင်ဘူး၊ မိုးလင်းတာနဲ့ ဒီအိမ်ကထွက်သွားမယ် သိလား"

နုနှင့်သူ လေသာဆောင်မှာ မျက်နှာချင်းဆိုင် ဆုံမိခြင်းဖြစ်သည်။ နု မျက်နှာမှာ နီရဲတင်းမာနေသလို သူ့မျက်နှာကလည်း တောင်းပန်အသနားခံခြင်းဖြင့် ညိုးလျော့နေ၏။

"ကိုယ်ပေးထားတဲ့ကတိကို အခုချိန်ထိ မဖျက်သေးဘူးဆိုတာ နုအသိပါ"

"ဒါဖြင့် ဘာလို့ နုအခန်းထဲဝင်လာသေးလဲ"

"နုကိုချစ်လို့"

"ဘာ"

"နုကို သိပ်ချစ်လို့လို့ ပြောတာ"

"အဲဒါက ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့နုရယ်၊ နုကို ကိုယ်သိပ်ချစ်လို့





လက်ထပ်ခဲ့တာပဲ၊ ကိုယ်ချစ်တဲ့သူနဲ့ အတူနေချင်တာ ချစ်သူတိုင်းရဲ့ဆန္ဒပဲ"

"ကိုယ်လည်း နုနဲ့ အတူနေချင်တယ်"

"ဟင်"

"ဟန်ဆောင်လက်ထပ်ထားတာရှင့်၊ အစတုန်းကတော့ နှစ်ယောက်စလုံး သဘောတူထားပြီးတော့"

"ကိုယ် သဘောမတူရင် နုက ကိုယ့်ကို လက်ထပ်ဖို့ သဘောမှမတူဘဲ၊ နုကို ပိုင်ဆိုင်ဖို့ ဒီလိုပဲ နုအကြိုက်ကို လိုက်ရတာပေါ့ဗျာ"

"ဘာ"

"နုကို ကိုယ် သိပ်ချစ်တယ်လို့ပြောတာ"

"ရှင်...ရှင်...လူလိမ်"

"နု"

"အို"

"ဖယ်ဆို"

"ဟင့်အင်း"

"နုကို ချစ်တယ်"

"အို...အမေ့"

နုက သူ့လက်ထဲမှာ အရုပ်ကလေးတစ်ရုပ်လို ယွယ်ကနဲပါသွားခဲ့ပါသွားသည်။ ခြင်းရှက်ရှုံ့စိတ်ဖြင့် သူ့ကိုယ်ကြီးကို လက်လှမ်းမှီသလောက် ထုရိုက်ပေမယ့် သူကမမှု။ နုသည် အခုမှ



www.burmeseclassic.com

www.burmeseclassic.com



သူမလှည့်စားခံရခြင်းကို ကောင်းစွာသိရှိခွင့်ရပြီ ဖြစ်သော်လည်း နောက်ပြန်လှည့်၍ အခွင့်မကျန်အောင် နောက်ကျခဲ့ပြီဖြစ်သည်။

လူတစ်ယောက်ကို အယုံလွယ်မိခြင်းမှာ နုအမှားဖြစ်သည်။ သူသည် နုကို ကလေးတစ်ယောက်ပမာ အလိုလိုက် အကြိုက်ဆောင်ပြီးမှ သူအလိုရှိရာကို ရယူဖြစ်သည်။ ဤသည်ကို နု ဘာကြောင့် မရိပ်မိရသနည်း။ နုတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ ကျိုးကြေလုမတတ်ရှိ၏။ အေးစက်သော ပါးပြင်ဝယ် အကြိမ်ကြိမ် နိုပ်သော ချစ်အနမ်းများနှင့် နာကျင်နေသော နှုတ်ခမ်းအစုံမှ စကားသံကို ပျောက်ဆုံးနေ၏။

"သိပ်ချစ်တယ် နုရယ်"

"ချစ်တယ်"

နုသည် အင်အားရှိသလောက် သူ့ရင်ခွင်ထဲမှ တစ်အားဆောင့်ရုန်းပစ်လိုက်ရာ နုထင်သလို လွတ်မြောက်သွားခြင်း မရှိဘဲ နှစ်ယောက်သား လုံးထွေးလဲပြိုခြင်းဖြင့် အဆုံးသတ်သွားရာ နုသည် ကြံရာမရသည့်အဆုံး ကလေးငယ်တစ်ယောက်လို အီးခနဲ ငိုချလိုက်မှ သူက နု ကိုယ်လေးကို အလန့်တကြား ဖြေလွှတ်ပေးလိုက်လေသည်။

သူ့လက်က လွတ်သည်နှင့် နုသည် ဘာမှစဉ်းစားမနေဘဲ နေရာက ထပြေးဖို့ကြိုးစားတော့ သူက နုကို ပေးမလွှတ်ဘဲ မျက်ရည်တွေ စိုရွှဲနေသော ပါးပြင်ကို ဖွဖွရှိုက်နမ်းပါသည်။

"မငိုနဲ့လေ နု…နု စိတ်ညစ်အောင် ကိုယ်ဘာမှ





မလုပ်ဘူးသိလား။ နုကို သိပ်ချစ်လွန်းလို့ နုပါးလေးတွေကို နမ်းမိတာတော့ အပြစ်မတင်ပါနဲ့၊ နု မဖြစ်ချင်တာ မဖြစ်ရအောင် ကိုယ်ထိန်းထားနိုင်ပြီပဲ"

"မငိုနဲ့လေ"

"ငိုမယ်…ငိုမယ် နုကို အနိုင်ကျင့်တာ ဘယ်လောက် မုန်းစရာကောင်းလဲ"

"ချစ်စရာ ကောင်းတာလေးကိုမှ နုက မတွေးပဲကိုးဗျာ"

"ဘာရယ်"

"ကိုယ်သာ တကယ်ဆိုးချင်ရင် အခုချိန်မှာ နုနဲ့ကိုယ် တကယ့်ဇနီးမောင်နှံ ဖြစ်နေပြီ၊ ဟန်ဆောင်တာ မဟုတ်ဘူးနော်၊ တကယ် လက်တွေ့ဖြစ်မှာကိုပြောတာ"

"အို"

"သိပ်ချစ်တာပဲ နုရယ်၊ ကိုယ့်ကိုပြန်ချစ်ပါလား အချစ်ရယ်၊ ဟင် ချစ်မယ်မဟုတ်လားဟင်"

"ချစ်တယ်နော်"

"အို…ဘာတွေပြောနေတာလဲ ဖယ်ပါ"

နုက သူ့ထံမှ အချော့အမြူ အပိုက်အထွေးကြားမှ ရုန်းဖယ်ထွက်လိုက်ရာ ကျော်ကောင်းမြတ်လည်း သက်ပြင်းတစ်ချက်ရှိုက်ပြီး နုကိုယ်လေးကို အသာဖြေလွှတ်ပေးလိုက်သည်။

ဒါဟာ နုကို သိပ်ချစ်လွန်းလို့ဆိုသည်ကို သူမသိမည်မဟုတ်။ နေရာက လှစ်ခနဲ ပြေးထွက်သွားကာ သူမ အိပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးလေးကို ဝုန်းခနဲ ဆွဲပိတ်ပြီးမိသက်သွားတာကို ငေးကြည့်နေမိသည်။

နု တစ်ယောက် သူ့ကို မုန်းသွားပြီလားမသိ။

သူကတော့ နုကို ပို၍ပို၍ ချစ်မြတ်နိုးနေမိခြင်းကို နုသိအောင် ပြောပြချင်နေမိသည်။

ခက်သည်က နု။

နုက သူ့ထံမှ ချစ်စကားကို လက်ခံနားထောင်ခြင်း မပြုတော့ ရင်မောရသူက သူပဲ ဖြစ်နေ၏။ သူ့အခန်းကို ပြန်ချင်စိတ်မရှိသဖြင့် လေသာဆောင်မှာ အကြာကြီး တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေချိန်မှာ နုကတော့ သူမ အိပ်ခန်းလေးထဲမှာ သူမ ရင်ဆိုင်ဖြစ်ပျက်ကြုံဆုံခဲ့ရသည့် အဖြစ်အပျက်တွေကို ရှက်လန့်အံ့သြစွာ တုန်လှုပ်နေမိသည်။

ကံကောင်းလို့ နု ဘာမှမဖြစ်ခဲ့ရခြင်းပါလားဟု တွေးရင်း သူမကိုယ်သူမ ကျော်ကောင်းမြတ်၏ တရားဝင်ဇနီးမယား ဖြစ်နေခြင်းကို တွေးနေမိသည်။ အလွယ်တကူ ကတိပေးပြီး ထိုကတိစကားကို အလွယ်တကူပင် ဖျက်စီးရိုက်ချိုးပစ်နိုင်ကြောင်း နု ဘာကြောင့်မတွေးမိသနည်း။

အယုံလွယ်လွန်းသူအဖြစ် နုကိုယ်နု အပြစ်တင်နေမိ၏။ အခုချိန်ကြမှ နောက်ထပ် ဘာတစ်ခုမှ ပြောင်းလွဲခွင့်မရနိုင်တာကို တွေးပြီး တစ်ယောက်တည်း ငိုချင်နေမိသည်။ နာကျင်နေသည့် နှုတ်ခမ်းလေးနှင့် ပါးပြင်ကို ဖွဖွစမ်းကိုင်ရင်း သူနှင့် မျက်နှာချင်း





ဆိုင်ရာမှ နု ရင်ထဲ လေးလံမွန်းကျပ်သွား၏။

နုအပေါ်မှာ စိတ်ထင်တိုင်း ပြုမူသွားသူကိုပဲ အပြစ်တင်နေမိသည်။ ရှေ့လျှောက် သူနှင့် နုတို့ ဆက်ဆံရေးက ဘယ်လိုဆက်ဆံရေးမျိုး ဖြစ်မည်နည်းဟုတွေးရင်း နုနဲ့အတူတူ နေနေတယ်ဆိုသည့် စကားကို ပြန်ကြားမိတော့ နုပါးလေးတွေ ဖြန်းခနဲ ပူနွေးသွားကာ ချွေးပျံလာသည်။

ဒီကိစ္စ နည်းနည်းမှ မလွယ်ပါလား။ သူကိုထားပြီး ဒီအိမ်နှင့် အဝေးဆုံးကို ထွက်သွားလို့လည်း ဖြစ်တာမဟုတ်။ ထိုသို့ဆုံးဖြတ်လျှင် နု မိဘတွေပဲ ပိုစိတ်ဆင်းရဲစရာ ဖြစ်စေတော့မည်။ နုက မိဘတွေကို နုကြောင့် စိတ်ချမ်းသာစေချင်သူ။ စိတ်ဆင်းရဲရလျှင်လည်း နုပဲ ကျိတ်ခံသင့်သည်။

လူကြီးမိဘတွေကို စိတ်ဆင်းရဲအောင် မလုပ်သင့်။ တစ်ခုတော့ ဦးကျော်ကောင်းမြတ်ကို နု ကျေးဇူးတင်မိသည်။ သူသာ နှုတ်တရွတ် ကြမ်းရမ်းလာလို့ကတော့ တကယ်တမ်း နုကပဲ အရှုံးပေးရမှာ သေချာသည်။ နုအပေါ်မှာ လေးစားတန်ဖိုးထားခြင်းဖြင့် သူ့ရင်ထဲက စိတ်ဆန္ဒကို မျိုသိပ်ချုပ်တည်းနိုင်ခြင်းက ကျေးဇူးတင်စရာ။

နောက်ဆုံးတော့ အိမ်ထောင်တစ်ခုကို ကလေးကစားစရာတစ်ခုလို အလွယ်တကူ ဆုံးဖြတ်မိသော နုကိုယ်နုပဲ အပြစ်တင်မိသည်။ နုသာ အလွယ်မဆုံးဖြတ်ခဲ့လျှင် အခုလို စိတ်ညစ်စိတ်ရှုပ်စရာ ပြဿနာတွေလည်း ပေါ်ပေါက်လာစရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



နု မိဘနှစ်ပါးစလုံးနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်း တစ်ခုလုံးက နုကို သမီးအလိမ္မာလေးအဖြစ် ချီးကျူးကြသလို၊ ဦးကျော်ကောင်းမြတ်လို လူတစ်ယောက်ကို လက်ထပ်နိုင်ခြင်း အပေါ်မှာ ကိုယ်စီ အပြိုင်အဆိုင် မနာလိုဖြစ်နေချိန်မှာ နုဘက်က အမှားခံလို့မဖြစ်။

စိတ်ညစ်ညစ်နှင့် သူ့ မျက်နှာချောချောကို မြင်ယောင် မိပြန်တော့ ရင်ခုန်စရာအကြောင်းတွေက သူနှင့်အတူ နုထံ ရောက်ရှိ လာပြန်သည်။ ရှုပ်ထွေးနေသော အတွေးတွေနှင့် နု ဘယ်အချိန် အိပ်ပျော်သွားသည်မသိပါ။ နု အိပ်ရာကနိုးသည့်အချိန်မှာ မိုးစင်စင် လင်းနေပြီဖြစ်သလို ကျေးငှက်အော်မြည်သံမှတစ်ပါး တစ်အိမ်လုံး လည်း တိတ်ဆိတ်နေသည့်အတွက် မျက်ခုံးလေး တွန့်လိုက်မိသည်။

ညကအဖြစ်ကို ပြန်တွေးမိတော့ နုပါးလေးတွေရဲပြီး အိပ်ရာထဲမှာ ငြိမ်နေမိသေးသည်။ သူနှင့် မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူမိပေမယ့် ဒီလိုငြိမ်နေရုံနှင့် ကိစ္စက ပြီးသွားမှာမဟုတ် မှန်း သိတော့ အိပ်ရာက လူးလဲထလိုက်သည်။

ဗိုက်ထဲမှာ ဆာနေသည်။

မနေ့က ဘာတစ်ခုမှ ဟုတ်တိပတ်တိ စားဖြစ်တာမဟုတ် တော့ ပိုဆိုးသည်။ မုန့်ဟင်းခါး ပူပူနွေးနွေးလေးနှင့် ကော်ဖီ တစ်ခွက်လောက် သောက်ချင်သည်။ ရေချိုးခန်းထဲ ပြေးဝင်ပြီး ကမန်းကတန်း ရေချိုးအဝတ်လဲ အလှပြင်လိုက်သည်။

အခုချိန်ထိ အပြင်က လူကြီးအသံကို မကြားရ။ ညက





ကိစ္စကြောင့် နုကို မခေါ်တော့တာလားမသိ။ သူတတိသူ စောင့်ထိန်းပြီး နုကို မခေါ်မပြောဘဲ နေဘာဆိုရင် ပိုကောင်းဦး မည်။

"ကျိုး"

အားလုံးပြင်ဆင်ပြီးချိန်မှာ ပိုက်ဆံအိတ်ကိုဆွဲယူပြီး အခန်း တံခါးကိုဖွင့်ကာ ဟိုဒီကြည့်လိုက်တော့ ဘယ်သူမှမရှိ။ ကြည့်ရတာ ဟိုလူကြီးလည်း အခုချိန် အိပ်ရာကမနိုးဘဲ အိပ်တုန်းထင်ပါရဲ့ဟု တွေးပြီး ခြေလှမ်းခပ်သွက်သွက်လေးတွေနဲ့ လှေကားအတိုင်း အောက်ထပ်ကို ပြေးဆင်းဖို့ ကြိုးစားလိုက်ချိန်မှာ တစ်စုံတစ်ယောက် ထံမှ ကျယ်လောင်သော ညည်းညူသံကြီးကြောင့် လှမ်းလက်စ နု ခြေအစုံ ရပ်တန့်သွားပြီး အသံကြားရာသို့ အလန့်တကြားလေး လှမ်းကြည့်လိုက်၏။

"အဟင်း...ဟင်း"

"ဟင်"

ဦးကျော်ကောင်းမြတ်ပါလား။

မနေ့ညက သူမနှင့် ပြဿနာဖြစ်ခဲ့သည့်နေရာမှာ အခုချိန် ထိ ဦးကျော်ကောင်းမြတ်ရှိနေတာကို အံ့ဩသွားသည်။ စားပွဲခုံပု လေးပေါ်မှာ ခေါင်းငိုက်စိုက်ကျနေပြီး သူ့နားမှာ အရက်ပုလင်းနှင့် စီးကရက်အတိုအစတွေ ပြန့်ကျဲနေပုံက တစ်ညလုံး ဒီနေရာမှာပဲ ရှိနေတာကို သက်သေခံနေ၏။

"အီး...အဟင်း...ဟင်း"

www.burmeseclassic.com



ညည်းညူသံက သူ့ထံမှ ထွက်ပေါ်လာနေခြင်းမို့ နု လန့်သွားသည်။ တစ်ညလုံး သူ့စိတ်ကြိုက် ထင်သလိုနေခြင်းကြောင့် အဖျားဝင်ပြီး ညည်းညူနေသလားဆိုသည့် အတွေးနှင့် သူ့နားကို မရဲတရဲကပ်ပြီး သူ့အမည်ကို ခေါ်ကြည့်သည်။

"ဦးကျော်ကောင်းမြတ်"

"ဒီမှာ"

"ဦးကျော်ကောင်းမြတ်"

"အို…ကိုယ်တွေလည်း ခြစ်ခြစ်တောက်ပူလို့ပါလား၊ ဒုက္ခပါပဲ"

နုတစ်ယောက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ အခုချိန်မှာ သူ့ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်သွားလို့ ဖြစ်တာမဟုတ်။ အိပ်ရာထဲ အရင်ဆုံး ရောက်အောင်ပို့ပြီးမှ ဆရာဝန်ခေါ်ပြီး ဆေးကုသရမည်။

"ဦးကျော်ကောင်းမြတ် ထပါဦး၊ နုပါ"

"နု"

နောက်ဆုံး နုကပဲ သူ့ကိုယ်ကြီးကို ဖွတ်အတင်းလှုပ်နှိုးတော့မှ လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး မျက်လုံးအစုံကို အားယူပြီး ဖွင့်ကြည့်သည်။

"နု…နု"

"အို…အရက်နံ့တွေကလည်း နံစော်နေတာပဲ၊ တစ်ညလုံး မိုးအလင်း သောက်နေတာပေါ့ ဟုတ်လား"





"နုမှ ကိုယ့်ကိုမချစ်ဘဲ"

"အိုး…အပိုတွေ ပြောမနေပါနဲ့၊ အခု တစ်ညလုံး လေတိုက်ထဲမှာနေလို့ အအေးမိပြီး ဖျားနေပြီသိလား"

"ထပါ…အိပ်ရာထဲမှာသွားနေ၊ နု ဆရာဝန်ခေါ်ပေးမယ်"

"ဘယ်ဆရာဝန်မှ မခေါ်နဲ့၊ ခေါ်လည်း ကိုယ်က ဆေးကုခံမှာမဟုတ်ဘူး"

"ဟင်"

နုနှင့်သူ တစ်ယောက်မျက်နှာကို တစ်ယောက် စိုက်ကြည့်လိုက်မိကြသည်။ အဖျားသွေးဖြင့် နီမြန်းနေသည့် သူ့မျက်နှာက ခပ်တည်တည်။ နုမျက်နှာလှလှလေးကို မရယ်မပြုံး စူးစိုက်ကြည့်နေပုံကြောင့် နုရင်ထဲ ထိတ်ခနဲ ဖြစ်သွားတာကို ဘာမှမဖြစ်သလို ဟန်ဆောင်လိုက်ရသည်။

"နုဆီက ကိုယ့်ကို ချစ်ပါတယ်လို့ အဖြေမရမချင်း ဖြစ်ချင်ရာဖြစ် ကိုယ် ဒီလိုပဲနေမယ်၊ ဘယ်သူတွေကပဲ ပြောပြော ကိုယ် ဂရုစိုက်လိမ့်မယ်မထင်နဲ့"

"ကိုယ်သွားမယ်"

"အို"

နုနားက ခပ်တည်တည်ထသွားပြီး နုတို့အတွက် ပြင်ဆင်ထားသည့် မင်္ဂလာဦးအိပ်ခန်းကြီးထဲ ဝင်ရောက်သွားတာမို့ နုတစ်ယောက်တည်း ဘာဆက်လုပ်ရမှန်းမသိဘဲ နေရာမှာ တွေသွား



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကျန်ရစ်သည်။

သူကတော့ နုကို ကောင်းကောင်း ဆန္ဒပြတောင်းဆိုနေပြီ။ နု ဘာလုပ်ရမည်နည်း။ ဗိုက်ထဲက ဆာလောင်နေတာတွေတောင် ဘယ်ရောက်ကုန်သည်မသိ။ ကိုယ့်အဖြစ်ကိုယ် ဘယ်သူ့ဆီမှာ တိုင်တည်ရင်ဖွင့်ရမှန်း မသိတော့ဘဲ အနားကခုံမှာ ခြေပြစ်လက်ပြစ် စိတ်ရှုပ်စွာ ထိုင်ချလိုက်မိတော့သည်။



## အခန်း (၂၁)

"ဦးကျော်ကောင်းမြတ်"

"ဆေးခန်းသွားကြရအောင်လို့ ပြောနေတယ်၊ ပြောမရရင် ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်မှာနော်"

"ခေါ်လိုက်လေ…ဒါမှ ဘာကြောင့် ဆေးကုမခံသလဲ ဆိုတဲ့ အဖြစ်မှန်တွေ သိသွားမှာ"

"အို"

နုသည် ခုတင်ပေါ်တွင် ဆန့်ဆန့်ကြီး မှောက်ခုံအိပ်နေသည့် ဦးကျော်ကောင်းမြတ်ကို ကြည့်ကာ မျက်နှာညိုလျက် ဘာဆက်ပြောရမှန်းမသိအောင် စိတ်အညစ်ကြီး ညစ်နေမိပါပြီ။ တကယ့်ကလေးဆိုးကြီးတစ်ယောက်လို နုထံမှအချစ်ကို အကျပ်ကိုင်တောင်းဆိုနေပုံက နုကို အခက်တွေ့စေသည်။

တစ်နေ့လုံး ဒီပုံကြီးနှင့် နုကို ဆန္ဒပြနေသည်။ ပထမတော့ နုလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ဒီအတိုင်း ပြစ်ထားလိုက်ပါသေးသည်။ ကိုယ့်ဘာသာ အပြင်ထွက်ပြီး စားစရာရှိတာ စားနေရ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် စိတ်ကမဖြောင့်။

မုန့်ဟင်းခါးပင် ဖြောင့်ဖြောင့်စားမဝင်။ မာမီတို့ဆီ လှမ်းဖုန်းဆက်နေမှ အခက်ဆိုသည့် အတွေးနှင့် အိမ်ကို ကမန်းကတန်း ပြန်လာခဲ့တော့ အသွားတုန်းက ပုံစံအတိုင်း သူ့ကိုတွေ့ရတော့ စိတ်မောလူမော ဖြစ်သွားသည်။

ချော့မော့ပြီး ဆေးခန်းသွားဖို့ တိုက်တွန်းလို့လည်း မရ။ ခေါင်းမာပြီး ပေခံနေတော့ နုလည်း မတတ်နိုင်။ အိမ်မှာဖျားနေသည့် လူကိုပစ်ပြီး ဘယ်မှသွားလို့မဖြစ်သည့်အတူ တစ်ချိန်လုံး အခန်းအပြင်မှာ လမ်းလျှောက်လိုက် ထိုင်လိုက်နှင့် ဘာဆက်လုပ်ရင် ကောင်းမလဲဆိုတာပဲ တွေးနေဖြစ်သည်။

သူတစ်ခုခု ဖြစ်သွားရင်ဆိုသည့် အတွေးထက် အခုကိစ္စကိုသာ မာမီတို့သိသွားရင်ဆိုသည့် အတွေးက နု အာရုံကို ပိုင်စိုးမိုးထားတော့ ခက်သည်။

"တူ…တူ…တူ"

နုတစ်ယောက်တည်း အတွေးလွန်နေတုန်း တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည့်ဖုန်းကြောင့် နုကိုယ်လေး ဆတ်ခနဲတုန်သွားပြီးမှ ဖုန်းခွက်ကို ဆွဲယူနားထောင်လိုက်သည်။

"ဟဲလို"

"သမီးနု…မာမီပါ"

"ဟင်"

မာမီဆိုတာနှင့် နုရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။





"သမီးတို့နဲ့ ဒီနေ့ ညနေစာအတူစားမလို့ သမီးတို့မှာ တခြားအစီအစဉ်မရှိရင် မာမီတို့အိမ်ကို လာခဲ့ပါလား"

"ရှင်"

"ဟို…အဲဒါက"

"ဘာလဲ…သမီးတို့မှာ တခြားအစီအစဉ်ရှိနေလို့လား"

"ဟုတ်"

အဖြစ်မှန်ကို မပြောရဲသဖြင့် မာမီ့ကို နု လိမ်ညာလိုက်ရခြင်းကို စိတ်မကောင်းပေမယ့် မတတ်နိုင်။

"အေးလေ…ဒါဆိုလည်း သမီးတို့အစီအစဉ်အတိုင်း လုပ်ပေါ့၊ မောင်ကျော်ကောင်းမြတ် အနားမှာရှိရင် ဖုန်းပေးလိုက်ပါဦး၊ မာမီ သူနဲ့ စကားပြောလိုက်ဦးမယ်"

"ဟို…နုနားမှာ သူမရှိဘူးမာမီ"

"မာမီဖုန်းလား…ပေး ကိုယ်ပြောလိုက်မယ်"

"အို"

နုနားကို ဘယ်အချိန်က ရောက်လာမှန်းမသိသူက နုလက်ထဲကဖုန်းကို ပိုင်နိုင်စွာ ဆွဲယူသွားတာမို့ နုမှာ ဘာမှပြောခွင့်မသာအောင် ဖြစ်သွား၏။

"ဟဲလို…မာမီ၊ ကျွန်တော်ပါ"

"အေး…မင်းတို့နဲ့ ညစာအတူစားဖို့ ခေါ်တာ နုလေးက တခြားမှာ အစီအစဉ်ရှိနေတယ်ဆိုလို့လေ"

"ဘာအစီအစဉ်မှ မရှိပါဘူး မာမီ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းလို့ အိမ်က ဘယ်မှမသွားနိုင်ပါဘူး''

''ဟုတ်လား…သိပ်ဖျားနေလား၊ ဆေးခန်းရောသွားပြီးပြီလားကွယ်၊ နု့က ဘာလို့ အဲဒါတွေ မာမီ့ကို မပြောရတာလဲကွယ်''

''မာမီ စိတ်ပူမှာစိုးလို့ထင်ပါရဲ့ခင်ဗျာ၊ ကျွန်တော်လည်း ဆေးသောက်ထားလို့ မကြာခင် သက်သာသွားမှာပါ''

''မဖြစ်သေးပါဘူးကွယ်…သမီးကြီးယုကိုခေါ်ပြီး မာမီ အခုပဲလာခဲ့ပါဦးမယ်၊ အရေးအကြောင်းဆို နု့က ဘာမှလုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး၊ မာမီ အခုပဲလာခဲ့မယ်''

''မာမီ''

ကျော်ကောင်းမြတ် လှမ်းခေါ်လိုက်ပေမယ့် ယောက္ခမလုပ်သူက ဖုန်းချသွားပြီမို့ ကျော်ကောင်းမြတ်လည်း သူ့လက်ထဲက ဖုန်းကို ပြန်ချထားလိုက်၏။

''မာမီနဲ့ယု အခုပဲ လာလိမ့်မယ်''

''ဟင်''

မာမီနှင့် မမယု လာမည်ဆို၍ နု မျက်လုံးလေးပြူးသွားသည်။

''အဲဒါ…ရှင်ကြီးကြောင့် ဘာဖြစ်လို့နေမကောင်းတာကို မာမီ့ကို သွားပြောရတာလဲ''

''ဒါ…အဖြစ်မှန်ပဲ၊ ဘာလို့ လိမ်ညာနေရမှာလဲ''

''ဒါဖြင့်လည်း ရှင့်ဘာသာ ဆေးခန်းမသွားဘဲ ပေကပ်နေတာကိုလည်း အမှန်အတိုင်း ပြောပြလိုက်ပါလား''





''ပြောစေချင်ရင် အဖြစ်မှန်တွေအားလုံး ပြောပြလိုက်တော့မယ်''

''ဟင်''

နုနှင့် ကျော်ကောင်းမြတ် တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်လိုက်မိကြသည်။ ဦးကျော်ကောင်းမြတ်က မာမီတို့ အဖြစ်မှန်တွေအားလုံး ပြောပြလိုက်မည်ဆိုသော စကားက နု့အတွက် ထိတ်လန့်စရာဖြစ်သည်။

''ပြောရဲရင် ပြောကြည့်ပေါ့၊ တစ်သက်လုံး ဘယ်တော့မှ ခွင့်လွှတ်မယ်မထင်နဲ့''

''ဒါဖြင့်လည်း ကိုယ့်အချစ်ကို နုလက်ခံလိုက်ပါလားဗျာ၊ ကိုယ့်ရင်ထဲမှာ နု့ကြောင့် ဘယ်လောက်ခံစားနေရတယ်ဆိုတာကို နုလည်း သိရဲ့သားနဲ့''

''နု ဘာမှမသိဘူး''

''နုသိအောင် အခုပြောနေပြီလေ''

''နုမှမကြားချင်ဘဲ''

''မကြားချင်လည်း ကြားရမှာပဲ၊ နုကို ကိုယ်ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်မြတ်နိုးတယ်၊ ဘယ်လောက်''

''အို…တော်ပါတော့၊ တော်ကြာ မာမီတို့ မမယုတို့ လာတော့မှာ အိပ်ရာထဲလှဲနေပါ''

''မာမီတို့ ယုတို့ ရောက်လာရင်လည်း ကိုယ့်ရင်ထဲခံစားရတာကိုတော့ သူတို့ရှေ့မှာလည်း ပြောသင့်ရင်ပြောရမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ယုက ဆေးထိုးမယ်ဆိုရင်လည်း အထိုးခံလိမ့်မယ် မထင်နဲ့၊ နုအချစ်ကို မရမချင်း ဒီလိုပဲနေမယ်ဆိုတဲ့အကြောင်း အားလုံးသိအောင် ပြောမှဖြစ်မယ်"

ကျော်ကောင်းမြတ် စကားအဆုံးမှာ နုက သူမနှုတ်ခမ်းလေးကို သွားဖြင့် ဖိကိုက်လျက် သူ့ကို မကျေမနပ်လေး မော့ကြည့်တာကို မြင်လိုက်ရသည်။

"ဒီလောက်တောင် ပြောချင်နေရင်လည်း ပြောရှင်၊ ပြောပြီးရင် နုလည်း မာမီတို့နဲ့ ပြန်လိုက်သွားရုံပဲ"

နု မကြိုက်သည့်စကားကို သူရွေးပြောနေမှန်း သိတာမို့ နုကလည်း သူမကြိုက်သည့် စကားကို တမင်ရွေးပြောလိုက်တော့ သူနည်းနည်းတော့ ငြိမ်သွားသည်။

"နု မာမီ စိတ်ဆင်းရဲမှာ မကြောက်ဘူးလား"

"ကြောက်လည်း မတတ်နိုင်ဘူးလေ၊ ပြောချင်တဲ့လူက သိပ်ပြောချင်နေတာ တားလို့မှမရဘဲ၊ မာမီ စိတ်ဆင်းရဲမယ့်အတူတူ ဒီမှာဆက်နေလို့ရော ဘာထူးမှာမို့လဲ"

"ကျွီး"

"တီ"

"ဟော...မာမီတို့လာပြီထင်တယ်"

နုက ကျော်ကောင်းမြတ်ကိုထားပြီး အိမ်ရှေ့ကို ကလေးငယ်တစ်ယောက်လို ရွှက်လပ်ပေါ့ပါးစွာ ပြေးထွက်သွားရာ ကျော်ကောင်းမြတ်လည်း ဘာတစ်ခွန်းမှ စကားမဆိုသာဘဲ နေရာမှာ





ရပ်လျက် ကျန်ရစ်ခဲ့သည်။

နုနှင့်တော့မလွယ်။

သူလိုချင်သည့်ပုံစံမျိုး ဖန်တီးရန် အခွင့်မကြုံအောင် နုတာ သူ့ကို ပြန်အကျပ်ကိုင်ခံရသည့်အဖြစ်မို့ သူ့အဖြစ်ကလည်း ကိုယ့်အတတ်နှင့်ကိုယ် ရှုံးရသည့်အဖြစ်ဟု ဆိုရမည်။ တစ်ခုခုဆိုလျှင် နုက သူ့ကို မုန်းစကားဖြင့် ခြိမ်းခြောက်သလို လမ်းခွဲထားရစ်ခဲ့ဖို့ကြတော့လည်း ခြေလှမ်းတစ်ပြင်ပြင်။

သူ့ဘက်က နုကို သိပ်ချစ်မှန်းသိလို့ နုက သူ့အားနည်းချက်ကို ပိုင်ပိုင်ကြီးသိနေတော့ ကျော်ကောင်းမြတ်မှာ စိတ်ထဲရှိသလောက် ဘာတစ်ခုမှ မလုပ်ရဲအောင်ဖြစ်နေသည်။

"ဦးကျော်ကောင်းမြတ် နေမကောင်းဘူးဆို"

"သြော်...ယု လာလေ၊ ဒီလိုပါပဲ နည်းနည်းပါးပါးပါဗျာ၊ မာမီက စိုးရိမ်လွန်သွားလို့ပါ"

"စိုးရိမ်ရတာပေါ့ကွယ်...အရေးဆို နုက အားကိုးလို့မှ မရဘဲ၊ ယုကလည်း ခရီးထွက်ခါနီးဆိုတော့ သူမသွားခင် အမြန်ခေါ်လာရတာပေါ့"

နုနှင့်အတူ ဝင်လာသည့် ဒေါ်ခင်ခင်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"မမယုက ဘယ်သွားမလို့လဲဟင်"

"အလုပ်ကိစ္စနဲ့ ချင်းပြည်နယ်ဘက် ခဏသွားမလို့ပါ၊ ကဲ...ဦးကျော်ကောင်းမြတ် အိပ်ရာပေါ် ခဏလှဲလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ"

သူတို့နှစ်ဦးပိုင် မဂ်လာအိပ်ရာကြီးပေါ်မှာ လှဲပြီး အပူချိန် တိုင်းသည်။

"တစ်ရှာသုံးတောင် ရှိနေပါလား၊ ဘယ်လိုဖြစ်တာလဲ၊ တစ်ညလုံးမအိပ်ဘဲ ခြံထဲမျှား ဆင်းထိုင်နေသလားရှင်"

မမယုက ဦးကျော်ကောင်းမြတ်ကို စမ်းသပ်စစ်ဆေးရင်း မေးလိုက်ချိန်မှာ တိုက်ဆိုင်စွာပင် နုနှင့်သူ နှစ်ယောက်သား အကြည့် ခြင်းဆုံသွားကြသည်။

"ညက အိပ်မပျော်နိုင်တာနဲ့ ခြံထဲဆင်းထိုင်နေမိလို့ပါ ယု"

"အို ကွယ် ...ဖြစ်မှဖြစ်ရလေ၊ ကိုယ့်ယောကျ်ား တစ်ယောက်လုံး ခြံထဲဆင်းထိုင်နေတာ နုလေးက မသိဘူးလား ကွယ်"

"သူ့ဘာသာဆင်းထိုင်နေတာ နုက ဘယ်လိုလုပ်သိမှာလဲ မာမီရဲ့"

"ခက်တဲ့ကလေးတွေပဲကွယ်"

"ရိုးရိုးအအေးမိတာလောက်ပေါ့၊ တခြားဘာမှမဖြစ်ပါ ဘူး၊ ဆေးထိုးမှဖြစ်မယ်၊ ရေနွေးအသင့်ရှိလား နု"

"မရှိဘူး မမယု၊ အခုပဲ တည်လိုက်ပါမယ်၊ ခဏလေး စောင့်ပါနော်"

အခန်းထဲက နု လှစ်ခနဲ ထွက်သွားချိန်မှာ ဒေါ်ခင်ခင်





လည်း သမီးငယ်နောက်မှာ ထပ်ချပ်မကွာ လိုက်ပါလာသည်။

"မာမီကို မှန်မှန်ပြောစမ်း နု၊ သမီးတို့ချင်း အဆင်မပြေ ဘူးမဟုတ်လား"

"ပြေပါတယ် မာမီရဲ့၊ နုနဲ့သူ ဘာမှမဖြစ်ပါဘူး"

ငယ်ရာက ကြီးလာသူ ဖြစ်သည့်အတိုင်း ဒေါ်ခင်ခင်က နုနှင့် ကျော်ကောင်းမြတ်တို့ အခြေအနေကို ချက်ချင်းလိုပင် ရိပ်စား မိလိုက်တာမို့ နုမှာ မာမီရှေ့မှာ မျက်နှာမပျက်အောင် ကြိုးစားဟန် ဆောင်ရင်း မိခင်ကြီး စိတ်အေးအောင် လိမ်ညာလိုက်ရပေမယ့် စိတ်ထဲက သိပ်တော့မလုံ။

"မဖြစ်ဘူး ...မဖြစ်ဘူး အစမ်းကို ဒီကိုပို့ထားမှဖြစ်မယ်၊ ဒါမှ ဒီကအခြေအနေတွေအားလုံး အမှန်အတိုင်းသိရမှာ၊ ရေနွေးရရင် သွားပေးလိုက်"

"မာမီ ..အစမ်းကို အဝတ်ထုပ်အသင့်ပြင်ခိုင်းလိုက်ဦး မယ်"

"နုတို့ ဘာမှမဖြစ်ပါဘူးဆို မာမီကလည်း"

"ဖြစ်ဖြစ် မဖြစ်ဖြစ် မာမီပြောတာပဲလုပ်၊ သွား ...သွား"

မာမီက အစမ်းနှင့် ဖုန်းပြောနေချိန်မှာ နုလည်း ရေနွေးဇလုံ နှင့် ဦးကျော်ကောင်းမြတ်နှင့် မမယုတို့နား ပြန်ရောက်လာသည်။ ရေနွေးရသည်နှင့် မမယုက ဆေးထိုးသည်။ ဆေးပေးသည်။

ကျော်ကောင်းမြတ်ကတော့ တစ်ချိန်လုံး စုပုပ်ပုပ်တလေး ဖြစ်နေသည့် နုမျက်နှာလေးနှင့် လှုပ်ရှားမှုကိုပဲ စိတ်ဝင်တစား



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်နေ၏။ စိတ်ထဲက နု သူ့ကို စိတ်ဆိုးနေတာကို သိပေမယ့် သူပြောလိုက်မိသည့် စကားကို နောင်တမရ။

"သမီးနုရေ...ညနေကျရင် အစမ်းကို ဒရိုင်ဘာကိုအေး လာပို့ပေးလိမ့်မယ်ဟုတ်လား၊ အစားအသောက်တွေလည်း တစ်ခါတည်း ထည့်ပေးလိုက်မယ်၊ လိုအပ်တာတွေအားလုံး အစမ်းလုပ်ပေးလိမ့်မယ်၊ သမီးသာ မောင်ကျော်ကောင်းမြတ်နားမှာနေပြီး ဂရုစိုက်လိုက် ဟုတ်လား"

"ဟုတ်ကဲ့ပါ မာမီ"

"ယု ပြန်တော့မယ်နော်၊ ဦးကျော်ကောင်းမြတ်နဲ့နု မာမီရော နေခဲ့မလား၊ တစ်ခါထဲ လိုက်မလား"

"တစ်ခါထဲပဲ ပြန်လိုက်မယ်လေ၊ အလုပ်ကိစ္စ ချိန်းထားတာလေးလည်း ရှိသေးတယ်၊ နုနဲ့ မောင်ကျော်ကောင်းမြတ် မာမီ သွားပြီနော်"

"ဟုတ်"

"မောင်ကျော်ကောင်းမြတ်လည်း နုလေးကို သိပ်အလို မလိုက်နဲ့နော်၊ ကဲ သွားပြီဟေ့"

"မာမီကလည်း သူ့စိမ်းကို ဘာတွေလျှောက်ပြောမှန်းမသိဘူး"

နုက သူမတို့နားမှ ထွက်ခွာသွားပြီဖြစ်သော မာမီ့ကားလေးကို ကြည့်ရင်း မကျေမနပ်နှင့် နှုတ်ခမ်းလေးစူ၍ တိုးတိတ်စွာ ဆိုလိုက်တော့ ကျော်ကောင်းမြတ်က နုကို ဖျတ်ခနဲ လှည့်ကြည့်သည်။





"ကိုယ့်အပေါ်မှာ နု ဘယ်လောက်ဆိုးတယ်ဆိုတာ မာမီ တောင် သိသွားပြီဗျာ"

"နုက ဘာများဆိုးလို့လဲ၊ မာမီကသာ အကြောင်းမသိဘဲ လူဆိုးကို လူကောင်းထင်ပြီး ပြောသွားတာ"

"ဒါဖြင့် ကိုယ်က လူဆိုးကြီးပေါ့ဟုတ်လား"

"ကိုယ့်ကိုယ်ကို သိပေါ့"

"သိတယ်လေ...နုကို သိပ်ချစ်တယ်"

"ဘာမှမဆိုင်ဘူး"

"သိပ်ဆိုင်တာပေါ့ဗျာ...နုကို ချစ်လို့နမ်းမိတာကိုပဲ နုက ကိုယ့်ကို လူဆိုးလို့ ပြောချင်တာမဟုတ်လား"

နု ဘာမှပြန်မပြောဘဲ သူ့ရှေ့က ထွက်လာခဲ့တော့ နု အနားမှာ သူက ထပ်ချပ်မကွာ အတူလိုက်ပါလာသည်။ သူ့ရင်ထဲက အချစ်တွေကို ဘယ်လိုမှ ချုပ်တည်း၍မရတော့ပါ။ နုက သူ့ကို အရေးမစိုက်သလို နေတာလေးကိုလည်း အသည်းယားလှပါပြီ။

ထို့ကြောင့် နုရှေ့မှာ ပိတ်ရပ်ပြီး နုအမည်ကို ခေါ်လိုက်သည်။

"နု"

"ဘာဖြစ်လို့ နုရှေ့မှာ လာပိတ်ရပ်နေရတာလဲ"

"ဖယ်ပါ"

"ကိုယ့်ကို ဘယ်အချိန်ထိ နုက အခုလိုမျိုး ဆက်ဆံနေမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံး"

"တကယ်လား"

"ဆယ်ကယ်...ဆယ်ကယ်"

"ရက်စက်တယ်ကွာ"

လှပသော နု မျက်နှာလေးကို ငုံမိုးစူးစိုက်ကြည့်ရင်း သူ့ရင်မှာ အချစ်စိတ်တွေ ပြည့်လျှံလာပေမယ့် ချစ်သူလေးစိတ်ဆိုးမှာစိုး၍ ရင်ထဲက အချစ်စိတ်ကို မျိုသိပ်နေရပါသည်။

"ကဲ...ပြောပါဦး ကိုယ်ဘယ်လိုနေမှ နုက ကိုယ့်ကို ပြန်ချစ်မှာလဲ"

"နု ပြောသလိုနေပါ"

"ဟုတ်ပြီလေ...ကိုယ်ဘယ်လိုနေရမယ်ဆိုတာ နု ပြောကြည့်ပါဦးဗျာ၊ နုဆီက အချစ်ကို ရမယ်ဆိုရင် လိမ်လိမ်မာမာ နေသင့်ရင်လည်း နေပြရအောင်လို့ပါ"

"နုအချစ်ကိုရဖို့ ဟန်ဆောင်မှတော့ ဘယ်လိုလုပ် အစစ်အမှန်ဖြစ်မှာလဲ"

"အစစ်ကို ပေးလို့မှမရဘဲဗျာ"

"ဒါကြောင့် အတုကိုပေးမယ်ပေါ့"

"အဟွန်း...ဟွန်း...ဟွန်း"

နုစကားကြောင့် သူ မြတ်နိုးစွာ ရယ်လိုက်မိသည်။ နုဘာတွေပြောပြော ဘယ်လိုပဲနေနေ နုကိုသိပ်ချစ်သည်။

"ကိုယ့်ကို သိပ်အသည်းယားအောင် မလုပ်နဲ့နော်ကြာရင် ကိုယ် စိတ်ထိန်းနိုင်မှာမဟုတ်ဘူး"





"ဘယ်တုန်းကရော ထိန်းလို့လဲ"

"နု"

"အိုး"

ဒီတစ်ခါတော့ သူဘယ်လိုမှ သည်းခံနိုင်စွမ်းမရှိတော့ပါ။ သူနှင့် နီးကပ်စွာရှိနေသည့် နုကိုယ်လေးကို သူ့ရင်ခွင်ထဲ ဖြုန်းခနဲ ဆွဲပွေ့ပိုက်ထွေးလိုက်တော့ နုက သူ့ကိုယ်ကြီးထဲက သူမကိုယ်လေးကို အလန့်တကြား ရုန်းထွက်ဖို့ ကြိုးစားပေမယ့် သူ မလွှတ်တော့ပါ။

မြတ်နိုးအသည်းယားသည့် အချစ်စိတ်တွေနှင့် စိတ်ရှိသလောက် လှပသော မျက်နှာလေးအနှံ့ တိုးဖွဲ့ရှိုက်နမ်းပစ်လိုက်ပါသည်။

"သိပ်ချစ်တယ် နုရယ်"

"ချစ်တယ်"

"တီ"

"အို...ဟိုမှာ မာမီတို့ပြန်လာပြီ၊ ဖယ်စမ်းပါ"

"အာ"

နု ရှက်သွားသလို ကျော်ကောင်းမြတ်လည်း မျက်နှာကြီးနီရဲသွားပါသည်။

"သမီးနု...မာမီပိုက်ဆံအိမ် သမီးတို့အခန်းထဲမှာ ကျန်ရစ်ခဲ့လို့ ယူပေးပါဦးကွယ်"

"ဟုတ်ကဲ့ မာမီ၊ ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နေ…နေ ကိုယ်ယူပေးလိုက်မယ်၊ ခဏလေးနော် မာမီ"

နုအရင် ကျော်ကောင်းမြတ်က အပေါ်ထပ်ကို ပြေးတက်သွားတာမို့ နုလည်း မာမီတို့ရှေ့မှာ မျက်နှာပူပူနှင့် ကျန်ရစ်ခဲ့သည်။

"အသက်ကြီးတော့လည်း သတိတွေက အင်မတန်မေ့တတ်တာပဲကိုးကွဲ့"

"ဟုတ်ကဲ့ခင်ဗျာ"

ဒေါ်ခင်ခင်က သမက်ဖြစ်သူ အနေမခက်အောင် ပြောနေသလို ယုကလည်း ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေရာ ကျော်ကောင်းမြတ်လည်း မျက်နှာပူရ သက်သာသွားသည်။

"ရော့…မာမီ ဒီမှာ"

"ပေး…ပေး ကဲ မာမီတို့လည်း သွားဦးမယ်"

"ဟုတ်ကဲ့"

ယုက အပြုံးနှင့် ခေါင်းလေးညွှတ်သည်ဆိုရုံလေး နှုတ်ဆက်ကာ သူတို့အနားက သူမကားလေးကို ဝေါခနဲ မောင်းထွက်သွား၏။

ကားလေး မြင်ကွင်းမှ ပျောက်သွားသည်နှင့် နုက သူ့ကို အရင်ဦးအောင် မျက်စောင်းဝင့်ပြီး အိမ်ထဲ လှမ်းဝင်သွားရာ ကျော်ကောင်းမြတ်လည်း ချစ်စနိုး ပြုံးရယ်လျက် ကျန်ရစ်၏။



## အခန်း (၂၂)

နုသည် လှပသော မျက်နှာလေးကို အိပ်ရာထက်မှာ မှောက်အပ်လျက် ငြိမ်သက်နေ၏။ သူတို့နှစ်ယောက်အဖြစ်ကို မာမီနှင့် မမယုတို့ တွေ့မြင်သွားတာကို ကျိတ်ရှက်နေမိသလို ကျော်ကောင်းမြတ်ဆိုသည့် လူကြီးကိုလည်း စိတ်ထဲက လှမ်းအပြစ်တင်နေမိ၏။

မချစ်ဘူးလို့ ပြောထားရဲ့သားနဲ့ လူကို ဟွန်း…တွေးရင်းက စိတ်ဆိုးဒေါသကလေး ဖြစ်ရသလို ပါးလေးတွေ ရှိန်းခနဲ ပူနွေးကာ ရင်ထဲမှာပါ သိမ့်ခနဲ ဖြစ်သွားရသည်က ဘာကြောင့်နည်း။

နုကိုယ်တိုင်လည်း ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးကို ချစ်နေမိပြီလား။ ရေရာသည်းတွဲခြင်းမရှိသည့် အတွေးထဲမှာ နုကိုယ်နှုလည်း မခွဲခြားတတ်။ သေချာတာကတော့ သန့်စင်ရိုးသားဖြူစင်သည့် နုဘဝမှာ ဦးကျော်ကောင်းမြတ်ဆိုသည့် လူကြီးက အနမ်းဦး ခြွေခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်စရာ စိတ်လှုပ်ရှားစေနိုင်စွမ်းသော သူ့အနမ်းတွေက အိပ်မက်ထဲမှာတောင် ရှက်လန့်ခြင်းတွေနှင့် နေရာယူခဲ့သည့်အဖြစ်ကလည်း မုန်းစရာ။ ဒါပေမယ့် နုကို ဒီထက်ပိုပြီး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်တာကိုတော့ ကျေးဇူးတင်မိသည်။

"ဒေါက်…ဒေါက်"

"နု"

"အောက်မှာ အစမ်းရောက်နေပြီ၊ ဆင်းတွေ့လိုက်ဦး"

ကျော်ကောင်းမြတ်၏ အသံနှင့်အတူ အစမ်းရောက်နေပြီဆိုတာ ကြားသည်နှင့် နု ရင်မောသွားရသည်။

အစမ်းက အရင်တုန်းက နုလူဆိုပေမယ့် မာမီက အစမ်းကို ဘာတွေသင်လွှတ်လိုက်ဦးမည်မသိ။

"နု"

"လာပါပြီ"

ဒီတစ်ခါတော့ ငြိမ်နေလို့မဖြစ်တော့တာမို့ တုံ့ပြန်အသံပေးလိုက်ရသည်။ နုတို့နှစ်ယောက်ကြီး အဆင်မပြေဖြစ်နေတာကို အစမ်းသိလို့မဖြစ်။ သိတာနှင့် မာမီတို့ကို မြန်တိုင်မှာ သေချာသည်။

"ကျွီး"

"ကောင်မလေးရှေ့မှာ ဟန်မပျက်နေနော် နု၊ တော်ကြာ ကိုယ်တို့အကြောင်းတွေကို မာမီတို့ကို ပြန်ပြောရင်ခက်မယ်"

"နုသိပါတယ်၊ လာပြီးဆရာလုပ်မနေပါနဲ့"

"နု သိပ်ဆိုးတယ်ကွာ"

နု ဆိုးကြောင်းကို ပြောနေသည့် သူ့မျက်နှာက အပြုံး





မပျက်တာမို့ နုကလည်း မျက်စောင်းထိုးကာ အနိုင်ယူထွက်လာခဲ့သည်။ အောက်ထပ်မှာ အစမ်းကို အထုပ်အပိုးတွေနှင့် တွေ့လိုက်ရတာမို့ နု မျက်လုံးလေးပြူးသွားသည်။

"အစမ်း"

"မမနု"

"ပစ္စည်းတွေက များလှချည်လား၊ ဘာတွေလဲ"

"မမနုအတွက်ဆိုပြီး မေမေကြီးကိုယ်တိုင် ထည့်ပေးလိုက်တာပဲ၊ ဘာတွေလဲဆိုတာတော့ အစမ်းလည်းမသိဘူး၊ အစမ်းအဝတ်ထုပ်က ဒါလေးပဲပါတာပါ"

"အစမ်းနေရမယ့် အခန်းကို နု လိုက်ပြမယ်၊ လာ"

"ဟုတ်ကဲ့ မမနု"

နုက အစမ်းကို ဦးဆောင်ခေါ်သွားကာ သူတို့နှစ်ယောက်ရောက်လာသည့် ကျော်ကောင်းမြတ်ကို အသာကျော်ခိုင်းခဲ့သည်။

"မှန်မှန်ပြောစမ်း…မာမီက အစမ်းကို ဘာတွေမှာလိုက်သေးလဲ"

"မေမေကြီးကို ပြန်မပြောနဲ့နော်"

"အေးပါ"

အကြောင်းသိချင်းမို့ နုက တိုးတိုးတိတ်တိတ် ကျိတ်မေးလိုက်တာနှင့် အစမ်းကလည်း မာမီက နုတို့လင်မယား အခြေအနေကို စောင့်ကြည့်သတင်းပို့ဖို့အကြောင်း အစမ်းကို သေချာမှာလိုက်မှန်းသိရတော့ နု မျက်နှာလေး ပြုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်မယ်ဆိုတာသိလို့ နုက အစမ်းကို သူနဲ့အတူ လိုက်နေဖို့ မခေါ်ခဲ့ခြင်းပါ။ ကိုယ့်အကြောင်း ကိုယ်စဲသိသည်။

"အလကား…မာဓိက အစိုးရိမ်လွန်နေတာပါ၊ အစမ်းကို ဘာပဲမေးမေး မမနု သင်ထားတဲ့အတိုင်းပဲ အစမ်းက မာဓိ့ကိုပြောနော်"

"ဟုတ်ကဲ့ပါ"

မာဓိ နုအတွက် ထည့်ပေးလိုက်သည့်ပစ္စည်းတွေက များသလို အမျိုးအစားကလည်း စုံတာမို့ အစမ်းကို အိမ်အပေါ်ထပ်အထိ ဟန်မပျက် လိုက်ပို့ခိုင်းရသည်။

စုပုံနေသော လက်ဖွဲ့ထုပ်တွေမြင်တော့ အစမ်းက နုကို တစ်ချက်လှမ်းကြည့်သည်။

"လက်ဖွဲ့ထုပ်တွေ မဖောက်ရသေးဘူး မမနု"

"အေး"

"ညစာအတွက် နုတို့နှစ်ယောက်ပဲ စားရမှာ၊ သူ့အတွက်တော့ ဆန်ပြုတ်ဖြစ်ဖြစ်၊ ကော်ဖီဖြစ်ဖြစ် လုပ်ပေးရင်ရပြီ"

"ကိုယ်လည်း ထမင်းပဲစားမယ်နု"

"အို…မဟုတ်တာ၊ နေမှမကောင်းသေးဘဲနဲ့ ထမင်းစားလို့ မရသေးဘူး၊ မစားပါနဲ့"

အခန်းဝတွင် ဘွားခနဲပေါ်လာသူ၏ စကားကို လက်မခံဘဲ နု ကန့်ကွက်လိုက်တော့ သူက နုကို စိုက်ကြည့်သည်။

"ဒါဖြင့် ကိုယ်က ဘာစားရမှာလဲ"





"ဆန်ပြုတ်နဲ့ ကော်ဖီပဲ ရမယ်"

"ဆန်ပြုတ် ကိုယ်မကြိုက်ဘူး"

"ကော်ဖီသောက်ပေါ့"

"နုကိုယ်တိုင် ဖျော်ပေးမှာလား"

"အစမ်းကို ဖျော်ခိုင်းလိုက်မယ်လေ"

"ဟင့်အင်း…နုဖျော်မှ"

"နုဖျော်တာပဲ ကိုယ်သောက်မယ်၊ တခြားသူလုပ်ပေးတာ ကိုယ်မစားချင်ဘူး"

"ဟွန်း"

ပြောပြောဆိုဆို သူ့ကိုယ်ကြီးကို မင်္ဂလာဦးအိပ်ရာကြီးပေါ်သို့ ပြစ်လှဲချလိုက်တာကို နု မမြင်ဟန်ဆောင်နေလိုက်သည်။

"ပစ္စည်းတွေထားခဲ့တော့ အစမ်း၊ ကျန်တာ နုဘာသာပဲ ဆက်လုပ်လိုက်တော့မယ်၊ လူမမာအတွက် ကော်ဖီဖျော်ဖို့ ရေနွေးအသင့်ပြင်ထားလိုက်ပါ"

"ဟုတ်ကဲ့ မမနု"

အခန်းထဲက အစမ်းကို အပြင်သို့ ပထုတ်ပစ်လိုက်သည်။ ဒါကလည်း ပြေလည်ခြင်းမရှိသည့် နုတို့နှစ်ယောက်၏ အခြေအနေကြောင့် ဖြစ်သည်။

"နု"

"အစမ်းရှေ့မှာ ဘယ်လိုဖြစ်နေတာလဲ"

"ဘယ်သူ့ရှေ့မှာပဲဖြစ်ဖြစ် ကိုယ်ဂရုမစိုက်ဘူး၊ အခုလို



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းဖြစ်နေတဲ့ အချိန်မှာလည်း နု ကိုယ့်နားမှာပဲနေပါ"

"နုကို အမိန့်ပေးနေတာလား"

"ချစ်လို့ပြောနေတာ"

"အစထဲက ဒီလိုဖြစ်လာမယ်မှန်းသိရင် လုံးဝလက်မထပ်ပါဘူး"

"ကိုယ့်ကို လက်ထပ်လိုက်ရလို့ နုက နောင်တရနေပြီလား"

"ဟုတ်တယ်...အပြောနဲ့ လက်တွေ့ ညီမှမညီဘဲ"

"နု"

သူလှမ်းခေါ်ပေမယ့် နုက သူ့ကို လှည့်မကြည့်ဘဲ အခန်းထဲက ထွက်သွားတာမို့ အခံရခက်စွာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

နောက်ဆုံးတော့ သူဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး ကားသော့ကိုယူကာ အိမ်ပေါ်က ဆင်းခဲ့သည်။ နုခမျာ သူ့ကြောင့် စိတ်ညစ်ရသလို သူလည်း နုကိုချစ်မိလို့ သိပ်ပြီး စိတ်တွေညစ်နေရသည်။ နုက ဒါတွေကိုမသိ။ နုကို သူထားရစ်ခဲ့တော့မည်။

"ဝူး"

"ကျွီး"

အိမ်ရှေ့က အရှိန်ပြင်းစွာ ထွက်ခွာသွားသည့် ကားသံကြောင့် မီးဖိုထဲရောက်နေရာမှ နု လှမ်းကြည့်လိုက်တော့ ဦးကျော်ကောင်းမြတ်ကို သူ့ကားကြီးနှင့်အတူ တွေ့လိုက်ရသဖြင့် နု အံ့ဩ





သွား၏။

နေမကောင်းဖြစ်နေသည့် လူနာက ကားတစ်စီးနှင့် ဘယ်ကိုများ သွားမလို့ပါလိမ့်ဟု တွေးကြည့်ပေမယ့် အဖြေမရ။ နုကိုစိတ်ကောက်ပြီး ကားနှင့် အပြင်ကိုသွားမလို့ထင်ရဲ့ဟု အတွေးလေးမှမဆုံးသေး အိမ်ခြံဝင်းအတွင်း အရှိန်ပြင်းစွာ ထွက်ဖို့ ကြိုးစားနေသည့် ဦးကျော်ကောင်းမြတ်၏ ကားနှင့် ခြံထဲကို ချိုးကွေ့ဝင်လာသည့် ကားတစ်စီးတို့ မျက်နှာချင်းဆိုင် ဘွားခနဲ ရင်ဆိုင်တိုးမိကြသည်။

"ကျွီး"

"ကျွီး"

"ဂူး"

"ဝရော"

"ဒုန်း"

"အမလေး...သေပါပြီ"

နု နှုတ်ဖျားမှ အလန့်တကြား အော်ဟစ်လိုက်သံလေးအဆုံးမှာ တစ်ဖက်ကဝင်လာသည့် ကားကို တိုက်မိမည်စိုး၍ တစ်အားကွေ့ရှောင်လိုက်သော ဦးကျော်ကောင်းမြတ်၏ကားက အလှစိုက်ထားသည့် ပန်းအိုး ပန်းပင်များကို ကျော်ဖြတ်ပြီး ခြံအုတ်တံတိုင်းနှင့် ဒိုင်းခနဲ ဝင်ဆောင့်ကာ ရပ်တန့်သွား၏။

"ဦးကျော်ကောင်းမြတ်...ဦးကျော်ကောင်းမြတ်"

"ဘာဖြစ်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားလဲ"

နုတစ်ယောက် သူ့ကိုယ်သူ သတိမထားမိခင်မှာပင် ဦးကျော်ကောင်းမြတ် ကားရှိရာသို့ အပြေးရောက်သွားသလို တစ်ဖက်ကားပေါ်မှ နုမသိသော လူကြီးတစ်ယောက် အူယားဖားယား အပြေးဆင်းလာကာ ကျော်ကောင်းမြတ်၏ရှေ့ခန်းတံခါးကို မေးမေးပြောပြောဖြင့် တစ်အား ဆွဲဖွင့်ချလိုက်ရာ…

"အမလေး"

နုမှာ သွေးတွေနီရဲဖြာကျနေသည့် ကျော်ကောင်းမြတ်၏ မျက်နှာကို မြင်လိုက်ရလျှင် မျက်နှာလှလှလေးကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ကွယ်လျက် နေရာမှာ ခွေခနဲ လဲကျသွား၏။

"နု…နု"

"သတိထားလေ…ကိုယ်ဘာမှမဖြစ်ဘူး"

"အား…ကျွတ်…ကျွတ်"

"ခြေထောက်ရော ခိုက်မိသွားသလား မောင်ကောင်းမြတ်"

"နဖူးက ဒဏ်ရာကလည်း အတော်များတယ်ထင်တယ်၊ ဆေးရုံသွားမှထင်တယ်"

နုကိုယ်လေးကို ပွေ့ယူရင်း ကိုယ့်ဒဏ်ရာကိုယ် ဂရုမစိုက်နိုင်အောင် ကျော်ကောင်းမြတ် ပျာယာခတ်နေသလို သူ့ကိုယ်ပေါ်က ဒဏ်ရာတွေကို ကြည့်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ပြာနေသူကလည်း အဖွားဝါစံအိမ်ပြေး၏ အထိန်းတော်လူယုံကြီးဖြစ်သည်။





"ကျွန်တော် ဘာမှမဖြစ်ဘူး ဦးလေး"

"နု…နု"

"ဘယ့်နှယ့်မဖြစ်ရမှာလဲ ဒီလောက်သွေးတွေထွက်နေတာ"

"ကျွန်မ မေမေကြီးကို ဖုန်းဆက်လိုက်ပါပြီ ဘကြီးဆရာဝန်ခေါ်ပြီး မေမေကြီး အခုပဲလာပါလိမ့်မယ်"

"ဟော…အေး…အေး"

အစမ်းမှာလည်း မြင်ရသည့်မြင်ကွင်းကို တုန်ရီထစ်ငေါ့စွာ ခေါ်ခင်ခင်ထံ ဖုန်းဆက်အစီရင်ခံပြီးပြီဖြစ်ရာ သူ့မမနု သတိရလာရင် ဘာများပြောခံရမှာပါလိမ့်ဟု တွေးပြီး ထိတ်လန့်နေရှာပါသည်။

"အင်း…အင်း"

"နု သတိရပြီလားဟင်"

ကျော်ကောင်းမြတ်က နုကိုယ်လေးကို အိပ်ရာပေါ်ညင်သာစွာ ချသိပ်လိုက်ချိန်မှာ နုထံမှ ညည်းညူသံသဲ့သဲ့နှင့်အတူ လှုပ်ရှားလာတာကို တွေ့လိုက်ရမှ ရေချိုးခန်းထဲ အပြေးဝင်ကာ သူ့မျက်နှာပေါ်က သွေးတွေကို ရေဖြင့် လောင်းချဆေးကြောပစ်လိုက်၏။

သွေးစွန်းနေသော အင်္ကျီကိုလည်း ကမန်းကတန်း ဆွဲချွတ်ပစ်လိုက်ရသည်။ သွေးတွေမြင်ပြီး နု ထပ်လန့်သွားမှာစိုးရိမ်ဖြစ်သည်။

"ဦးကျော်ကောင်းမြတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း…ဒုန်း"

"နုကို တံခါးဖွင့်ပေးပါ"

"လာပြီ…နုလေး"

"ကျွီး"

"အိုး"

နုက သူမ သတိရရခြင်း ဦးကျော်ကောင်းမြတ်က သူမ နားက လှစ်ခနဲ ပြေးထွက်သွားပြီး ရေချိုးခန်းထဲဝင်ကာ တံခါးကို ပါ ပိတ်ပစ်လိုက်တာမို့ ထိတ်လန့်အံ့သြပြီး သူစာစ်ခုခုဖြစ်သွား ပြီလားဆိုသည့် အတွေးလေးဖြင့် ရေချိုးခန်းတံခါးကို တုန်ရီစွာ ဖွင့်ခိုင်းလိုက်ခြင်း ဖြစ်ပါသည်။

ရေချိုးခန်းတံခါး ပွင့်လာပြီး မျက်နှာချင်းဆိုင် မြင်တွေ့ လိုက်ရသည့် ကျော်ကောင်းမြတ်မှာ ခန္ဓာကိုယ်အပေါ်ပိုင်းမှာ ဘာ အဝတ်အစားမှမရှိဘဲ လူကောင်းပကတိပုံစံနှင့် တွေ့လိုက်ရတာမို့ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ နု၊ ကိုယ့်အတွက် စိတ်ပူလို့လား၊ နဖူး မှာ ဒဏ်ရာနည်းနည်းရသွားတာကလွဲလို့ ဘာမှမဖြစ်ပါဘူး"

သူပြောမှ သူ့နဖူးက ဒဏ်ရာကို နုမော့ကြည့်လိုက်တော့ အနီရောင်သွေးတွေက ဖြူဝင်းသော အသားအရေပေါ်မှာ ထင်းထင်း ကြီး စီးကျနေတာမို့ နု မျက်နှာလေးမဲ့သွားကာ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ချက်ချင်းပြည့်ဝေကာလာသည့်အထိ ဝမ်းနည်းသွား သည်။





တကယ်တော့ နုကသာ သူ့အတွက် စိုးရိမ်စိတ်ပူပြီး သတိ လစ်သွားရတဲ့အထိ ဖြစ်ရပေမယ့် သူ အခုလိုဖြစ်ရတာ နုကိုစိတ် ဆိုးပြီး စကားမပြောချင် မမြင်မကြည့်ချင်လို့ အိမ်ကထွက်သွားဖို့ ကြိုးစားရာမှ ဖြစ်ခဲ့ရခြင်းကို ပြန်တွေးပြီး နေရာက မျက်ရည်တွေ ချာခနဲ လှည့်ထွက်လိုက်မိ၏။

"နု"

နုကမထူး။

သူ နုရှေ့ကို ခြေလှမ်းကျဲကြီးတွေနှင့် ရောက်သွားတော့ နုက သူ့ကိုမကြည့်ဘဲ ကလေးတစ်ယောက်လို မျက်နှာလှလှလေး ကို ဖယောင်းသွယ်လက်ကလေးတွေနှင့် အုပ်ကွယ်ကာ အီးခနဲ ဝမ်းပမ်းတနည်း ငိုချလိုက်တော့ သူလန့်သွားသည်။

"နု မငိုနဲ့လေ၊ ကိုယ် ဘာမှမဖြစ်ဘူးလို့ ပြောနေပြီပဲ"

"မပြောနဲ့…မပြောနဲ့ ခင်ဗျားကြီးကို နု မုန်းတယ် သိလား"

"မုန်းတယ်"

"အီး…ဟီး…ဟီး"

"နု"

"ကိုယ်ရဲ့နုရယ်"

သူဘယ်လိုမှ ထိန်းချုပ်မထားနိုင်တော့ဘဲ နုကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းကျပ်ဆုံး ထွေးပွေ့ပစ်လိုက်တော့ နုက သူ့ရင် ဘတ်နှင့် လက်မောင်းကြီးများကို လက်သီးဆုပ်လေးများဖြင့် မခြိတ်



www.burmeseclassic.com

www.burmeseclassic.com



ထုရိုက်ပါသည်။

သူကြောင့် နုလေး ဝမ်းနည်းသွားမှန်း သူသိပါသည်။ နုဆိုတာ အင်မတန်မှ အပြစ်ကင်းစင် ရိုးသားတဲ့ သူ့ရဲ့ဇနီးလောင်း ပဲလေ။

"မငိုနဲ့ နုလေးရယ်၊ နုငိုရင် ကိုယ်လည်းငိုချင်တယ်"

တိုးတိတ်စွာ ဆိုလိုက်တော့ နုက သူ့မျက်နှာကို မျက်ရည်တွေနှင့် နာကျင်စွာ ဖျတ်ခနဲ မော့ကြည့်သည်။

"အမိုတွေ ပြောမနေပါနဲ့၊ နုကို…နုကို မကြည့်ချင်လို့ စိတ်ဆိုးဒေါသဖြစ်ပြီး အိမ်ကထွက်သွားတာ နုမသိဘူး ထင်လို့ လား"

"ဟောဗျာ"

"ဖယ်ပါ…နုအသားကိုလည်း မထိပါနဲ့"

"ခင်ဗျားကြီးမျက်နှာကိုလည်း နု မကြည့်ချင်ဘူး"

"ဟာ"

"ဟိတ်"

"ကိုယ့်ကို အထင်လွဲပြီး လျှောက်တွေးမနေနဲ့လေ၊ ကိုယ် လား နုကိုခွဲနိုင်မှာ"

"အို…မသိဘူး…မသိဘူး"

"ခင်ဗျားကို နုမုန်းတာပဲသိတယ်"

"ကိုယ်က…ော်း နုကိုချစ်တာပဲသိတယ်"

"နှ"





"ဖယ်ဆို"

"ဟင့်အင်း…ချစ်တယ်"

"အို"

နုကို မည်သည့်စကားမှ ဆိုခွင့်မပြုတော့ပါ။ နုကို သိပ်ချစ် လွန်းလို့ သူ့ရင်ထဲက အချစ်စိတ်တွေကို ကျိတ်မှိတ်မျိုသိပ်ခဲ့ပြီးပါ ပြီ။

ဒါကလည်း နု သူ့ကို မုန်းသွားမှာစိုး၍ပါ။ အခုတော့ နုရင်ထဲက အချစ်ကို သူ လှမ်းမြင်တွေ့ခွင့်ရလိုက်ပြီမို့ နုထံမှ အမုန်းကိုလည်း စိုးရိမ်ခြင်းမရှိတော့သည့်အတွက် ချစ်မိုးတွေကို အငြိုးဖြင့် သိပ်သည်းစွာ ရွာချလိုက်ရာ နုထံမှ လက်သီးဆုပ်လေး များကို အချစ်ဆုအဖြစ် ထိုက်တန်စွာ ရရှိလိုက်ပါသည်။

"သိပ်ချစ်တယ် နုလေးရယ်"

"ချစ်တယ်နော်"

"မုန်းတယ်"

"ဘာဖြစ်လို့"

"ကတိမတည်လို့"

"နုထင်လို့ပါဗျာ၊ နုအပေါ်မှာ ကိုယ် ကတိတည်သားပဲ"

"ဘာကတိတည်တာလဲ၊ အစတုန်းက ဟန်ဆောင်ဆို"

"ဟုတ်တယ်လေ…အခုလည်း ဟန်ဆောင်နေတာပဲ"

"ကြည့်စမ်း…လူကြီးဖြစ်ပြီး ကြောင်ညာပြန်ပြီ"

"သြော်…ဆုံးအောင်လည်း နားထောင်ပါဦးဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်လက်ထပ်မယ်ဆိုတာကိုပဲ သဘောတူတာ၊ ဟန်ဆောင် အတူနေမယ်လို့မှ ကိုယ်က သဘောတူခဲ့တာမှ မဟုတ်ပဲဗျာ"

"သွား"

"သွားမယ်"

"အိုး"

"အဟွန်း...ဟွန်း...ဟွန်း"

နှ ရှက်လန့်စွာ သူ့ရင်ခွင်မှာ မျက်နှာလေးကို ကွယ်ဝှက်လျှင် မြတ်နိုးခြင်းတွေနှင့် ကြည်နူးလှိုက်လှဲစွာ ရယ်မောလိုက်သံက ချိုချိုလွင်လွင် စီးမျောလျက် ယောက္ခမဖြစ်သူ ဒေါ်ခင်ခင်နှင့် ဆေးအိတ်ဆွဲ၍ ကမန်းကတန်း လိုက်လာရရှာသော ယုသူငယ်ချင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ကိုယ်စီပြုံးကာ နေရာမှ အသာလှည့်ထွက်လာသည့်အဖြစ်ကိုက ကြင်စဦး ဖနီးမောင်နှံ မသိလိုက်ချေ။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်

ပြီးပြီး ၈. တာပေ